တစ်ခါတစ်လေကျတော့
မိန်းမတစ်ယောက်ကိုချစ်ရတာ
ခပ်ညံ့ညံ့ဘောလုံးအသင်းတစ်သင်းကို
အားပေးရသလိုပဲ။
အမျှော်လင့်ကြီး မျှော်လင့်ပြီးမှ
အားမလို အားမရဖြစ်ရ
ဒေါသထွက်ရ ဝမ်းနည်းရ စိတ်ကုန်ရ
သိပ်ဒုက္ခများတယ်။
ဒါပေမယ့်
အချိန်တန်တော့လည်း
မကြည့်ဘဲ မနေနိုင်ဘူးလေ။

cover : han sann

Jalayb™ (mmcybermedia.com)
တရိုက်ပေးသော

# မင်းလူ

# အလွမ်းသစ်

အသစ်စက်စက်လုံးချင်းဝတ္ထု

စာမူခွင့်ပြုချက်အမှတ် ၅၀၁၄၉၁၁၂၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၄၈၆၁၂၀၇

ပုံနှိပ်ခြင်း ပထမအကြိမ်၊ ဒီဇင်ဘာလ၊ ၂၀၀၇

ထုတ်ဝေသူ

ဦးစန်းမွန်အောင် (ငါတို့စာပေ)

75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း

ဟန်ဆန်း

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးဇော်မြင့်ဝင်း(ကာလာဖုံပုံနှိပ်တိုက်)

အုပ်ရေ - ၅၀၀

တန်ဖိုး - ၂၀၀၀ ကျပ်

Jalayb™ (mmcybermedia.com)

စာရိုက်ပေးသော

# မင်းလူ

## အလွမ်းသစ်

အသစ်စက်စက်လုံးချင်း

"မိန်းမတို့သည် ချစ်ဦးသူကို အချစ်ဆုံးဖြစ်ပြီး ယောက်ျားတွေကတော့ နောက်ဆုံးတွေ့သော မိန်းမကို အချစ်ဆုံး ဖြစ်လေ၏"

ဘယ်ပညာရှိ ပြောခဲ့သော စကားလဲတော့မသိ။ ဘယ်စာအုပ်ထဲမှာ ဖတ်ဖူးတာလဲ မမှတ်မိတော့ ...။ ကျွန်တော့်ဘာသာ တွေးမိတာကို တစ်ယောက်ယောက်ကများ ပြောခဲ့ရေးခဲ့တာလားလို့ ထင်ယောင်မိတာလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက် ယောက်ျားဘက်အခြမ်းကတော့ လုံးဝမှန်ကန်သော အဆိုအမိန့်ပါပဲ။ အကြောင်းမှာ ကျွန်တော့်အနေဖြင့် သူ့တစ်ယောက်တည်းကိုသာ တွေ့ဖူးသောကြောင့်ဖြစ်၏။ ပထမဆုံးလည်းသူ၊ နောက်ဆုံးလည်းသူ၊ ချစ်ဦးသူကလည်းသူ၊ နောက်ထပ်တစ်ယောက်ကို ချစ်မိစရာအကြောင်းလည်းမရှိ။ ဒါအကုန်ပဲ။

ဒီလိုဆို သူ့ဘက်ကကျတော့ကော။

-----♥♥-----

ကျွန်တော်မသိ။ မေးလည်း မေးမကြည့်ဘူးပါ။ မေးလို့မလိုဘူးဟု ထင်ခဲ့လို့လား၊ သူ့ကို ပိုင်ဆိုင်ခွင့်ရတာနဲ့ပဲ လုံလောက်ပြီဆိုပြီး မေးဖို့ မေ့လျော့နေခဲ့တာလားဆိုတာလည်း မသေချာ။ ခုချိန်ကျမှ ဖွင့်မေးဖို့ဆိုတာကလည်း နောက်ကျနေခဲ့ပြီ။

တချို့ကိစ္စများမှာ ပြောသင့်တဲ့အချိန်ပြောလိုက်မှ အဆင်ပြေသည်။ ဒီလိုမှမဟုတ်လို့ကတော့ ကြာလေ ပြောရခက်လေဖြစ်တတ်သည်။ တချို့ကိစ္စတွေကျပြန်တော့လည်း မျိုသိပ်ထားလေ၊ ကြီးထွားလာတတ်လေ ဖြစ်တတ်ပြန်သည်။ သံသယလိုဟာမျိုးပေါ့။

အချစ်ကို စတင်တွေ့ရှိခံစားရပုံနှင့် ပတ်သက်ပြီး အမျိုးမျိုးပြောကြ၊ ရေးကြတာ ကြားဖူးဖတ်ဖူးသည်။ တချို့က လျှပ်စီးလက်သလို ရုတ်တရက် ဖြစ်ပေါ်လာသော အရာဟုဆိုသည်။ တချို့ကလည်း ပန်းတစ်ပွင့်လိုပဲ အဖူးအငုံဘဝကနေ တဖြည်းဖြည်း ပွင့်အာလာတတ်တာမျိုးတဲ့။

ကိုရီးယားဇာတ်လမ်းတွဲတစ်ခုထဲမှာတော့ မိုးဖွဲဖွဲရွာနေတဲ့အချိန် လမ်းလျှောက်ထွက်ရပုံနှင့် ဥပမာပေးသည်။ အစကတော့ အမှတ်တမဲ့ပါပဲ။ သတိပြုမိတဲ့အချိန်ကျမှ တစ်ကိုယ်လုံး ရွှဲရွှဲနစ်အောင်စိုနေပြီဖြစ်ကြောင်း သိလိုက်ရ၏။ အချစ်ဆိုတာလည်း ဒီအတိုင်းပဲ။ ဘာသိဘာသာ နေခဲ့ရင်းကမှ သူ့ကို ချစ်နေမိပါပကောလားလို့ တအံ့တသြဝန်ခံရတာမျိုး ဖြစ်သည်ဟုဆို၏။

ကိုယ့်အတွေ့အကြုံနဲ့ကိုယ်၊ ကိုယ့်အတွေးအမြင်နဲ့ကိုယ် အမျိုးမျိုးပြောကြတာပါပဲ။ ကျွန်တော်ကတော့ အချစ်လို့ယူဆရတဲ့အရာကို စတင်တွေ့ရှိတဲ့အခါ အလစ်အငိုက်မှာ နောက်ကနေ ဇက်ပိုးကို အနက်ခံလိုက်ရသလို မိုက်ခနဲ ဖြစ်သွားသည်ဟု ထင်မိသည်။ ဒီနောက်မှာ သတိပြန်မလည်လာတော့ဘူးဟု မှတ်ယူရပါသည်။

-----♥♥-----

သူသည် ကျွန်တော့်သူငယ်ချင်း၏ သူငယ်ချင်းဖြစ်၏။

ကျွန်တော် ဆယ်တန်းအောင်ပြီးတော့ စီးပွားရေးတက္ကသိုလ်တက်သည်။ သိတဲ့အတိုင်းပဲလေ။ အီကိုဆိုတာ မိန်းမလှကျွန်းဟု နာမည်ကြီးသည်။ ဒါကလည်း .... ဖြစ်နိုင်ပါသည်။ စီးပွားရေးတက္ကသိုလ်မှာ ယောက်ျားလေးနည်းသည်။ မိန်းကလေးတွေများသည်။ ထို့ကြောင့် အချောအလှတွေလည်း ပေါများနိုင်လေသည်။ သို့တိုင်အောင် "သူ" သည် အီကိုကျောင်းသူမဟုတ်ပါ။

တက္ကသိုလ်မှာ မိန်းကလေးသူငယ်ချင်းဆိုတာ မရှိမဖြစ်လိုအပ်သည်။ စာမေးပွဲနီးလျှင် မှတ်စုစာအုပ်ငှားဖို့ စာမေးဖို့နှင့် ပိုက်ဆံချေးဖို့အတွက် သူတို့ကို အားကိုးရသည်။

ကျွန်တော့်သူငယ်ချင်း မိန်းကလေးများမှာ ဌေးဌေးမြင့်နှင့် စိုးစိုးဦးတို့ဖြစ်ကြ၏။ နှစ်ယောက်စလုံး အညာသူတွေ။ ဌေးဌေးမြင့်က မင်းဘူးသူ။ စိုးစိုးဦးက ရေနံချောင်း။ တချို့ကတော့ ဒီအရပ်တွေကို အညာလို့ မခေါ်နိုင်သေး။ မြေလတ်ပိုင်း ဖြစ်သည်ဟု ဆို၏။ ကျွန်တော်တို့ ရန်ကုန်သားတွေအတွက်ကတော့ ပြည်မြို့ကကျော်လျှင် အညာလို့ သတ်မှတ်လိုက်ကြတာပဲ...။

"နင်တို့အညာက ရေလည်းရှားသေး .... ပူလည်းပူသေး၊ စားစရာသောက်စရာလည်း ကောင်းကောင်းမရှိဘူး ..."

ဟု ကျွန်တော်တို့က မခံချင်အောင် စသောအခါ စိုးစိုးဦးက ....

"အမယ် ... နင်တို့ အောက်အရပ်ကတော့ ရွှံ့တွေဗွက်တွေနဲ့ ယင်တလောင်းလောင်း .... ခြင်ကလည်း ပေါသေး ..... ငါတို့အညာမှာဆို သိပ်သန့်တာ ..."

ဟု ပြန်လည်ချေပသည်။

"ဘာပဲဖြစ်ဖြစ်ဟာ .... နင်တို့နှစ်ယောက်ကို ကြည့်လိုက်တာနဲ့ အညာသူတွေဟာ အသားအရေ မွဲခြောက်ခြောက်ပဲဆိုတာ သိသာတယ်၊ တစ်ယောက်ကလည်း ဘဲဥကို ပုန်းရည်ကြီးစိမ်ထားသလိုပဲ၊ တစ်ယောက်ကကျတော့ ငါးကျည်းခြောက်ကို ရေနံသုတ်ထားတဲ့ပုံမျိုး ....."

ကျွန်တော်က ချိုးချိုးဖွဲ့ဖွဲ့ပြောရာ ဌေးဌေးမြင့်က မခံမရပ်နိုင်ဖြစ်ပြီး

"နင်တို့ ရန်ကုန်သူတွေ အသားကတော့ ဖြူသလိုပဲ ..... ဒါပေမဲ့ အသားအရေက ပွစိစိ ကြမ်းတမ်းတမ်းနဲ့၊ အညာသူတွေက အသားညိုပေမဲ့ အသားက သိပ်နူးညံ့ချောမွေ့တာ ..."

"ဟော့ကောင် ဟုတ်လား ..."

ဟု ... ကျွန်တော်ကမေးတော့ အုန်းသန်းမှာ ရှက်ပြီး "ဟာကွာ" ဟု ရေရွတ်ရင်း မျက်နှာကြီးနီသွားသည်။ သူတို့နှစ်ယောက်က ချိတ်တိတ်တိတ် ဖြစ်နေကြတာကိုး။

"မင်းကော သိလားကွ ငကျော်"

ဟု ကျော်ကြီးကို မေးပြန်တော့ သူက ...

"ဟုတ်သလိုလိုပဲကွ ... ဒါပေမဲ့  အင်္ကျီခံနေတော့ သိပ်မသိသာဘူး"

စပ်ဖြဲဖြဲလုပ်ရင်း ပြန်ဖြေသည်။ စိုးစိုးဦးက ကျော်ကြီးလက်မောင်းကို ဆွဲလိမ်သည်။ ကျော်ကြီးက ...

"အဲ ... လက်ချောင်းတွေက တော်တော်သန်မာတယ်ဆိုတာတော့ မင်းမြင်တဲ့အတိုင်းပဲ ..."

ဟု လက်မောင်းကိုပွတ်ရင်း ပြောလိုက်သည်။

ဌေးဌေးမြင့်သည် သူတို့အညာသူတွေကို ထိသဖြင့် တော်တော်နာဟန်တူသည်။ သက်သေပြစရာကလည်း သူတို့နှစ်ယောက်ပဲရှိ၏။ ကျွန်တော်တို့အတန်းထဲမှာ မြန်အောင်သူ ခင်သိန်းအေးရှိသော်လည်း တက္ကသိုလ်ရောက်တဲ့ထိ ရင်ဖုံးအင်္ကျီပွပွ၊ ကျစ်ဆံမြီးတုတ်တုတ်၊ သနပ်ခါးပိန်းကြားနှင့် ကျောင်းတက်သူဖြစ်သဖြင့် သူကြီးသမီးဟု ခေါ်ခံရသူဖြစ်နေ၏။

နောက်ဆုံးတော့ ဌေးဌေးမြင့်က စကားတစ်ခွန်းပြောသည်။

"အညာသူတွေ တကယ်လှပြီဆိုရင် ဘယ်သူမှ လိုက်လို့မမီဘူး၊ နင်တို့ တင်မေထွန်းကို မြင်စေချင်တယ်"

ဘာကြောင့်မှန်းမသိ "တင်မေထွန်း" ဆိုသော နာမည်ကို ကြားလိုက်ရသောအခါ ရင်ထဲက နွေးခနဲဖြစ်သွား၏။ စိတ်အာရုံထဲမှာလည်း အသားညိုမောင်းမောင်း၊ ကိုယ်လုံးကိုယ်ပေါက် ကျစ်လျစ်ပြေပြစ်သော မိန်းကလေးတစ်ယောက်ကို ဖျတ်ခနဲ မြင်ယောင်လိုက်မိသည်။ မျက်နှာကိုတော့ မှန်းလို့မရ။

တင်မေထွန်းသည် ဌေးဌေးမြင့်၏ သူငယ်ချင်းဖြစ်၏။ ဆယ်တန်းကို တစ်နှစ်တည်းအတူတူ အောင်ကြသည်။ သို့ရာတွင် သူ့အမေက ကျန်းမာရေးမကောင်းသဖြင့် အနီးကပ်ပြုစုဖို့ လိုအပ်နေသည်။ ထို့ကြောင့် ဌေးဌေးမြင့်လို တက္ကသိုလ်မှာ လာမတက်နိုင်ပဲ စာပေးစာယူ(အဝေးသင်တက္ကသိုလ်)သာ တက်သည်ဟု ဆို၏။

ငွေငွေမြင့်က ဒီလောက်ပဲပြောပြသည်။ သူ့မိဘတွေက ဘာလုပ်သလဲ၊ စီးပွားရေးအခြေအနေက ဘယ်လိုလဲ၊ ဝန်ထမ်းလား၊ ကုန်သည်လား၊ ဈေးရောင်းတာလား၊ မောင်နှမဘယ်နှစ်ယောက်ရှိသလဲ။ မသိရ ။ ဒီလောက် အသေးစိတ်လည်း ပြောဖို့လိုမှ မလိုပဲကိုး။ အညာသူတွေ လှတယ်ဆိုတာ စကားနှင့် တုံ့ပြန်ချေပဖို့သာ လိုရင်းဖြစ်၏။

"ဒီနာမည်မျိုးဆိုရင် ... ဒီအကြော်ရောင်းမှာပဲဆိုတာ သိတာပေါ့ကွယ် ... "

ဆိုသော နိုင်ငံကျော် လူရွှင်တော်စေုးသည်ကြီး ဦးဆန်နီရဲ့ ပြက်လုံးလိုပေါ့။ ဒီနာမည်မှည့်ထားရင်တော့ လှမှာပဲလို့ တေးထားလိုက်မိ၏။

တကယ်တော့ ဘာဆိုင်လို့လဲ။ ကျွန်တော်နဲ့အဝေးကြီး။ သူ့ဘာသူ လှလှ မလှလှ အနေသာကြီး။ သို့ရာတွင် တင်မေထွန်းဆိုသော နာမည်ကို အမှတ်ထင်ထင် ဖြစ်သွားတာတော့ ထူးဆန်းလှသည်။

-----♥♥-----

နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးတော့ ရွှေစက်တော်ဘုရားဖူးထွက်ကြဖို့ စီစဉ်သည်။ ငွေငွေမြင့်နှင့် စိုးစိုးဦးတို့က အရင်ပြန်နှင့်မည်။ ကျွန်တော်တို့က နောက်ကျမှလိုက်သွားမည်။ မင်းဘူးက ငွေငွေမြင့်တို့အိမ်မှာ ဆုံကြမည်။ စိုးစိုးဦးကလည်း အဲဒီမှာ လာစောင့်နေမည်။

တကယ်တော့ ဘုရားဖူးတာကို အကြောင်းပြပြီး အုန်းသန်းကို မိဘတွေနဲ့တွေ့ပေးဖို့ ကြံစည်ခြင်းသာဖြစ်၏။ အုန်းသန်းက နည်းနည်းလန့်နေသေးသည်။

"ငါ့ကို သူ့မိဘတွေက သဘောကျပါ့မလား မသိဘူး"

ဟု စိုးရိမ်စကားဆိုသည်။ ကျော်ကြီးက ...

"ပူမနေပါနဲ့ကွာ ... မင်းလို ပညာလည်းတတ် ရိုးလည်းရိုးသားတဲ့လူကို သဘောတူမှာပါ ... ငါ ပြောရဲတယ် .. မင်းကိုမြင်လိုက်တာနဲ့ သူတို့သမီးအတွက် လုံးဝစိတ်ချသွားမှာပဲ ... "

ဆိုတော့မှ စိတ်သက်သာရာရသွားသည်။ အမှန်တော့ ကျော်ကြီးဘာကိုဆိုလိုကြောင်း ကျွန်တော်ရိပ်မိသည်။ အုန်းသန်းလိုပုံမျိုးနဲ့ နောက်ထပ် မိန်းမတစ်ယောက် ရစရာအကြောင်းမရှိနိုင်တာကို လူကြီးတွေ ချက်ချင်းရိပ်မိမှာပဲဟု ပြောလိုခြင်းဖြစ်၏။

"အေးကွ ... အုန်းသန်းရဲ့ မိဘတွေကလည်း ငွေငွေမြင့်ကို မြင်လိုက်တာနဲ့ သဘောကျသွားမှာပဲ ..."

ကျွန်တော်ကလည်း ထပ်ဆင့်ပြီး တင်ပေးလိုက်ရာ အုန်းသန်းမှာ "အေး ... ဟုတ်တယ်၊ ဖြစ်နိုင်တယ်" ဟု ဘုမသိဘမသိ ပြန်ပြောသည်။

ကျော်ကြီးကတော့ လူရည်လည်သူဖြစ်သဖြင့် ပြီးခဲ့တဲ့နှစ် ကျောင်းပိတ်ရက်အတွင်းကပင် စိုးစိုးဦးတို့အိမ်ကို သွားလည်ခဲ့ပြီးဖြစ်၏။ အညာမှာ ရှားပါးသော ဒူးရင်းယို၊ ရွှေပုစွန်ခြောက်စသော လက်ဆောင်တွေ တနင့်တပိုးဝယ်သွားသည်။ သူက တစ်ဘက်သား ကျလောက်အောင် စကားပြောကောင်းသူ၊ ရုပ်ကလည်းသန့်တော့ အဆင်ပြေသည်ဟု ကြားသိရ၏။

ရွှေစက်တော်ဘုရားဖူးသွားကြမယ့်ကိစ္စမှာ အုန်းသန်းတို့ ကျော်ကြီးတို့က သူ့အတွဲနဲ့သူ၊ သူ့ရည်ရွယ်ချက်နဲ့သူဆိုတော့ အရမ်းတက်ကြွနေသည်။ ဒီကြားထဲမှာ ကျွန်တော်က ကြောင်တောင်တောင် ငေါင်စင်းစင်းကြီး ဖြစ်နေမှာပဲ။ သို့ရာတွင် လိုက်ဖို့သဘောတူလိုက်၏။ "တင်မေထွန်း" ဆိုသော နာမည်တစ်ခုကြောင့် ဖြစ်ကောင်းဖြစ်မည်။

-----♥♥-----

ကျွန်တော်တို့ မင်းဘူးကိုရောက်တော့ စိုးစိုးဦးက ငွေငွေမြင့်တို့အိမ်မှာ ရောက်နှင့်နေသည်။ ကြိုတင်မျှော်လင့်ထားတဲ့အတိုင်း လူကြီးတွေက အုန်းသန်းကို ကြည်ဖြူပုံရပါသည်။

မင်းဘူးမှာ နှစ်ရက်နေပြီး စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ ကျောင်းတော်ရာတို့သို့ သွားသည်။ မကွေးဘက် ပြန်ကူးပြီး မြသလွန်စေတီဖူးကြသည်။ သူတို့လေးယောက်ကတော့ အတွဲကိုယ်စီမို့ တော်တော်ပျော်နေကြသည် ... ။ အကြို ဟန်းနီးမွန်းထွက်တဲ့သဘော ဖြစ်နေ၏။ ကျွန်တော့်မှာသာ ဘက်ပဲ့ပြီး တစ်ယောက်တည်း ဖြစ်နေ၏။

မြသလွန်စောင်းတန်းမှာ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်လျှောက်ကြည့်ကြ အတိုအထွာလေးတွေဝယ်ကြတော့ ကျွန်တော့်မှာ  မကွေးမြို့ထွက် နာမည်ကျော် ကတ်ကြေးပဲဝယ်ရမလိုလို၊ ဓားမကြီးပဲယူရမလိုလိုနဲ့၊ နောက်ဆုံးတော့ ကျွန်တော့်သူငယ်ချင်း စိုးသောင်းတို့အဖေက ကွမ်းစားတတ်တာ သတိရပြီး ကွမ်းညှပ်တစ်ခု ဝယ်ဖြစ်သွားလေ၏။

တစ်ယောက်တည်း သင်းကွဲလိုဖြစ်နေသောအခါမျိုးတွင် အဖော်တစ်ယောက်ကို တောင့်တမိတတ်တာ သဘာဝပဲဖြစ်၏။ ညှော့ခံပွဲတွေမှာ ဖြစ်တတ်သလိုပေါ့။ ကိုယ်နဲ့မသိတဲ့ လူစိမ်းတွေကြားမှာ ငေါင်တောင်တောင် ဖြစ်နေသောအခါ  အသိအကျွမ်းတစ်ယောက်ကို မျှော်မိတဲ့ သဘောမျိုးပါပဲ။ ခုနေခါ ... တင်မေထွန်းဆိုတာ ရောက်လာရင်ကောင်းမယ်ဆိုသောဆန္ဒ ဖြစ်ပေါ်လာခြင်းပင်ဖြစ်၏။

ခက်နေတာကတော့ တင်မေထွန်းကို နာမည်သာ ကြားဖူးတာ။ တစ်ခါမှ မြင်ဖူးခဲ့တာမဟုတ်။ ဌေးဌေးမြင့်က "တင်မေထွန်းကို မြင်စေ့ချင်တယ်" လို့ ဆိုတာက စကားအဖြစ်ပြောခဲ့ခြင်းသာ ဖြစ်၏။ တကယ်ပြမယ်ဟု ဆိုခြင်းမဟုတ်။ အလေးအနက်ပြောခဲ့တာလည်းမဟုတ်။ တစ်နှစ်လောက်တောင် ကြာခဲ့ပြီ။ ထိုစကားကို ပြောခဲ့သော ဌေးဌေးမြင့်ကိုယ်တိုင်ပင်လျှင် အမှတ်တမဲ့ မေ့လျော့နေနိုင်သည်။ ဟိုကောင်တွေဆိုလျှင် နာမည်တောင် မှတ်မိပါတော့မလားမသိ။

ကျွန်တော့်အနေနဲ့ကျတော့လည်း ...

"ဟိုအရင်က နင်ပြောဖူးတဲ့ တင်မေထွန်းဆိုတာ ငါ့ကို ပြဦးလေဟာ"

လို့ စကားအစဖော်ပေးလို့ဖြစ်တာမဟုတ်။ တော်ကြာ ...

"တင်မေထွန်းဆိုတာ ငါတို့ အဒေါ်ပါဟ ...  သူငယ်ငယ်က သိပ်လှတယ်လို့ပြောတာ ..."

ဆိုလျှင် ကျွန်တော် ကွဲပြီ။ ပြီးတော့ တင်မေထွန်းသည် ခုချိန်မှာ အိမ်ထောင်ကျပြီး ကလေးတစ်ယောက်လောက်တောင် ရကောင်းရနေနိုင်သည်။ နောက်တစ်ချက် စဉ်းစားစရာရှိသေးသည်။ တင်မေထွန်းဆိုသော မိန်းကလေးတစ်ယောက်သည် တကယ်ရှိချင်မှရှိမည်။ ဌေးဌေးမြင့်က စကားနိုင်လုရပြီးရောဆိုပြီး ပါးစပ်ထဲ တွေ့ရာနာမည်တစ်ခု ကောက်ပြောလိုက်တာလည်း ဖြစ်ချင်ဖြစ်မည်။

ဒီလိုနဲ့ပဲ ကျွန်တော်သည် သူတို့စုံတွဲနှစ်တွဲနောက်က ယောင်ချာချာလိုက်ပါရင်း ရွှေစက်တော်ဘုရားဆီ ရောက်ရှိသွားခဲ့သည်။ လူပျို အပျိုတွေချည်းသွားလျှင် မသင့်တော်သောကြောင့် ဌေးဌေးမြင့်တို့ အဒေါ်က စောင့်ရှောက်ဖို့ အဖော်အဖြစ် လိုက်ပါလာသည်။ သူကလည်း တာဝန်အရသာ လိုက်ခဲ့ရခြင်းဖြစ်၏။ ရွှေစက်တော်ဆိုတာ  အခေါက်ခေါက်အခါခါ ရောက်ပြီးသားဖြစ်သောကြောင့် သူ့အတွက်တော့ ရိုးနေပြီ။ ထို့ကြောင့် တည်းခိုသော အဆောင်မှာသာ လှိမ့်အိပ်ပြီး နေခဲ့တာ များသည်။

(တင်မေထွန်းဆိုတာ အဲဒီ အဒေါ်ကြီးများ ဖြစ်နေမလားလို့ ခပ်ကြောင်ကြောင် အတွေးဝင်ခဲ့သေးသည်။ ဒီကြားထဲကပဲ ရွှေစက်တော်ရောက်တော့မှ တင်မေထွန်းနှင့် ဘွားခနဲ သွားဆုံတာမျိုး ဖြစ်နိုင်သေးသည်ဟု စိတ်ကူးယဉ်လိုက်မိပြန်၏။)

ရွှေစက်တော်ဘုရားပွဲက ရက်ရှည်လများ ကျင်းပခြင်းဖြစ်၏။ အထက်စက်တော်ရာ တည်ရှိသောတောင်ခြေ၊ မန်းချောင်း၏တစ်ဖက်တစ်ချက်မှာ တည်းခိုဆောင်တွေ ဆိုင်တန်းတွေ ပြည့်နှက်နေသဖြင့် ယာယီမြို့လေးတစ်မြို့ တည်ထားသလိုဖြစ်နေ၏။ ဆံပင်ညှပ်ဆိုင်၊ အလှပြင်ဆိုင်၊ ဆေးခန်း စသည်တို့ အပြည့်အစုံရှိသည်။ ယာယီရဲစခန်းနှင့် စာတိုက်တစ်ခုတောင် လာဖွင့်ပေးထားသေးသည်။

ကျွန်တော်တို့က ညနေပိုင်းလောက်မှာ ရောက်သွားသည်။ ရောက်ရောက်ချင်း အောက်စက်တော်ရာကို အရင်ဖူးသည်။ တည်းခိုဆောင်မှာ အခန်းနှစ်ခန်းငှားသည်။ မိန်းကလေးတွေအတွက် တစ်ခန်း၊ ယောက်ျားလေးတွေက တစ်ခန်း။

ခဏနား၊ ရေမိုးချိုးပြီးနောက် အထက်စက်တော်ရာသို့ တက်ဖူးသည်။ ထို့နောက် ပြန်ဆင်းလာခဲ့ပြီး ညနေစာ ထမင်းစားကြသည်။ ပွဲဈေးတန်းဘက် ခဏလျှောက်ကြည့်သည်။ ပြီးတော့ ... သူတို့က မန်းချောင်းပေါ်မှာ ဖြတ်ထိုးထားသော ဝါးတံတားပေါ်တက်ပြီး ညရှုခင်းကို ခံစားကြည့်ရှုမည်ဟုဆိုသည်။ သူတို့ကတော့ ခုချိန်မှာ ပူလည်းခံစား၊ အေးလည်းခံစား၊ လေတိုက်လည်းခံစား၊ မြင်မြင်ကရာ ခံစားလို့ ကောင်းနေတာပဲ။ ကျွန်တော့်မှာတော့ ကားစီးလာရလို့ ခရီးပန်းတာရော၊ အထက်စက်တော်ရာကို တက်လိုက်ရတာရော ပေါင်းပြီး တော်တော် ညောင်းသွားသည်။ ထို့ကြောင့် သူတို့နှင့်မလိုက်တော့ဘဲ တည်းခိုဆောင်ပြန်ပြီး လှဲနေလိုက်၏။

နောက်တော့ မှေးခနဲ ဖြစ်သွားရာက တစ်ကြိုးတည်း အိပ်မောကျသွားသည်။

"တင်မေထွန်း လာပြီ ..."

ဆိုသော အသံကို ကြားလိုက်ရသည်ထင်၏။ ဖျတ်ခနဲ နိုးလာသည်။ ဒီတော့မှ ...

"အာရုံလာတော့မယ် ထ,ကြတော့"

ဆိုပြီး ဟိုဘက်ခန်းကနေ ထရံကိုပုတ်ရင်း လှမ်းအော်နှိုးနေသော ဌေးဌေးမြင့်တို့အဒေါ်ကြီးအသံဖြစ်နေကြောင်း သိရ၏။ လူးလဲထ၊ မျက်နှာသစ် သွားတိုက်ပြီးနောက် အထက်စက်တော်ရာသို့ တက်ခဲ့ကြသည်။

"နင်တို့ကလည်းဟာ မိုးတောင်မလင်းသေးဘူး"

ဟု ကျွန်တော်ကညည်းတော့ စိုးစိုးဦးက ...

"ဟဲ့ ... စက်တော်ရာကို လာဖူးတယ်ဆိုတာ အရုဏ်အမီတက်ဖို့က အဓိကပဲ ..." ဟုပြောသည်။

ကျွန်တော်နှင့် ကျော်ကြီးတို့က အဝတ်အစားတွေတောင် မလဲခဲ့ကြ။ အုန်းသန်းကတော့ "စုတ်ဖတ်ဖတ်နဲ့ ကြည့်ရဆိုးလိုက်တာ" ဟု ဌေးဌေးမြင့်က ငေါက်သဖြင့် ပုဆိုးတော့လဲလာခဲ့သည်။ သူတို့မိန်းကလေးတွေကတော့ တော်တော်ဝီရိယကောင်းသည်။ ဘယ်အချိန်တည်းက ... ထပြီး ပြင်ဆင်ထားကြသလဲမသိ။ သန့်ရှင်းသပ်ရပ်နေကြသည်။ ဆွယ်တာအသစ်ကလေးတွေလည်း ထုတ်ဝတ်လာကြ၏။

ရာသီဥတုက အေးနေသော်လည်း စောင်းတန်းလှေကားအတိုင်း ခပ်သွက်သွက်တက်လိုက်သောအခါ သွေးပူလာ၏။ အထက်စက်တော်ရာပေါ်မှာတော့ ဘုရားရှိခိုးနေသူတွေ၊ ပုတီးစိပ်တရားထိုင်နေသူတွေ၊ အရုဏ်ဆွမ်းကပ်နေသူတွေနဲ့ စည်ကားနေပြီ။ ကျွန်တော်တို့အဖွဲ့က သစ်သီးဆွမ်းကပ်လှူကြသည်။ အဒေါ်ကြီးက ပုတီးစိပ်နေတုန်းမှာ ကျွန်တော်တို့က အရုဏ်တက်ချိန်ကို ရှုစားဖို့ထွက်လာခဲ့ကြသည်။

ရောင်နီးပျိုးလာသောအခါ ရှုခင်းမှာ ညှို့န်းသလောက်ပင် လှပပါပေသည်။ အရှေ့ဘက်တောင်စွယ်မှ ကောင်းကင်သည် ပုစွန်ဆီရောင်သမ်းလာ၏။ အလင်းရောင်ပျပျအောက်မှာပင် မန်းချောင်းကို ခပ်မှိုင်းမှိုင်းမြင်ရသည်။ ရေစီးသံကိုပင် ကြားနေသယောင်ထင်ရ၏။ မန်းချောင်းသည် တောင်ကြားတစ်ခုမှ ကွေ့ထွက်လာပြီး စက်တော်ရာရှိသောတောင်ကို ဦးတိုက်သည်။ ပြန်ဝိုက်ပြီး တောအုပ်ကလေးအတွင်း ဝင်သွားသည်။ တစ်နေရာမှာ ပြန်ပေါ်လာပြီး တောင်ကို ဦးတိုက်ပြန်သည်။ ဂငယ်ကွေ့ကွေ့ပြီး မြင်ကွင်းမှ ကွယ်သွားသည်။ နောက် ... ဘွားခနဲ ထွက်လာပြီး ဦးခိုက်ပြန်သည်။ စက်တော်ရာကို ဦးသုံးကြိမ်တိုက်ခြင်းပင် ဖြစ်လေ၏။ အနောက်ဘက်တောင်ရိုးမှာတော့ မြူခိုးတွေ ဝေ့ဝဲနေတာကို မှုန်ဝါးဝါးမြင်ရသည်။

ရှုခင်းမှာ ကြည့်လို့မဝနိုင်။ နေထွက်လာလို့ ဒီမြင်ကွင်းမျိုး ပျောက်ကွယ်သွားမှာကိုတောင် စိုးရိမ်သလိုဖြစ်မိ၏။ ကျွန်တော်သည် တစ်သက်လုံးမျက်စိထဲက မထွက်အောင် အသေးစိတ်ကြည့်ရှုမှတ်သားနေဆဲ ...

"အဲဒါကြောင့် ပြောတာပေါ့ ... အဖော်မစုံ အရုဏ်မလာနဲ့လို့ ရွှေစက်တော်မှာ ဆိုရိုးစကားရှိတယ်၊ ဘယ်သူမှ မလွမ်းဘဲ မဆွေးဘဲ မနေနိုင်ဘူး"

ဟု ဌေးဌေးမြင့်က ပြောသည်။

"အေး ... ဟုတ်တယ်ဟ၊ ငါတောင် လွမ်းချင်သလိုလို ဖြစ်လာပြီ"

ကျော်ကြီးက ဝင်ပြောသောအခါ စိုးစိုးဦးက ...

"ဒီမှာ လူတစ်ယောက်လုံး ဘေးမှာရှိနေတာတောင် ဘယ်သူ့ကို သွားလွမ်းနေတာလဲ ... မတွေ့တာဖြင့် လပိုင်းလောက်ရှိသေးတယ် ... ဖောက်ချင်လာပြီ ..."

ဆိုပြီး ကျော်ကြီးလက်မောင်းကို ထုသည်။ အုန်းသန်းက ...

"မင်းကပဲ လွမ်းရတယ်ရှိသေး ... ဒီကောင် လွမ်းဖို့လည်း ထားစမ်းပါဦး ..."

ကျွန်တော့်ဘက် မေးငေါ့ပြီးပြောသဖြင့် ...

"ငါက ဘယ်သူ့ကို လွမ်းရမှာလဲ ..."

ဟု ဆိုလိုက်စဉ် ...

"ဌေးမြင့် ... ဟဲ့ ... ဌေးမြင့်"

ခေါ်သံကြားသည်။ ဌေးဌေးမြင့်က လှည့်ကြည့်ပြီး ...

"ဟယ် ... တင်မေမ"

အမျိုးသမီးတစ်ယောက်သည် ခပ်သုတ်သုတ် လျှောက်လာသည်။ "တင်မေမ" ဟု ဌေးဌေးမြင့် ခေါ်လိုက်သံကြားသဖြင့် ဒါဟာ တင်မေထွန်းရဲ့အစ်မ သို့မဟုတ် ညီမ ဖြစ်လိမ့်မည်ဟု ထင်မိသည်။ ပြီးမှ သူတို့အညာမှာ ဒီလိုပဲ နာမည်နောက်က "မ" တပ်ပြီးခေါ်လေ့ရှိမှန်း သတိရလိုက်သည်။ သူဟာ "တင်မေထွန်း" အစစ်ပဲ။

ဌေးဌေးမြင့်ကြွားခဲ့သလို "ဟင်ခနဲ၊ ဟာခနဲ" ဖြစ်မသွားပါ။ သူသည် သာမန် ကြည့်ပျော်ရှုပျော် ရုပ်ရည်မျှသာရှိ၏။ (ကိုယ်လုံးကိုယ်ပေါက်ကတော့ ကျွန်တော့်စိတ်ကူးထဲကပုံနှင့် ဆင်ပါသည်။)

"နင်က ဘယ်လိုလုပ် ဒီကိုရောက်နေတာလဲ ... ကားဂိတ်ကနေ ငါထည့်ပေးလိုက်တဲ့စာ မရဘူးလား ..."

ဌေးဌေးမြင့်က မေးသည်။

"စာရောက်တဲ့အချိန် အိမ်မှာ ငါမရှိဘူး၊ ခရီးသွားနေလို့"

"ဘယ်သွားတာလဲ"

"ဆင်ဖြူကျွန်းဘက်သွားတာ ... ပရိက္ခရာရပ်က ဆရာတိုးဆိုတဲ့ တိုင်းရင်းဆေးဆရာကြီးဆီ သွားတာ၊ သိတယ် မဟုတ်လား"

"သိတာပေါ့ နာမည်ကြီးပဲဟာ စေတနာလည်းကောင်းတယ်"

"ဆေးဖိုးဝါးခလည်း သိပ်မယူဘူးလေ၊ ဒါကြောင့် အမေ့ကိုသွားပြတာ ... "

"အဆင်ပြေလား ... "

"စောစောကတည်းက လာပြဖို့ကောင်းတယ်လို့ ပြောတယ်၊ လုံးဝကောင်းသွားမယ်လို့တော့ အာမ,မခံနိုင်ဘူးတဲ့ ... သက်သာအောင်တော့ ဆေးတွေနဲ့ ထိန်းပေးမယ်တဲ့၊ ဒါနဲ့ ဆင်ဖြူကျွန်းမှာ တစ်ပတ်လောက်နေပြီးကုတာ၊ မဆိုးဘူးပြောရမှာပဲ၊ အတော်လေး ထူထူထောင်ထောင် ဖြစ်လာပြီ ... စလင်းပြန်ရောက်မှ နင့်စာကိုတွေ့တာ ... အမေလည်းသက်သာနေတာနဲ့ ဘကြီးဆီ ခဏအပ်ထားခဲ့ပြီး မင်းဘူးကို တက်လာတော့ ဌေးမြင့်တို့ စက်တော်ရာသွားပြီဆိုလို့ လိုက်လာခဲ့တာပဲ ... "

"နင် ဘယ်တုန်းကရောက်တာလဲ"

"ဌေးမြင့်တို့နဲ့ မရှေးမနှောင်းရောက်ဖို့ပဲ ... လမ်းမှာ ကားပျက်လို့ ည (၉)နာရီကျော်မှ ရောက်တယ်။ အဲဒီအချိန်ကြီးကျမှ လိုက်ရှာဖို့ မလွယ်တာနဲ့ ဆိုင်တစ်ဆိုင်မှာ ခဏဝင်နားပြီး မေးလိုက်ရတယ် ... အရုဏ်တက်ရင်တော့ တောင်ပေါ်မှာ တွေ့မှာပဲဆိုပြီးတက်ခဲ့တာ"

ထို့နောက် ဌေးဌေးမြင့်က ကျွန်တော်တို့ကို တင်မေထွန်းနှင့် မိတ်ဆက်ပေးသည်။ ဒါ ... ငါ အမြဲပြောပြောနေတဲ့ တင်မေထွန်းပဲ လှတယ်မဟုတ်လားလို့တော့ မပြောပါ။ သာမန်မိတ်ဆက်ပေးတဲ့ သဘောမျိုးလောက်ပါပဲ။ ဘယ်သူကမှလည်း ဟိုအရင်က စကားကို သတိရပုံမပေါ်ပါ။ ကျွန်တော်တစ်ယောက်တည်းသာ စိတ်ကူးနဲ့ ရူးပေါပေါဖြစ်နေခဲ့မိတာကို ကျိတ်ပြီးရှက်မိပါသေးသည်။

တောင်ပေါ်မှ ဆင်းလာကြပြီးနောက် စားသောက်ဆိုင်ဝင်ပြီး နံနက်စာ စားကြသည်။ ထိုအချိန်တွင် မိုးစင်စင်လင်းပြီဖြစ်၍ အလင်းရောင်လည်း ကောင်းကောင်းရနေပြီ။ နံနက်စာစားရင်း တင်မေထွန်းကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။ အညာသူဆိုပေမယ့် အသားဖြူသားပဲ၊ မဆိုးပါဘူးဟု ထင်မိလေ၏။

တင်မေထွန်းက ကျွန်တော်တို့တည်းခိုဆောင်သို့ လိုက်လာသည်။

"နင် ညက ကောင်းကောင်းမအိပ်ရဘူးဆို ... ခဏမှေးချေပါလား"

ဟု ဌေးဌေးမြင့်က ပြောသည်။ အမှန်တော့  သူလည်း ပြန်နပ်ချင်တာ ဖြစ်မည်။ ကျွန်တော်တို့ကလည်း မနက်က အစောကြီးထရသဖြင့် အိပ်ရေးမဝသေး။ ထို့ကြောင့် ကိုယ့်အခန်းကိုယ်ဝင်ပြီး ပြန်အိပ်လိုက်ကြတာ ထုံးစံအတိုင်း တစ်ဘက်ခန်းက ထရံကိုပုတ်ပြီး နှိုးမှပင်နိုးတော့သည်။

"ဆယ့်တစ်နာရီထိုးနေပြီ ... ရေမိုးချိုးကြတော့ ထမင်းစားရအောင်"

ဌေးဌေးမြင့်တို့ အဒေါ်ကြီးအသံကို ကြားရသည်။

ကျွန်တော်တို့ ရေမိုးချိုး အဝတ်အစားလဲပြီးထွက်လာတော့ သူတို့ မိန်းကလေးများသည် မနက်တုန်းကလိုပဲ ဖြိုးလိမ်းပြင်ဆင်ပြီး တည်းခိုဆောင်ရှေ့မှာ အဆင်သင့်စောင့်နေကြသည်။ တင်မေထွန်းသည် မနက်တုန်းက ဝတ်ခဲ့သော တစ်ပတ်နွမ်း အရောင်မှိုင်းမှိုင်းဆွယ်တာကြီးနှင့် မဟုတ်တော့။ ချည်သားရင်စေ့လက်တိုအင်္ကျီအဝါပွင့်ကလေးကို ဝတ်ထားသည်။ သွယ်သွယ်ကျစ်ကျစ် ကိုယ်လုံးပေါ်မှာ ချပ်ချပ်ရပ်ရပ်ရှိနေသည်။ ဆံပင်ကို နောက်ဘက်မှာ လက်ကိုင်ပုဝါလေးနှင့်စုပြီး ချည်ထားသည်။ မျက်နှာပေါ်မှာတော့ (ခရင်ပတ်ထင်တာပဲ) ခပ်ဖုံဖုံလိမ်းထားသည်။

"အင်း ... လှတော့လှသားပဲ"

ဟု တစ်ဆင့်တက်ပြီး မှတ်ချက်ပြုရသည်။

-----♥♥-----

ထမင်းစားပြီးနောက် ... ဈေးတန်းဘက် လျှောက်ကြပြန်သည်။ ဌေးဌေးမြင့်တို့ ကြောင်ပုံက မင်းဘူးမှာနေတဲ့သူက ရွှေစက်တော်မှာ သနပ်ခါးတုံးဝယ်မယ်လုပ်နေလို့ ဝိုင်းဟားကြသေးသည်။

"ဒါကြောင့်လည်း အုန်းသန်းလိုကောင်မျိုးနဲ့ တွေ့တာပဲ"

ဟု ကျော်ကြီးက စ,သည်။

နောက်တစ်ခါ တိရစ္ဆာန်ထွက်ပစ္စည်းတွေရောင်းသောဆိုင်ကို ဝင်ပြီး စပါးကြီးသည်းခြေ ဝယ်ချင်တယ်ပြောပြန်သည်။ ခုချိန်မှာ စပါးကြီးသည်းခြေက အလွန်ရှားနေပြီ။ စပါးကြီးမြွေကိုသတ်ပြီးမှ သည်းခြေ ထုတ်ယူလို့ရတာကိုး ...။ တစ်ကောင် တစ်ကောင် ရှာတွေ့ဖို့တောင် မလွယ်လှ။

"အတုအစစ်ခွဲနည်း ငါ သိပါတယ်ဟ ... တုတ်ချောင်းလေးမှာသုတ်ပြီး ရေထဲချလိုက်၊ အစစ်ဆိုရင် တုတ်ချောင်းလေးက ရေကူးတယ်"

ဟု ဌေးဌေးမြင့်က ပြောသည်။

"ဆေးလိပ်မီးခိုးကဖြစ်တဲ့ ဆေးချေးနဲ့လုပ်ရင်လည်း ရေကူးတာပါပဲ၊ ငယ်ငယ်တုန်းက ငါတို့ဦးလေး လုပ်ပြတာတွေ့ဖူးတယ်"

ကျွန်တော်က စောဒကတက်တော့ ...

"တခြားနည်းတွေလည်း ရှိပါသေးတယ် ... သည်းခြေရည်ကို လက်ဖဝါးမှာပွတ်လိုက်၊ ပြီးတော့ လက်ဖမိုးဘက်ကနေ စုပ်ကြည့်ရင် ခါးတဲ့အရသာက ဖောက်ထွက်လာရောတဲ့ ကဲ ... အုန်းသန်း နင် စမ်းကြည့်စမ်း ..."

အုန်းသန်းမှာ မငြင်းဆန်ရဲသဖြင့် ပြောတဲ့အတိုင်း တွန့်ဆုတ်ဆုတ်နဲ့ပဲ လုပ်ကြည့်ရသည်။

"ဘယ်လိုနေလဲ ..."

"မသိဘူး ... "

"အဲဒီအတိုင်းပဲ ဘယ်တော့မှ အားမကိုးရဘူး"

"ကျော်ကြီး နင် စမ်းကြည့်ပါလား"

ဟု စိုးစိုးဦးက ဝင်ပြောသည်။

"ဟာ ... "

ကျော်ကြီးက ဟာခနဲရေရွတ်တော့ ...

"ဟင် ... ဒါတော့ 'ဟာ' ရသလား၊ မပြောလိုက်ချင်ဘူး"

ဆိုမှ "အေးပါ အေးပါ" ဆိုပြီး စပါးကြီးသည်းခြေရည်နည်းနည်းကို လက်ဖဝါးမှာပွတ်သည်။ လက်ဖမိုးဘက်မှ စုပ်လိုက်ပြီးနောက် လျှာနှင့် တို့သည်။ ရှုံ့မဲ့သွားပြီး ...

"ဟာ ... ခါးလန်နေတာပဲ ... လျှာပေါ်မှာတောင် စွဲနေတယ်"

ပြောရင်း တံတွေး တပျစ်ပျစ်ထွေးထုတ်နေသည်။ ဒီလိုနဲ့ စပါးကြီးသည်းခြေတစ်အိတ် ဝယ်ဖြစ်သွားသည်။

ထို့နောက် ဆေးမြစ်စုံရောင်းသောဆိုင်ထဲ ဝင်ကြပြန်သည်။ နလင်ကျော်ရှိလား၊ ဆစ်တုံမြစ်ပြစ်မ်းပါ၊ ဂမုန်းသံဃာစင်ဆိုတာ ဘယ်ဟာလဲ စသည်ဖြင့် စပ်စုကြသည်။ ဒီနေရာမှာလည်း တော်တော်နဲ့ ပြီးမှာမဟုတ်သောကြောင့် ...

"ငါ ဟိုဘက် လျှောက်ကြည့်လိုက်ဦးမယ် ... "

ဟု ကျွန်တော်က ပြောလိုက်သည်။

"နင်က ဘယ်ကို ခြေရှည်ဦးမလို့လဲ ... "

ငွေငွေမြင့်က မေးသည်။

"အမေက ချင်းစောင်တွေ့ရင် ဝယ်ခဲ့ပါဆိုလို့ သွားရှာမလို့"

"နင် ဝယ်တတ်မှာမဟုတ်ဘူး ပြီးမှ ... "

"ငါလိုက်ခဲ့မယ် ... "

ဟု အုန်းသန်းက ကိုယ်လွတ်ရုန်းထွက်ဖို့ ကြိုးစားသော်လည်း

"အမယ် ... နင်က ချင်းစောင်ဆိုတာ မြင်တောင်မြင်ဖူးလို့လား၊ နင်လိုက်သွားရင် ပိုတောင်ဆိုးဦးမယ် ... "

"ချင်းစောင် စစ်မစစ်သိချင်ရင် လျှာနဲ့တို့ကြည့်ကွ၊ စစ်ရင်ခါးတယ်"

ကျော်ကြီးက ပြောပြီး မျက်စိမှိတ်ပြသည်။ ငွေငွေမြင့်က ...

"တော်စမ်းပါဟယ် ဒီလိုလုပ် ... တင်မေမ နင် လိုက်သွားပြီး ကြည့်ပေးလိုက်ပါလား ... "

ဟုပြောသည်။ တင်မေထွန်းက 'ရပါတယ်' ဟုပြောပြီး ... ကျွန်တော်နှင့် လိုက်လာသည်။

"ချင်းစောင်လို့ ခေါ်နေကြပေမယ့် အမှန်တော့ တဘက်လိုသဘောမျိုးပါပဲ ... အစစ်ရဖို့တော့ မလွယ်ဘူး ... ရရင်တောင် အရမ်းဈေးကြီးမယ်၊ သူတို့က ကိုယ့်ဘာသာချုံဖို့ပဲ ယက်ကြတာများတယ် ... ဂျပ်ခုတ်ဆိုတော့ တစ်ထည်တစ်ထည်ရဖို့လည်း အကြာကြီး ယက်ရတာပဲကော၊ ငဖဲဘက်က လာတာတွေတော့ရှိတယ်၊ မဆိုးလှပါဘူး၊ ဈေးလည်းသင့်တယ် ... "

ဟု သူကရှင်းပြသည်။

"ရပါတယ် ... အမှတ်တရသဘောပေါ့"

ဆိုင်တစ်ဆိုင်ကို ဝင်ကြည့်သည်။ တင်မေထွန်း၏လေသံကို ကြည့်ပြီး ဒေသခံမှန်းသိပုံရသည်။ ဈေးကိုသိပ်တင်ပြီးမဆို။ သူ လိုက်လာသဖြင့် ဈေးမှန်နှင့်ရသည်။ ကျွန်တော်သဘောကျတဲ့ အဆင်နှစ်မျိုးတွေ့သည်။ ရွေးရခက်နေသဖြင့် ...

"ဘယ်ဟာပိုလှသလဲ"

ဟု သူ့ကိုမေးသည်။ သူက ...

"နှစ်ခုစလုံးလှတာပဲ ... ကြိုက်တာရွေးပေါ့ ... "

ဟုပြောသည်။ စိတ်ထဲက ရုတ်တရက်ဆုံးဖြတ်လိုက်ပြီး ...

"နှစ်ထည်စလုံးပဲ ယူလိုက်မယ် ... "

သူ ကျွန်တော့်ကို ဖျတ်ခနဲတစ်ချက်ကြည့်သည်။ မျက်နှာထားက ပြုံးယောင်ယောင်။ တစ်ထည်က ရည်းစားကိုပေးဖို့ဟု သူ ထင်ကောင်းထင်သွားလိမ့်မည်။ ခက်တာက "ကျွန်တော့်မှာ ရည်းစားမရှိသေးပါဘူး" ဟု အသားလွတ်ကြီး ရှင်းပြလို့ဖြစ်တာလည်းမဟုတ်။

-----♥♥-----

ဒီမှာတစ်ညအိပ်ဦးမည်။ မနက်ကျမှ မင်းဘူးကိုပြန်မည်။ တစ်နေ့လယ်လုံးကတော့ စျေးတန်းလျှောက်တာနဲ့ပဲ အချိန်ကုန်သည်။ ကျွန်တော်တို့ ချင်းစောင်ဝယ်ပြီး ပြန်လာတဲ့အထိ သူတို့သည် ဆေးမြစ်ဆုံဆိုင်က ပြန်မထွက်ရသေး။ ညောင်းလည်းညောင်းလာသဖြင့် မိန်းကလေးတွေချည်း ဆက်လွှတ်လိုက်ပြီး ... ကျွန်တော်တို့သုံးယောက် လက်ဖက်ရည်ဆိုင်က ထိုင်စောင့်ကြသည်။

"နေစမ်းပါဦးကွာ ... စပါးကြီးသည်းခြေက ငါ စမ်းတုန်းက ဘယ်လိုမှမနေဘဲ မင်းကျမှ ခါးတယ်ဆိုတော့ ငါ့လျှာတွေက ဆေးပေ့ါလိပ်သောက်လွန်းလို့ ထူနေပြီထင်တယ် ... "

အုန်းသန်းက အစပြန်ဖော်ပြီးမေးတော့ ကျော်ကြီးက ...

"မင်းက လျှာတွင်ထူတာ မဟုတ်ဘူး ... တစ်ကိုယ်လုံးထူတဲ့ကောင်ပဲ ... "

ကျွန်တော်က ရိပ်မိစပြုသော်လည်း အုန်းသန်းကခေါင်းကုတ်ပြီး "ဘာဆိုင်လို့လဲ" ဟု ပြောသည်။ ကျော်ကြီးက ...

"ငါလည်း ဘယ်လိုမှ မနေဘူး ... ဇာတ်လမ်းရှည်နေမှာစိုးလို့ ခါးတယ်လို့ ညာပြောလိုက်တာ၊ ဒီလိုမှမဟုတ်ရင် ပြီးမှာ မဟုတ်တော့ဘူး ... "

"ကျေးဇူးပဲကွာ ... နို့မို့ဆို ငါ့ကိုပါ စမ်းခိုင်းနေဦးမှာ"

ကျွန်တော်ကဝင်ပြောသည်။ အုန်းသန်းသည် "အေး ...ဟုတ်သားပဲ"  ဆိုပြီးမှ သတိရသွားပြီး ...

"ဟင် ... ဒါဆို ဒွေးဒွေးမြင့်ဝယ်လိုက်တာ စပါးကြီးသည်းခြေ အတုကြီးပေ့ါ ... မင်းလုပ်တာနဲ့ အလကားသက်သက် ပိုက်ဆံကုန်သွားတာပေ့ါ"

"ဒီလိုလည်းပြောလို့မရဘူးလေ ... အတုလား အစစ်လားဆိုတာ ဘယ်သူမှ သေသေချာချာ သိတာမှမဟုတ်ပဲ ... ငါတို့စမ်းတာတွေကလည်း ကြားဖူးနားဝနဲ့လျှောက်လုပ်နေတာ ... ကျွမ်းကျင်တဲ့လူကိုပြကြည့်မှသိမှာ ... ဟေ့ကောင် ဒွေးဒွေးမြင့်ကို သွားမပြောနဲ့ဦးနော် ... တော်ကြာဆိုင်မှာပိုက်ဆံပြန်တောင်းနေလို့ ပြဿနာဖြစ်နေဦးမယ် ... "

ဟု  ကျွန်တော်က သတိပေးလိုက်ရသည်။ ကျော်ကြီးက ...

"တစ်ခုတော့ရှိတယ်ကွ ... ဆေးကျမ်းတစ်စောင်ထဲမှာ ဖတ်ဖူးတယ် ... စပါးကြီးသည်းခြေ စစ်မစစ် သိချင်ရင် မင်္ဂလာဦးညမှာ စမ်းရတယ်တဲ့၊ မင်းမင်္ဂလာဆောင်တော့ စမ်းကြည့်ပေ့ါ ... "

"ဟေ့ကောင် ... အလကားပေါက်ကရတွေ လျှောက်မပြောနဲ့ ... စမ်းချင်ရင် မင်းပဲစမ်း ... "

တမေ့တမောစောင့်ပြီးမှ သူတို့မိန်းကလေးအုပ်စု ပြန်ရောက်လာသည်။ ဝယ်ခြမ်းလာတဲ့ပစ္စည်းတွေလည်း မနည်းမနောပဲ။ မြင်မြင်ချင်းပြေးလာပြီး ကူမသယ်ရကောင်းဟု ဒွေးဒွေးမြင့်က အုန်းသန်းကို အပြစ်တင်ပြန်သည်။

ညနေလည်း စောင်းလုပြီဖြစ်သောကြောင့် တည်းခိုဆောင်ပြန်ပြီး ခဏနားသည်။ ရေမိုးချိုးပြီး တောင်ပေါ် တစ်ခေါက်တက်ကြပြန်သည်။ ဒီတစ်ခါတော့ ကျွန်တော်သည် တစ်လျှောက်လုံးဝတ်လာခဲ့သော ဂျင်းကျက်ကက်ကို အနားပေးလိုက်ပြီး မီးခိုးနုရောင်ဆွယ်တာ အင်္ကျီလေးကို ထုတ်ဝတ်သည်။ အတော်သပ်ရပ်သားနားသွားသည်ဟု ထင်မိ၏။ ထို့အတူ တင်မေထွန်းကလည်း ဖလန်နယ်အပေါ်အင်္ကျီအနီရောင်လေး ဝတ်လာသည်။ ရန်ကုန်မှာဆိုလျှင် အသက်ခပ်ကြီးကြီး အမျိုးသမီးတွေသာ ဝတ်လေ့ရှိသောပုံစံမျိုးဖြစ်၏။ သို့တိုင်အောင် သူနဲ့ကျတော့ လိုက်ဖက်နေကြောင်းတွေ့ရ၏။ အတော်ကြည့်ကောင်းတာပဲဟု အသိအမှတ်ပြုရသည်။

မနေ့ကလိုပဲ ... ညစာမစားခင် အထက်စက်တော်ရာသို့ တစ်ခေါက်တက်ဖူးကြသည်။ တစ်နေကုန် လမ်းလျှောက်နေရတာရော၊ တောင်တက်တောင်ဆင်းလုပ်လိုက်ရတာရောကြောင့် ဗိုက်တော်တော်ဆာသွားသည်။ ဆတ်သားတောချက်ဆိုသောဟင်းကလည်း တော်တော်ကောင်းသည်။ ခရမ်းချဉ်သီးအနစ်နှင့် အရည်စပ်စပ်ချက်ပြီး ငရုတ်သီးစိမ်းလေးအုပ်ထားသဖြင့် မွှေးကြိုင်ပြီး စားလို့မြိန်လှသည်။

ထမင်းစားကြတဲ့အခါတိုင်း ကျွန်တော်သတိထားမိတာ တစ်ခုရှိသည်။ တင်မေထွန်းသည် အစားအသောက်နည်းလှသည်။ ထမင်းတစ်ခါပြင် တစ်ပန်းကန်ဆိုလျှင်ပြီးပြီ။ ထမင်းထပ်ထည့်တာကို တစ်ခါမှ မတွေ့ရ။ ခုခေတ် ရန်ကုန်ကမိန်းကလေးတွေလို ဘော်ဒီဝိတ်တက်မှာစိုးလို့ လျှော့စားပြီး

ထိန်းထားတာမျိုးတော့ ဟုတ်ဟန်မတူ။ မြိုးမြိုးချွေတာခြင်းကို ... ငယ်ငယ်ကတည်းက အလေ့အကျင့်ဖြစ်ခဲ့ပုံရ၏။ ကျွန်တော်တောင်မှ သူ့ကို အားနာသောကြောင့်လားမသိ စားလို့ကောင်းသဖြင့် ထမင်းတစ်ဆုပ်စာလောက် ထပ်ထည့်လိုက်ဦးမယ်ဆိုသောဆန္ဒကို ချိုးနှိမ်ထားလိုက်မိ၏။

"ကဲ ... မနက်ဖြန်မနက်ဆိုရင် ပြန်ကြရတော့မယ် ... ဒီညတံတားပေါ်သွားပြီး အားရအောင် ခံစားလိုက်ကြရအောင် "

ကျော်ကြီးက စကားစ,သည်။

"ကောင်းတယ် ... ဒီလိုရှုခင်းမျိုးက မြို့ပေါ်မှာတွေ့နိုင်တာ မဟုတ်ဘူး ... "

အုန်းသန်းက ထောက်ခံသည်။ ဟိုနှစ်ယောက်ကလည်း ...

"ဟုတ်တယ် ... အင်းလျားကန်ဖီလင်ကတစ်မျိုး ဒီဟာက တစ်မျိုးပေါ့ ... "

ဟု သဘောတူကြသည်။ ကျွန်တော်သည် မနေ့ညတုန်းကလို မငြင်းတော့ဘဲ အသာတကြည် လိုက်ပါသွားလေ၏။

ကျွန်တော်တို့ရောက်ရှိသွားသော တံတားကလေးက ဆိုင်ခန်းတွေ တည်းခိုဆောင်တွေနဲ့ နည်းနည်းလှုပ်သဖြင့် အလင်းရောင်ပျပျသာရှိ၏။ ထုံးစံအတိုင်း သူတို့က အတွဲကိုယ်စီနဲ့မို့ ကျွန်တော်နှင့် တင်မေထွန်းတို့မှာ အလိုအလျောက် တစ်တွဲသီးသန့်လိုဖြစ်သွား၏။

ကျောင်းမှာဆိုလျှင် ခုလို ဘက်ပဲ့နေသူနှစ်ယောက်ကို ကျန်တဲ့လူတွေက ဝိုင်းပြီးစ,တတ်ကြသည်။ တချို့ကလည်း ဒီနှစ်ယောက် ဖြစ်သွားအောင် ဝိုင်းလျှော်ပေးလေ့ရှိ၏။ ခုတော့ ... သူတို့က ဘာမှ မပြောကြ။ ကျွန်တော်တို့နှစ်ယောက်ကို ဂရုမစိုက်နိုင်။ ရှိတယ်လို့တောင် သတိရရဲ့လားမသိ။ သူတို့ဇာနဲ့ သူတို့။

"မတင်မေထွန်းတို့ အမေကော တော်တော်နေကောင်းပြီလား"

ကျွန်တော်က မေးသည်။

"သက်သာတယ်ဆိုပါတော့ အားရစရာကောင်းလောက်အောင်တော့ မတိုးတက်လာသေးပါဘူး ... "

"တိုင်းရင်းဆေးတွေက အစွမ်းထက်တတ်ပါတယ် ... ဒါပေမဲ့ ရောဂါကိုတိတိကျကျရှာတဲ့နေရာမှာတော့ အနောက်တိုင်းနည်းက ပိုသင့်တော်တယ် ထင်တာပဲ ... "

"ကျွန်မလည်း အဲဒီလိုပဲထင်တယ်"

"ဆေးရုံသွားမပြကြည့်ဘူးလား ... "

"အမေက ဆေးရုံဆိုရင် အသံကြားတာနဲ့လန့်နေတာ ... အရပ်ထဲက ဆရာဝန်ရဲ့ဆေးခန်းတောင် ခေါ်သွားလို့မရဘူး ... "

"ကျွန်တော့်အမေလည်း ဒီလိုပဲ ... ဒီအရွယ်ကြီးရောက်တဲ့အထိ ဆရာဝန်နဲ့တွေ့ရင် ဆေးမထိုးဘူးနော်လို့ ပြောတုန်းပဲ ... "

ခုမှ သတိပြုမိတာ တစ်ခုရှိသေးသည်။ သူ့အသံက တော်တော်နားထောင်လို့ကောင်းသည်။ အညာသူပီပီ စကားကို အသံရှည်ဆွဲပြီး ပြောတတ်သည်။ ဌေးဌေးမြင့်တို့၊ စိုးစိုးဦးတို့ ရန်ကုန်ရောက်ခါစတုန်းကလည်း ဒီလိုပဲပြောတာပဲ။ သို့ရာတွင် မတူ။ သူ့အသံက ဆွဲဆောင်မှုရှိသည်ထင်၏။

စကားစ ပြတ်သွားကြပြန်သည်။ တံတားအောက်က ဖြတ်ဆင်းသွားသော မန်းချောင်း၏ရေစီးသံကိုသာ သဲ့သဲ့ကြားနေရသည်။ ခဏကြာတော့ လ,ထွက်လာသည်။

လရောင်က သူ့မျက်နှာပေါ်သို့ ခပ်စောင်းစောင်းကျနေသည်။ ဒါဟာ တကယ့်လူအစစ်လား၊ ပန်းချီကားတစ်ချပ်လေလားဟု သံသယတောင်ဖြစ်မိ၏။ ပြီးမှ တစ်ခုတွေးမိသည်။ "ပါဖောင့်မင့်အတ်" ခေါ် လူကိုယ်တိုင် ပါဝင်သရုပ်ပြသော ခေတ်သစ်ပန်းချီကားဆိုတာ ဒါမျိုးဖြစ်မှာပဲ။

သူသည် တော်တော်လှကြောင်း အသေအချာသိလိုက်ရ၏။ သူ လှပုံမှာ မြင်လိုက်တာနဲ့ ထင်းခနဲလင်းခနဲ ပြိုးပြိုးပြက်ပြက်မဟုတ်။ ကြည့်ရင်းကြည့်ရင်းကမှ တစ်စတစ်စ ပီပြင်လာသော အရုဏ်ဦးလိုပင်ဖြစ်၏။ တစ်ခါ

ကြည့်လေလှလာလေ၊ နောက်တစ်ခါထပ်ကြည့်လေ ပိုလှလာလေ၊ ကြာတော့ မကြည့်ရဲလောက်အောင်ပင် ဖြစ်လာလေသည်။

သို့ရာတွင် မနေနိုင်။ လရောင်က မန်းချောင်းရေကိုထိပြီး လက်ခနဲ ရောင်ပြန်ဟပ်ချိန်တွင် တစ်ချက်လှမ်းကြည့်လိုက်သည်။

ဟာ ... လှပြန်ပြီ။

ထိုအခိုက်မှာပင် တက္ကသိုလ်တုန်းက ပန်းချီအနုပညာအသင်း နံ့ရံကပ်စာစောင်မှာ ဖတ်ခဲ့ရသော "တောကျောင်းဘုန်းကြီး"၏ ကဗျာတစ်ပုဒ်ကို သတိရလိုက်မိ၏။

ပီဋိုယကၡဆိုတာ

လူနဲ့သမင်တောင် မခွဲခြားတတ်တဲ့

ခပ်ညံ့ညံ့ မြားပစ်သမားပဲ။

လေးတင်ပွဲတုန်းက

ရာမဆိုတဲ့ကောင်လေးကိုသနားလို့

ဝင်မပြိုင်ဘဲ "ပတ်စ်"ပေးခဲ့တာ

အဟုတ်ကြီးထင်မနေနဲ့။

ခေါင်းပေါ်ကပန်းသီးကို

မှန်အောင်ပစ်နိုင်ရုံကလေးနဲ့

သူ့ကိုယ်သူ

လေးသည်ကျော်ကြီးဝီလျံတဲဆိုပါလား

သနားတယ်။

အမယ် ရော်ဘင်ဟုဒ်တဲ့

ဇနပုဒ်ကတောပုန်းကလေးကများ

ရာရာစစ

တော်ရာမှာသွားပစ်စမ်းကွယ်။

တကယ်တော့

လောကမှာလေးစွမ်းအထက်ဆုံးဆိုတဲ့

သိဒ္ဓတ္ထမင်းသားတောင်

ငယ်နုစဉ်က

ကျူပ်မြားချက်ကိုတော့

လွတ်အောင်မရှောင်နိုင်ခဲ့ပါဘူး။

ဟုတ်ပဲ့ါ ...

မြားနတ်မောင်ဆိုတာ

ဘယ်တော့မှ အပေါ်ထောင်မပစ်ဘူးလေ။

-----♥♥-----

ရွှေစက်တော်မှ မင်းဘူးသို့ ပြန်ရောက်ရောက်ချင်းမှာပင် တင်မေထွန်းသည် သူ့အမေကို စိတ်မချဘူးဆိုပြီး စလင်းသို့ပြန်သွားသည်။ အမှန်တော့ ကျွန်တော်တို့လည်း ပြန်ရုံရှိတာပဲ။ အုန်းသန်းနှင့် ကျော်ကြီးတို့မှာ မခွဲနိုင်မခွာရက်ကြသေးသဖြင့် ခရီးပန်းလွန်းလို့ဟု အကြောင်းပြပြီး နှစ်ရက်လောက် ဆက်နေနေကြသည်။

"ဒီလိုမှန်းသိရင် တင်မေမတို့ဆီ လိုက်လည်ရအကောင်းသား"

ဟု ဌေးဌေးမြင့် ပြောသဖြင့် ရုတ်တရက် အားတက်သွားမိသေးသည်။ တကယ်တော့  စကားအဖြစ် ပြောခြင်းသာဖြစ်၏။ တကယ်သွားမှာမဟုတ်။ ကျွန်တော့်အနေဖြင့်လည်း " အေး ... ကောင်းသားပဲ သွားရအောင်" ဟု ပြောလို့ဖြစ်တာမဟုတ်။

သူတို့တွေက ခရီးပန်းတယ်သာပြောတယ်၊ ငြိမ်ငြိမ်နေကြတာမဟုတ်။ အကြောင်းမရှိ အကြောင်းရှာပြီး အပြင်ထွက်လည်နေကြတာပဲ။ သွားစရာမရှိရင်တောင် စျေးထဲမှာ နန်းပြားသုပ်ကောင်းတယ်ဆိုပြီး သွားစားကြတာ။

ကျွန်တော့်မှာတော့ အလာတုန်းကထက်တောင် ပိုပြီးအထီးကျန်ဆန်သလို ခံစားရ၏။ သူတို့ခေါ်တိုင်းမလိုက်တော့ဘဲ ခရီးပန်းတာရော၊ နေပူမိတာရောကြောင့် နေမကောင်းချင်သလိုဖြစ်နေတယ်ဆိုပြီး အိမ်မှာပဲ လှိမ့်ပိမ့်အိပ်နေမိ၏။ ဌေးဌေးမြင့်တို့အမေကတောင် စိုးရိမ်ပြီး ငန်းဆေးတွေ ကွမ်းရွက်ပြုတ်ရည်တွေတိုက်လို့ အားနာပြီး ကျိတ်မှိတ်မျိုချခဲ့ရသေးသည်။

အမှန်အတိုင်းဝန်ခံရလျှင် ရင်ထဲက ဟာပြီး အားပြတ်သွားသလို  ဖြစ်မိတာကတော့ တကယ်ပါပဲ

"ဌေးဌေးမြင့်ကို ... စ,ချစ်မိတဲ့အခိုက်မှာ ခြေထောက်တွေဆာပြီး ချည့်နဲ့သလိုဖြစ်သွားရတာပဲကွ ... "

ဟု အုန်းသန်းပြောတုန်းက "မင်း ... ငပေါပဲ" ဟု ကျွန်တော်သူ့ကို လှောင်ခဲ့သည်။ ခုတော့ ကျွန်တော့်မှာ ငပေါထက်ပိုပေါတဲ့ ငပေါကြီးဖြစ်နေခဲ့ပြီ။ ဘာပဲဖြစ်ဖြစ် ပေါ်ပျော်တယ်လို့တော့ ထင်တာပဲ ။

-----♥♥-----

ကျွန်တော်သည် ရန်ကုန်ပြန်ရောက်ပြီးနောက် ရက်တော်တော်ကြာတဲ့အထိ လိပ်ပြာနှုတ်ခံထားရသူတစ်ယောက်လို ယောင်ချာချာ ဖြစ်နေရ၏။ သူနဲ့ ဘယ်တော့ပြန်တွေ့ရမယ်ဆိုတာ မသေချာ။ ဘယ်တော့မှ ပြန်မတွေ့တော့တာလည်း ဖြစ်ချင်ဖြစ်နိုင်သည်။

သူ့ကိုဆက်သွယ်နိုင်စရာနည်းလမ်းက တစ်ခုပဲရှိ၏။ သူ့ဆီ စာရေးဖို့ပင်ဖြစ်သည်။ ဒါကလည်း ကလေးကလားနိုင်လွန်းသည်။ သူနဲ့ကျွန်တော်က ရွှေစက်တော်မှာ ခဏလောက်သာဆုံဖူးတာ။ ဌေးဌေးမြင့်ရဲ့သူငယ်ချင်းအဖြစ် သိရတယ်ဆိုသောအဆင့်သာရှိတာ။ စာလှမ်းရေးရလောက်တဲ့အထိ ရင်းနှီးခဲ့တာမဟုတ်။ ရေးစရာအကြောင်းအရာလည်း သိပ်မရှိ။ အီးမေးပို့တဲ့လူတွေလို "Nay Kaung La" ဆိုတာလောက်သာ ရေးစရာရှိ၏။

နောက်တစ်နည်းကတော့ အုန်းသန်းတို့ ဌေးဌေးမြင့်တို့ကို ဖွင့်ပြောပြီး အကူအညီတောင်းကြည့်ဖို့ပဲဖြစ်၏။ သို့ရာတွင် ဒါမျိုးတော့ ကျွန်တော်မလုပ်ချင်။ ဒီအရွယ်ကြီးရောက်မှ သူများကိုပြောခိုင်းရမှာ ရှက်စရာကြီး၊ ပြီးတော့ သူတို့ကို ဖွင့်ပြောပြပြီးကာမှ တင်မေထွန်းမှာ ချစ်သူရှိပြီးသား၊ ဒါမှမဟုတ် စေ့စပ်ထားတဲ့လူ ရှိပြီးသားဆိုလျှင် သိက္ခာလုံးလုံးကြီးကျတော့မည်။

နောက်တစ်ခု စဉ်းစားစရာလည်းရှိ၏။ ကျွန်တော်သည် တစ်ခါမှ ချစ်ခဲ့ဖူးသူမဟုတ်သဖြင့် ခုဉစ္စာက တကယ်ပဲချစ်တာလား၊ ရွှေစက်တော်မှာတုန်းက လရောင်၏လှည့်စားဖြားယောင်းမှုကို တဒင်္ နားယောင်မိတာလားဆိုတာလည်း စောင့်ကြည့်ချင်သေးသည်။ ဒီလိုနဲ့ အချိန်တွေ  ကြာသွားခဲ့သည်။ ဒီကြားထဲမှာ ကျော်ကြီးနှင့် စိုးစိုးဦးတို့ လက်ထပ်ကြသည်။ အုန်းသန်းနှင့်ဌေးဌေးမြင့်တို့ကလည်း အားကျမခံဘဲ ခြောက်လလောက်ခြားပြီး လက်ထပ်ကြပြန်သည်။

အုန်းသန်းတို့ မင်္ဂလာဆောင်က မင်းဘူးမှာ ပြုလုပ်ခြင်းဖြစ်၏။ သူတို့က ကျွန်တော့်ကို လာစေချင်သည်။ ကျွန်တော်ကလည်း သွားချင်သည်။ တစ်ရက်ကြိုသွားဖို့ စီစဉ်ခဲ့သော်လည်း အလုပ်ကိစ္စတစ်ခု ပေါ်လာသဖြင့် မင်္ဂလာဆောင်နေ့ကျမှ ရောက်နိုင်သည်။ တင်မေထွန်းသည် ... သုံးရက်ကြိုတင်ရောက်နေပြီး

မင်္ဂလာဆောင်ကိစ္စကို ကူညီဆောင်ရွက်ပေးခဲ့သည်။ သူ့အမေ တော်တော်နေမကောင်းဖြစ်နေတယ်ဆိုပြီး လှမ်းခေါ်သောကြောင့် ... ကျွန်တော်မရောက်ခင် တစ်ရက်ကပဲ ပြန်သွားပြီဟု သိရ၏။

ကျော်ကြီးနှင့်စိုးစိုးဦးတို့မှာ ရေနံချောင်းမှာ အခြေချနေသဖြင့် အစောကြီးကတည်းက ရောက်နေသည်။ သူငယ်ချင်းတွေ ပြန်ဆုံကြသဖြင့် ပျော်စရာကောင်းသော်လည်း ကျွန်တော်ကတော့ လူတွေအများကြီးကြားထဲမှာပင် အထီးကျန်စိတ်ဝင်နေမိ၏။ ဝေါ်မစွံလူပျိုကြီးအဖြစ် ဝိုင်း၍,ကြတာကို လည်းစင်းခံနေရခြင်းသာ အဖတ်တင်လေသည်။

ဒီနောက်မှာတော့ ဇတ်ကမျောနေပြန်သည်။ ကျော်ကြီးတို့က ရေနံချောင်းမှာ။ အုန်းသန်းနှင့်ဌေးဌေးမြင့်တို့က နှစ်ယောက်အတူတူ အလုပ်ရနိုင်သော ပုသိမ်ရှိ စီးပွားကူးသန်းရုံးကိုရောက်နေသည်။

ရန်ကုန်မှာ ... ကျွန်တော်တစ်ယောက်တည်းသာ ကျန်သည်။ ကျွန်တော့်အတွက် အလုပ်အကိုင်ရဖို့ကတော့ သိပ်မခဲယဉ်းလှပါ။ အဖေပိုင်သော ပလတ်စတစ်ပစ္စည်းစက်ရုံမှာ ခပ်တည်တည်နဲ့ မန်နေဂျာ ဝင်လုပ်လိုက်ရုံသာဖြစ်၏။ မန်နေဂျာဆိုသော်လည်း စက်ရုံတစ်ခုလုံးကို အုပ်ချုပ်ရတာတော့ မဟုတ်။ ထုတ်လုပ်မှုအပိုင်းကို ကျွန်တော့်အစ်ကိုက ကိုင်သည်။ ဖြန့်ချိရေးကို အစ်မက တာဝန်ယူသည်။ ကျွန်တော်က ငွေစာရင်းနှင့်ဝန်ထမ်းရေးရာကိစ္စသာ လုပ်ရသည်။

ကျွန်တော့်ကို ကူဖို့လက်ထောက်နှစ်ယောက်ရှိသည်။ စာရင်းကိုင်တစ်ယောက်။ ဝန်ထမ်းရေးရာ တာဝန်ခံတစ်ယောက်။ နှစ်ယောက်စလုံးက သူတို့ကိုယ်သူတို့ ကျွန်တော့်ရဲ့ ပီအေတွေလို သဘောထားနေကြသည်။ ရယ်စရာလည်းကောင်းသည်။ သူတို့နှစ်ယောက်က အသက်ချင်း မတိမ်းမယိမ်းတွေ။ သုံးဆယ့်ငါးဝန်းကျင်လောက်ရှိမည်။ တစ်ယောက်က လူပျိုကြီး၊ တစ်ယောက်က အပျိုကြီး။

ကိုအောင်မြိုင်က လူကိုမြင်လိုက်တာနဲ့ စာရင်းကိုင်ပဲဆိုတာ တန်းသိနိုင်သောပုံမျိုးဖြစ်၏။ နဖူးပြောင်ပြောင်၊ ဆံပင်ပါးပါး၊ မျက်မှန်ထူထူ၊ ပိန်ပိန်သေးသေး၊ ကုတ်ချောင်းချောင်း။

ဝန်ထမ်းရေးရာတာဝန်ခံ မမြစိန်ကတော့ အသားညိုသော်လည်း ကြည့်ကောင်းသော ရုပ်ရည်ရှိသည်။ အရပ်နည်းနည်းမြင့်သည်။ ကိုယ်လုံးကိုယ်ပေါက် ပြေပြစ်တောင့်တင်းသည်။ သူက အဖေ့လူယုံတော်လည်းဖြစ်၏။ စက်ရုံဝန်ထမ်းတွေရဲ့ အခြေအနေကို လျှို့ဝှက်စောင့်ကြည့်ပြီး အဖေ့ကိုပြန်၍အစီရင်ခံရသည်။ သူ ထောက်လှမ်းရသော လူစာရင်းထဲမှာ ကျွန်တော်ကိုယ်တိုင်တောင် ပါနေသည်ဟု ကိုအောင်မြိုင်က ပြောပြသည်။

" နေစမ်းပါဦး အစ်ကိုကြီးရ ... သူက လျှို့ဝှက်စောင့်ကြည့်နေတယ်ဆိုပြီး အဲဒါကို အစ်ကိုကြီးကလည်း သိနေတယ်ဆိုတော့ ဘယ်လိုကြီးလဲ ..."

"ငါတင်မကဘူး ... စက်ရုံတစ်ရုံလုံးက သိနေတယ်၊ ဒါကြောင့် ကွယ်ရာမှာ ဒီအကြောင်းပြောပြီး ရယ်နေကြရတာပေါ့ ... "

အဖေက တမင်တကာ အားလုံးသိအောင် လုပ်ထားတာဖြစ်နိုင်သည်။ သူ့ လူယုံရှိနေကြောင်း သတိပေးခြင်းဖြင့် ထိန်းထားပြီးသား ဖြစ်သွားသည်။ ကိုအောင်မြိုင်နှင့် မမြစိန်တို့ကို အလုပ်သမားတွေက ကွယ်ရာမှာ စ,ကြသည်။ ခက်တာက သူတို့နှစ်ယောက်မှာ သိပ်အစေးမကပ်ကြခြင်းပင်ဖြစ်၏။ တွေ့လိုက်လျှင် ... ထေ့လိုက်ငေါ့လိုက်၊ တစ်ယောက်ကိုတစ်ယောက် အပြစ်တင်လိုက် ဒါနဲ့ပဲ ကျွန်တော်တို့ရုံးခန်းလေးက စိုစိုပြည်ပြည်ဖြစ်နေသည်။ တစ်နည်းတော့လည်း ကောင်းသည်။ အပျင်းပြေတာပေါ့။

မမြစိန်သည် သူ့စားပွဲကနေ ကျွန်တော့်ကို လှမ်းလှမ်းကြည့်တတ်တာ သတိပြုမိ၏။ အဖေက စောင့်ကြည့်ခိုင်းထားတာ တစ်ခုတည်းကြောင့် မဟုတ်တန်ရာ။ ကျွန်တော့်အပေါ် ဂရုတစိုက်ရှိပုံကလည်း လိုအပ်တာထက် နည်းနည်းလေးပိုနေသည်။ ကျွန်တော်နှင့်ပတ်သက်ပြီး သူ စိတ်ကူးယဉ်နေတာ ရိပ်မိသည်။

ထိုအချက်ကို အမေကလည်း သတိထားမိပြီး စိုးရိမ်နေဟန်တူသည်။

"ငါ့သားကို သင့်တော်တဲ့မိန်းကလေးတွေရင် နေရာချပေးရမယ်၊ မတော်တဆ ခပ်လည်လည်တွေနဲ့ ငြိသွားရင်ခက်မယ်"

ဟု ဆိုသည်။

"စိတ်မပူပါနဲ့ကွာ ... မင်းသားက ရိုးရိုးအေးအေးနဲ့ သိက္ခာရှိရှိ လုပတဲ့ မိန်းမကိုရမှာပါ ... ငါ တပ်အပ်ပြောရဲတယ် ... "

အဖေ့စကားကိုကြားသောအခါ "သူ့"ကို ဖျတ်ခနဲ မြင်ယောင်လိုက်မိ၏။ ကျွန်တော်သည် တင်မေထွန်းကို အချိန်ရှိသမျှ တမ်းတမ်းတတ ဖြစ်နေတာတော့မဟုတ်ပါ။ ဒါမျိုးကလည်း သဘာဝမကျလှပါ။ လူတစ်ယောက်ရဲ့ နေ့စဉ်ဘဝမှာ လုပ်စရာတွေအများကြီးရှိသည်။ တစ်ချိန်လုံးထိုင်ပြီး လွမ်းနေလို့ရတာမဟုတ်။

အကြောင်းတိုက်ဆိုင်လာတဲ့အခါ၊ တစ်ယောက်တည်းငေါင်နေတဲ့အခါ၊ ညဘက် တော်တော်နဲ့အိပ်မပျော်တဲ့အခါမျိုးတွေမှာတော့ သတိတရ ရှိတတ်သည်။ သူ့အကြောင်း တွေးလိုက်မိတဲ့အခါတိုင်း ရင်ထဲက နွေးခနဲဖြစ်သွားမိတာတော့ အမှန်ပါပဲ။

သူနဲ့မတွေ့ရတာ နှစ်နဲ့ချီပြီးကြာနေပြီ။ သာမန်အခြေအနေဆိုလျှင် ခုလောက်ရှိ မေ့မေ့လျော့လျော့ရှိသင့်ပြီ။ ခုတော့ အချိန်ကြာလေ ပိုပြီးသတိရလေဖြစ်နေရ၏။ ဒါဆိုလျှင်တော့ တဒင်္ဂလောက်သာယာမိခဲ့တာ မဟုတ်ကြောင်း သိသာနေပြီ။ တစ်ခါတလေ အိပ်မက်တွေဘာတွေတောင် မက်သေးသည်။ အိပ်မက်တို့၏ ထုံးစံအတိုင်း ခပ်စင်းစင်းတွေရော၊ ကယောက်ကယက်တွေရော၊ မန်းချောင်းထဲမှာ သူနဲ့ကျွန်တော် အတူတူရေကူးကြတယ် ဆိုတာမျိုးလည်းပါသည်။ သူက ထဘီရင်လျားနှင့်။ နောက်တော့ ... လဲစရာထဘီအပိုမပါဘူးဆိုလို့ ကျွန်တော့်ပုဆိုးကို ယူပေးလိုက်ရသည်။

သူနှင့်ပတ်သက်သော အိပ်မက်တို့သည် အိပ်ရာက နိုးခါနီးကျမှ ကပ်ကပ်ပြီး မက်တတ်တာတော့ထူးဆန်းသည်။ အိပ်မက်တွေက အဆုံးသတ်အပိုင်း ဘယ်တော့မှ ပါလေ့မရှိ။ အိပ်ရာကနိုးတဲ့အခါတိုင်း သူ့ကို မကြာခင်ရက်ပိုင်းအတွင်းမှာ တွေ့ရလိမ့်မည်ဟု အထင်ရောက်မိပြန်သည်။

ဌေးဌေးမြင့်တို့မင်္ဂလာဆောင်တုန်းက သူနှင့်မဆုံလိုက်ရဘဲ ကပ်လွဲသွားရသည်။ ထိုအကြောင်းတွေးမိလျှင် စိတ်ထဲက ထင့်ခနဲဖြစ်,ဖြစ်သွားရသည်။ သူနှင့်ကျွန်တော်မှာ ဖူးစာဆုံဖို့အကြောင်း မရှိလို့လားဟု စိုးရိမ်မိ၏။

တစ်ခုရှိပြန်တာက မင်းဘူးကိုရောက်တုန်းက သူမလာဖြစ်သောကြောင့် မတွေ့ဘဲရှိတော့မလိုဖြစ်ပြီးမှာ ရွှေစက်တော်မှာ ဘွားခနဲ သွားဆုံသည်။ ခုလည်း ... မမျှော်လင့်ဘဲ ပြန်တွေ့နိုင်ကောင်းသည်ဟု မှန်းဆနေမိစဉ် ...။

-----♥♥-----

ပုသိမ်မှာရောက်နေသော ဌေးဌေးမြင့်က ကျွန်တော့်ဆီ ဖုန်းဆက်သည်။

"ငမိုးလား ... ငါပါ ဌေးမြင့်ရယ်"

"သိပါတယ်ဟ ... ခိုညည်းသံမျိုးနဲ့ စကားပြောတတ်တာ ... နင်တစ်ယောက်ပဲရှိတာပဲဟာ ... "

"ရန်ဖြစ်ဖို့အချိန်မရှိဘူး၊ နင့်ကို အကူအညီတောင်းစရာရှိလို့"

"ဘာလဲ ... အုန်းသန်းကို ဆုံးမပေးဖို့လား"

"သူ့အကြောင်းပြောရင် တစ်နာရီလောက်ကြာမယ် ... အခု ရုံးကဖုန်းနဲ့ဆက်နေတာ လေကြောရှည်နေလို့မရဘူး ... ဒီမှာ တင်မေထွန်းကို နင် သိတယ်မဟုတ်လား ... "

ရင်ထဲက ဒိတ်ခနဲဖြစ်သွား၏။ "တင်မေထွန်း" ဆိုသော နာမည်မှာ ကျွန်တော့်အာရုံထဲ၌ ပဲ့တင်ထပ်မျှ ရှိနေခဲ့ပြီးဖြစ်သော်လည်း ... တစ်စုံတစ်ယောက်က အသံထွက်ပြီး ခေါ်လိုက်တာကိုတော့ လပေါင်းများစွာအတွင်း ပထမဆုံးအကြားလိုက်ရခြင်းဖြစ်၏။ သို့ရာတွင် ကျွန်တော်က ကောင်းကောင်း မမှတ်မိသလိုလို ဟန်ဆောင်၍ ...

"ဘယ်သူ ... "

"တင်မေထွန်းလေဟာ ... ရွှေစက်တော်မှာတွေ့တဲ့ ငါ့သူငယ်ချင်း"

ဆိုတော့မှ

"သြော် ... အေးဟုတ်ပြီ ... အဲဒါ ဘာဖြစ်လဲ"

"သူ့အမေတော်တော်ဖြစ်နေတယ် ... အဲဒါ ရန်ကုန်မှာ ဆေးရုံလာတက်ပြီး ကုမလို့တဲ့ ... "

"သူ့အမေက ဆေးရုံကြောက်တယ်ဆို ... "

ကျွန်တော်လွှတ်ခနဲ စကားမှားသွားသည်။

"ဟင် ... နင်က ဘယ်လိုလုပ်သိတာလဲ ... "

"သြော် ... လူကြီးတော်တော်များများဟာ ဆေးရုံကြောက်ကြတာပဲဟာ ... "

"အေး ... ဟုတ်တယ် ... ဒါပေမဲ့ ရောဂါက သိပ်သည်းလာတော့လည်း နေလို့ဘယ်ရတော့မလဲ ... အဲဒါ မကွေးဆေးရုံကြီးကို အရင်တင်တာ၊ ဆရာဝန်ကြီးတွေက မန္တလေး သို့မဟုတ် ရန်ကုန်ဆေးရုံကြီးမှာ ကုရင် ပိုကောင်းမယ်လို့ အကြံပေးတယ်၊ မန္တလေးက နည်းနည်းပိုနီးပေမယ့် ဟိုမှာ အသိအကျွမ်းတစ်ယောက်မှ မရှိတော့ မလွယ်ဘူးလေ ... ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ တင်မေမက ငါ့ဆီဖုန်းဆက်ပြီး တိုင်ပင်တယ် ... "

"အဲဒီတော့ ... "

"ငါက ရန်ကုန်သွားဖို့ ပြောလိုက်တယ် ... စမ်းချောင်းမှာ ငါတို့ဦးလေးနဲ့အဒေါ် ရှိတယ်လေ၊ အဲဒီမှာတည်းပြီး ဆေးရုံတင်ဖို့ စီစဉ်ခိုင်းလိုက်တယ်၊ သူတို့ ရန်ကုန်ကို မနေ့ကရောက်မလား၊ ဒီနေ့ ရောက်မလားတော့ မသိဘူး။ အဲဒါ နင့်ကိုပဲ အားကိုးရမှာပဲ၊ အတတ်နိုင်ဆုံး ကူညီပေးပါဟာ ... "

"ရပါတယ် ... နင့်သူငယ်ချင်းဟာ ငါ့သူငယ်ချင်းပဲပေါ့"

သူများဆေးရုံတက်တာကို ဝမ်းမသာကောင်းသဖြင့် အားတက်သရောလေသံမပေါက်အောင် ထိန်းပြောရသည်။

"ကျေးဇူးပဲဟာ ... ငါ စိတ်ချသွားပြီ"

"ဒါနဲ့ နင်တို့ဦးလေးနဲ့အဒေါ်ရဲ့ လိပ်စာလည်းပြောပါဦး"

"အိမ်နံပါတ်တော့ ငါ မေ့နေတယ် ... ဒါပေမဲ့ ရှာလို့လွယ်ပါတယ်၊ စမ်းချောင်း ကျိုက်လတ်လမ်းထဲမှာ ... ဘုရားကိုးဆူတင်တဲ့ ဆရာကြီးဦးစိန်လှိုင် ဒေါ်ကြီးလှတို့အိမ် ဘယ်အိမ်လဲမေးရင် လူတိုင်းသိပါတယ်"

တယ်လီဖုန်းချပြီး နာရီဝက်မပြည့်ခင် စမ်းချောင်းအိမ်သို့ ကျွန်တော်ရောက်သွားသည်။ တင်မေထွန်းတို့သားအမိ မရောက်လာကြသေး။ ကားအဝင်နောက်ကျလို့ဖြစ်မည်။ အဝေးပြေးကားဂိတ်သို့ လိုက်သွားသည်။ မကွေးကားဆိုက်သွားတာ နှစ်နာရီလောက်ရှိသွားခဲ့ပြီဟု ဆိုသည်။ နောက်ထပ် ဝင်လာစရာရှိသေးလားဆိုတော့ ဒါ နောက်ဆုံးကားပဲတဲ့။ မသွားတတ် မလာတတ်လို့များ တဝဲလည်လည် ဖြစ်နေသလားဆိုပြီး ကားဝင်းအနှံ့ရှာကြည့်သေးသည် မရှိ။

ကားနဲ့မလာဘဲ ရထားနဲ့ လာလို့လား။ သူတို့ဆီကနေ ရထားနဲ့ ဘယ်လိုလာရသလဲ ကျွန်တော်မသိ။ တက္ကစီသမားကများ လိမ်ညာခေါ်သွားတာဖြစ်နေမလားလို့ မဆီမဆိုင် ကြောင်တောင်တောင်တွေးပြီး စိတ်ပူမိသေးသည်။

တကယ်တော့ ဒီနေ့မလာဖြစ်တာလည်း ဖြစ်နိုင်တာပဲ။ ကျွန်တော့်အနေဖြင့် အိမ်ပြန်၊ သို့မဟုတ် စက်ရုံကို ပြန်ရုံသာရှိ၏။ နောက်နေ့ကျမှ တစ်ခေါက်လာစုံစမ်းလို့ရတာပဲ။ သို့ရာတွင် သူနှင့်ကျွန်တော်သည် စတွေ့ကတည်းက ခုလိုတွေ့လွဲကလေးတွေ ဖြစ်တတ်တာကို စဉ်းစားမိသောအခါ ကားကို စမ်းချောင်းဘက်သွားသော လမ်းရှိရာ ချိုးကွေ့လိုက်လေသည်။

စမ်းချောင်းအိမ်မှာ သူတို့သားအမိက ရောက်နှင့်နေပြီဖြစ်၏။ တက္ကစီတွေက ဈေးကြီးလို့ တခြားလူတွေနဲ့ပေါင်းပြီး စီးခဲ့ရသည်။ လှည့်ပတ်ပို့နေရသောကြောင့် ကြာသွားခြင်းဖြစ်သည်ဆို၏။

ကျွန်တော့်ကိုမြင်သောအခါ သူ တော်တော်အားတက်သွားပုံရသည်။ ခပ်ညှိုးညှိုးဖြစ်နေသောမျက်နှာက အတော်အတန် ကြည်လင်လာသည်။ ဒီအတွက် ကိုယ့်ကိုယ်ကိုယ် သိပ်တော့အထင်မကြီးမိပါ။ အားကိုးရာမဲ့ပြီး တစ်ယောက်တည်းဖြစ်နေချိန်မှာ နည်းနည်းလောက် မျက်မှန်းတန်းမိသူ တစ်ဦးဦးကိုတွေ့ရင်တောင် ဒါမျိုးဖြစ်တတ်တာပဲ။

သူ့အမေကို ခုမှမြင်ဖူးခြင်းဖြစ်၏။ တစ်ချိန်က ဝဝဖြိုးဖြိုး ဖြစ်ကောင်းဖြစ်မည်။ ခုတော့ ရောဂါဒဏ်ကြောင့် ချုံးကျနေသည်။ တင်မေထွန်းပင်လျှင် စိတ်ပန်းလူပန်းဖြစ်နေသောကြောင့် နည်းနည်းပိန်သွားသည်။ မျက်နှာကလည်း ချောင်ကျနေသည်။ သို့ရာတွင် ကြည့်လို့တော့ကောင်းနေဆဲ။ သူ့အနေဖြင့် ... ကတုံးရိတ်ပြီး သီလရှင်ဝတ်ခဲ့ရင်တောင် လှနေမှာပဲဟု ကျွန်တော်ထင်မိ၏။ (အရေးထဲမှာ)

-----♥♥-----

အမေဖြစ်သူအတွက် စိုးရိမ်ပူပန်မှုကြောင့် ညှိုးငယ်နေသော သူ့မျက်နှာကို မြင်လိုက်ရကတည်းက ကျွန်တော် အလုပ်များတော့မယ်ဆိုတာ သိသာထင်ရှားနေပါပြီ။

နောက်တစ်နေ့ကျတော့ ကျွန်တော်အလုပ်စောစောဆင်းပြီး စမ်းချောင်းသို့သွားသည်။ တင်မေထွန်းတို့ကို အထူးကုဆေးခန်းသို့ ခေါ်ဆောင်သွားသည်။ သူ့အမေကို ရောဂါရှာဖွေရေးပါရဂူကြီးနှင့် ပြပေးသည်။ ထုံးစံအတိုင်း စမ်းသပ်စစ်ဆေးမှုမျိုးစုံလုပ်ရသည်။ ထိုကိစ္စများအတွက် ကျသင့်သော ဘီလ်စာရင်းစာရွက်ကိုကြည့်ပြီးနောက် တင်မေထွန်းမျက်နှာ ကွက်ခနဲပျက်သွားပြီးမှ ပြန်ထိန်းလိုက်သည်။

စမ်းချောင်းအိမ်ပြန်ရောက်တော့ တင်မေထွန်းက ဖုန်းဆက်ချင်တယ်ပြောသည်။ ကျွန်တော့် လက်ကိုင်ဖုန်းကိုပေးလိုက်တော့ သူက ရှက်ပြုံးပြုံးပြီး ...

"ကျွန်မ မဆက်တတ်ဘူး ..."

သူခေါ်ချင်သောနံပါတ်ကို ကျွန်တော်ကပဲ နှိပ်ပေးလိုက်သည်။ သူတို့မြို့က ဆက်သွယ်ရေးရုံးကိုခေါ်ခြင်းဖြစ်၏။ ညတာဝန်ကျနေသော သူ့အသိတစ်ယောက်နှင့် စကားပြောသည်။ တစ်ဘက်မှ ဖုန်းလိုင်းက ... မကောင်းလို့ပဲလား၊ နယ်ဖုန်းတွေပြောနေကျမို့ အကျင့်ပါနေသလားတော့မသိ။ အသံကိုမြှင့်ပြီးပြောသဖြင့် ဘေးကကောင်းကောင်း ကြားနေရသည်။ ဒါမှမဟုတ် လက်ကိုင်ဖုန်းက သေးသေးလေးဖြစ်သောကြောင့် အသံကလည်းတိုးတိုးလေးသွားလိမ့်မည်ထင်လို့လည်း ဖြစ်နိုင်သည်။ လက်ကိုင်ဖုန်းကိုင်ကာစလူတွေ ဒါမျိုးဖြစ်တတ်သည်။ ကျွန်တော့်တုန်းကလည်း ဒီအတိုင်းပဲ။ လမ်းမပေါ်မှာ တစ်ယောက်တည်း အရူးလိုအော်ကြီးဟစ်ကျယ် ဖုန်းပြောနေကြသူတွေ မကြာခဏ တွေ့ဖူးသည်။

"အိမ်ကိစ္စ ဘာကြားသေးလဲ၊ ဟုတ်လား၊ ဦးကြီးကိုပြောလိုက်ပါ၊ သိပ်စျေးကိုင်မနေနဲ့ သူတို့ပေးထားတဲ့စျေးထက် နည်းနည်းပါးပါးပိုရင် လွှတ်လိုက်တော့လို့၊ ဟုတ်တယ် လိုနေတယ် ... "

သူပြောနေသော စကားတွေအရ ခန့်မှန်းကြည့်လျှင် သူ့မှာ ငွေများများစားစား ပါလာပုံမရ၊ အထူးကုဆေးခန်းမှာ ကုန်ကျခဲ့ရတာကို ကြည့်ပြီး ဆုံးဖြတ်ချက်ချလိုက်ဟန်တူသည်။ ကျွန်တော်သူ့ကို သနားသွားသည်။ ထို့ကြောင့် ...

"မတင်မေထွန်းကို ကျွန်တော်ပြောစရာရှိတယ် ... ဘာကိစ္စပဲဖြစ်ဖြစ် လိုအပ်တဲ့အကူအညီရှိရင် ကျွန်တော့်ကိုပြောပါ"

"အခုလည်း ကူညီနေတာပဲကော ... "

"ငွေရေးကြေးရေးကိစ္စကိုပြောတာပါ ... မတင်မေထွန်းက ဆေးကုသတဲ့စရိတ် မလောက်မှာ စိုးရိမ်နေပုံရတယ် ... "

"အဲဒါတော့ အမှန်ပဲ ... ကျွန်မက ဒီလောက်ငွေကုန်ကြေးကျ များလိမ့်မယ် တွက်မထားမိဘူး ... ပြီးတော့ကျတော့ အပြင်ဆေးခန်းမှာ ပြရလိမ့်မယ်လို့မထင်ခဲ့ဘူး ဆေးရုံကြီးမှာပဲပြရမယ်မှတ်လို့"

"ဆေးရုံကြီးမှာပဲပြလို့လည်းရပါတယ်၊ ဒါပေမဲ့ မနက်အစောကြီးသွားပြီး စာအုပ်ထပ်ရမယ်၊ လူကများတော့ ကိုယ့်အလှည့်ကျဖို့ အကြာကြီးစောင့်ရမယ်၊ သွေးစစ်တာ၊ဓာတ်မှန်ရိုက်တာ တစ်နေရာစီသွားပြီး တန်းစီစောင့်ရမှာ၊ လူနာအတွက် သိပ်ပင်ပန်းတယ်"

"အပြင်ဆေးခန်းမှာဆိုရင် လူကတော့ သက်သာပါတယ်၊ စိတ်က မသက်သာဘူး ... "

ငွေအကုန်အကျများတာကို ဆိုလိုခြင်းဖြစ်၏။

"ဒါကြောင့် အိမ်ရောင်းဖို့ ဆုံးဖြတ်လိုက်တာပေါ့ ဟုတ်လား"

"လိုအပ်လာရင် ရောင်းလိုက်မယ်လို့တော့ ... အရင်ကတည်းက စဉ်းစားခဲ့ပြီးသားပါ၊ ကျွန်မတို့နဲ့ကပ်လျက်ဝိုင်းက လိုချင်နေတာ ... စျေးနည်းနည်းကွာနေတယ်လေ ... အခုတော့ လွှတ်လိုက်တော့မယ်လို့ စိတ်ကူးတယ် ... "

ကျွန်တော်ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်သည်။ အမှန်တော့ ထိုဆုံးဖြတ်ချက်သည် သူ့အမေ ရန်ကုန်မှာဆေးလာကုမယ်ဆိုသော သတင်းကိုကြားရကတည်းက ချနှင့်ခဲ့ပြီးသားဖြစ်နိုင်သည်။

"ကျွန်တော်တစ်ခုပြောပါရစေ၊ အိမ်ကိုခုချိန်မှာရောင်းရင် စျေးနှိမ်ခံရမှာပေါ့၊ ဒီတော့ ကျွန်တော့်မှာ စိတ်ကူးတစ်ခုရှိတယ်၊ လောလောဆယ် လိုတဲ့ငွေကို ကျွန်တော့်ဆီက ခဏယူထားပါလား ... နောက်မှ အေးအေးဆေးဆေး ပြန်ပေးလို့ရပါတယ်"

"နေပါစေ ... ကျွန်မ သူများကို ဒုက္ခမပေးချင်ဘူး"

"ကျွန်တော့်ကို သူစိမ်းလိုသဘောမထားစေချင်ဘူး၊ ဒွေးဒွေးမြင့်နဲ့ ကျွန်တော်က မောင်နှမအရင်းတွေလိုနေကြတာပါ။ သူ့သူငယ်ချင်းဟာ ကျွန်တော့်သူငယ်ချင်းပဲပေါ့၊ သူကလည်း မတင်မေထွန်းကို အစစအရာရာကူညီလိုက်ပါလို့ မှာထားတယ်လေ ... ကျွန်တော့်ဘက်က တစ်ခုခု ဝတ္တရားပျက်ကွက်ရင် ဆူလို့ကြိမ်းလို့ဆုံးမှာ မဟုတ်တော့ဘူး ...ပြီးတော့ အိမ်ရောင်းတယ်ဆိုတာကလည်း ငွေက ချက်ချင်းရချင်မှရမှာ ... "

သူ တွေပြီးစဉ်းစားနေသည်။

-----♥♥-----

ချိန်းထားသောရက်တွင် အထူးကုဆေးခန်းသို့ သွားပြရပြန်သည်။ ကျွန်တော်က အပြင်မှာနေခဲ့ပြီး သူတို့သားအမိက စမ်းသပ်ခန်းထဲ ဝင်သွားသည်။ တင်မေထွန်းက ဘာတွေပြောသလဲတော့မသိ။ ဆရာဝန်ကြီးက ဆေးရုံကြီးမှာတက်ရောက်ကုသနိုင်ရန် ထောက်ခံစာရေးပေးလိုက်၏။ အသေးစိတ် ဆက်လက်စမ်းသပ်စစ်ဆေးရမည့်ကိစ္စကိုလည်း ဆေးရုံကြီးရောက်မှ ဆက်လုပ်ပေးမည်ဟု မှာလိုက်သည်။

ကျွန်တော့်သဘောအရဆိုရင်တော့ သီးသန့်ခန်းတစ်ခန်းမှာ ထားချင်သည်။ သို့ရာတွင် ဒီလောက်ထိ ဝင်စွက်ဖက်ခွင့်မရှိ။ ထို့ကြောင့် ရိုးရိုးအခန်းမှာပဲနေရသည်။ တစ်ခုကောင်းသွားတာကတော့ လူနာခြောက်ယောက်သာရှိသော အခန်းငယ်တစ်ခုမှာ နေခွင့်ရခြင်းပင်ဖြစ်၏။ ထောင့်ဆုံးကုတင်ကို ရသောကြောင့်လည်း ပိုပြီးအဆင်ပြေသွားသည်။ အခန်းက သန့်သန့်ရှင်းရှင်းရှိသဖြင့် တင်မေထွန်းလည်း စိတ်ကျေနပ်သွားသည်။

ဆေးရုံကြီးမှာဆိုတော့ စရိတ်စက တော်တော်ကြီးသက်သာသွားသည်။ သို့တိုင်အောင် စရိတ်မျှပေးအစီအစဉ်အရ တချို့ကိစ္စတွေမှာတော့ ငွေကုန်ကြေးကျများမှာ သေချာသည်။

ထိုအတောအတွင်း တင်မေထွန်းက စလင်းကို ဖုန်းတစ်ခါ ထပ်ဆက်သည်။ အိမ်အရောင်းအဝယ်ကိစ္စ အဆင်မပြေ။ ဝယ်မယ်ဆိုတဲ့လူတွေက တင်မေထွန်းတို့ ငွေလိုနေမှန်းသိသဖြင့် စျေးကိုမတရားနှိမ်သည်။ စရန်ငွေကိုလည်း မဖြစ်စလောက်သာ ပေးမည်ဟု ဆိုသတဲ့။ တင်မေထွန်းမှာ အတော်စိတ်ထိခိုက်သွားသည်။ ဖုန်းပြောရင်း အသံတွေတုန်ပြီး မျက်ရည်တောင်ဝဲလာသည်။ ကျွန်တော်မကြည့်ရက်တော့။

"စိတ်မကောင်းဖြစ်မနေပါနဲ့တော့ဗျာ ... ခုချိန်မှာ လူနာအတွက်အကောင်းဆုံးဖြစ်ဖို့ကိုပဲ စဉ်းစားပါ ... တခြားဘာကိုမှ ထည့်တွက်မနေပါနဲ့၊ ပြီးတော့ ... မတင်မေထွန်း စိတ်ပန်းလူပန်းဖြစ်ပြီး နေမကောင်းလို့ လဲသွားရင်ခက်မယ် ... ကျွန်တော့်စကားကို နားထောင်ပါဗျာ ... "

သူသည် ငါးမိနစ်ခန့်ကြာအောင် ခေါင်းငုံ့ပြီး တွေတွေကြီးလုပ်နေသည်။ ပြီးတော့မှ ...

"ကျွန်မ သိပ်ကျေးဇူးတင်ပါတယ် ... "

ဟု ခပ်တိုးတိုးပြောသည်။

-----♥♥-----

အမှန်တော့ ကျွန်တော့်မှာ ငွေအပို များများစားစားမရှိ။ မိဘအိမ်မှာနေသော လူပျိုလူလွတ်တစ်ယောက်အနေဖြင့် စုဆောင်းနေစရာလည်းမလို။ အဖေက လခသဘောမျိုးပေးထားသောငွေမှာလည်း ကျွန်တော့်တစ်ယောက်စာ သုံးလောက်စွဲလောက်ရုံအပြင် အသင့်အတင့်သာ ပိုနိုင်သည်။ ထို့ကြောင့် တင်မေထွန်းအား ထောက်ပံ့ပေးဖို့ငွေကို မိဘတွေဆီက တောင်းဖို့သာရှိ၏။ ဒါမျိုးတွေ ဝါသနာပါသောအမေ့ကို အရင်ချဉ်းကပ်ရသည်။ အမေက ...

"ဟဲ့ ... မိဒွေးမြင့်သူငယ်ချင်းဆိုတော့ ကူညီရမှာပေါ့ကွယ် ... မင်းအဖေကို အမေပြောပေးမယ် ..."

ဟု လွယ်လွယ်ကူကူသဘောတူသည်။ ပြီးတော့မှ ... "သူက မိန်းကလေး ဟုတ်လား" ဟု ဆက်မေးသည်။ ကျွန်တော်ခေါင်းညိတ်ပြလိုက်၏။

"မိဒွေးမြင့်သူငယ်ချင်းဆိုရင်လည်း အိမ်လေးဘာလေးလာဖို့ ဖိတ်ပါဦး ... ထမင်းကျွေးရအောင် ..."

ကျွန်တော့်အခြေအနေမှာ ဒီလောက် ပိုင်ပိုင်နိုင်နိုင်ကြီး မဟုတ်သောကြောင့် ...

"သူက သူ့အမေကို စိုးရိမ်လို့ အနားကမခွာနိုင်ဘူးအမေ ... ခေါ်လို့ရမှာမဟုတ်ဘူး ..."

"အင်း ... အဲဒီလို မိဘကို ဂရုစိုက်တတ်တဲ့ကလေးမျိုးဟာ ဘယ်တော့မှ မဆင်းရဲဘူးကွယ့် ..."

ဟုပြောပြီး  အမေတွေပြုံးလေ့ရှိသော ပုံစံမျိုးဖြင့် ပြုံးလိုက်သည်။

အမေကတော့ မမြင်ဘူးခင်ကတည်းက ကြိုတင်သဘောတူနေပုံရသည်။ ကျွန်တော့်အမေပဲလေ။ ကျွန်တော်တောင် နာမည်ကြားရုံနဲ့ စိတ်ဝင်စားခဲ့သေးတာမဟုတ်လား။ နောက်တစ်ချက်ကတော့ စက်ရုံမှ အပျိုကြီးမမြစိန်နှင့် ငြိစွန်းသွားမယ့်အန္တရာယ်ကို စိုးရိမ်စရာမလိုတော့ဘူးဆိုပြီး အမေ စိတ်အေးသွားခြင်းလည်း ဖြစ်နိုင်သည်။ (မမြစိန်ကို ကျေးဇူးတင်ပါ၏။)

အမေရှိးကျူးသလို ကျွန်တော်လည်း ချီးကျူးမိတာပါပဲ။ တင်မေထွန်းသည် သူ့အမေနားက တကယ်ပဲ တစ်ဖဝါးမှ မခွာချင်သူဖြစ်၏။ သီးသန့်ခန်းမှာဆိုလျှင် တော်သေးသည်။ လွတ်လွတ်လပ်လပ် ကျယ်ကျယ်ဝန်းဝန်းရှိသဖြင့် အနားယူလို့ရသည်။

ခုဟာက လူနာစောင့်အတွက်ပေးထားသော ခုံကလေးတစ်လုံးပဲရှိသည်။ ဒီပေါ်မှာထိုင်၊ ဝရန်တာဘက်မှာထွက်ရပ်၊ ညကျတော့ ခုံပေါ်ထိုင်ရင်း လူနာကုတင်ကိုခေါင်းမှီပြီး မှေးရုံပဲရသည်။ ကြာလျှင် သူပါ ထိတော့မည်။

ဒေါ်ကြီးလှက တတ်နိုင်သလောက် တစ်လှည့်လာစောင့်ပေးသည်။ ကျွန်တော်ကလည်း အဆင်ပြေသလို ဝင်စောင့်သည်။ တစ်ခါတလေ နေ့ဘက်၊ တစ်ခါတလေ ညဘက်။ တင်မေထွန်းကို အိမ်ပြန်ပြီး အနားယူဖို့ အတင်းအကျပ် တိုက်တွန်းရသည်။ ညဘက်အတွက် စပယ်ရှယ်နပ်စ်တစ်ယောက်ကို ကျွန်တော့်သဘောနှင့်ကျွန်တော် ငှားပေးသည်။ သိပ်တော့မထူးလှ။ နပ်စ်ရှိပေမဲ့ စိတ်မချဘူးဆိုပြီး သူပါ ဝင်စောင့်နေပြန်သည်။

စိတ်ပြေလက်ပျောက်လည်းဖြစ်အောင် အာရုံအပြောင်းအလဲလည်းဖြစ်အောင် အပန်းလည်းပြေအောင် ရန်ကုန်တစ်ဝိုက်လိုက်ပြဖို့ စိတ်ကူးသည်။ ဘယ်သွားချင်သလဲ မေးတော့ ...

"တခြားဘယ်ကိုမှ မသွားချင်ပါဘူး ... ဖြစ်နိုင်ရင်တော့ ရွှေတိဂုံဘုရားကိုပဲ လိုက်ပို့ပေးပါ ..."

သူ့ကို စားသောက်ဆိုင်ကို အရင်ခေါ်သွားသည်။ အစားအသောက်ကောင်းကောင်းတွေ မှာကျွေးသည်။ သူက သိပ်မစားချင်။

"အားရှိသွားအောင် စားမှဖြစ်မယ် ..."

"ကိုဘုန်းမိုး ဆေးရုံကိုဝယ်ဝယ်လာတာတွေ စားရသားပဲ"

"ဒီမှာက ပူပူနွေးနွေးစားရတာ ... ကဲပါ ... မှာပြီးမှ မစားရင် ပိုက်ဆံသက်သက်ဖြုန်းတီးသလိုဖြစ်မှာပေါ့ ..."

ဆိုတော့မှစားသည်။ ငွေရှင်းတဲ့အခါကျတော့ ကျွန်တော်ငွေစက္ကူတွေ ရေတွက်နေတာကို သူပါ လိုက်ရေနေပုံရသည်။

"စျေးကြီးလိုက်တာ ... ဒီလိုမှန်းသိရင်"

"တော်ပါတော့ဗျာ ... ပြန်အန်ထုတ်လို့လည်း ပိုက်ဆံပြန်ရမှာ မဟုတ်ပါဘူး ..."

ရက်အတန်ကြာအတွင်းမှာ ပထမဆုံးအကြိမ် ပြုံးသည်။

ရွှေတိဂုံစေတီတော်ကိုရောက်တော့ သူ့အမေရဲ့ မွေးနံ့ထောင့်မှာ ပန်း၊ရေချမ်း၊ဖယောင်းတိုင်ပူဇော်သည်။ ထို့နောက် ဘုရားရှိခိုးသည်။ ကျွန်တော်လည်း ဝင်ထိုင်ပြီး ရှိခိုးလိုက်၏။ သူ ဘုရားရှိခိုးတာ တော်တော်ကြာသည်။ သူ့အမေအတွက် ဆုတောင်းနေခြင်းဖြစ်ကြောင်း သေချာသည်။ သူ့ကိုကြည့်ပြီး ကျွန်တော် စိတ်မကောင်းဖြစ်သွားရ၏။

အမှန်တော့ သူ့အမေအတွက် မျှော်လင့်ချက်မရှိသလောက်ပင်ဖြစ်၏။ ဖွင့်မပြောရက်သောကြောင့် ထိန်းထားခဲ့ရသည်။ ကျွန်တော်ဆရာဝန်ကြီးနှင့် တွေ့ပြီးပြီ။

ရောဂါက အသည်းမှာဆိုးဆိုးရွားရွား အနာဖြစ်နေတာ။ တင်မေထွန်းတို့အမေမှာ ဝမ်းကိုက်ရောဂါခံရှိ၏။ ဒါကို စနစ်တကျ ထိထိရောက်ရောက်မကုဘဲ ဆေးနည်းတိုများနှင့်သာ တစ်ပွဲထိုး  ကုနေခဲ့သည်။ ဒီလိုဆေးမျိုးတွေက သောက်လိုက်လျှင် ရောဂါပိုးတစ်ချို့ သေသွားတာတော့မှန်သည်။ မသေဘဲကျန်တဲ့ပိုးတွေက အသည်းထဲမှာ သွားခိုအောင်းနေတတ်သည်။ အခွင့်သာတဲ့အခါ အူလမ်းကြောင်းထဲ ပြန်ဆင်းပြီး ဝမ်းကိုက်ပြန်သည်။ ဆေးသောက်လိုက်၊ အသည်းထဲ သွားပုန်းနေလိုက်၊ ပြန်ဆင်းလာလိုက်၊ ပြန်ဖြစ်လိုက်၊ ကြာတော့ အသည်းကို ထိခိုက်လာတော့သည်။

အနောက်တိုင်းဆေးပဲဖြစ်ဖြစ်၊ တိုင်းရင်းဆေးပဲဖြစ်ဖြစ် ဆေးပတ်လည်အောင်သောက်မှာ ရောဂါက အမြစ်ပြတ်နိုင်သည်။ သက်သာပြီဆိုပြီး ဆေးကိုရပ်လိုက်တာမျိုးလုပ်လို့မရ ...။ ဆရာဝန်ကြီးက ကျွန်တော့်ကို ဒီအတိုင်းရှင်းပြသည်။

တင်မေထွန်းတို့အမေသည် နဂိုကပင် အသည်းအားနည်းနေသောကြောင့် ပို၍ထိခိုက်သွားခြင်းဖြစ်၏။ ခွဲစိတ်ကုသဖို့ကျတော့လည်း ခံနိုင်ရည်မရှိသေး ...။ အားရှိလာအောင် စောင့်ရမည်။ ကောင်းမယ် မကောင်းဘူးဆိုတာလည်း မသေချာ။ ခုလောက်ထိ အသက်ရှင်နေသေးတာတောင် အံ့သြဖို့ကောင်းသည်ဟုဆို၏။ ဆင်ဖြူကျွန်းက ဆေးဆရာကြီး၏ ဆေးတွေကြောင့် ဒီလောက်ထိ တောင့်ခံနိုင်တာဖြစ်လိမ့်မည်။

ညနေတိုင်းလိုလို စက်ရုံကနေ စောစောအလုပ်ဆင်းပြီး ဆေးရုံကိုရောက်ဖြစ်သည်။ တချို့ရက်တွေမှာ အလုပ်ကိုတောင် မသွားဖြစ်။ ကိုအောင်မြိုင်နှင့် မမြစိန်တို့ကို လွှဲထားရသည်။ ဒီအတွက် အဖေတို့ကလည်း ဘာမှမပြော။ အမေက ရှင်းပြထားဟန်တူသည်။

တစ်ညနေ ဆေးရုံရောက်သွားတော့ သူ့ကို ဝရန်တာမှာ ရပ်နေတာတွေ့သည်။ အနားကိုရောက်မှ ရပ်နေတာမဟုတ် မှီနေခြင်းဖြစ်ကြောင်းသိရသည်။ လက်ရန်းအုတ်ခုံမှာ တံတောင်ဆစ်ကိုထောက်ပြီး နားထင်ကို လက်ချောင်းများနှင့် ထောက်ထားသည်။ မျက်လုံးကိုမှိတ်ထားသောကြောင့် ကျွန်တော့်ကိုမမြင်။

"မတင်မေထွန်း ဘာဖြစ်လို့လဲ"

ကျွန်တော့်အသံကြားတော့မှ မျက်လုံးဖွင့်၍လှည့်ကြည့်ပြီး ...

"သြော် ... ဘာမှမဖြစ်ပါဘူး ..."

သူ့မျက်လုံးတွေက ရီဝေနေသလိုပဲ။ လူနာဆောင်ထဲပြန်ဝင်ရန် ခြေလှမ်းလိုက်စဉ် တစ်ချက်ယိုင်သွားသည်။ ကျွန်တော်လက်မောင်းကို လှမ်းကိုင်ထိန်းလိုက်မည်ပြုပြီးမှ သူ့ဘာသာပြန်ပြီး ဟန်နိုင်သွားသဖြင့် လက်ပြန်ရုတ်လိုက်သည်။

"နေမကောင်းဘူးလား ..."

"ခေါင်းနည်းနည်းမူးတာပါ ... အိပ်ရေးပျက်လို့ထင်ပါရဲ့ ... ခဏနေရင်ကောင်းသွားမှာပါ "

ပြောပြီး ခြေလှမ်းဖို့ပြင်သည်။ သူ ဟန်ဆောင်နေခြင်းဖြစ်၏။ ခြေတစ်လှမ်းလှမ်းဖို့ကိုပင် အတော်ချိန်ဆနေရကြောင်း သိသာသည်။

ကျွန်တော်စိုးရိမ်သွားသည်။

"ခဏလေး "

လူနာဆောင်အဝဆီသွားပြီး ခုတင်ဘေးမှာထိုင်နေသော စပယ်ရှယ်နပ်စ်ကို လက်ယပ်ခေါ်လိုက်သည်။ လူနာကတော့ အိပ်ပျော်နေဟန်တူ၏။

"ဘာဖြစ်လို့လဲ"

ဆရာမကမေးသည်။

"မူးလို့တဲ့ ..."

ဆရာမက လက်ကောက်ဝတ်ကို ကိုင်စမ်းကြည့်ပြီးနောက် လူနာဆောင်ထဲ ဝင်သွားသည်။ ရေတစ်ဖန်ခွက်နှင့် ဆေးတစ်ပြား ယူလာပြီး သူ့ကိုတိုက်သည်။

"ခဏထိုင်နိုင်းထား ... သက်သာသွားရင် ဆေးခန်းကိုခေါ်သွားပြီးပြလိုက်ပါ။ ပြီးရင် အိမ်ပြန်နားခိုင်းလိုက်တော့ ... လူနာကို ကျွန်မကြည့်ပြောထားမယ် ..."

သူ့ကို ကားရှိရာသို့ ဆရာမက တွဲပို့ပေးသည်။ ဆေးခန်းကို အဆင်းမှာတော့ ကျွန်တော်ကပဲ ထိန်းပေးရသည်။ ထုံးစံအတိုင်းပါပဲ။ "အညာသူတွေက အသားအရေ သိပ်နူးညံ့တာ" ဆိုသော ဒွေးဒွေးမြင့်စကားကို အရေးထဲမှာ သတိရလိုက်မိသေးသည်။ ကျော်ကြီးကတော့ "အင်္ကျီခံနေလို့ သိပ်မသိရဘူး" ဟု ပြောခဲ့သည်။ ခုလည်း သူ့လက်မောင်းကို ဖေးကိုင်ထားခြင်းသာဖြစ်၏။ ခပ်ပိန်းပိန်းအင်္ကျီစ ကြားကခံနေသော်လည်း နူးညံ့ကြောင်းသိသာပါသည်။ ရာဇဝင်ဇာတ်လမ်းထဲက ပဋ္ဌပါပီလို အသားကိုထိလိုက်မိတာနဲ့ ချစ်ကြိုက်သွားတာမျိုးများ ဖြစ်နေမလားတွေးမိ၏။ မဖြစ်နိုင် ဒီလိုကြေးသာဆိုလျှင် ဘတ်စ်ကားစပယ်ယာတွေ သူ့ကိုကြိုက်ကုန်ကြမှာပေါ့။

ဆရာဝန်က သွေးချိန်ကြည့်သည်။ သွေးပေါင်ကျနေသည်။ (ဆရာဝန်က စစချင်း သူ့လက်ကိုကိုင်ပြီး စမ်းကြည့်စဉ်မှာ ထိတ်ခနဲ စိုးရိမ်သွားမိသေးသည်။) သူ့ကိုအကြောဆေး သွင်းပေးသည်။ အားဆေးတွေပေးသည်။ ကောင်းကောင်းစား၊ ကောင်းကောင်းအနားယူ၊ အိပ်ရေးဝအောင်အိပ်ပါဟု ညွှန်ကြားသည်။

ကားပေါ်ပြန်ရောက်တော့ ...

"ကျွန်မ တော်တော်နေသာထိုင်သာရှိသွားပြီ"

ဟု သူကဆေးရုံပြန်သွားချင်လို့ စကားစသေးသည်။ ကျွန်တော်က  အစ်ကိုကြီးလေသံဖြင့် ...

"မရဘူး ... ဆရာဝန်က ကောင်းကောင်းအနားယူရမယ်လို့ ခုပဲ ပြောလိုက်တယ်မဟုတ်လား ... ဒီညတော့ အိမ်ပြန်အိပ်ရမယ် ... ဆေးရုံကိုကျွန်တော်သွားစောင့်လိုက်မယ် ... ကျွန်တော့်စကားကို နားထောင်ပါ"

သူ ဘာမှ ထပ်မပြောတော့ပဲ ငြိမ်နေသည်။ သူ့ကို အိမ်ပြန်ပို့၊ ရောက်ရောက်ချင်း ဆရာဝန်ပေးလိုက်သော အိပ်ဆေးကို ကျွန်တော်ကိုယ်တိုင်တိုက်သည်။ သူက ကျေးဇူးတင်သောအကြည့်ဖြင့် တုံ့ပြန်သည်။ ဒေါ်ကြီးလှ လက်ထဲကို အပ်ခဲ့ပြီး ဆေးရုံကို ပြန်ခဲ့သည်။ အိမ်ကိုလည်း ဒီညပြန်မအိပ်ကြောင်း ဖုန်းဆက်ပြောလိုက်သည်။ ဆေးရုံရောက်တော့ တင်မေထွန်းတို့အမေ အိပ်ရာကနိုးနေပြီ။

"မတင်မေထွန်းလည်း တော်တော်ပင်ပန်းနေတာနဲ့ ဆေးခန်းမှာ အားဆေးဝင်ထိုးပေးပြီး ဒီညတော့ အိမ်မှာပဲ နားခိုင်းထားလိုက်တယ် ... ကျွန်တော်လည်း နက်ဖြန်အလုပ်အားနေတာနဲ့ ..."

"ပြန်ချင်ပြန်ပါကွယ် ... ဆရာမလည်းရှိသားပဲ"

"ရပါတယ် ... အိမ်မှာဆိုလည်း တော်တော်နဲ့ အိပ်တာမဟုတ်ပါဘူး"

လမ်းမှာ ဝင်ဝယ်ခဲ့သော လက်ဖက်ရည်ကိုသောက်သည်။ ဆရာမကိုလည်းတိုက်သည်။ ဆရာမလေးသည် ခြေရင်းပိုင်းရှိထိုင်ခုံမှာထိုင်ရင်း စာဖတ်နေသည်။ ကျွန်တော် မဖတ်ဖူးသော စာရေးဆရာမတစ်ယောက်၏ ဝတ္ထုစာအုပ်ဖြစ်၏။ သံဗီရိုပုပုလေးပေါ်မှာတော့ သူ ငှားထားဟန်တူသော တွတ်ပီကာတွန်းစာအုပ်တွေသဖြင့် ယူဖတ်နေလိုက်သည်။

ကျွန်တော်စာဖတ်နေစဉ် တင်မေထွန်းတို့အမေက တစ်ချိန်လုံးလိုလို ငေးကြည့်နေတာ သတိပြုမိ၏။ ကျွန်တော်က စာအုပ်ကို ချထားလိုက်ပြီး ...

"ဒေါ်ဒေါ် ဆာလို့လား ... ကွေကာအုတ်သောက်မလား"

"မဆာပါဘူး ဗိုက်ထဲကတင်းနေတယ်"

ဆရာမကို လှမ်းကြည့်ပြီး ...

"ဆရာမလေး နားချင်နားပါဦးလား ..."

ဟုပြောသည်။ ဆရာမက ...

"ရပါတယ် ..."

ပြောပြီးမှ အဒေါ်ကြီးက ကျွန်တော်နဲ့နှစ်ယောက်ချင်း စကားပြောချင်ပုံရတာကို သတိပြုမိပြီး ...

"ဟုတ်ကဲ့ ... အညောင်းပြေ လမ်းလျှောက်လိုက်ဦးမယ်၊ နပ်စ်တွေ အခန်းမှာရှိမယ် ... လိုအပ်ရင်ခေါ်လိုက်ပါ"

ပြောပြီးထွက်သွားသည်။ အဒေါ်ကြီးသည် ဘာမှမပြောသေးဘဲ ငေးကြည့်မြဲကြည့်နေပြန်သည်။ ကျွန်တော့်ရုပ်ဆင်းကြန်အင်လက္ခဏာတွေကို တစ်ခုချင်း စေ့စေ့စပ်စပ် အကဲခတ်နေသလိုပဲ။ အနေရအထိုင်ရတောင် ကျပ်ချင်လာသည်။ ခဏကြာမှ ...

"ငါ့သားလည်း တော်တော်ပင်ပန်းနေပြီနော် ..."

သူပြောတဲ့ထဲမှာ ထူးခြားသော စကားလုံးတစ်လုံးပါနေတာ သတိပြုမိ၏။ "သား" ဆိုသော စကားလုံးပင်ဖြစ်၏။ ခါတိုင်းတုန်းက "မောင်ဘုန်းမိုး"လို့သာ နာမည်တပ်ပြီး ခေါ်ခဲ့သည်။ သွေးမတော်သားမစပ်တဲ့ လူတစ်ယောက်က ဒီလောက်ထိ ဂရုစိုက်နေတယ်ဆိုတာ အကြောင်းမဲ့သက်သက်တော့မဟုတ်ကြောင်း သမီးရှင်တို့၏ ဆဋ္ဌမအာရုံက ရိပ်မိနေခဲ့ဟန်တူ၏။

"ကိစ္စမရှိပါဘူး ဒေါ်ဒေါ် ... ကျွန်တော်က တစ်ရက်တလေ စောင့်ရတာ တကယ်ပင်ပန်းတာက မတင်မေထွန်းပါ ..."

"သား ..."

သူက ထပ်ခေါ်ပြီး ကျွန်တော့်လက်ဖမိုးကို အုပ်ကိုင်လိုက်သည်။ သူ့လက်က နည်းနည်းအေးနေသည်။ နည်းနည်းညဥ့်နက်လာတော့ အအေးဓာတ်ကပိုလာပြီ။ သူသည် ကျွန်တော့်ကို အတော်ကြာအောင် စိုက်ကြည့်နေသည်။ သူ့ပုံစံမှာ နောက်တစ်ကြိမ်ပြန်တွေ့လျှင် မှတ်မိအောင် သေသေချာချာ စူးစိုက်မှတ်သားနေပုံမျိုးဖြစ်၏။

"သားကို အမေ စိတ်ချပါတယ်ကွယ်"

စကားလုံးတွေကို တိတိကျကျ ရွေးချယ်ပြီးပြောခြင်းဖြစ်၏။ စိတ်ကူးထဲမှာ ကြိုတင်လေ့ကျင့်ခဲ့လေသလားတောင်မဆိုနိုင်။ သူရယ်၊ တင်မေထွန်းရယ်၊ ကျွန်တော်ရယ် သုံးယောက်စလုံးအတွက် အရေးကြီးသော စကားတစ်ခွန်းဖြစ်၏။

ကျွန်တော်သူ့ကိုပြန်ကြည့်လိုက်သည်။ ထိုအချိန်တွင် သူသည် မျက်လုံးကိုပြန်မှိတ်ပြီး မှိန်းနေခဲ့ပြီ။ ကျွန်တော့်လက်ကိုတော့ လွတ်ထွက်သွားမှာစိုးသလို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ ချည့်နဲ့နေသော လူနာတစ်ယောက်က ဒီလိုအင်အားသုံးနိုင်တာ အံ့သြဖို့ကောင်းသည်။ ပြီးမှ ... တစ်စုံတစ်ခုကို တွေးမိပြီး စိုးရိမ်သွား၏။ ထိုစဉ်မှာပင် သူ့လက်များ ပြေလျော့သွားသည်။ အသက်ရှူမြန်လာ၏။

ဆရာမကိုပြေးခေါ်သည်။ စကားဝိုင်းထဲမှာ  အဆင့်သင့်ရှိနေသော တာဝန်ကျလက်ထောက်ဆရာဝန်ကိုပါ အဆင်သင့်တွေ့ရသည်။ သူတို့လူနာများမှာ  အလုပ်ရှုပ်နေတုန်း ကျွန်တော်လည်း စိတ်တွေရှုပ်ထွေးနေ၏။ တင်မေထွန်းကို သွားခေါ်ရမလား။ မဖြစ်နိုင်။ သူကအိပ်ဆေးသောက်ပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေပြီ။ ပြီးတော့ ... လူနာကို တစ်ယောက်တည်း ထားခဲ့လို့မဖြစ်။ တစ်ခုခု အရေးပေါ်ဆုံးဖြတ်စရာရှိရင်ကော ဘယ်လိုလုပ်မလဲ။

သို့တိုင်အောင် အဘွားကြီးကတော့ သူ့သမီးကို စိတ်ချလက်ချ ထားရစ်ခဲ့ပြီ။

-----♥♥-----

ဦးစိန်လှိုင်၊ဒေါ်ကြီးလှတို့ ဇနီးမောင်နှံမှာ တကယ့်သူတော်ကောင်းကြီးတွေဖြစ်၏။ သွေးမတော်သားမစပ်၊ အရင်က မြင်တောင် မမြင်ဘူးပါပဲလျက် အိမ်မှာ တည်းခိုခွင့်ပေးခဲ့သည်။ ခုလည်း သူတို့အိမ်မှာပင် ရက်လည်ဆွမ်းကျွေးခွင့်ပြုခဲ့သည်။

ဒီလိုကြေးဆိုလျှင် ... ကျွန်တော့်ကိုလည်း သူတော်ကောင်းအရာသွင်းရမလိုဖြစ်နေပြီ။ ကျွန်တော်သည်လည်း တင်မေထွန်းတို့ကို အစွမ်းကုန် ကူညီခဲ့တာပဲ မဟုတ်လား။ ကွာခြားတာတစ်ခုတော့ရှိ၏။ ဦးစိန်လှိုင်တို့က ဘာအကျိုးကျေးဇူးကိုမှ မမျှော်ကိုးဘဲ စေတနာသန့်သန့်နှင့် ကူညီခြင်းဖြစ်၏။ ကျွန်တော်ကတော့ မျှော်လင့်ချက်ကလေးတစ်ခု စွက်ဖက်နေခဲ့သေးတာလေ။

ဦးစိန်လှိုင်တို့သာမက၊ လမ်းထဲက လူတွေကလည်း မြန်မာဆန်သော စမ်းချောင်းသူ စမ်းချောင်းသားတို့၏ သဘာဝအတိုင်း တတ်နိုင်သမျှ ကူညီကြသည်။ တင်မေထွန်းတို့အမေကို ကောင်းကောင်းတောင် မမြင်ဘူးကြသော်လည်း သင်္ဂြိုဟ်သောနေ့က ဘတ်စ်ကားနှစ်စင်းစာလောက် လိုက်ပို့ပေးကြသည်။ ရက်လည်နေ့မှာလည်း လာကြသည်။ တင်မေထွန်း၏ဆန္ဒအရ ကူငွေတော့ လက်ခံခြင်းမရှိ။

ရက်လည်ပြီး နောက်တစ်နေ့မှာပင် တင်မေထွန်း စလင်းကိုပြန်သည်။ အမှန်တော့ ရက်လည်ပြီးတဲ့ ညနေတည်းက ပြန်ချင်နေတာ။ ထိုရက်များအတွင်း အိပ်ရေးတွေပျက်ပြီး ပင်ပန်းလွန်းသဖြင့် တစ်ရက်လောက်တော့ နားပါဦး၊ တော်ကြာ လမ်းမှာ တစ်ခုခုဖြစ်နေပါဦးမယ်ဟု ကျွန်တော်က တားထားခြင်းဖြစ်၏။ သူသည် ... နောက်ပိုင်းရက်တွေမှာ ကျွန်တော့်စကားကို တော်တော်နားထောင်လာကြောင်း သတိပြုမိ၏။

စိတ်စောနေသူတို့၏ ထုံးစံအတိုင်း ကားဂိတ်ကို ကြိုကြိုတင်တင်သွားချင်သဖြင့် ... သူ စိတ်ချမ်းသာအောင် ကားထွက်ချိန်မတိုင်ခင် တစ်နာရီလောက်အလိုမှာ အရောက်ပို့ပေးလိုက်သည်။ တကယ်ကတော့ ကိုယ်ကကြိုသွားလို့လည်း ကားက စောထွက်ပေးမှာမဟုတ်။ သူ့အချိန်တန်မှာသာ ထွက်လိမ့်မည်။ ကိုယ်စီးရမယ့်ကားကို မြင်နေရမှ နေသာထိုင်သာရှိတဲ့သဘောလား မသိ။

ကျွန်တော်တို့ရောက်သွားတော့ ကားက ဂိတ်တောင်လာမထိုးရသေး။ ထို့ကြောင့် စားသောက်ဆိုင်တစ်ခုမှာ ထိုင်၍ အအေးသောက်ရင်း စောင့်နေလိုက်သည်။ ကျွန်တော်သည် ကလေးငယ်တစ်ယောက်တည်းကို ကားပေါ်တင်လွှတ်လိုက်ရသလို စိတ်မချနိုင်ဘဲဖြစ်နေ၏။

"ရှူဆေးဘူးပါရဲ့လား ... ထမင်းစားပြီးရင် ရေဆူအားဆေးသောက်ဖို့ မမေ့နဲ့ဦးနော်" စသည်ဖြင့် တတွတ်တွတ် မှာကြားနေမိ၏။ ခဏနေဦး ဆိုပြီး စနိုးတာဝါတစ်ထုပ် ပြေးဝယ်ပေးလိုက်သေးသည်။ စလင်းပြန်ရောက်ပြီးရင်သောက်ဖို့ ဆူပရာဒင်းအားဆေးပုလင်းကြီးတစ်ပုလင်းမှာ အစောကြီးကတည်းက ဝယ်ပေးပြီးသား။

"ကိုဘုန်းမိုးကို ကျွန်မ သိပ်ကျေးဇူးတင်ပါတယ် ... ပြီးတော့ကျတော့ ဟို စိုက်ထားတဲ့ပိုက်ဆံကိုလည်း အမြန်ဆုံး"

ကျွန်တော် လက်ကာပြလိုက်ပြီး ...

"အဲဒီငွေကိုစွမေ့ထားလိုက်ပါ ... ကျွန်တော်ပြန်ယူဖို့ စိတ်ကူးမရှိပါဘူး"

"အို ... ဘယ်ဖြစ်မလဲ ... ငွေက မနည်းဘူးရယ်"

"ကြွားတယ်လို့တော့မထင်ပါနဲ့ ... အဲဒီငွေက အဖေတို့အမေတို့အတွက်  သိပ်မပြောပလောက်ပါဘူး"

"အဖေတို့အမေတို့ ဟုတ်လား ..."

"အမှန်ပြောရရင် အဲဒီငွေက အဖေ့ဆီကအမေတောင်းပေးထားတာ၊ ဒွေးဒွေးမြင့်သူငယ်ချင်းဆိုလို့ ကူညီဖို့ဝတ္တရားရှိတယ်ဆိုပြီး ထုတ်ပေးတာ၊ ပြန်မတောင်းပါနဲ့တော့လို့ အမေကလည်း မှာထားတယ်"

"သိပ်အားနာစရာကောင်းနေပြီ ... ကျွန်မ မဖြစ်ဖြစ်အောင်ပြန်ပေးမှာပါ"

"ကဲ ... အဲဒါတွေ နောက်မှ စဉ်းစားတာပေ့ါ ... ဟိုရောက်ရင်သာ ..."

ကျွန်တော့်ကို မေ့မသွားပါနဲ့ဟု ပြောချင်သော်လည်း ကျန်မာရေးသာ ဂရုစိုက်ပါဟုဆိုလိုက်ရသည်။

ဆောင်းလယ်ကာလ၏ ညနေစောင်းဖြစ်သောကြောင့် ... အအေးဓာတ်က စောစီးစွာ ဝင်ရောက်လာသည်။ အင်္ကျီလက်ရှည်ကို အထဲက တီရှပ်ခံပြီး ဝတ်လာခဲ့သော ကျွန်တော်တောင် ချမ်းစိမ့်စိမ့်ဖြစ်လာ၏။ သူက လက်တိုအင်္ကျီပါးပါးလေးသာ ဝတ်လာသည်။

"လမ်းမှာ တော်တော်အေးမယ်နော် ... အနွေးထည်ကော အလွယ်တကူ ထုတ်လို့ရအောင် လုပ်ထားဦး"

သူက ခေါင်းညိတ်ပြသည်။ ကျွန်တော်က ခဏလေးဆိုပြီး ကားဆီသွားသည်။ ဒက်ရှ်ဘုတ်ထဲမှာ ထည့်ထားသော ကတ်ထူလက်ဆွဲအိတ်ကလေးကိုယူပြီး ပြန်လာသည်။ အိတ်ကလေးကို သူ့ရှေ့နား ချပေးလိုက်ပြီး ...

"ရွှေစက်တော်မှာတုန်းက ကျွန်တော် ချင်းစောင်ဝယ်တာ မှတ်မိလား "

"မှတ်မိပါတယ်"

"အဲဒီတုန်းက ရွေးရခက်နေလို့ နှစ်ထည်စလုံးယူလိုက်တယ်လေ ... အမှန်တော့ တစ်ထည်ကို မတင်မေထွန်းကို လက်ဆောင်ပေးချင်ခဲ့တာ၊ စတွေ့ကာစဆိုတော့ သိပ်မရင်းနှီးသေးလို့ မပေးဖြစ်ခဲ့တာ ... ခုမှပဲ ပေးရတော့တယ်"

"နေပါစေ ... ကျွန်မယူခဲ့ရတာ သိပ်များနေပြီ"

သူက အိတ်ကလေးကို ကျွန်တော့်ဘက် ပြန်တွန်းပေးသည်။ ကျွန်တော်က အိတ်ကိုယူ အထဲက ချင်းစောင်လေးကိုထုတ်ပြီး သူ့ဆီကမ်းပေးလိုက်ရင်း ...

"အေးလာပြီ ... ဒါလေးခြုံထားလိုက်ပါလား ..."

မယူရင် ကျွန်တော်ကိုယ်တိုင် ထပြီး ခြုံပေးတော့မယ်လို့ ထင်သွားဟန်တူသည်။ သူကလှမ်းယူပြီး ကိုယ်ပေါ်မှာ လွှမ်းလိုက်၏။ တကယ်တော့ ... ကျွန်တော့်ဘာသာကျွန်တော်တောင် ကိုယ်တိုင်လွှမ်းခြုံပေးဖို့ စိတ်ကူးရှိနေကြောင်း မသိသေးပါ။ မျက်လုံးတွေထဲမှာ ထိုအရိပ်အရောင်များ ပေါ်နေတာကို သူ ရိပ်မိသွားခြင်း ဖြစ်နိုင်သည်။

"ကျေးဇူး ... ခုမှ တော်တော်နွေးသွားတယ်"

ဟု သူကပြောသည်။ သူသည် ချင်းအမျိုးသမီးကလေး မဟုတ်သည့်တိုင် ချင်းစောင်နှင့်လိုက်ဖက်လွန်းလှသည်။ သူကတော့လေ လည်ပင်းမှာ ကြေးကွင်းတွေစွပ်ထားပြီး ဝါးကျည်တောက်ထဲက ကောက်ဖီကို မြည်းကြည့်ရင်း "ကောင်းတယ်" ဟု မပီတပီ ပြောရင်တောင် လှနေမှာပဲ ထင်သည်။

သူက ဆိုင်မှာချိတ်ထားသော တိုင်ကပ်နာရီကို လှမ်းကြည့်သည်။ ကျွန်တော်လည်း အလိုက်သိစွာပင် ငွေရှင်းပြီး ဘတ်စ်ကားဆီသို့ လာခဲ့ကြသည်။ ကားဂိတ်ထိုးထားပြီးနေပြီ။ ပစ္စည်းတွေ အရင်တင်ပြီးနောက် ... ခုံနံပါတ်တွေခေါ်သည်။ ကျွန်တော်က ထိုင်ခုံကို သေသေချာချာ ရွေးဝယ်ထားသဖြင့် ... ကား၏ညာဘက်ခြမ်း အလယ်လောက်က ပြတင်းပေါက်ဘက်မှာ နေရာရသည်။ သူသည်ကားပေါ်မှာ နေရာတကျထိုင်ပြီးနောက် ...

"ပြန်တော့လေ ...ရပ်စောင့်နေရတာ အားနာစရာကြီး ... ကားလည်း တအောင့်ဆို ထွက်တော့မှာပဲ "

ဟုပြောသည်။

ကျွန်တော် သူ့ကို တစ်ချက်ငေးလိုက်၏။ ဆောင်းညနေ၏ ဝါဖန့်ဖန့်ရောင်ခြည်အောက်မှာ သူသည် နမြောစရာကောင်းလောက်အောင် လှနေသည်။ ကျွန်တော်သည် တစ်စုံတစ်ခုကို ဖျတ်ခနဲတွေးမိပြီး တုန်လှုပ်ချောက်ချားလာသည်။ သူနဲ့နောက်တစ်ခါ ပြန်တွေ့ရပါတော့မလား။ သူ့အနေဖြင့် ... ရန်ကုန်ကို နောက်တစ်ခေါက် လာစရာ အကြောင်းမရှိ။ ကျွန်တော်ကလည်း စလင်းကို သွားစရာ အကြောင်းမရှိ။ ကျွန်တော်စိုက်ထုတ်ထားသောငွေကို ပြန်ပေးခဲ့ရင်တောင်မှ ငွေလွှဲစာနှင့် ပို့လိုက်ရုံသာ။ ဒါဆို အခုတွေ့နေရတာ နောက်ဆုံး အခွင့်အရေးဖြစ်နိုင်တာပေါ့။

"ခဏလေး"

ကျွန်တော် ဟိုဟိုဒီဒီ ရှာဖွေကြည့်သည်။ ခပ်လှမ်းလှမ်းမှာ နံရံကပ်စတိုးဆိုင်လေးကိုတွေ့ရသည်။ ဆိုင်ရှိရာသို့ လျှောက်သွားပြီး ...

"ဘောလ်ပင်တစ်ချောင်းနဲ့ စာရေးစက္ကူတစ်ရွက်လောက် ရောင်းပါ"

"ဘာအမျိုးအစားယူမှာလဲ အနက်လားအပြာလား"

"ဘာဖြစ်ဖြစ်ရတယ်"

ဆိုင်ရှင်က ဘောလ်ပင်တစ်ချောင်း ထုတ်ပေးသည်။ မှင်က ဘာအရောင်မှန်းတောင် ဂရုမပြုမိ။ စာရေးစက္ကူတော့ မရှိဟုဆိုသည်။ မှတ်စုစာအုပ်လည်းမရှိ။

"စာအိတ်တစ်အိတ်ရရင်လည်းဖြစ်တယ်"

ဟိုဒီရှာကြည့်ပြီး စာအိတ်ကုန်နေတယ်ဟု ပြောသည်။

"ဘာစက္ကူဖြစ်ဖြစ်ရတယ် ... စီးကရက်ဘူးခွံဖြစ်ဖြစ်"

ဆိုင်ရှင်က လျှောက်ရှာပြီး ဘောက်ချာစာရွက်အဟောင်းတစ်ရွက်ပေးသည်။ ကျောဘက်ကိုလှန်ပြီး ရေးရ၏။ ဘောလ်ပင်ကပဲ ညံ့သလား၊ စက္ကူကပဲ မကောင်းလို့လားမသိ။ မှင်ကောင်းကောင်းမလိုက်ဘဲ ထပ်ခါထပ်ခါ ရေးနေရသည်။ ထိုအခိုက်မှာပင် ခရာမှုတ်သံကြားရ၏။ ကားထွက်တော့မည်။ ကားဆီကို လှမ်းကြည့်တော့ အိတ်ဇောပိုက်မှ မီးခိုးတွေတစ်ချက်တစ်ချက် ဆောင့်ထွက်လာတာတွေ့သည်။ အင်ဂျင်ကို ဟဲပြီး အရှိန်ယူနေပြီ။

စာကိုဆက်မရေးတော့ဘဲ ခပ်သွက်သွက်ပြန်လျှောက်လာခဲ့သည်။ ကားဘီးလှိမ့်စပြုပြီ။ ကျွန်တော်အပြေးတစ်ပိုင်းသွားသည်။ မီးရုံကလေးပင်ဖြစ်၏။ မှန်လုံကားဖြစ်သော်လည်း ကံကောင်းထောက်မစွာ သူ့ဘေးက မှန်းပြတင်းသည် အောက်ဘက်မှာ လက်လေးလုံးစာလောက် ဟ,နေသည်။ ဘောက်ချာစာရွက်ကလေးကို သူ့ဆီကမ်းပေးလိုက်သည်။ သူက ဘာမှန်းမသိပဲ လှမ်းယူလိုက်၏။ ကားက ကွေ့ထွက်သွားသောကြောင့် မြင်ကွင်းကွယ်သွားသည်။ လမ်းမကြီးဘက်ကို ချိုးဝင်လိုက်သောအခါ သူ့ကို ပြန်မြင်ရသည်။ သူသည် ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်သွားသည်။ တော်တော်လေးအလှမ်းကွာနေသဖြင့် မျက်နှာထားကို သေချာစွာအကဲခတ်ခွင့်မရ။

စာထဲမှာ ... စာလုံးရေအနည်းငယ်သာပါသည်။ ဝါကျတစ်ကြောင်းတောင် အဆုံးမသတ်နိုင်ခဲ့။ "မတင်မေထွန်းကို ... ကျွန်တော် လက်ထပ်" ဆိုတာလောက်ပဲ ရေးလိုက်နိုင်သည်။ သို့ရာတွင် နှုတ်တစ်ရာ စာတစ်လုံးနှုန်းနှင့်တွက်လျှင် စကားလုံးပေါင်းကိုးရာနှင့် ညီမျှသည်။

အချစ်ရဲ့လက်အောက်က လွတ်မြောက်ဖို့ ကြံစည်ခြင်းဟာ ကောင်းကင်ထဲက ထွက်ပြေးဖို့ ကြိုးစားကြတဲ့ ကြယ်တစ်ပွင့်လိုဖြစ်နေမှာပဲဆိုတာ သူနားလည်သဘောပေါက်နိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

-----♥♥-----

ဒွေးဒွေးမြင့်ဆီက စာတစ်စောင်ရောက်ရှိလာသည်။ ဖုန်းဆက်ဖို့ကြိုးစားတာ အဆင်မပြေကြောင်း၊ သူတို့ဘက်မှာ ဖုန်းလိုင်းတွေ ပျက်နေကြောင်း၊ ဖုန်းဆက်လျှင်လည်း ပြည့်ပြည့်စုံစုံပြောဖို့ အချိန်မရနိုင်ကြောင်း ထို့ကြောင့် အမြန်ချောပို့နှင့် ထည့်လိုက်ခြင်းဖြစ်ကြောင်း အစချီထားသည်။ စာရဲ့ရှေ့ပိုင်းမှာလည်း ကျွန်တော့်ကို ခိုင်းနိုင်းထားလိုက်တာ တိရစ္ဆာန်မျိုးစုံသွားတာပဲ။

"ဟဲ့ကောင် ငမိုး ... မျောက်စုတ်မျောက်နာ ... ငါက နင့်ကို မခုတ်တတ်တဲ့ကြောင်လို့ ထင်ခဲ့မိတာ ... လတ်စသတ်တော့ နင်က ကျားချောင်း,ချောင်းနေခဲ့တာကိုး ... ကျောင်းမှာတုန်းကလည်း ရည်းစားမထားခဲ့ဘူး၊ ဘွဲ့ရအလုပ်ဝင်တဲ့အထိ အချစ်အကြောင်း စကားတောင်မဟခဲ့လို့ လူပျိုကြီး လုပ်တော့မယ်ထင်နေတာ ... ခွေးကြီးမှ လက်ပေးသင်ချင်နေတာ ခုမှ သိရတော့တယ် ...

ကဲ ... ဘယ်နှယ့်ရှိစ ... အညာသူတွေဟာ မည်းသလေး ခြောက်သလေးနဲ့ ပြောဦးလေ ... အညာသူတွေ လှပြီဆိုရင် ဘယ်သူမှ လိုက်လို့မမှီဘူးလို့ ငါပြောခဲ့တာကို နင်လက်ခံရတော့မယ် ... ခုတော့ ချည်တိုင်ကန္တားလို တဝဲလည်လည်နဲ့ ရုန်းမထွက်နိုင်တော့ဘူး မဟုတ်လား ... ဟုတ်တော့လည်း ဟုတ်ပါတယ်လေ ... အုန်းသန်းစကားနဲ့ပြောရရင် တကယ်ချစ်မိတဲ့အခါ အိမ်မြှောင်အမြီးပြတ်သလို စွေ့စွေ့ခုန်နေရတော့တာပဲကိုး ...

နင် သူ့ကို ကားဂိတ်မှာ ဟိုစာလေးရေးပေးလိုက်တဲ့အကြောင်း တင်မေမေက ငါ့ဆီလှမ်းတိုင်တယ် ... အေးလေ တိုင်တယ်လို့ ပြောလည်းရတယ် တိုင်ပင်တယ်လို့လည်းဆိုနိုင်တယ် ... ဒီမှာ နင်က ငါ့ဆိုရင် ဘယ်တော့မှ အကောင်းမပြောပေမယ့် ငါကတော့ နင့်လို အကျင့်မယုတ်ပါဘူးဟာ ... နင့်ကောင်းကြောင်းတွေပြောပြီး အပြည့်အဝ ထောက်ခံပေးလိုက်ပါတယ် ...

အမှန်အတိုင်းပြောရရင် နင်တို့နှစ်ယောက်စလုံးအတွက် ငါ ဝမ်းသာတယ် ... နင်တို့နှစ်ယောက်ဟာ သိပ်လိုက်ဖက်တယ်ဆိုတာ ... ဟိုအရင် စောစောကတည်းက ဘာကြောင့် မတွေးမိတာလဲလို့ အံ့သြနေမိသေးတယ်၊ အေးလေ ... အခုတော့ နင့်ဘာသာနင် တွေးမိပြီဆိုတော့လည်း ပြီးတာပါပဲ ...

တကယ်တော့ တင်မေမကလည်း ရန်ကုန်မှာတုန်းက နင့်ကို အကဲခတ်ခွင့်ရခဲ့ပြီးပြီပဲ ... သူက နင့်ကို စိတ်ဝင်စားပုံရပါတယ် ... ဘာကြောင့်ဆို တကယ်လို့ နင့်ကို စိတ်မဝင်စားဘူးဆိုရင် နင်က ကမ်းလှမ်းတဲ့ကိစ္စကို လျစ်လျူရှုနေလိုက်မှာပေါ့ ... စိတ်ဝင်စားလို့သာ ငါ့ဆီ တကူးတက လှမ်းတိုင်ပင်တာပေါ့..

ငါအကြံပေးချင်တာကတော့ စလင်းကို နင် လိုက်သွားပြီး တင်မေမနဲ့ အကြေအလည်ဆွေးနွေးစေချင်တယ် ... အဆင်ပြေဖို့များတယ်လို့ ငါထင်တယ် ... တင်မေမဟာ စကားအပိုတွေ သိပ်ပြောလေ့ရှိတာ မဟုတ်ဘူး ... ငါ့ဆီ လှမ်းအကြောင်းကြားတယ် ဆိုတာကလည်း အတည်ပြုချက်ယူဖို့ သက်သက်ပဲ ... သူ့ဟာသူတော့ ဆုံးဖြတ်ချက်တစ်ခုခု ချပြီးသား ဖြစ်လိမ့်မယ် ...

အုန်းသန်းကလည်း အဲဒီအတိုင်းပဲ ထင်တယ်လို့ပြောတယ် ... အုန်းသန်းဆိုလို့ သူ့အကြောင်းပြောရဦးမယ်၊ ထုံးစံအတိုင်း အကောင်းတော့ မဟုတ်ဘူး ... ငါတော့ နင့်သူငယ်ချင်းကို တဖြည်းဖြည်း စိတ်ကုန်လာပြီ ... ဟိုတစ်နေ့တုန်းကဆိုရင် ..."

ကျွန်တော် သူ့စာကို ဆက်မဖတ်တော့။ စားပွဲပေါ်က လက်ကိုင်ဖုန်းကိုကောက်ယူလိုက်ပြီး မှတ်ထားသော ဖုန်းနံပါတ်တွေ ဖွင့်ရှာသည်။ ထို့နောက် ဖုန်းအဆက်အသွယ်လုပ်လိုက်သည်။

"ဟဲလို ... မကွေးကားဂိတ်ကပါလားခင်ဗျာ"

-----♥♥-----

ရေနံ့ဝအောင်သုတ်ထားသော သပ်သပ်ရပ်ရပ်အိမ်ကလေးဖြစ်၏။ အရင်ကတော့ အလုပ်သမားတစ်ယောက်ငှားပြီး ဆန်ချောဖွပ်သော လုပ်ငန်းလုပ်သည်။ သူ့အမေ တော်တော်လေးနေမကောင်းဖြစ်လာတော့မှ လုပ်ငန်းကို သူ့ဦးကြီးအိမ်သို့ ရွှေ့လိုက်ခြင်းဖြစ်၏။ ခုချိန်မှာတော့ ... ဆက်သွယ်ရေးမှာလုပ်သော သူငယ်ချင်းက တင်မေထွန်းနှင့်အတူ အဖော်အဖြစ် လာနေပေးသည်။

ကျွန်တော့်အနေဖြင့် မိန်းကလေးနှစ်ယောက်တည်းနေသော သူတို့အိမ်မှာ တည်းလို့မဖြစ်။ သင့်လည်းမသင့်တော်။ သူတို့ဦးကြီးအိမ်ကတော့လည်း မျက်နှာပူစရာကောင်းသည်။ အနေကျဲ့မှာလည်း စိုးသည်။ နောက်တော့ ဆက်သွယ်ရေးစခန်းက ညတာဝန်ကျသူတွေအတွက် ပေးထားသော နားနေခန်းလေးမှာပဲ အိပ်ဖို့ စီစဉ်ပေးသည်။

ရန်ကုန်ကမထွက်ခင် ဌေးဌေးမြင့်တို့ရှိရာ ပုသိမ်ကို ဖုန်းဆက်ခဲ့သေးသည်။ စာရင်းစစ်အဖွဲ့နဲ့ လိုက်သွားလို့ ရုံးမှာမရှိ၊ ရန်ကုန်ကဆက်တယ် ပြောပေးပါလို့သာ မှာလိုက်ရသည်။ ဌေးဌေးမြင့်က စလင်းဆက်သွယ်ရေးရုံးဆီ ဖုန်းဆက်သည်။ ကျွန်တော်ရောက်လိမ့်မယ်ဆိုတာ တင်မေထွန်းကို ကြိုတင်အကြောင်းကြားဖို့ဖြစ်၏။ သူဆက်သောအချိန်မှာ ကျွန်တော်က ရုံးမှာ ရှိနေသည်။ ကျွန်တော်က ဖုန်းကိုင်လိုက်တော့ ...

"အမယ် ... နင်က ရောက်တောင် ရောက်နေပြီးပေါ့လေ ... ဒါမျိုးကျတော့ သိပ်သွက်တယ် မြင်းကိုရှိုတပ်ပေးသလိုဖြစ်နေပြီ"

ထို့နောက် တင်မေထွန်းက ဘာပြောသလဲ မေးသည်။

"ငါက ညနေကမှရောက်တာ၊ ချက်ချင်းပြောလို့ ဘယ်ကောင်းမလဲ၊ နက်ဖြန်မှ မေးရမယ်"

"နင် ဘာအတွက်လာတယ်ဆိုတာ သူ သိမှာပါ ... စိတ်မပူပါနဲ့ အဆင်ပြေပါလိမ့်မယ်"

ဌေးဌေးမြင့်ပြောတဲ့အတိုင်းပဲ ကျွန်တော်ရောက်လာမယ်ဆိုတာ တင်မေထွန်းက ကြိုတင်ခန့်မှန်းထားပြီးဖြစ်ပုံရသည်။ ကျွန်တော့်ကိုမြင်တော့ အလွန်အမင်း အံ့သြသွားခြင်းမျိုးမရှိ။ ဒီလောက်မြန်မြန် ရောက်လာမယ်လို့ မထင်ခဲ့တဲ့အတွက် အတော်အတန် အံ့အားသင့်မှုမျိုးသာ တွေ့ရသည်။ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ အံ့သြခြင်းတို့ကို ထင်ရှားစွာ မဖော်ပြတတ်သော သူ့ဝသီကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

နောက်တစ်နေ့မှာ သူနှင့်ကျွန်တော် အေးအေးဆေးဆေး စကားပြောဖြစ်သည်။ သူ အရင်ဆုံးစပြောတာက ...

"ကျွန်မလည်း အိမ်ရောင်းဖို့ အပူတပြင်း ကြိုးစားနေပါတယ်"

ကျွန်တော် တော်တော်အောင့်သွားသည်။ ထို့ကြောင့် ...

"ကျွန်တော် အကြွေးတောင်းဖို့လာတာ မဟုတ်ဘူး"

ကျွန်တော့်လေသံက နည်းနည်းဆတ်သွားသည်။ သူလည်း ရိပ်မိသည်။

"ကိုဘုန်းမိုးကို စော်ကားသလို ဖြစ်သွားတဲ့အတွက် ခွင့်လွှတ်ပါ၊ ကျွန်မအတွက်တော့ ..."

"အဲဒီကိစ္စကို မေ့လိုက်ပါတော့ ... တစ်သက်လုံးမေ့ထားရင်ကောင်းမယ် ..."

ပြောပြီးမှ ကျွန်တော်ပြောပုံက  အထက်စီးဆန်သလိုဖြစ်နေကြောင်း သတိရပြီး လေသံကိုပြန်လျှော့၍ ...

"ကျွန်တော်က အဝေးကြီးက လာရတာပါ ... ဘာအတွက်လာတယ်ဆိုတာလည်း မတင်မေထွန်း သိပါတယ် ... မျှော်လင့်ချက်တွေ အများကြီးကို သယ်ဆောင်ပြီးလာခဲ့ရတာပါ ..."

သူ့ရဲ့ပထမဆုံးစကားက ကျွန်တော့်စိတ်ကို ဆွပေးလိုက်သလို ဖြစ်သွားခဲ့တာလည်း ခပ်ကောင်းကောင်းပဲ။ ကျွန်တော် ပြောရဲဆိုရဲရှိသွားပြီ။ ဒီနောက်မှာတော့ ကျွန်တော့်ခံစားချက်တွေကို ဖွင့်ဟပြောပြနေမိတော့သည်။ အချစ်နဲ့ပတ်သက်ပြီး ဒီလောက်ဖွဲဖွဲနွဲ့နွဲ့ ပြောတတ်နေမှန်း ကိုယ့်ဘာသာကိုယ်တောင် မသိခဲ့။ မဆိုးဘူး၊ သူ့ငါ့ကို သနားသွားလောက်တယ်ဆိုပြီးတော့လည်း ကိုယ့်ကိုယ်ကို ချီးကျူးနေမိသေးသည်။

"ယုံချင်လည်းယုံ၊ မယုံချင်လည်းနေပါ၊ မတင်မေထွန်း ဟားချင်ဟားလို့ရအောင် ပြောပြဦးမယ် ... ကျွန်တော်က မတင်မေထွန်းကို မမြင်ဖူးခင်ကတည်းက နာမည်ကြားလိုက်ရုံနဲ့ သံယောဇဉ်ဖြစ်မိခဲ့တာပါ "

ဆိုပြီးကျောင်းသားဘဝတုန်းက တင်မေထွန်းဆိုသော နာမည်ကို ဌေးဌေးမြင့်က ပြောလိုက်စဉ် ရင်ထဲက နွေးခနဲဖြစ်သွားခဲ့ပုံကို ဆက်ပြောပြသည်။ သူက ဟားတော့မဟားပါ။ အနည်းငယ် ပြုံးရုံသာပြုံးပြီး ...

"ဟိုဘဝက ရေစက်ကြောင့်ဆိုရင်တော့ ဖြစ်နိုင်ပါတယ်"

ကျွန်တော် အားတက်သွား၏။

"ဟုတ်မယ် ... ကျွန်တော်တင်မကဘူး အမေကလည်း မတင်မေထွန်းကို မမြင်ဘူးပဲနဲ့ သဘောတူနေတာ "

"ဘယ်လိုရယ် ..."

"မတင်မေထွန်း ရန်ကုန်မှာရှိနေတုန်းကလေ ... မိဘကို ပြုစုစောင့်ရှောက်တဲ့လူမျိုးဟာ ဘယ်တော့မှ မဆင်းရဲဘူးလို့ ချီးကျူးဖူးတယ် ... အိမ်ကို ထမင်းစားဖိတ်ဖို့တောင် ပြောသေးတယ်"

"ကျွန်မကလည်း ကိုဘုန်းတို့အမေကို မမြင်ဘူးပဲနဲ့ ကျေးဇူးတင်နေခဲ့တာပါ ..."

သူတို့အမေ ဆေးရုံတက်ဖို့အတွက် အမေက ငွေထုတ်ပေးခဲ့တာကို ရည်ညွှန်းခြင်းဖြစ်၏။ ကျွန်တော်က စကားတစ်ဆင့် ထပ်တက်ပြန်သည်။

"ပြောရင်တော့ လွန်လွန်းတယ် ထင်မလားမသိဘူး ... အဖေကဆိုရင် နာမည်လည်းမသိ၊ မြင်လည်း မမြင်ဘူးရုံမကဘူး၊ မတင်မေထွန်းဆိုတာ ရှိမှန်းတောင်မသိဘဲနဲ့ သဘောတူနေတာ ... ကျွန်တော်ဟာ ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးတစ်ယောက်နဲ့ ဖူးစာဆုံရလိမ့်မယ်လို့ အဖေက အစောကြီးကတည်းက ကြိုပြီး ဟောကိန်းထုတ်ထားတယ်လေ၊ မယုံရင်လည်း မတတ်နိုင်ဘူး "

"ကျွန်မ ယုံတာထက် ဦးကြီးယုံဖို့က ပိုအရေးကြီးပါတယ်"

ဦးကြီးကသာ သဘောတူမယ်ဆိုရင် သူ့အနေနဲ့ ငြင်းစရာမရှိပါဘူးဟု အချက်ပြလိုက်သော စကားဖြစ်၏။ ထို့ကြောင့် ဦးကြီးနှင့်သွားတွေ့ရသည်။ ဦးကြီးက ရိုးရိုးရှင်းရှင်းပင် ဖြစ်၏။ ထူးထူးခြားခြား တိုက်ဆိုင်တာကတော့ ... သူကလည်း ကျွန်တော့်ကို မမြင်ဘူးခင်ကပင် သတင်းကြားတာနဲ့ သဘောကျနေခဲ့တာဆိုပဲ။ ဌေးဌေးမြင့်ရဲ့ထောက်ခံချက်အရ ကျွန်တော့်ကို ရိုးသားဖြောင့်မတ်သူအဖြစ် အသိအမှတ်ပြုပါသတဲ့။

ဒီနေရာမှာ ဌေးဌေးမြင့်ရဲ့အရေးပါမှုကို တွေ့ရ၏။ အမေကလည်း တင်မေထွန်းကို ဌေးဌေးမြင့် သူငယ်ချင်းဆိုပြီး ယုံကြည်စိတ်ချခဲ့တဲ့သဘောမဟုတ်လား။ သူ ဒီလောက် သြဇာရှိမှန်း အရင်က

သတိမပြုမိခဲ့။ သူငယ်ချင်းဆိုပြီး မှိုချိုးမျှစ်ချိုးပြောခဲ့မိတာ။ ခုတော့ ကျေးဇူးရှင် သူတော်ကောင်းမကြီးကို ဝန်ချတောင်းပန်ရပေတော့မည်။

ဦးကြီးစိုးရိမ်နေတာကတော့ ကျွန်တော့်မိဘများနဲ့ ပတ်သက်လို့ပဲဖြစ်၏။ အဖေတို့မှာ ရန်ကုန်စီးပွားရေးလောကအနေနှင့် ကြည့်လျှင် အလယ်အလတ်တန်းစား လုပ်ငန်းရှင်သာဖြစ်၏။ ဦးကြီးတို့ဘက်က အမြင်မှာတော့ သူဌေးတွေပေါ့။ အခြေအနေချင်း ကွာခြားနေသောကြောင့် ကျွန်တော့်မိဘတွေက သဘောတူပါ့မလားဆိုသော ကိစ္စဖြစ်၏။

ကျွန်တော်က စိတ်ချပါ၊ ဦးကြီးတို့ကသာ လက်ခံမယ်ဆိုရင် အဖေတို့အမေတို့ကိုခေါ်လာပြီး မိသားဖသားပီပီ တောင်းရမ်းပါ့မယ်ဟု အာမခံချက် ပေးလိုက်၏။

-----♥♥-----

ဦးကြီးကို ကျွန်တော့်သဘောနဲ့ကျွန်တော် ကတိတွေစွတ်ပေးခဲ့ခြင်းဖြစ်၏။ ဒီကိစ္စ အဖေတို့အမေတို့ကို တစ်ခွန်းမှကြိုတင်အသိပေး တိုင်ပင်ခဲ့ခြင်းမရှိ၊ ဒါကလည်း တင်မေထွန်းဘက်က ဘယ်လိုတုံ့ပြန်မယ်မှန်း မသိသေးသောကြောင့်ဖြစ်၏။ မသေချာမရေရာသေးပဲ ဖွင့်ပြောနှင့်လို့မဖြစ်။ တော်ကြာအဆင်မပြေလျှင် သက်သက်အရှက်ကွဲရမည်။ ခုကျတော့လည်း အဖေတို့အမေတို့က ဘယ်လိုသဘောထားမလဲ စိုးရိမ်ချင်လာပြန်သည်။

တကယ်တော့ ကျွန်တော့်ဘာသာ စိတ်ပူနေခြင်းပင်ဖြစ်၏။ စလင်းက ပြန်ရောက်လာသောအခါ အမေက ...

"ဘယ်လိုလဲ အဆင်ပြေတယ် မဟုတ်လား"

ဟု ဆီးမေးသည်။ တင်မေထွန်းတို့အမေ ဆေးလာကုတုန်းက အလုပ်ပျက်အကိုင်ပျက်ခံပြီး ကူညီခဲ့တာ၊ အမေတို့ဆီက ငွေတောင်းတာ၊ တင်မေထွန်းပြန်သွားပြီးနောက် ငိုင်တွေတွေဖြစ်နေတာ ... ပြီးတော့ ရုတ်တရက် ခရီးထွက်သွားတာ။ ဒီအချက်တွေကို ဆက်စပ်ပြီး မှန်းဆအဖြေထုတ်နိုင်ခဲ့ခြင်းဖြစ်၏။ အမေဆိုတာကလည်း တော်တော်လျင်တာ မဟုတ်လား

ကျွန်တော်လည်း ဖြစ်ကြောင်းကုန်စင်ကို ဖွင့်ပြောပြလိုက်သည်။ ထိုအခါ အမေက ...

"အတော်ပဲ  အမေလည်း ဘုရားဖူးခရီးလေးဘာလေး ထွက်ချင်နေတာ ... အဲဒီကအပြန် မန်းစက်တော်ဝင်ဖူးရမယ်"

အဖေရယ်အမေရယ် ကျွန်တော်ရယ် ဒဗ်ဘလ်ကက်ပ်ကားနှင့် သွားကြသည်။ အမေက ဒရိုင်ဘာတစ်ယောက် ခေါ်ချင်သော်လည်း အဖေက လူပိုမခေါ်ချင်ဘူးဆိုပြီး သားအဖနှစ်ယောက် တစ်လှည့်စီ မောင်းကြသည်။ ညနေစောင်းထွက် ၊ ပြည်မှာ တစ်ညအိပ်၊ နောက်နေ့မနက်ကျမှ ဆက်သွားကြသည်။ နားနားနေနေမောင်းရခြင်း ဖြစ်သောကြောင့် သိပ်မပင်ပန်းလှ။

စလင်းကိုရောက်မှပင် အဖေတို့ အမေတို့က တင်မေထွန်းကို မြင်ဖူးခြင်းဖြစ်၏။ ထုံးစံအတိုင်းပါပဲ အမေတို့အနေဖြင့် သူ့ကိုမြင်မြင်ချင်းမှာ ရိုးသားပြီး ဣန္ဒြေသိက္ခာရှိသူအဖြစ် အသိအမှတ်ပြုကြသော်လည်း သူ့အလှကိုတော့ သိပ်အထင်တကြီးမရှိလှ။ နောက်ပိုင်းကျတော့မှ အမေက ...

"တော်တော်ထူးခြားတဲ့ ကလေးမပဲကွယ် ... တွေ့ခါစတုန်းက သာမန်ရွက်ကြမ်းရေကြိုလောက် ထင်ခဲ့တာ၊ ကြည့်ရင်းကြည့်ရင်းနဲ့ သူ့အလှတွေက တစ်ခုပြီးတစ်ခုပေါ်လာတယ်၊ ဒီလောက်ခရီးအဝေးကြီးကို လာရကျိုးနပ်ပါတယ် ..."

"အေး ... ဟုတ်တယ် ... သတို့သမီးဝတ်စုံနဲ့ဆိုရင် သိပ်ကျက်သရေရှိမှာပဲလို့ ငါကတော့ ကြိုတင်မြင်ယောင်နေသေးတယ်"

ဟု အဖေကလည်း သံယောင်လိုက်သည်။ ကျွန်တော်ကတော့ ... "ဒါတောင် အိမ်နေရင်းမို့လို့" ဟု ကြွားလိုက်ချင်သေးသည်။

ကျွန်တော်တို့ဘက်က တက်ကြွအူးမြူးနေသလောက် သူတို့ဘက်က အစပိုင်းမှာ အေးစက်စက်ဖြစ်နေ၏။ အမှန်တော့ အဖေတို့အမေတို့၏ အရှိန်အဝါကို ဖြုံပြီး ရွံ့တွံ့တွံ့ဖြစ်နေကြတာပါ။ ဒီလိုနေရာမျိုးမှာတော့ အမေက အလွန်ညက်သည်။ ဟိတ်ကြီးဟန်ကြီးမဖြစ်အောင် ကြိုတင်ပြင်ဆင်လာခဲ့သည်။ လက်ဝတ်လက်စားတွေ ပြိုးပြိုးပြက်ပြက် ဆင်မသွားဘဲ စိန်နားကပ်ကလေးနှင့် စိန်လက်စွပ်တစ်ကွင်းသာ ဝတ်သွား၏။ ပြီးတော့ တင်မေထွန်းနဲ့ စကားပြောတဲ့အခါ သူ့ကိုယ်သူ "အမေ" ဟု သုံးနှုန်းပစ်လိုက်သည်။

ဒါတင်မက ဘယ်တုန်းက ကြိုတင်လေ့လာထားလိုက်သလဲမသိ။ အညာအစားအစာတွေအကြောင်း ရွှန်းရွှန်းဝေအောင် ပြောလေတော့သည်။

"အမေက အညာစာတွေကို သိပ်ကြိုက်တာကွယ် ... ခရမ်းချဉ်သီး ပန်ထွေဖျော်၊ ပဲပုပ်ချက်၊ နမ်းဖတ်ချဉ်သုပ်၊ လက်ပံခေါင်းစပ်ချဉ်၊ တစ်ခါတလေ အိမ်မှာချက်စားကြည့်တာ ဘယ်လိုမှ ဌာန်ကရိုဏ်းမကျဘူး၊ ခုမှပဲ အညာလက်ရာအစစ်ကို စားရတော့မယ်"

အမေပြောတာတွေက ဟင်းသီးဟင်းရွက်တွေချည်းဖြစ်သဖြင့် အသားမပါလျှင် မစားတတ်သောအဖေက မျက်စောင်းခဲသည်။ ညနေထမင်းစားပွဲမှာ ဝက်သားနှင့် ပုန်းရည်ကြီးချက်ကိုမြင်တော့မှ အဖေ့မျက်နှာ ကြည်လင်သွားသည်။ အထူးဟင်းလျာကတော့ ရန်ကုန်မှာ စားရဖို့မလွယ်သော မြူရွက်သုပ်ဖြစ်၏။ ကျွန်တော်တောင် ... ပြီးခဲ့တဲ့ တစ်ခေါက်လာတုန်းကမှ စားဖူးသည်။ ကျွန်တော် ကြိုက်တယ်ဆိုလို့ တင်မေထွန်းက တမင်စီစဉ်ပေးတာ ဖြစ်နိုင်သည်။

သူ ဟင်းချက်ကောင်းမှန်းသိပြီးဖြစ်သောကြောင့် အဖေတို့အမေတို့ စားလို့ကောင်းမယ်ဆိုတာ စိတ်ချပြီးသားဖြစ်၏။ ထို့ကြောင့် ဝက်သားတစ်တုံးကိုခပ်ပြီး အဖေ့ပန်းကန်ထဲ ထည့်ပေးလိုက်သည်။ အဖေက တဖွဲဖွဲပြီး မြည်းကြည့်သည်။ သူ သဘောကျလျှင် လုပ်လေ့ရှိတဲ့အတိုင်း မျက်ခုံးကို ချီလိုက်သည်။

ထို့နောက် ပုန်းရည်ကြီးအနှစ်တွေပါ ထည့်နယ်ပြီး အားရပါးရစားတော့သည်။ တင်မေထွန်းတို့ဦးကြီးမှာ အဖေ့ကိုကြည့်ရင်း "အင်း ...  သူဌေးတွေဆိုတာလည်း ငါတို့လိုပဲ ပလုတ်ပလောင်းစားတာပါပဲလား ဟရို" ဟု တွေးမိပြီး စိတ်သက်သာရာရသွားဟန်တူလေသည်။

-----♥♥-----

နောက်တစ်နေ့မှာ ရပ်ကွက်ထဲကလူကြီးတွေကိုပါ ဖိတ်ကြားပြီး စေ့စပ်ကြောင်းလမ်းစကားပြောကြသည်။ အဖေက ဦးဆောင်ပြီး စကားစပြောတာလောက်သာရှိ၏။ ကျန်တာကို အမေကပဲ ဆက်သယ်သွားသည်။

ဦးကြီးပြောတာကတော့ ကျွန်တော်တို့နှစ်ယောက်ကို သဘောတူပါသည်။ သို့ရာတွင် မင်္ဂလာဆောင်ကိုတော့ အဆောတလျှင်မလုပ်စေချင်။ နာရေးကိစ္စဖြစ်ပြီးတာ မကြာသေးသဖြင့် သူများပြောစရာဖြစ်နိုင်သည်။ ထို့ကြောင့် နောင်နှစ်အထိ ရွှေ့ဆိုင်းထားသင့်ကြောင်း

သူပြောတာက သဘာဝကျနေသည်။ အမေဆုံးတာမှ မကြာသေး။ သမီးက ယောက်ျားယူမယ်ဆိုရင် သိပ်မသင့်တော်တာတော့ အမှန်ပဲ။ ကျွန်တော်တို့က ကိုယ်ဖြစ်စေချင်တာကိုသာ အာရုံစိုက်နေမိသည်။ တစ်ဘက်က အခြေအနေကို သတိမပြုမိ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ မျက်နှာလေးငယ်သွားတာ ကိုယ့်ဟာကိုယ် မမြင်ရဘဲ သိနေ၏။ တင်မေထွန်းကို မသိမသာ တစ်ချက်လှမ်းအကဲခတ်ကြည့်တော့ ဏှမြွေရရ မျက်လွှာချနေတာသာတွေ့ရသည်။ အဖေ့ကို အားကိုးတကြီးကြည့်လိုက်သည်။ အမေ ကြည့်လုပ်လိမ့်မယ်ဆိုတာ စိတ်ချထားဟန်ဖြင့် အေးအေးဆေးဆေး ခပ်ပြုံးပြုံးရှိနေ၏။ အမေကလည်း ညင်ညင်သာသာကလေး ခေါင်းတစ်ချက်ညိတ်လိုက်ပြီးနောက် ...

"ဟုတ်တာပေါ့ရှင် ဦးကြီးပြောတာကို လက်ခံပါတယ် ..။ ကျွန်မတို့ကလည်း မင်္ဂလာအခမ်းအနားကို အလောတကြီးလုပ်ဖို့ စိတ်မကူးပါဘူး၊ အခါလွန်တော့မှ စီစဉ်မယ်လို့ စိတ်ကူးထားပါတယ်၊ ဒါဆိုရင် တစ်နှစ်ခြားသွားပြီပေါ့ "

အဲဒါပါပဲ။ အမေပြောပုံက သိပ်ပညာသားပါသည်။ ဦးကြီးတို့ရဲ့ဆန္ဒကိုလည်း ငြင်းပယ်ခြင်းမပြု။ သူဖြစ်စေချင်တာကိုလည်း ရအောင်ယူဖို့ အကွက်ဆင်လိုက်ခြင်းဖြစ်၏။ အခါလွန်မှ စီစဉ်ပါမယ်ဆိုသော်လည်း သကြံန်ကျဖို့က ဘာမှမလိုတော့။ ခုပဲ ဖေဖော်ဝါရီလထဲရောက်ပြီ။ အမေ့အပြောကြောင့် တစ်ဘက်ကလူကြီးတွေ မျက်စိလည်သွားသည်။ သြဇာကြီးဟန်တူသော အဘိုးကြီးတစ်ယောက်က ...

"အင်း ... ဒါလည်းဟုတ်တာပဲ "

ဟု ဆိုလိုက်သောအခါ ... အမေ့ကမ်းလှမ်းချက်က အတည်ပြုပြီးသလောက်ဖြစ်သွား၏။ အမေက မင်္ဂလာဆောင်ကို စလင်းမှာရော ရန်ကုန်မှာပါ ခမ်းခမ်းနားနားပြုလုပ်ပေးပါမည်ဟု ကတိပေးသည်။ သူတို့က စလင်းမှာတော့ မင်္ဂလာအခမ်းအနား မလုပ်လိုတော့ပါ။ ဘုန်းကြီးကျောင်းမှာ မင်္ဂလာဆွမ်းကျွေးတာလောက်ပဲ တော်ပါပြီဟု ဆိုသည်။

စေ့စပ်ကြောင်းလမ်းပွဲကတော့ အောင်မြင်သွားပြီ။

အမေက သူ့လက်ကိုင်အိတ်ကြီးထဲမှ ပက်ကင်ပေပါနှင့် သပ်ရပ်စွာထုပ်ထားသော အထုပ်တစ်ထုပ်ကို ထုတ်ယူလိုက်သည်။ တစ်ထောင်တန်ငွေစက္ကူအုပ်များ ပါဝင်ကြောင်း သိလိုက်၏။ အထုပ်ကို ဦးကြီးရှေ့မှာ ချလိုက်ပြီး ..

"ကျွန်မတို့ မိသားဖသားပီပီ တင်တောင်းပါတယ်"

ဟုပြောလိုက်သည်။

"ဒါတော့ လက်မခံပါရစေနဲ့ ... ကျွန်တော်က တင်မေမရဲ့ မိရင်းဖရင်းလည်း မဟုတ်လေတော့"

"ဒီလိုပါ ... ဒီက သမီးရဲ့အမေကိုရည်စူးပြီး အလှူတစ်ခုခု လုပ်နိုင်အောင်လို့ပါ"

အမေကပြောသောအခါ စောစောက အဘိုးကြီးကပဲ "ဒါလည်း ဟုတ်တာပဲ" ဟု ထောက်ခံပြန်သည်။ ထို့နောက်အမေသည် ကတ္တီပါသားဖုံးအုပ်ထားသော ဘူးကလေးတစ်ခုကို ထုတ်လိုက်ပြန်သည်။ ဖွင့်လိုက်တော့ စိန်လက်စွပ်တစ်ကွင်း ထွက်လာသည်။ တင်မေထွန်းဘက်သို့ ရွှေ့သွားပြီး သူ့လက်ကို ကိုင်လိုက်သည်။ စိန်လက်စွပ်ကို တင်မေထွန်း၏ ဘယ်ဘက်လက်သူကြွယ်မှာ စွပ်ပေးလိုက်သည်။

"ဟယ် ... ငါ့သမီးနဲ့ တိုင်းပြီးလုပ်ထားသလား အောက်မေ့ရတယ်၊ ကွက်တိပဲ ... ငါ့သမီးမှန်တယ်ဆိုရင် ဒီလက်စွပ်နဲ့ တော်ပါစေလို့ အဓိဋ္ဌာန်ပြုထားခဲ့တာ"

ဟု ဝမ်းသာအားရပြောသည်။ လက်စွပ်ကလေးသည် သူ့လက်နှင့် အလွန်လိုက်ဖက်လှသည်။ သူ့လက်ပေါ်ရောက်မှ မူလထက် လက်လာသည်ဟု ထင်ရသည်။ (သူ့လက်ပေါ်မှာဆိုလျှင် ဆင်မြီးလက်စွက်တောင် တဖြတ်ဖြတ်တောက်ပလာမှာပဲဟု တွေးမိကြောင်းကိုတော့ လာပြန်ပြီထင်မှာစိုးလို့ မပြောလိုတော့ပါ။)

နောက်ပိုင်းကျတော့ ကျွန်တော်က အမေ့ကို ဝေဖန်မိသည်။

"အမေကလည်းဗျာ ... သည်းထိတ်ရင်ဖို စွန့်စားခန်းတွေ သိပ်လုပ်ချင်တာကိုး ... တကယ်လို့ လက်စွပ်က သူနဲ့မတော်ရင် ဘယ့်နှယ်လုပ်မလဲ၊ သက်သက် ကသိကအောက်ဖြစ်ကုန်မှာပေါ့"

အမေကပြုံး၍ ...

"အမေပါကွယ် မပိုင်ဘဲလုပ်ပါ့မလား ... လက်စွပ်ကအသေး အလတ် အကြီး သုံးကွင်းယူလာခဲ့တာ၊ မနေ့က တွေ့တွေ့ချင်း သူ့လက်ကိုကြည့်လိုက်တော့ အလတ်ကွင်းလေးနဲ့ တော်မယ်ဆိုတာ သိပြီးသားပဲ ..."

အမေ့ကို  တအားဖက်နမ်းလိုက်ချင်သည်။

"အမေကတော့ တကယ်ပါပဲ ... ဒါပေမဲ့ ... အင်း ... တကယ်တော့ လက်စွပ်ကို ကျွန်တော်ကိုယ်တိုင် သူ့လက်ကလေးကိုကိုင်ပြီး စွပ်ပေးသင့်တာ အမေရ "

"နောက်တော့လည်း ရှိလာမှာပေါ့ကွာ ..."

ဟု အဖေက ဝင်ပြောသဖြင့် အမေက မျက်စောင်းထိုးသည်။

-----♥♥-----

ရန်ကုန်မိုးက သကြၤန်လွန်တာနဲ့ စိတ်မချရတော့။ ထို့ကြောင့် မင်္ဂလာဆောင်ကို မေလဆန်းဆန်းချင်းလုပ်မှကောင်းမည်ဟု အမေက  အဆိုပြုသည်။ ပြီးတော့ မင်္ဂလာဆောင်အတွက် ကြိုတင်ပြင်ဆင်စရာတွေ အများကြီးရှိနေ၏။ သတို့သမီးဝတ်စုံချုပ်တာကပဲ အမြန်ကြေးပေးတာတောင် အခန့်မသင့်လျှင် နှစ်ပတ်သုံးပတ်ကြာတတ်သည်။ တင်မေထွန်းအနေဖြင့် တစ်လလောက်ကြိုပြီး လာမှဖြစ်မည်။ တစ်ဘက်မှ လူကြီးများမှ အမေ့စည်းရုံးမှုအောက်ကို ရောက်ကုန်ကြသဖြင့် အစစသဘောတူကြလေသည်။

ဦးကြီးကိုလည်း ရန်ကုန်လိုက်လာပြီး ဘုရားတွေဖူး၊ မင်္ဂလာဆောင်ပြီးမှပြန်ဖို့ အမေက ဖိတ်ကြားသည်။ ဦးကြီးကလာဖို့အဆင်မပြေ။ တင်မေထွန်းအနေဖြင့်လည်း လက်မထပ်ရသေးခင် ကျွန်တော်တို့အိမ်မှာ လိုက်နေလို့ သိပ်အဆင်မပြေ။ ထို့ကြောင့် စမ်းချောင်းက ဦးစိန်လှိုင်တို့အိမ်မှာ ခဏနေဖို့ စီစဉ်ရသည်။

တင်မေထွန်းအတွက် အဖော်အဖြစ် စိုးစိုးဦးက လိုက်နေပေးသည်။ ဌေးဌေးမြင့်ကလည်း မင်္ဂလာပွဲမတိုင်ခင် ဆယ်ရက်လောက်အလိုမှာ ခွင့်ယူပြီးရောက်ရှိလာသည်။ ကျော်ကြီးနှင့်အုန်းသန်းတို့ကတော့ ရက်နီးတော့မှ လိုက်လာကြလိမ့်မည်။

ကျွန်တော်က သူ့ဆီကို နေ့တိုင်းလိုလိုရောက်သည်။ မင်္ဂလာဆောင်အတွက် ကြိုတင်ပြင်ဆင်ကြဖို့ဖြစ်၏။ အထူးသဖြင့်တော့ လက်ထပ်ပြီးလျှင်နေဖို့ အိမ်ရှာကြခြင်းပင်ဖြစ်၏။ ငွေချေပြီး အဆင်သင့် တက်နေနိုင်သော အိမ်ဖြစ်ဖို့လိုသည်။ အမေက ပွဲစားတွေဆီမှာ ကြိုတင်စုံစမ်းပေးထားသည်။ ကျွန်တော်တို့နှစ်ယောက် လိုက်ကြည့်ကြသည်။

တိုက်ခန်းတစ်ခန်း၊ အိမ်တစ်အိမ်ကို ရောက်တိုင်း "ဘယ်လိုလဲ၊ သဘောကျသလား" ဟု ကျွန်တော်က သူ့ကိုဦးစားပေးပြီး မေးသည်။ သူကလည်း "ကိုဘုန်းမိုး ကြိုက်ရင်ပြီးတာပဲ" ဟု ပြန်ပြောတတ်သည်။

"မေထွန်းကြိုက်မှ ဝယ်ရမယ်လို့ အမေက မှာထားတယ်လေ"

"မကြိုက်ဘူးရယ် မရှိပါဘူး … ကျွန်မတို့အိမ်ထက်စာရင်တော့ အားလုံးကောင်းတာချည်းပါပဲ"

"ကိုယ်ကတော့ မေထွန်းတို့အိမ်မျိုးလေးကို ပိုကြိုက်တယ်"

နောက်ဆုံးတော့ ကျွန်တော်တို့ စက်ရုံရှိရာသို့ သွားသောလမ်းမကြီးနားက နှစ်ထပ်တိုက်ကလေးတစ်လုံးကို ဝယ်ဖြစ်သွားသည်။ ခြံဝင်းကလေးထဲမှာ ဆောက်ပြီးခါစ တိုက်သစ်ကလေးဖြစ်၏။ မြို့အထွက် ဆင်ခြေဖုံးအရပ်မှာ ရှိသောကြောင့် ဈေးလည်းသက်သာသည်။ လမ်းမကြီးမှ ပေနှစ်ရာလောက်သာ အတွင်းသို့ဝင်ရသည်။

ထိုတိုက်ကလေးကို သွားကြည့်ကြစဉ်က … တင်မေထွန်းသည် ဝရန်တာမှာရပ်ပြီး အပြင်ကိုငေးကြည့်နေတာတွေ့ရ၏။ တိုက်၏မျက်နှာချင်းဆိုင်မှာ အတော်အသင့်ကျယ်ဝန်းသော ကွက်လပ်ကြီးတစ်ခုရှိနေသည်။ ချုံပင်ငယ်များ၊ ကုက္ကိုပင်၊ မန်ကျည်းပင်၊ တမာပင်များ ပေါက်ရောက်နေသဖြင့် အညာဒေသအငွေ့အသက်မျိုးခံစားရစေသည်။ ထို့ကြောင့် ဒီတိုက်ကိုဝယ်ဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။

မင်္ဂလာဆောင်ရက် နီးလာသောအခါ သူငယ်ချင်းတွေအားလုံး အစုံအလင်ရောက်ရှိလာကြသည်။ ထိုအခါ တိုက်အသစ်ကလေးကို မွမ်းမံကြ လိုအပ်သောပစ္စည်းတွေ ပရိဘောဂတွေဝယ်ကြ၊ ငြင်းကြခုန်ကြ၊ စားကြသောက်ကြ၊ ပျော်စရာကြီးဖြစ်နေ၏။ တင်မေထွန်းလည်း ရန်ကုန်မှာ တော်တော်နေသားကျသွားပြီ။

"တင်မေထွန်းကို လက်ထပ်ခွင့်ရတာ မင်းကံကောင်းပါတယ်ကွာ"

ဟု အုန်းသန်းက ပြောသောအခါ ဌေးဌေးမြင့်က …

"ဩော် … နင်ကတော့ ကံဆိုးတယ်ပေါ့ဟုတ်လား"

စကားထောက်သည်။ အုန်းသန်းက …

"ကလေးတစ်ယောက် မရခင်အထိတော့ ကံကောင်းတယ်လို့ ထင်ခဲ့မိတာပါပဲ"

"ဘာ … ဒီကလေးက နင်နဲ့ပဲရတာမဟုတ်ဘူးလား"

"ဟေ့ကောင် … မြန်မြန်ဝန်ခံလိုက်ကွ … တော်ကြာ ငါတို့ဘက်လှည့်လာဦးမယ် …"

ဟု ကျော်ကြီးက ဝင်နှောက်သဖြင့် ဌေးဌေးမြင့်က ကျောကိုထုသည်။

တိုက်သစ်မှာ ပစ္စည်းတွေရောက်လာသဖြင့် စိတ်မချရဘူး၊ သူတို့နှစ်ယောက် စောင့်အိပ်ပေးမယ်ဟု ကျော်ကြီးနှင့် အုန်းသန်းတို့ကပြောသည်။ သူတို့အကြံကို ရိပ်မိသော်လည်း အကြောင်းပြချက်ခိုင်လုံနေသဖြင့် ဌေးဌေးမြင့်တို့က ခွင့်ပြုလိုက်ရသည်။

ညဘက်ကျလျှင် ဒီနှစ်ကောင် ပုလင်းတစ်လုံးထောင်ပြီး စကားတွေပြောကြသည်။ ကျွန်တော်လည်း ညတိုင်းလိုလို ရောက်ဖြစ်သည်။ ညဥ့်နက်မှပြန်တာများသည်။ မတွေ့ကြတာ ကြာပြီဖြစ်သောကြောင့် ပြောစရာစကားတွေက မကုန်နိုင်။ နည်းနည်းထွေလာသောအခါ ကျော်ကြီးက ကျွန်တော့်ကိုစ,သည်။

"တကယ်တော့ တင်မေထွန်းဟာ အကြွေးမဆပ်ချင်လို့ မင်းကိုယူဖို့ ဆုံးဖြတ်လိုက်တာလို့ ထင်တာပဲကွ"

"ဒီကောင်ကလည်း ပြန်မဆပ်နိုင်မှန်းသိလို့ တမင်ထုတ်ချေးခဲ့တာဖြစ်မယ် ... ဟိုတုန်းက ချစ်တီးတွေလိုပေါ့"

ဟု  အုန်းသန်းကလည်း ဝင်နိုပ်ပြန်သည်။ သူငယ်ချင်းအရင်းခေါက်ခေါက်တွေဖြစ်သောကြောင့် စိတ်ဆိုးလို့မရ။

"မင်းတို့ကောင်တွေ ငါ့ကိုမနာလိုဖြစ်နေကြတာပါကွာ၊ အေးလေ သူကလည်း မနာလိုစရာကောင်းလောက်အောင် လှတာကိုး"

ဟု ချေပလိုက်ရ၏။

-----♥♥-----

ကျွန်တော်တို့၏ မင်္ဂလာဆောင်မှာ ငွေကြေးတတ်နိုင်သူတို့၏ ထုံးစံအတိုင်း ခမ်းခမ်းနားနားစည်စည်ကားကားရှိပါသည်။ အဖိုးတန် လက်ဖွဲ့တွေလည်း အများကြီးရပါသည်။ အဖေပြောခဲ့ဖူးတဲ့အတိုင်းပဲ တင်မေထွန်းသည် သတို့သမီးဝတ်စုံနှင့် အလွန်လိုက်ဖက်လွန်းလှသည်။

သူ၏မိဘအုပ်ထိန်းသူများအဖြစ် ဦးစိန်လှိုင်နှင့် ဒေါ်ကြီးလှတို့က ဆောင်ရွက်ပေးကြသည်။ သူတို့မှာ သားသမီးမရှိသဖြင့် ဒီလိုပွဲမျိုး ဆင်နွှဲရလိမ့်မည်မဟုတ်ဟု ထင်နေခဲ့ကြတာ ခုလို ပွဲထွက်ခွင့်ရတော့ သဘောတွေကျပြီး ပြုံးပြုံးကြီးတွေဖြစ်နေကြ၏။ ဤသို့ဖြင့် မင်္ဂလာညှော်ခံပွဲမှာ အောင်မြင်စွာ ပြီးဆုံးသွားခဲ့သည်။ (စက်ရုံက ဝန်ထမ်းရေးရာတာဝန်ခံ အပျိုကြီး မမြစိန်သည် မင်္ဂလာဆောင်မတိုင်ခင် သုံးရက်လောက်အလိုမှာပင် ရုတ်တရက် နေမကောင်းဖြစ်လို့ဟု အကြောင်းပြကာ ခွင့်ဆယ်ရက်ယူသွားပြီး မင်္ဂလာဆောင်သို့ မလာဘဲနေခဲ့ခြင်းသာ  ထူးခြားမှုရှိသည်ဟု ဆိုရမည်။)

ညဘက်ကျတော့ ထုံးစံအတိုင်း လူပျိုညလုပ်ရသည်။ လူများများမပါ။ အုန်းသန်း၊ ကျော်ကြီးနှင့် ကိုအောင်မြိုင်တို့သာ ဖြစ်၏။ ကိုအောင်မြိုင်ကတော့ မပါလို့မဖြစ်။ သူသည် တရားဝင်အားဖြင့် ကျွန်တော်၏လက်ထောက်စာရင်းကိုင်ဖြစ်သော်လည်း တကယ်တမ်းကျတော့ သူက ဆရာဖြစ်၏။ ကျွန်တော့်အပေါ် ညီတစ်ယောက်လိုလည်း စောင့်ရှောက်တတ်သည်။

သူသည် စာရင်းအင်းကျွမ်းကျင်သည်။ အလုပ်လုပ်ရာမှာ စေ့စပ်သေချာသည်။ သစ္စာလည်းရှိသည်။ ဒီအတွက် ကျွန်တော်က ပြန်ပေးရတာကတော့ လစဉ်စာရင်းတွေချုပ်ပြီးတဲ့ညနေကျလျှင် စားသောက်ဆိုင်တစ်ဆိုင်ကိုခေါ်သွားပြီး ပြုစုရခြင်းဖြစ်၏။ သူက ယမကာလေးတော့ ကြိုက်တတ်သည်။

အခုပွဲမှာလည်း သူမပါလျှင်မပြီး။ ကိုအောင်မြိုင်နှင့် ဟိုနှစ်ကောင်သည် အရင်ကဆုံဖူးကြတာမဟုတ်။ မင်္ဂလာဆောင်နီးကာမှ စတွေ့ဖူးကြခြင်းဖြစ်၏။ ယမကာဝိုင်းမှာ နှစ်ခွက်သုံးခွက်လောက်ဝင်ပြီး နှုတ်သွက်လျှာသွက်ရှိလာသောအခါမှာတော့ လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ရင်းနှီးချစ်ခင်ခဲ့သော မိတ်ဆွေရင်းချာတွေလို ဖြစ်သွားကြလေတော့သည်။

ကျွန်တော်ကတော့အရက်သောက်တတ်သူ မဟုတ်သောကြောင့် တောနစ်ဝေါ်တာထဲကို သံပရာသီးစိတ်ထည့်သောက်ရင်း အာသာဖြေရသည်။

"ဘချလာနိုက်မှာတော့ တစ်ခွက်လောက်သောက်သင့်ပါတယ်"

ဟု ဟိုကောင်တွေက ဆွယ်သေးသည်။ ကိုအောင်မြိုင်က ...

"မသောက်တတ်တဲ့လူဟာ အစမလုပ်တာ ကောင်းတယ်"

ဟု တားမြစ်လိုက်သည်။

နည်းနည်းထွေလာသောအခါ ကိုအောင်မြိုင်၏ အတွေးအမြင်များကို ကြားနာကြရလေတော့သည်။ ပထမဦးစွာ တင်မေထွန်းနှင့်ပတ်သက်ပြီး မှတ်ချက်ပြုသည်။

"မောင်မိုး ... မင်းကိုငါအစက ဒီလောက်အထင်မကြီးခဲ့ဘူး၊ ခုတော့ ချီးကျူးစရာဖြစ်လာပြီ ... ဒီလိုမိန်းကလေးမျိုးကို ရအောင်ယူနိုင်တာ ဂုဏ်ယူစရာပဲ ... ငါ အကဲခတ်လို့ရသလောက်တော့ ကောင်မလေးက သိပ်တော်တယ်ကွ ... ပြီးတော့ သူလှပုံက တစ်မျိုးပဲ ... ထူးခြားတယ်စျ လျှို့ဝှက်သိပ်သည်းတဲ့အလှဆိုပါတော့ကွာ"

"ဟာ ... ဟုတ်တယ် ဟုတ်တယ် ကျွန်တော်လည်း အဲဒါပြောမလို့ပဲ ... အစ်ကို့လို စကားလုံးလှလှ မသုံးတတ်လို့"

ဟု ကျော်ကြီးက ဝင်ပြောသည်။ သူ့မျက်နှာထားကို ကြည့်ပြီး ချွန်ပေးနေတာဖြစ်ကြောင်း ကျွန်တော်ရိပ်မိသည်။ အုန်းသန်းကလည်း ဟုတ်တယ် ဟုတ်တယ်ဟု ဝင်ပင့်ပေးသည်။ ကိုအောင်မြိုင်အားတက်သွားပြီး ...

"အေးကွ ... အခုလို မင်္ဂလာဦးအချိန်မှာတော့ အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ အကြောင်းအရာလေးတွေ ဆွေးနွေးရင်ကောင်းမယ်"

"ဟာ ... သိပ်ကောင်းတာပေါ့"

ကိုအောင်မြိုင်သည် သူကချည်း ဦးဆောင်ပြီး စကားတွေပြောရတော့မည်ဖြစ်သောကြောင့် အာခြောက်တာသက်သာအောင် တစ်ငုံမော့လိုက်ပြီးမှ ...

"တကယ်တော့ ... အိမ်ထောင်ရေးဆိုတာ ပန်ကာနှစ်လုံးတပ်လေယာဉ်လိုပဲကွ ... အင်ဂျင်နှစ်လုံးစလုံးကောင်းပါမှ ဖြောင့်ဖြောင့်တန်းတန်း  ပျံသန်းနိုင်မယ် မဟုတ်လား"

"ဟာ ... ဟုတ်တာပေါ့ ... ဟုတ်လိုက်လေ"

ကျော်ကြီးနှင့်အုန်းသန်းတို့ ပြိုင်တူရေရွတ်လိုက်သည်။ ဒီတစ်ခါတော့ ချွန်တာ၊ ပင့်တာမဟုတ်။ သူတို့ကိုယ်တိုင်က ကိုအောင်မြိုင်၏ စကားကို သဘောကျသွားခြင်းဖြစ်၏။ ကျော်ကြီးက ...

"အစ်ကို့စကားက သိပ်မှန်တာပဲ ... တကယ်မှတ်လောက်သားလောက်တယ် ... အစ်ကိုနဲ့စကားပြောရတာ ပညာတိုးတယ်ဗျာ ... ဒါကြောင့်လည်း ငမိုးက ဆရာတင်ထားတာကိုး"

"အေးကွ ...  ဒါကြောင့်လည်း ဒီကောင် မိန်းမချောချောရတာဖြစ်မယ်၊ အဲ ... ဒါနဲ့ ကျွန်တော်တို့ အတုယူလို့ရအောင် အစ်ကို့ရဲ့ အိမ်ထောင်ရေးအကြောင်းပြောပါဦး ... သိပ်သာယာချောမွေ့မှာပဲနော် ... အစ်ကို့ဇနီးကရော တော်တော်ချောသလား"

"ဟား ... ဟား ... ဟား"

ခွင်ထဲဝင်လာသဖြင့် ကျွန်တော်က ဟားလိုက်သည်။

"ဘာပေါက်တာလဲ မင်းက ..."

"မင်းတို့မသိသေးပဲကိုး၊ ကိုအောင်မြိုင်က ပန်ကာတစ်လုံးထဲပါတဲ့ ဆက်ဆနာလေယာဉ်လိုပဲ၊ လူပျိုကြီးကွ"

"ဟေ"

"ဒါပေမဲ့ သီအိုရီပိုင်းမှာတော့ ... သိပ်ကျွမ်းတယ်ဆိုတာ မင်းတို့ ကိုယ်တွေ့ပဲ"

ဟု ကိုယ့်ဆရာကို ပြန်မြှောက်ပေးရ၏။ ကိုအောင်မြိုင်ကလည်း ကျွန်တော့်စကားကိုနင်းပြီး ...

"ဒီလိုလေကွာ ကျားထိုးတာတို့ စစ်တုရင်ကစားတာတို့မှာ ဘေးကကြည့်တဲ့လူက ပိုပြီးအကွက်မြင်တတ်တယ်၊ ပြီးတော့ ခုချိန်မှာ အောင်မြင်ကျော်ကြားနေတဲ့ ဘောလုံးနည်းပြဆရာကြီး အများစုဟာ တစ်ချိန်က ထိပ်တန်းနာမည်ကြီးဘောလုံးသမားတွေ မဟုတ်ခဲ့ကြဘူးလေ"

"ဒါလည်း ဟုတ်တာပဲ"

"အေးကွ၊ ဘောလုံးဆိုလို့ ပြောရဦးမယ် ... တစ်ခါတလေကျတော့ မိန်းမတစ်ယောက်ကိုချစ်ရတာ ခပ်ညံ့ညံ့ဘောလုံးအသင်းတစ်သင်းကို အားပေးရသလိုပဲကွ၊ အမျှော်လင့်ကြီးမျှော်လင့်ထားပြီးမှ အားမလိုအားမရဖြစ်ရ၊ ဒေါသထွက်ရ၊ ဝမ်းနည်းရ၊ စိတ်ကုန်ရနဲ့ သိပ်ဒုက္ခများမယ် ... ဒါပေမဲ့ အချိန်တန်တော့လည်း မကြည့်ဘဲမနေနိုင်ဘူးလေ"

ကိုအောင်မြိုင် ရေချိန်ကိုက်နေပြီဖြစ်၏။

-----♥♥-----

မိန်းမယူတာ တယ်လည်းဇိမ်ရှိပါလားဟု ကျေနပ်စွာ တွေးမိ၏။ ဟုတ်တယ်လေ။ မနက်အိပ်ရာနိုးကတည်းက မိန်းမက အားလုံးအဆင်သင့် ပြင်ဆင်ပေးထားတာ တွေ့ရတာကိုး။ တခြားမိန်းမတွေတော့ ဘယ်လိုလဲမသိ။ တင်မေထွန်းကတော့ အသေးစိတ်ကလေးကအစ ဂရုစိုက်တတ်သည်။

ဘယ်လောက်ထိလဲဆိုတော့ သွားတိုက်ဆေးတောင် ကိုယ့်ဘာသာညှစ်ထည့်စရာမလို။ ရေချိုးခန်းထဲဝင်လိုက်လျှင် သွားတိုက်ဆေးတင်ထားပြီးသား သွားပွတ်တံကို အဆင်သင့်တွေ့ရမည်။ တန်းကလေးပေါ်မှာ မျက်နှာသုတ်ပုဝါကို လှန်းပေးထားသည်။ မုတ်ဆိတ်ရိတ်ကိရိယာလေးကလည်း သန့်စင်ထားပြီးသား။

ထမင်းစားခန်းထဲ ဝင်သွားတော့လည်း မနက်စောစောစာက အဆင်သင့်။ ပေါင်မုန့်မီးကင် ထောပတ်သုတ်နှင့် ကြက်ဥကြော်၊ ထမင်းကြော်၊ ကောက်ညှင်းပေါင်း၊ နန်းပြားသုပ်၊ မုန့်ဟင်းခါး စသည်ဖြင့် တစ်နေ့တစ်မျိုး စီစဉ်ပေးသည်။ စားလို့ပြီးတဲ့အခါမှာ ဓာတ်ဘူးထဲထည့်နှပ်ပေးထားသော ကော်ဖီက အဆင်သင့်။

အစာသစ်တွေ ဗိုက်ထဲဝင်လာပြီဆိုတော့ အစာဟောင်းတွေ ပြန်ထုတ်ပစ်ဖို့လိုလာပြီ။ ဒီအခါမှာလည်း အိမ်သာက အဆင်သင့်။ (အဲ ... ဒါတော့ လွန်သွားပြီ။ အိမ်သာဆိုတာကတော့ အထဲမှာ လူမရှိရင် အမြဲတမ်းအဆင်သင့်ပဲလေ။ ကြိုတင်ပြင်ဆင်ထားပေးစရာလိုတာမှ မဟုတ်ပဲ။)

ရေချိုးပြီးတော့ သူ အသင့်ထုတ်ပေးထားသော အဝတ်အစားတွေကို ဝတ်ရသည်။ အင်္ကျီကြယ်သီးကို သူကိုယ်တိုင် တပ်ပေးသည်။ အလုပ်သွားဖို့ ထွက်လာတော့ ကျွန်တော့်ဖိနပ်ကို အိမ်အပြင်ဘက် ဦးလှည့်ပြီး ချပေးထားတာ တွေ့ရလေသည်။ ကိုယ်စားသာနေသလို သူငယ်ချင်းတွေကော ဘယ်လိုနေလိမ့်မလဲဟု သိချင်လာသည်။ ကိုယ်အဆင်ပြေနေတာကို ကြွားချင်တဲ့စိတ်က ပိုများမယ်ဆိုတာတော့ သေချာသည်။

ပုသိမ်ကရုံးကို အကြိမ်ကြိမ်ကြိုးစားပြီး ဖုန်းဆက်သည်။ အဆက်အသွယ်ရတော့ ရုံးမှာ အုန်းသန်းမရှိ။ ဌေးဌေးမြင့်ကပဲ ဖုန်းလာကိုင်သည်။ သူ့ကိုပဲ ပြောပြရတော့သည်။ ပြီးတော့မေးသည် ...

"နင်ကော အုန်းသန်းကို အဲဒီလို ဂရုစိုက်သလား"

"အောင်မယ် ... အကျင့်ပါလို့၊ ရာရာစစ"

"နင်ကလည်းဟာ ... ကိုယ့်ယောက်ျားကို နည်းနည်းပါးပါးတော့ ဦးစားပေးမှပေါ့"

"သွားတိုက်ဆေးကိုတော့ ငါကိုယ်တိုင်ထည့်ပေးပါတယ်ဟ"

"ဒီလောက်ဆိုရင်တော့လည်း မဆိုးပါဘူး"

"သိပ်အထင်မကြီးနဲ့ ... သူ့ဟာသူဆို အများကြီးညှစ်ထည့်တာ၊ သွားတိုက်ဆေးတစ်ဗူးဆို ခဏလေးပဲ၊ ဒါကြောင့် အကုန်သက်သာအောင် ငါကိုယ်တိုင် ညှစ်ထည့်ပေးရတာ သိရဲ့လား"

"အဖြစ်ဆိုးလှချည်လား သူငယ်ချင်းရယ်"

ကျော်ကြီးတို့ကတော့ ရေနံချောင်းမှာ ကိုယ်ပိုင်အလုပ်လုပ်နေသည်။ တယ်လီဖုန်းတော့ မရှိသေး။ လျှောက်ထားဆဲဖြစ်၏။ သူတို့ဆီဆက်သွယ်ချင်လျှင် မျက်နှာချင်းဆိုင် အိမ်ကိုဆက်လို့ရသည်။

ကျော်ကြီးက ဖုန်းလာကိုင်သည်။ ကျွန်တော်က တင်မေထွန်း ဂရုစိုက်ပုံကိုကြွားတော့ သူက ...

"ဟာ ... တယ်ဟုတ်ပါလား၊ ဒါနဲ့ ငါမေးပါရစေဦး၊ မင်း ရေချိုးတဲ့အခါ တင်မေထွန်းက ချေးတွန်းပေးသလား၊ အီအီးတွေ ဘာတွေကော ကုန်းပေးသေးသလား ပြီးတော့ ..."

"အေပေး ... မယုတ်ပတ်နဲ့၊ မင်း ငါ့ကို မနာလိုဖြစ်နေပြီ မဟုတ်လား"

"ဘာလို့ဖြစ်ရမှာလဲ ... ဒီမှာ ငမိုးရ၊ တင်မေထွန်း အခုလုပ်နေတာတွေက ဒိတ်အောက်နေပါပြီကွာ၊ ဟိုရှေးခေတ်က မိန်းမတွေလုပ်တဲ့ အပိုအလုပ်တွေပါ၊ ခုခေတ်မှာ ဒီလောက်ဦးစားပေးစရာ မလိုတော့ပါဘူး ..."

"မင်း .. အားကျရင် ကျတယ်ပြောပါကွာ"

"အေး အားကျတာတော့ အမှန်ပဲ"

"ဒီလို ရိုးရိုးသားသား ဝန်ခံမှပေါ့"

"အားကျတယ်ဆိုတာက မီးအားကျတာကို ပြောတာ၊ ငါတို့ဆီမှာ တူးတွမ်တီအပြည့်မလာဘဲ ဝမ်းအိတ်တိလောက်ပဲလာလို့ ထရန်စဖော်မာခံပြီး သုံးနေရတာကို ဆိုလိုတာ၊ ရှင်းပြီလား၊ တကတည်းကွာ ... ရန်ကုန်က ဖုန်းလာတယ်ဆိုလို့ ဘာများအရေးကြီးလို့လဲဆိုပြီး အလုပ်လုပ်ရင်း ထပြေးလာရတာ ... ခွီးမှပဲ"

ဟု တစ်ခွန်းဆဲပြီး ဖုန်းချသွားသည်။ ကျွန်တော်ကတော့ ကြွားလိုက်ရသဖြင့် တော်တော်ကျေနပ်သွား၏။

-----♥♥-----

တစ်ရက်မှာတော့ မနက်စောစောစားရင်း မုန့်ဟင်းခါးထဲမှာ ထည့်စားသော ဘူးသီးကြော်ကို သတိပြုမိ၏။ စားနေကျက အချောင်းကြီးတွေကို တစ်ချောင်းချင်းကြော်ထားတာ၊ အခုဟာကတော့ ... အချောင်းသေးသေးလေးတွေကို လက်သုံးလုံးစာလောက် ပူးပြီးကြော်ထားခြင်းဖြစ်၏။ မုန့်နှစ်ပါးပါးနဲ့ ရွရွလေးဖြစ်နေသည်။

မေးကြည့်တော့မှ တင်မေထွန်းကိုယ်တိုင် ကြောထားခြင်းဖြစ်ကြောင်းသိရ၏။ သူတို့အညာဘက်ကနည်းအတိုင်း မုန့်နှစ်ကို စပ်ထားသည်။ ချင်း၊ ကြက်သွန်ဖြူတို့ကိုလည်း ညက်နေအောင် ထောင်းထည့်ထားသောကြောင့် မွှေးပျံ့ပြီး အရသာရှိလှသည်။

ကျွန်တော်ကြိုက်မှန်းသိသဖြင့် တနင်္ဂနွေတစ်ရက်မှာ ထပ်ကြော်ပေးသည်။ ဘူးသီးကြော်တင်မကသေး။ ခရမ်းသီးကို အဝိုင်းကလေးတွေလှီး၊ ကြက်သွန်ဥကြီးတွေကို အကွင်းလိုက်လှီး၊ ပန်းငရုတ်သီးတွေကို လေးစိတ်ခွဲ၊ ပုစွန်ကလေးတွေကိုပါ မုန့်နှစ်လူးပြီးကြော်သည်။ ထို့နောက် ပန်းကန်ထဲမှာ လှလှပပပြင်ဆင်လာသောအခါ ကျွန်တော် အံ့သြသွားသည်။ စားသောက်ဆိုင်တွေမှာ ဈေးကြီးပေးရသော တမ်ပူရာကြော်နဲ့ တစ်ပုံစံတည်းပဲ။ သူကိုယ်တိုင်စပ်သော အချဉ်ရည်ကတောင် ပိုကောင်းသေးသည်။

ဒါတွေ ဘယ်တုန်းက တတ်ထားတာလဲမေးတော့ ...

"အညာမှာတော့ ဒါမျိုးကြော်စားနေကျပဲ၊ မုံးချောင်းဘက်က ရွာတွေမှာဆိုရင် ရင်ပေါင်စာဆိုတဲ့ ငါးကလေးတွေကို ခုလိုကြော်တာ သိပ်စားလို့ကောင်းတယ်"

နောက်တစ်ပတ်မှာ သူ့ကို ထပ်ကြော်ခိုင်းပြီး အဖေတို့အိမ်သွားပို့သည်။ သူ့လက်ရာလို့ မပြောသေးပဲ စားကြည့်ခိုင်းလိုက်သည်။ အဖေက ...

"ကောင်းတယ်ကွ ... ဘယ်ဆိုင်ကလဲ ... မှတ်ထားရမယ် ... စက်ရုံကို လူကြီးတွေလာတဲ့အခါ မှာကျွေးလို့ရတာပေါ့ ..."

အမေကတော့ ရိပ်မိသလို ပြုံးနေသဖြင့် အမြန်ဖွင့်ပြောလိုက်ရသည်။

"ဆိုင်က ဝယ်တာမဟုတ်ဘူး ... အဖေ့သမီးကိုယ်တိုင်ကြော်တာ"

"ဟေ ... တယ်ဟုတ်ပါလား"

ကျွန်တော့်အစ်မရောက်လာပြီး အကြော်တစ်ခုယူစားသည်။ အစ်မက ဇီဇာကြောင်တတ်သည်။ အမေက ဟင်းကောင်းကောင်း ချက်ကျွေးတဲ့တိုင် ပေါ့တယ် ငန်တယ် မကြာခဏလုပ်တတ်သည်။ အစ်မသည် အကြော်ကို တစ်ကိုက်ကိုက်ကြည့်ပြီး ရှုံ့မဲ့သွားသည်။

"အား ... ငရုတ်သီးစိမ်းကို ကြော်ထားတာကိုး ... ခပ်စပ်စပ်ကလေး စားချင်နေတာနဲ့ အတော်ပဲ"

ဆိုပြီး မြိန်ရည်ရှက်ရည် ဝါးစားပစ်လိုက်သည်။ ပြီးတော့ ...

"ငါ လက်ထပ်ပြီးရင် နင်တို့နဲ့လာနေရင်တော့ ကောင်းမယ်ထင်တယ်၊ စားရေးသောက်ရေးအတွက် မပူရတော့ဘူး ..."

အစ်မက ထမင်းဟင်း လုံးဝမချက်တတ်။ စိတ်လည်းမဝင်စား၊ ကုန်ပစ္စည်းဖြန့်ချိရေးကိစ္စကိုသာ ဝါသနာပါသည်။ တကယ်ဆိုရင် သူက ကျွန်တော့်ထက် အရင်လက်ထပ်ရမှာ။ အစ်မနှင့်စေ့စပ်ထားသော ဆရာဝန်က ဘွဲ့တစ်ခုထပ်ယူဖို့ နိုင်ငံခြားသွားနေရသဖြင့် လက်ထပ်ရက်ကို ရွှေ့ဆိုင်းထားခဲ့ရခြင်းဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အစ်မလို ဂျီဂျောင်သမားကတောင် ချီးကျူးရတယ်ဆိုကတည်းက တင်မေထွန်းရဲ့ အရည်အချင်းက သိသာထင်ရှားနေပါပြီ။

-----♥♥-----

"ဟယ်လို ... ပုသိမ်ကပါလား ... ကိုအုန်းသန်းနဲ့ ပြောချင်လို့ပါ"

"ခဏ ကိုင်ထားပါနော် ..."

"ဟုတ်ကဲ့ အုန်းသန်းပါ ခင်ဗျာ"

"ဟေ့ကောင် ... ငါကွ"

"ငမိုးလား ... ဘာကိစ္စလဲ"

"မင်းကို ငါ မေးစရာရှိလို့ ... ဒီမှာ ဌေးဌေးမြင့်က တမ်ပူရာကြော်လုပ်တတ်သလား ..."

"ဒီမှာ ဟေ့ကောင် ... စိတ်ကူးရှိတိုင်း စားချင်တာလုပ်စားရအောင် မင်းတို့လို ပိုက်ဆံပေါနေတာ မဟုတ်ဘူးကွ ... ကြက်ဥမွှေကြော်တောင် ကြက်သွန်လျှော့ထည့်နေတာ သိရဲ့လား ... မင်းကို ငါ ရှင်းရှင်းပြောလိုက်မယ် ... တမ်ပူရာလောက်ကို စကားထဲ ထည့်ပြောမနေနဲ့ ... ငါနဲ့ပြိုင်ချင်ရင် ကလေးတစ်ယောက်ရအောင် အရင်ကြိုးစားလိုက်ဦး ..."

အုန်းသန်းက ကျွန်တော့်ကို ပြန်ဖွဲ့သည်။

ကျော်ကြီးဆီကိုလည်း ဖုန်းလှမ်းဆက်သေးသည်။ တယ်လီဖုန်းရှိသော အိမ်ရှေ့အိမ်မှလူက သွားခေါ်ပေးသဖြင့် စောင့်နေရသေးသည်။ အတန်ကြာမှ ထိုသူပဲ ဖုန်းပြန်ကိုင်ပြီး ...

"တမ်ပူရာကြော် လုပ်စားနေလို့ မအားသေးဘူးလို့ ပြောပါတယ်၊ မှာစရာရှိရင် မှာထားပါတဲ့ ..."

အေပေး။ အုန်းသန်းက ကျွန်တော်ဖုန်းဆက်မှာသိလို့ ကြိုပြီး သတင်းပေးထားတာဖြစ်မှာပဲ။ ထို့ကြောင့် ...

"အော် ... ဟုတ်လား၊ ဒါဆိုရင်လည်း စိုးစိုးဦးရဲ့ ရည်းစားဟောင်း ဖုန်းဆက်တယ်လို့ ပြောပေးပါနော် ... ကျေးဇူးပဲ "

ဆိုပြီး ဖုန်းချလိုက်သည်။ ကြားထဲက ပြောပေးရတဲ့လူတော့ အတော်အူကြောင်ကြောင် ဖြစ်သွားမှာပဲ။

-----♥♥-----

တကယ်ဆိုရင် အမေကိုယ်တိုင်ကလည်း ဟင်းချက်ကောင်းတာပါပဲ။ တစ်ခုရှိတာက အမေသည် အကောင်းကြိုက်သည်။ ဆန်အကောင်းစား၊ ဆီဆို ထိပ်တန်း၊ ငံပြာရည်ကောင်းကောင်း၊ ငါးပိစိမ်းစားတောင် မြိတ်က တိုက်ရိုက်လာတာမှ သုံးချင်သည်။ ပိုက်ဆံရှိတော့လည်း ချဲ့နိုင်တာပေါ့။ အဖေကလည်း သားကြီးငါးကြီးမှ ကြိုက်တတ်တော့ ဟန်ကျနေတာပဲ။

ကျွန်တော်သည်လည်း အမေ့လက်ရာတွေနဲ့သာ ကြီးပြင်းခဲ့ရသဖြင့် ပါးစပ်က လူပါးဝနေပြီ။ အသားမပါလျှင် မစားတတ်၊ ဆီပြန်ဟင်းမပါလျှင် ထမင်းမမြိန်၊ တော်ရုံထမင်းဆိုင်မှာဆိုလျှင် ခံတွင်းမတွေ့တော့။

တင်မေထွန်းချက်တဲ့ ဟင်းတွေက အမေချက်တာနဲ့မတူ။ ကြည့်လိုက်ရင် အထင်ကြီးစရာမရှိ။ ဘာမှ ကြီးကြီးကျယ်ကျယ်လည်းမဟုတ်။ သို့ရာတွင် အရသာရှိသည်။ အမေချက်တာကမှ တစ်ခါတစ်ခါ

အကောင်းလွန်ပြီး အီလည်လည်ကြီး ဖြစ်တတ်သေးသည်။ သူ့ဟင်းတွေကတော့ အမြဲလိုလို အစပ်အဟပ်တည့်တတ်လေ၏။

စလင်းမှာတုန်းကတည်းက .. သူ ဟင်းချက်ကောင်းတာကိုတော့ သိခဲ့ပြီးသားပဲ။ ဒါကလည်း လက်ရာအပြောင်းအလဲ အသစ်အဆန်းမို့ စားလို့ကောင်းတာ၊ နေ့တိုင်းကျတော့ စားလို့ဖြစ်ချင်မှဖြစ်မယ် ထင်ခဲ့ဖူးသည်။ ခုကျတော့ ဒီလိုမဟုတ်ပဲ နောက်ဘဝထိအောင် မငြီးငွေ့ဘဲ စားနိုင်လိမ့်မည်ထင်၏။

ကျွန်တော်ကိုယ်တိုင်ကပင် တစ်ခါတစ်လေကျလျှင် "သီးစုံစပ်ချဉ်ဟင်း မစားရတာကြာပြီ" "ခရမ်းချဉ်သီးပန်ထွေဖျော်လေးလုပ်ပေးပါဦး" ဆိုပြီးတောင်းဆိုရ၏။ ကျွန်တော်သာမဟုတ်။ အသားအသားဆိုသော အဖေကတောင် "ငါးလေးအိုးကပ်ချက်ရင် ငံ့ခါဆီလည်းပို့ပေးပါဦး" ဟု အော်ဒါမှာတတ်လေသည်။

လူပျိုဘဝတုန်းက အိမ်မှာ ကျွန်တော်ကြိုက်တဲ့ဟင်းချက်လျှင် နှစ်ကျော့သုံးကျော့ ထပ်စားလေ့ရှိ၏။ ကျွန်တော်အားပါးတရစားနေတာကို ကြည့်ပြီး အမေက ...

"အင်း ... ခုချိန်မှာတော့ မင်းတို့ ကောင်းကောင်းစားရအောင် အမေက ချက်ကျွေးနိုင်သေးတယ် ... အိမ်ထောင်တွေကျလို့ ကိုယ့်အိုးကိုယ့်အိမ်နဲ့ နေပြီဆိုရင်တော့ ကိုယ့်ကံနဲ့ကိုယ်ပဲ ... ဘယ်လိုမိန်းမမျိုးနဲ့ တွေ့မယ်မှ မသိဘဲ ... အဲဒီအခါကျရင်တော့ မင်းတို့မိန်းမက ချေးလေးနဲ့ပဲကျွေးကျွေး အမေက ဘာမှ မတတ်နိုင်တော့ဘူး ..."

ဟု ပြောခဲ့ဖူးသည်။

တလောက အမေတို့အိမ်ရောက်သွားတော့ ...

"ဟဲ့ ... ထမင်းစားပြီးပြီလား ..."

ဟု အမေကမေးသည်။

"အိမ်က စားခဲ့ပြီအမေ"

"ဘာဟင်းနဲ့ စားခဲ့သလဲ ..."

ကျွန်တော်က အမေ့ကို နောက်ချင်သောကြောင့် ...

"ချေးလေးနဲ့ စားခဲ့တာအမေ"

ဟု ပြောလိုက်သည်။ အမေကရယ်ပြီး ...

"တင်မေမ ချက်လို့ကတော့ နွားချေးကို ငါးပိချက်လုပ်ရင်တောင် စားကောင်းမှာပဲ"

အမေ့လိုပဲ ကိုအောင်မြိုင်သည်လည်း "ပရို - တင်မေထွန်း" တစ်ဦးပင်ဖြစ်၏။ (PRO - TIN MAY TUN = တင်မေထွန်းလိုလားသူ)

ကိုအောင်မြိုင်က လူပျိုကြီးဖြစ်သောကြောင့် ယုဇနအိမ်ရာတိုက်ခန်း အပေါ်ဆုံးထပ်မှာ ငှားနေသည်။ သူ့လိုပဲ တခြားလူပျိုလူလွတ်တွေနဲ့အတူ စုပေါင်းပြီးနေကြခြင်းဖြစ်၏။ ဖြစ်သလိုချက်စားကြသောကြောင့် သူ့ထမင်းဗူးထဲမှာ ကြက်ဥမွှေကြော်တစ်လှည့်၊ ဟပ်ဖွိုင်တစ်လှည့်၊ အပြုတ်တစ်လှည့်သာ အတွေ့ရများသည်။ တစ်ခါတစ်ရံ ထမင်းဆိုင်က ဟင်းကိုဝယ်ထည့်လာသည်။ တချို့ရက်တွေကျတော့ စက်ရုံနားက ထမင်းဆိုင်မှာ ဝယ်စားသည်ဟုဆို၏။

ကျွန်တော်အလုပ်ဝင်ပြီးနောက် ထမင်းအတူတူစားဖြစ်၏။ ထိုအခါကျမှ သူလည်း ကောင်းကောင်းကန်းကန်း စားရတော့သည်။ ကျွန်တော့်ထမင်းချိုင့်ထဲမှာ ဟင်းတွေက အမြဲပိုပိုသာသာ ပါလာသောကြောင့်ဖြစ်၏။

အပျိုကြီးမမြစိန်ကတော့ သူစိမ်းတွေနဲ့ ထမင်းအတူတူမစားတတ်ဘူး။ သူများဟင်းလည်း မစားတတ်ဘူးဆိုသော စကားအခံရှိခဲ့ဖူးကြောင်းကြားရသည်။ ကျွန်တော်နဲ့တော့ အတူတူစားလိုသောဆန္ဒ ရှိကောင်းရှိလိမ့်မည်။ ကိုအောင်မြိုင်ခွင့်ယူသောနေ့မျိုးတွင် ထမင်းပွဲပြင်ပေးခြင်း၊ ဟင်းချိုနွှေးပေးခြင်းတို့ ပြုလုပ်တတ်တာကို ကြည့်ပြီး ခန့်မှန်းရခြင်းဖြစ်၏။ သူ့စကားနှင့်သူ ပိတ်မိနေသောကြောင့်တစ်ကြောင်း ကိုအောင်မြိုင်နှင့်အတူ မစားချင်သောကြောင့်တစ်ကြောင်း သူ့ဘာသာ သီးခြားစားသောက်နေခြင်း ဖြစ်နိုင်သည်။

ကျွန်တော်လက်ထပ်ပြီးသောအခါ ထမင်းချိုင့်ထဲမှာ တင်မေထွန်းလက်ရာတွေပါလာသည်။ ပထမဆုံးနေ့က ဟင်းရံအဖြစ် ပဲပုပ်နှင့် ခရမ်းချဉ်သီးချက် ထည့်ပေးလိုက်သည်။ ကိုအောင်မြိုင်က မြည်းကြည့်ပြီး ...

"အင်း ... တကယ်အဖိုးတန်တဲ့ မိန်းကလေးပဲ"

တင်မေထွန်းနှင့် ပတ်သက်လျှင် အကဲပိုတတ်သည်ဟု စွပ်စွဲခံရသော ကျွန်တော်တောင်မှ နည်းနည်းတော့ ကြောင်သွားသည်။ ပဲပုပ်နဲ့ အဖိုးတန်တာနဲ့ ဘယ်လိုပတ်သက်လို့လဲ။

"ဆိုစမ်းပါဦး အစ်ကိုကြီးရ ..."

"နေဦး ... တခြားဟင်းတွေ မြည်းကြည့်ဦးမယ်"

"အစစ်ပဲ ..."

"ဟင်းက အတုရယ်လို့ရှိလို့လားဗျ"

"ဒါကိုပြောတာ မဟုတ်ဘူး ... ဒီမှာကွ ... ငါပြောပြမယ် ... ဟင်းတစ်ခွက်ကို  မြည်းကြည့်လိုက်တာနဲ့ အဲဒီဟင်းရဲ့လက်ရာရှင်ဟာ ဘယ်လိုမိန်းမမျိုးလဲဆိုတာ ခန့်မှန်းကြည့်လို့ရတယ်ကွ ..."

"တယ်ဟုတ်ပါလား အစ်ကိုကြီးရ ..."

ကျွန်တော်နည်းနည်းပင့်ပေးလိုက်တော့ သူ အားတက်သွားပြီး

"ဒီလိုရှိတယ်ကွ ... ဟင်းထဲမှာ ထည့်ချက်တဲ့ ငရုတ်သီးကို ညက်အောင်မထောင်းတာတို့၊ ပဲပင်ပေါက်မှာ အမြစ်တွေစင်အောင် မဖြတ်တာတို့ဟာ အပျင်းကြီးတဲ့မိန်းမတွေ လုပ်လေ့ရှိတယ် .... ဟင်းမနူးတာ၊ အသီးအရွက်တွေကို ပြတ်အောင်မလှီးတာမျိုးတွေ့ရင် စိတ်မရှည်ဘဲ ပြီးစလွယ်လုပ်တတ်တယ်ဆိုတာ သိနိုင်တယ် ... ကြက်သားလိုဟာမျိုးကို အတုံးသေးသေးပိစိကွေးလေးတွေ တုံးထားရင် ကပ်စေးနည်းတတ်တဲ့ မိန်းမမျိုးဘဲ ... အဲ ... ထမင်းဟင်းထဲမှာ ဆံပင်မွှေးကြီးပါလာတာတွေ့ရင်တော့ ညစ်ညစ်ပတ်ပတ်နေတတ်တယ်ဆိုတာ သက်သေပြနေတာပဲ ..."

မမြစိန်၏ စားပွဲဆီမှ တစ်စုံတစ်ခုကို ဆောင့်ချလိုက်သောအသံကို ကြားရသည်။ ကိုအောင်မြိုင်က သူ့ကို စောင်းပြီးကလိလိုက်တာကို ရိပ်မိသွားသောကြောင့်ဖြစ်၏။

တစ်ခါက သူချက်လာသောဟင်းကို ကျွန်တော့်အား လောကွပ်လုပ်ပြီး ပေးဖူးသည်။ ဖြစ်ချင်တော့ ဟင်းထဲမှာ ဆံပင်တစ်ချောင်း ပါလာသည်။ တိုက်တိုက်ဆိုင်ဆိုင် ဒါကို အရင်တွေ့သွားသူက ကိုအောင်မြိုင်ဖြစ်နေသည်။ သူက ဆံပင်မွှေးကို ဆွဲယူလိုက်ရာ ပုစွန်တစ်ကောင် ငြိပြီး တန်းလန်းကလေးပါလာသည်။ "ကြည့်စမ်း ... ပုစွန်က လတ်ဆတ်လိုက်တာ ငါးမျှားကြိုးတောင်ပါလာတယ်" ဟု ကိုအောင်မြိုင်က ရိခဲ့ဖူးတာကိုး။

"ကဲပါဗျာ ဒီဟင်းတွေကကော ဘယ်လိုနေသလဲဗျ ... အကဲဖြတ်စမ်းပါဦး"

သူ့မှတ်ချက်က ကောင်းမယ်မှန်းသိနေသည့်တိုင် နားထောင်လိုက်ချင်သေးသည်။ ကိုအောင်မြိုင်က ဆိတ်သားလုံးဟင်းကို ခပ်၍ ကျွန်တော့်ပန်းကန်ထဲ ထည့်ပေးလိုက်ပြီးနောက် ...

"ဒီဟင်းတွေကတော့ စောစောကပြောတဲ့ ပြစ်ချက်တွေ ကင်းစင်တဲ့အပြင် စေတနာရနံ့ကလေးတောင် သင်းပျံ့နေသေးတယ်"

"ဗျာ ... စေတနာအနံ့ ..."

"ဟုတ်တယ်ကွ ... ဟင်းဖြစ်ရင်ပြီးရောဆိုတဲ့ စိတ်မျိုးနဲ့ချက်ရင် သာမန်ဟင်းမျိုးပဲဖြစ်မယ် ... ကောင်းကောင်းစားပါစေဆိုတဲ့ စေတနာပါရောပေါင်းပြီးချက်မှ အရသာထူးခြားတဲ့ ဟင်းတစ်ခွက်ဖြစ်လာမှာ ... ဒီဟင်းတွေကတော့ စေတနာတင်မကဘူး မေတ္တာပါ ထပ်ပိုးထားတဲ့အတွက် အကောင်းဆုံးဖြစ်နေတာပေါ့ကွာ ...'

ထို့နောက် ပဲပုပ်ချက်ဟင်းခွက်ကိုယူပြီး မမြစိန့်၏စားပွဲရှိရာသို့ ထ,သွားသည်။

"မမြစိန် ... ကျွန်တော်ပြောတာ ဟုတ်မဟုတ်သိရအောင် မြည်းကြည့်ပါလားဗျ"

"မမြည်းချင်ပါဘူး ... သူများချက်တဲ့ဟင်း မစားတတ်ဘူးဆိုတာ သိရက်သားနဲ့"

ဟု ခပ်ဆောင့်ဆောင့်လေသံဖြင့် ပြောသည်။

"ဆောရီးပဲဗျာ ... ကျွန်တော်ကတော့ သူများချက်တာစားနေကျပဲ"

ပြောပြီး ပြန်လှည့်ထွက်လာသည်။ မမြစိန်က "အလကား ... တောချက်တွေ" ဟု ရေရွတ်သည်။ ခပ်တိုးတိုးပြောခြင်းဖြစ်သော်လည်း ပါးစပ်လှုပ်ပုံကိုပါရောပြီး အဓိပ္ပာယ်ဖော်လို့ရ၏။ ပြောပြီးမှ ကျွန်တော့်ဘက် တစ်ချက်လှမ်းကြည့်သည်။ ကျွန်တော်က မသိချင်ယောင်ဆောင်ပြီး ထမင်းငုံ့စားနေလိုက်သည်။

မမြစိန်သည် ကျွန်တော်လက်ထပ်ခါနီးမှာ ကပ်ပြီးခွင့်ယူသည်။ မင်္ဂလာဆောင်ကိုလည်း ဖိတ်ထားပါလျက် ရောက်မလာခဲ့။ ခုနောက်ပိုင်းမှာ ကျွန်တော့်အပေါ် ခပ်စိမ်းစိမ်း ခပ်တန်းတန်းလုပ်နေသည်။ အလုပ်ကိစ္စကလွဲပြီး စကားသိပ်မပြော။ အရင်ကဆိုလျှင် ကျွန်တော့်အပေါ် ဂရုတစိုက်ရှိတတ်သည်။ ကျွန်တော့်ကိုစောင့်ရောက်ဖို့ အဖေကိုယ်တိုင်က သူ့ကို အပ်ထားသယောင် ပြောတတ်သေးသည်။

ကိုအောင်မြိုင်နှင့်ကျွန်တော်က နေ့လယ်ဘက်ဆိုလျှင် စက်ရုံနှင့်မလှမ်းမကမ်းကဆိုင်မှာ လက်ဖက်ရည်သွားသောက်လေ့ရှိ၏။ မိုးသိပ်သည်းနေလို့ဖြစ်စေ၊ အလုပ်များနေလို့ဖြစ်စေ အပြင်မထွက်ဖြစ်သောအခါမျိုးတွင် မမြစိန်က ကော်ဖီဖျော်တိုက်တတ်သည်။ ထိုအခါ ခွကျကျဖြစ်ရပြန်သည်။ သူက ကျွန်တော်တစ်ယောက်တည်းအတွက်သာ ဖျော်လာသောကြောင့်ဖြစ်၏။

သူ့အမြင်မှာ ကိုအောင်မြိုင်နဲ့ သူနဲ့ ရာထူးအဆင့်ချင်းတူသောကြောင့် ဝတ်ကြီးဝတ်ငယ် ပြုလုပ်ပေးစရာမလို။ ကိုအောင်မြိုင်ကို အကြောမတည့်တာလည်း တစ်ကြောင်းပေါ့ ... ကျွန်တော့်အနေနဲ့ကျပြန်တော့လည်း တစ်ယောက်တည်းသောက်ရမှာ မျက်နှာပူစရာကြီးဖြစ်နေ၏။ ထို့ကြောင့် ...

"ကိုအောင်မြိုင့်အတွက်လည်း တစ်ခွက်ပိုဖျော်လိုက်ပါ အစ်မကြီးရယ် ..."

ဟု ချော့ရသည်။ ကျွန်တော့်တောင်းဆိုချက်ကို မပယ်ရှားပဲ ဖျော်ပေးရသော်လည်း ကြည်ကြည်သာသာတော့မဟုတ်။ ပန်းကန်ကိုအသံမြည်အောင် ဆောင့်ချတာမျိုးလုပ်ရင်း ဆန္ဒပြတတ်သည်။ ကိုအောင်မြိုင် ဆိုတဲ့လူကလည်း လွယ်တာမဟုတ်။ မမြစိန်ကို နည်းနည်းဖြစ်ဖြစ် ထေ့လိုက်ငေါ့လိုက်ရမှ ကျေနပ်သည်။ ကော်ဖီကိုမြည်းကြည့်လိုက်ပြီး ...

"ဟာ ... ကောင်းလိုက်တာ ... အရမ်းအစပ်အဟပ်တည့်တာပဲ၊ ဒီလိုလက်ရာမျိုးရှားတယ်"

ဟု ချီးကျူးသည်။ တကယ်တော့ ဘယ်သူပဲဖျော်ဖျော် ဒီအရသာ၊ ဒီအစပ်အဟပ်ပဲ ထွက်မှာပဲလေ။ ကော်ဖီမစ်အထုပ်ကို ဖောက်ပြီးဖျော်တာကိုး။ ဒါကြောင့်လည်း သူတို့နှစ်ယောက် မတည့်ကြတာ။

မမြစိန်သည် ကျွန်တော့်အတွက် ရေနွေးကြမ်းကို ဓာတ်ဘူးနှင့်ထည့်ပြီး နပ်ပေးထားတတ်သည်။ ကိုအောင်မြိုင်ယူသောက်လျှင် မကြိုက်။ ကျွန်တော်လက်ထပ်ပြီးတဲ့ နောက်ပိုင်းမှာတော့ ကော်ဖီလည်းဖျော်မပေး။ ရေနွေးကြမ်းလည်း နပ်မပေးတော့။ သောက်ချင်လျှင် ကိုယ့်ဘာသာဖျော်ရသည်။

"ငါဖျော်ပေးပါ့မယ် ... ငါ့လက်ရာလည်းကောင်းပါတယ်ကွ"

ဟု ကိုအောင်မြိုင်က အလိုက်တသိပြောသည်။ သို့ရာတွင် ... ကျွန်တော်က အခန့်သားထိုင်ပြီး ခိုင်းတာမျိုး မသင့်တော်သောကြောင့် သူဖျော်တဲ့အခါဖျော် ကိုယ်ဖျော်တဲ့အခါဖျော် လုပ်ရသည်။ ကော်ဖီက ပြဿနာမရှိသော်လည်း ရေနွေးကြမ်းနပ်တာကျတော့ သိပ်မလွယ်။ တခါတလေ ပေါ့သွားသည်။ တခါတလေ လေးသွားသည်။

တစ်ရက်မှာ ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်ကြည့်ပြီး ... ကျွန်တော်ရှုံ့မဲ့သွားသည်။

"အစ်ကိုကြီးရဲ့ ရေနွေးကြမ်းကလည်းဗျာ ခါးလန်နေတာပဲ"

"အေးကွ ... လက်ဖက်ခြောက်အသစ် ဝယ်ထားတာကွ ... ကြည့်ရတာ အခါးပေါ့မယ်ထင်တာနဲ့ ပိုပိုသာသာလေး ခပ်လိုက်မိတယ် ... ကိစ္စမရှိပါဘူး တစ်ဝက်လောက်သွန်ပစ်ပြီး ရေနွေးထပ်ရောလိုက်တာပေါ့"

"တော်ပါတော့ဗျာ ... လက်ဖက်ရည်ဆိုင်ပဲ သွားကြရအောင်ပါ။ အဲဒီမှာ ရေနွေးကြမ်းအဝသောက်ကြတာပေါ့"

နောက်တစ်နေ့ စက်ရုံကိုရောက်တော့ ကိုအောင်မြိုင် မလာသေး။ မမြစိန်တစ်ယောက်တည်းကိုသာ တွေ့ရသည်။ ကျွန်တော့်စားပွဲပေါ်မှာ ဓာတ်ဘူးရှိနေသည်။ ကောက်ကိုင်ပြီး ချိန်ဆကြည့်လိုက်တော့ အထဲမှာ ရေနွေးအပြည့်ရှိနေကြောင်း သိရ၏။ မမြစိန်ကို တစ်ချက် စောင်းငဲ့ကြည့်သည်။ သူမဟုတ်သလိုဘဲ။

-----♥♥-----

လချုပ်စာရင်းတွေ စစ်ဆေးကြည့်ရှုနေတုန်း တင်မေထွန်းဘေးမှာ လာရပ်သည်။ အနှောင့်အယှက်ဖြစ်မှာစိုးလို့ထင်သည်။ ဘာမှ မပြော။ ကျွန်တော်မော့ကြည့်တော့မှ ...

"တစ်ခုခုသောက်ပါလား"

"ကောင်းသားပဲ"

"အပူသောက်မလား ... အအေးသောက်မလား"

"ဒီည အိုက်စပ်စပ်နဲ့ အအေးပဲသောက်မယ်"

"ဒိန်ချဉ်သောက်မလား"

"ရှိလို့လား ..."

သူ ပြန်ထွက်သွားသည်။ ခဏကြာတော့ ဖျော်စက်မွှေသံကြားရသည်။

ကိုအောင်မြိုင် ပြုစုပေးထားသော စာရင်းတွေက သပ်ရပ်ရှင်းလင်းသည်။ ပျော့ကွက်၊ ဟာကွက်မရှိ။ တာဝန်ရှိလို့သာ စစ်ဆေးရခြင်းဖြစ်၏။ အမှန်တော့ စိတ်ချရပြီးသား။ လက်မှတ်ထိုးပြီး အဖေ့ဆီ တင်ပေးလိုက်ရုံသာဖြစ်၏။

တင်မေထွန်းသည် ဒိန်ချဉ်ဖန်ခွက်ကိုင်ပြီး ပြန်ရောက်လာသည်။ ကျွန်တော် ဒိန်ချဉ်သောက်နေတုန်းမှာ သူကပြောသည်။

"ကိုမိုး နားချင်ရင်နားလိုက်လေ ... စာရင်းတွေ ကျွန်မစစ်ပေးမယ်"

ဟုတ်သားပဲ ... ခုမှ သတိရသည်။ သူသည်လည်း အဝေးသင်တက္ကသိုလ်က အီကိုဘွဲ့ရထားတာပဲ။

"နေပါစေ ... ကိုယ့်ဘာသာစစ်ပါ့မယ် ... ကိုယ့်မိန်းမကို မခိုင်းရက်ပါဘူး"

ကိုယ့်မိန်းမဆိုသော စကားလုံးကို ပြောရတာ တော်တော်အရသာရှိသည်။ သူက ပြုံးပြီး ...

"အဲဒီလိုဆို ကျွန်မကတော့ ကိုယ့်ယောက်ျားကို ခိုင်းရက်သလို ဖြစ်နေမှာပေါ့"

"တင်မေထွန်းလည်း အိမ်ထောင်ထိန်းသိမ်းတဲ့အလုပ်ကို လုပ်နေတာပဲ"

"ဒါက ဘာပင်ပန်းလို့လဲ ... ပြီးတော့ ဒေါ်ကြီးကလည်း ဝိုင်းကူလုပ်ပေးနေတာပဲ ... တစ်ခါတလေ လုပ်စရာတွေ ကုန်သွားလို့ ဘာလုပ်ရကောင်းမလဲ နစ်ယောက်သား တိုင်ပင်ကြရသေးတာပဲကော"

သူ့အတွက် အဖော်ရအောင် အဒေါ်ကြီးတစ်ယောက်ကို ခေါ်ထားပေးသည်။ အဒေါ်ကြီးက လုပ်ချင်ကိုင်ချင်စိတ်ရှိသဖြင့် အဆင်ပြေသည်။

"ဘာပဲဖြစ်ဖြစ်လေ ... အိမ်မှာ အခန့်သားထိုင်စားသလိုကြီး ဖြစ်နေတယ်လို့ ထင်မိတယ် ... အဲဒါကြောင့် စက်ရုံမှာ သင့်တော်တဲ့ အလုပ်တစ်ခု ဝင်လုပ်ချင်တယ်လို့ အဖေ့ဆီမှာ ခွင့်တောင်းမလားတောင် စဉ်းစားမိသေးတယ် ... ဒါပေမဲ့ "

"ဒါပေမဲ့ ဘာဖြစ်သလဲ"

သူ ခဏဆိုင်းပြီးမှ ...

"ကိုမိုးတို့ စီးပွားရေးမှာ ဝင်ပြီးချယ်လှယ်ချင်လို့ ခြေလှမ်းပြင်တာပဲ အထင်ခံရမှာစိုးလို့ ..."

"ကိုယ်ကတော့ အဲဒီလိုထင်မှာ မဟုတ်ပါဘူး"

"တခြားလူတွေက ထင်ချင်ထင်မှာပေါ့ ... ဘာပဲဖြစ်ဖြစ် ကိုမိုးရဲ့အလုပ်ကို အိမ်ကနေ ကူလုပ်ပေးတာကတော့ ပြဿနာရှိမယ် မထင်ပါဘူး ... ဒါကြောင့် ကျွန်မ ကွန်ပျူတာစာရင်းကိုင်သင်တန်းတက်ရင် ကောင်းမလားလို့"

"ကွန်ပျူတာစာရင်းကိုင်"

"ဟုတ်တယ်လေ ကျွန်ပျူတာနဲ့ဆိုတော့ ပိုပြီးတိကျတယ်၊ မြန်လည်းမြန်တယ် ... လအလိုက် နှစ်အလိုက် ပြန်ပြီးစစ်ဆေးချင်ရင်လည်း လွယ်လွယ်ကူကူရှာလို့ရတယ် ..."

သူ့စိတ်ကူက မဆိုးလှ။ ကျွန်တော်တို့စက်ရုံမှာ ကိုအောင်မြိုင်ရှိနေလို့ အဆင်ပြေခြင်းဖြစ်၏။ ကိုအောင်မြိုင်လို သမားရိုးကျစာရင်းကိုင် ကျွမ်းကျင်သူမျိုးက ရှားပါးနေပြီ။ တစ်ချိန်ကျလျှင် စာရင်းကိုင်တိုင်းသည် လက်တော့ပ်ကွန်ပျူတာနဲ့သာ အလုပ်လုပ်ကြတော့မည်။

"ကဲပါလေ ... နောက်မှ အဲဒီကိစ္စ စဉ်းစားတာပေါ့ ... ခုတော့ ကိုယ်အလုပ်လုပ်နေတာကို ဘေးကနေ ပြုံးပြုံးလေးထိုင်ကြည့်ပေးစမ်းပါ"

"ကြည့်တာတောင် ပြုံးရဦးမယ် ... ဟုတ်လား"

"အင်းလေ ... ဒါမှ အမောပြေမှာပေါ့"

"ကိုမိုးက စာရင်းတွေစစ်နေတော့ ကျွန်မပြုံးတာကို ဘယ်လိုလုပ်မြင်ရမှာလဲ ..."

"ကဲ ... ဒါဆိုလည်း စာရင်းတွေ နောက်နေ့မှ စစ်တော့မယ်၊ အခုပြုံးပြလေ ... ကိုယ် သေသေချာချာ စိုက်ကြည့်နေမယ် ..."

ကျွန်တော်က စာရင်းစာအုပ်ကို ပိတ်လိုက်သည်။

-----♥♥-----

သူ့ဆန္ဒကို ကျွန်တော်နားလည်နိုင်ပါသည်။ သူသည် လုပ်ငန်းရှင်တစ်ယောက်၏သား (သူ့အခြေအနေနှင့်ကြည့်လျှင် သူဌေးသား) တစ်ယောက်နှင့် လက်ထပ်ခွင့်ရသည်။ မပူမပင်မကြောင့်ကြရဘဲ အေးဆေးသက်သာသောဘဝမှာ နေရသည်။

တစ်ခုစဉ်းစားစရာရှိတာကတော့ ... ကျွန်တော့်အစ်မသည်  သူဌေးသမီးဆိုပြီး ဇိမ်နှင့်နေသူမဟုတ်။ စက်ရုံ၏အရေးပါသော ဖြန့်ချိရေးအပိုင်းကို တာဝန်ယူထားသူဖြစ်၏။ အစ်ကို၏ဇနီးကလည်း သူ့မိဘဘက်ကပိုင်သော ပလတ်စတစ်ပစ္စည်းအရောင်းဆိုင်ကြီးမှာ ဝင်ကူလုပ်နေသည်။ မိမိတစ်ယောက်တည်းသာ အခန့်သားထိုင်စားသလိုဖြစ်နေသောကြောင့် တင်မေထွန်းအနေဖြင့် မျက်နှာပူဟန်တူသည်။ သို့မဟုတ် မျက်နှာငယ်သည်ဟု ခံစားရသလားမသိ။

ကျွန်တော်ကတော့ ... သူ့ကို ဘာမှမလုပ်စေချင်။ သူ့ဘဝတစ်လျှောက်မှာ ဆင်းဆင်းရဲရဲကြီးမဟုတ်သည့်တိုင် အဆင်ပြေပြေ ဖြောင့်ဖြောင့်ဖြူးဖြူး လျှောက်လှမ်းခဲ့ရခြင်းမဟုတ်။ သူ့အမေ ကျန်းမာရေးထိခိုက်ပြီး နောက်ပိုင်းမှာဆိုလျှင် စိတ်ရောလူပါ ပင်ပန်းခဲ့ရတာ ကျွန်တော်ကောင်းကောင်းသိ၏။ ကျွန်တော်နှင့်လက်ထပ်ပြီးတဲ့အခါ ပြည့်စုံသောအခြေအနေမှာ သက်တောင့်သက်သာနေစေချင်သည်။ ကျွန်တော့်အတွက် လိုအပ်တာက သူ့အပြုံးသာဖြစ်၏။ သူ့ကိုပြောခဲ့သလို ပြုံးပြုံးကလေးသာ ကြည့်နေပေးမယ်ဆိုလျှင် တစ်ကမ္ဘာလုံးမှာရှိသော  စာရင်းဇယားတွေအကုန်လုံးကို တစ်ညအတွင်း ပြီးအောင်စစ်ဆေးနိုင်သော စွမ်းအားတွေတောင် ရရှိလာလိမ့်မည်ဟုထင်၏။

တကယ်တော့လည်း သူပြောသော စိတ်ကူးမှာ မှန်ကန်နေသည်။ ကျွန်တော်တို့၏စက်ရုံသည် လောလောဆယ်တွင် အလတ်စားအဆင့်လောက်သာ ရှိသော်လည်း လုပ်ငန်းတိုးတက်မှုအခြေအနေအရ နောင်တွင် ထပ်မံတိုးချဲ့ရဖွယ်ရှိသည်။ အဖေက ရေပိုက်စက်ရုံထပ်တည်ဖို့ စဉ်းစားနေသလို အစ်ကိုကလည်း ဝါယာကြိုးတွေ ထုတ်လုပ်ချင်နေသည်။ လုပ်ငန်းကြီးလာလျှင် စာရင်းဇယားတွေ ပိုများလာမည်။ ခေတ်နှင့်အညီ ကွန်ပျူတာနှင့် စာရင်းကိုင်ဖို့ လိုအပ်လာတော့မည်။

ခုချိန်ကျမှ ကိုအောင်မြိုင်ကို ကွန်ပျူတာစာရင်းကိုင်သင်တန်း တက်ခိုင်းလို့မဖြစ်။ တက်မှာလည်းမဟုတ်။ သူ့ပညာကိုသာ သူ ယုံကြည်သည်။ ဂဏန်းပေါင်းစက်ကိုတောင် သိပ်အားကိုးချင်သူမဟုတ်။ တစ်ခါက စူပါမတ်ကတ်ကိုသွားတော့ ကိုအောင်မြိုင်လည်း ပါလာသည်။ ဝယ်တဲ့ပစ္စည်းတွေက ဆယ့်လေးငါးမျိုးလောက်ရှိမည်။ ကောင်တာမှာငွေရှင်းတော့ စာရေးမလေးက ပစ္စည်းတစ်မည်ချင်း၏ တန်ဖိုးတွေကို စက်ထဲရိုက်သွင်းသည်။ နောက်ဆုံးပစ္စည်းကို ကောက်ကိုင်လိုက်သောအခါမှာပင် ကိုအောင်မြိုင်က  "နှစ်သောင်းလေးထောင် ငါးရာရှစ်ဆယ်မဟုတ်လား" ဟု ပြောလိုက်သဖြင့် ကောင်မလေး အံ့သြသွားရ၏။

ကျွန်တော့်အိမ်မှာ ကွန်ပျူတာရှိသည်။ လောလောဆယ်မှာတော့ စီဒီကူးတာ ဓါတ်ပုံတွေသိမ်းတာလောက်ပဲ လုပ်ဖြစ်သည်။ အင်တာနက်ကတော့ အစ်ကို့ရုံးခန်းမှာပဲ ချိတ်ထားသည်။ ကျွန်တော်စိတ်ကူးတစ်ခုရသည်။ တင်မေထွန်းဆန္ဒပြည့်ဝသွားအောင် ကွန်ပျူတာစာရင်းကိုင်သင်တန်း တက်ခိုင်းလိုက်မည်။ ပြီးမှ ... ကျွန်တော်က သူ့ဆီက ပြန်လေ့လာမည်။ လမ်းညွှန်စာအုပ်အကူအညီနဲ့ဆိုလျှင် အဆင်ပြေမည်။ ကျွန်တော်သည် အခြေခံလောက် တီးမိခေါက်မိရှိပြီးသားဆိုတော့ အခက်အခဲမရှိနိုင်။

သို့ရာတွင် သူသည် သင်တန်းတက်တဲ့စခန်းကို မရောက်လိုက်။

-----♥♥-----

မနက်စောစော နန်းကြီးသုပ်နှင့် လက်ဖက်ရည်စားသောက်ပြီးနောက် စက်ရုံကိုသွားဖို့ အဝတ်အစားလဲနေတုန်းမှာ ခေါင်းထဲက မိုက်ခနဲတစ်ချက်ဖြစ်သွား၏။ အမြင်အာရုံက ခဏမှုဝေဝါးသွားသည်။ ထို့နောက် ရင်ထဲကတင်းကျပ်ပြီး ပျို့တက်လာသည်။ ရေချိုးခန်းထဲ အမြန်ပြေးရသည်။ လက်ဆေးကြွေခွက်ပေါ် ငုံ့ချလိုက်စဉ်မှာပင် ဝေါခနဲ အန်တော့သည်။

တင်မေထွန်းသည် နောက်က ကပ်လိုက်လာသည်။ ကျွန်တော့်ကျောကိုဖိပေး ၊ ပုခုံးကိုနှိပ်ပေးရင်း ...

"ဘာဖြစ်တာလဲဟင် ... နန်းကြီးသုပ်က ရင်ပြည့်သွားလို့လား၊ ညက အိပ်ရေးပျက်လို့ထင်တယ်၊ နေသာရဲ့လား ... ရှူဆေးယူမလား "

စသည်ဖြင့် တတွတ်တွတ် ပြောနေသည်။ ကျွန်တော်က လက်ကာပြလိုက်သည်။ အစာကုန်သလောက်ရှိတော့ လေတွေ အန်သေးသည်။ သက်သာသွားတော့မှ သူ့ဘက်လှည့်ကြည့်ပြီး ပြုံးပြလိုက်မိသည်။ သူက နားမလည်သလိုကြည့်နေသည်။ ဘယ့်နှယ် မူးပြီးအန်တဲ့လူက ရယ်လား ပြုံးလားနဲ့၊ ဦးနှောက်ထိပြီး ပေါက်သွားပြီဟု ထင်မလားမသိ။ ကျွန်တော်က လေချဉ်တစ်ချက်အန်ထုတ်လိုက်ပြီးမှ ...

"ကိုယ့်ကို အမေက ကိုယ်ဝန်ရှိတုန်းက အဖေလည်း ခုလိုဖြစ်တယ်တဲ့"

"ဘယ်လိုရယ်"

"ဟုတ်တယ် ... ကိုယ်တို့အမျိုးက ထူးဆန်းတယ် ... မိန်းမကိုယ်ဝန်ရှိရင် ယောကျ်ားက မူးတာအန်တာဖြစ်လေ့ရှိတယ်"

"ပေါက်ကရတွေ..."

"တကယ်ပြောတာ ... ကဲ ... ကိုယ်ထင်တာ ဟုတ်သလား"

သူက ဘာမှပြန်မပြောဘဲ ခေါင်းငုံ့သွားသည်။ ကျွန်တော်မချင့်မရဲဖြစ်ပြီး သူ့လက်မောင်းနှစ်ဖက်ကိုကိုင်၍ ...

"ပြောလေ ... ဟုတ်လား"

ထပ်မေးတော့မှ ...

"ထင်တော့ထင်တာပဲ ... တပ်အပ်မပြောနိုင်သေးဘူး။ အဲဒါ ဆေးခန်းသွားပြရင်ကောင်းမလားလို့ မေးတော့မလို့  စိတ်ကူးတုန်း ကိုမိုးက ခုလိုဖြစ်တာပဲ"

ကျွန်တော်အလုပ်ရှုပ်သွား၏။ သူငယ်ချင်း ဒေါက်တာကျော်စိုးဆီဖုန်းဆက်ပြီး ဘယ်အိုဂျီဆီမှာ အပ်ရင်ကောင်းမလဲ တိုင်ပင်ရသည်။ ကျော်စိုးက သူထိုင်နေသော အထူးကုဆေးခန်းက ဆရာမကြီးဆီမှာပဲအပ်၊ ဆေးခန်းက သေးပေမဲ့ စိတ်ချရတယ်။ ခွဲခန်းလည်းရှိတယ်။ လူနာကိုလည်း သိပ်ဂရုစိုက်တယ်။ သူ စာရင်းသွင်းထားပေးမယ်။ ညနေ ခြောက်နာရီ အရောက်လာခဲ့ဟုဆိုသည်။

ညနေ အပြန်ဝင်ခေါ်မယ်၊ အဆင်သင့်ပြင်ထားဟု တင်မေထွန်းကိုမှာပြီး စက်ရုံကိုထွက်လာခဲ့သည်။ အလုပ်သွားတယ်ဆိုပေမဲ့ ဘာမှ မယ်မယ်ရရမလုပ်ဖြစ်။ စိတ်က အိမ်ကိုပဲရောက်နေသည်။ တစ်ချိန်လုံး နေမထိထိုင်မသာ ဖြစ်နေရ၏။

နောက်တော့ အစ်ကို့ကိုမေးဖို့ သတိရသည်။ ဖုန်းဆက်မည်ပြုပြီးမှ လူကိုယ်တိုင်တွေ့လိုက်တာ ကောင်းမယ်ဆိုပြီး အစ်ကို့ရုံးခန်းဘက် ထွက်လာခဲ့သည်။ အစ်ကို့အခန်းက ဟိုဘက်ခြမ်းမှာဖြစ်သောကြောင့် စက်ရုံထဲဖြတ်သွားရ၏။ အလုပ်သမားတချို့က လှမ်းနှုတ်ဆက်သော်လည်း ကိုယ့်ဇောနဲ့ကိုယ်မို့ ခေါင်းကိုသာ ညိတ်ပြခဲ့သည်။

အစ်ကိုသည် အင်တာနက်ဖွင့်ကြည့်နေ၏။ သူကြည့်နေတာက ဝါယာကြိုးအမျိုးမျိုးနှင့် အညွှန်းစာတွေဖြစ်၏။ အစ်ကိုကတော့ အခုတလောမှာ ဝါယာကြိုးကလွဲလျှင် ဘာမှစိတ်ဝင်စားပုံမရ။ မုန့်ဟင်းခါးတို့ ခေါက်ဆွဲတို့စားရင်တောင် ဝါယာကြိုးတွေလို့ ထင်မလားမသိ။ ကျွန်တော်ရောက်နေတာကို ခဏကြာမှ သတိပြုမိ၏။ သူက မော်နီတာကို လက်ညှိုးထိုးပြပြီး ...

"ဒီယက်နမ်ကထုတ်တဲ့ ဝါယာကြိုးတွေကွ ... သူ့အဆိုအရတော့ ဉရောပက စက်ပစ္စည်းနဲ့ နည်းပညာကိုသုံးပြီးထုတ်တာတဲ့ ... ကွာလတီက ကောင်းပြီး ဈေးနှုန်းကျတော့ သက်သာတယ် ... ဈေးကွက်ထဲမှာ နည်းနည်းပါးပါးတော့ စဝင်နေပြီ ... နမူနာသဘောဝယ်ပြီး စမ်းကြည့်တော့ မဆိုးဘူး ... တရုတ်ပစ္စည်းထက်သာတယ် ... ဈေးကမတိမ်းမယိမ်းပဲ ... အဲဒီလိုစက်မျိုး ဒီမှာတည်နိုင်ရင် အလုပ်ဖြစ်နိုင်တယ် ... ငါ အီးမေးလ်ရိုက်ပြီး စုံစမ်းကြည့်မယ် "

အစ်ကိုက အာဘောင်ရင်းသန်သန် ပြောနေသဖြင့် "ဟုတ်တာပေါ့" "ကောင်းသားပဲ" စသည်ဖြင့် အလိုက်သင့် စကားထောက်ပေးနေရသည်။ ပြောလို့အားရတော့မှ ...

"အဲ ... မင်းလာတာ ဘာကိစ္စရှိလို့လဲ"

ဟု မေးသည်။

"မေးစရာရှိလို့ပါ ..."

"ဘာလဲကွ"

"ဟိုဟာလေ ... အစ်ကို့သမီးအကြီးမ ကိုယ်ဝန်ရှိကာစအချိန်မှာ အစ်ကို မူးတာအန်တာ ဖြစ်ခဲ့ဖူးသလားလို့"

"ဘယ်လို ... မင်းပြောတာ မရှင်းဘူး ... ငါ့မိန်းမအန်တာကို ပြောတာလား"

"မဟုတ်ဘူး ... အစ်ကို အန်သေးလားလို့မေးတာ"

"ဘာ ... ငါက ဘာလို့အန်ရမှာလဲ ... ဟာ ... မင်းတော်တော်ရှုပ်တဲ့ကောင်တဲ့ကောင်ပဲ ... ဒီမှာ အလုပ်များနေရတဲ့ကြားထဲ"

ဟု ပြောပြီး ကွန်ပျူတာဘက် မျက်နှာမူလိုက်သည်။ ကျွန်တော်လည်း ထပ်မနှောင့်ယှက်တော့ဘဲ လှည့်ထွက်လာခဲ့သည်။ ခပ်လှမ်းလှမ်းအရောက်မှာ ...

"ဟေ့ ... မောင်မိုး"

အစ်ကိုလှမ်းခေါ်သဖြင့် ရပ်ပြီးလှည့်ကြည့်လိုက်သည်။ သူက ပြုံးစေ့စေ့လုပ်ရင်း ...

"ဘာလဲကွ ... တင်မေမှာ ကလေးရှိနေပြီထင်လို့လား"

"အဲဒါသိချင်ရင်တော့ အင်တာနက်ထဲက ဂူးဂဲပေါ်တက်မေးလိုက်ပေါ့ ..."

ဟု ခွတိုက်ပြီး ထွက်လာခဲ့သည်။

ကျွန်တော်ရုံးခန်းထဲ ပြန်ဝင်လာတော့ မမြစိန်က ကော်ဖီသောက်မလားမေးသည်။ ခေါင်းခါပြလိုက်၏။ ပြီးတော့ ...

"အစ်မကြီး"

ဟု လှမ်းခေါ်လိုက်သည်။ ပြီးမှ မှားမှန်းသိ၏။ ကိုယ့်ဘာသာ ယောင်ချာချာဖြစ်ပြီး လှမ်းခေါ်လိုက်မိခြင်းဖြစ်၏။ သူက အပျိုကြီးပဲ ဘာသိမှာလဲ။ မမြစိန်က "ဟင်" ဟု ထူးပြီး ထရပ်လိုက်သည်။

"အော် ... ဘာမှ မဟုတ်ပါဘူး ... ထိုင်ပါ"

သူ အူကြောင်ကြောင်ဖြစ်သွား၏။ ဘာမှန်းလည်းမသိဘူးဆိုသော မျက်နှာပေးဖြင့် တစ်ချက်ကြည့်ပြီး ပြန်ထိုင်သည်။

ဒီနေ့ကျမှ ကိုအောင်မြိုင်ကလည်း ဘဏ်တိုက်သွားတာကြာနေသည်။ ကျွန်တော့်ကိစ္စမှာ သူ့ကို အားကိုးလို့ရတာတော့မဟုတ်။ သူရှိနေလျှင် စကားပြောဖော်ရသဖြင့် နေသာထိုင်သာရှိနိုင်သည်။ တစ်ယောက်တည်းထိုင်ပြီး ငေါင်နေရတာ ငြီးငွေ့လာသည်။ လက်ဖက်ရည်ဆိုင်သွားထိုင်တာပဲ ကောင်းပါတယ်ဆိုပြီး ထွက်လာခဲ့သည်။

လက်ဖက်ရည်တစ်ငုံနှစ်ငုံ သောက်ပြီးချိန်မှာပင် ဖုန်းဝင်လာသည်။ အစ်ကိုဆက်ခြင်းဖြစ်၏။

"မောင်မိုး ... မင်းကို ပြောစရာရှိလို့ကွ"

"ဘာလဲ ... လာအိုနိုင်ငံကလည်း ဝါယာကြိုးထုတ်လုပ်နေပြီတဲ့လား "

"ဟော့ကောင် မရိန့်ကွ ... အကောင်းပြောမလို့ ... မင်းစိတ်ဝင်စားမယ့် ကိစ္စပဲ"

"ပြောကြည့်လေ"

"မင်း ငါ့ကိုမေးခဲ့တဲ့ကိစ္စကို စဉ်းစားကြည့်တော့ ငါ ပြန်မှတ်မိလာတယ်ကွ ... သမီးကြီးကို ကိုယ်ဝန်ရှိကာစတုန်းက ငါ အန်တော့ မအန်ဘူး၊ ဒါပေမဲ့ ဘာရောဂါမှမရှိပဲနဲ့ ရုတ်တရက် မစားချင်မသောက်ချင်ဖြစ်လာတာ တစ်ပတ်လောက်ကြာတယ် ... ဒီမှာ ဟော့ကောင် သေချာရင်လည်း ငါ့ကို အကြောင်းကြားဦးနော် ..."

ကျွန်တော် အတော်လေးအားတက်သွားသည်။

-----♥♥-----

အလုပ်စောစောဆင်းပြီး အိမ်ပြန်သည်။ တင်မေထွန်းက အဆင်သင့်ပြင်ပြီး စောင့်နေသည်။ သူကိုယ်တိုင်လည်း စိတ်စောနေတယ်ထင်ပါရဲ့။

ကျွန်တော်သည် ကားမောင်းနေရင်းက စိတ်တွေလှုပ်ရှားနေ၏။ မကြာခဏဆိုသလိုလည်း "ဟုတ်မှာပါ" "သေချာပါတယ်" "ဖြစ်ဖို့များတယ်" စသည်ဖြင့် ရေရွတ်နေမိ၏။ သူ့ဘက်ကို တစ်ချက်လှည့်ကြည့်လိုက်တော့ တည်ငြိမ်အေးဆေးစွာ ရှိနေကြောင်း တွေ့ရသည်။ ကျွန်တော် မချင့်မရဲဖြစ်သွား၏။ မိန်းမတစ်ယောက်အဖို့ ရင်ခုန်စရာ အကောင်းဆုံးအချိန်မှာ သူက မတုန်မလှုပ်နေနေသည်။

"မေထွန်း ... စိတ်မလှုပ်ရှားဘူးလား"

ဟု ဖွင့်မေးလိုက်သည်။

"လှုပ်ရှားတာပေါ့ ... အရမ်းပဲ"

"ဒါနဲ့များ ဣန္ဒြေကြီးနဲ့ ..."

"ကျွန်မအကျင့်က ဒီလိုပဲလေ ... စိတ်လှုပ်ရှားလေ တည်ငြိမ်လေ ဖြစ်တတ်တယ်"

"ထူးဆန်းတယ်နော် ... တစ်မျိုးပဲ ...  သတ္တိကောင်းလို့ထင်တယ်"

"ဟုတ် မထင်ပါဘူး ... ဒီမှာ ကြည့်ပါလား"

ဆိုပြီး ဂီယာတံပေါ်တင်ထားသော ကျွန်တော့်လက်ကို ဆုပ်ကိုင်လိုက်သည်။ သူ့လက်ဖဝါးတွေ အေးစက်နေလေ၏။

ဆေးခန်းရောက်တော့ ဒေါက်တာကျော်စိုး ကြိုတင်စီစဉ်ပေးထားသဖြင့် တိုကင်နံပါတ်တစ်ကိုရသည်။ စမ်းသပ်ခန်းထဲသို့ သူ့ကို လိုက်ပို့ပေးပြီးနောက် အပြင်မှာပြန်စောင့်သည်။ ခုံတန်းရှည်တွေရှိသော်လည်း မထိုင်ဖြစ်။ စိတ်တည်ငြိမ်မှုရအောင် ဟိုဟိုဒီဒီလမ်းလျှောက်နေမည်ဟု စိတ်ကူးသေးသည်။ သို့ရာတွင် သူပြန်ထွက်လာတဲ့အခါ မတွေ့ဘဲ လွဲသွားမှာကို (မဖြစ်နိုင်မှန်းသိပါလျက်) စိုးရိမ်သလိုဖြစ်နေရသည်။ ထို့ကြောင့် အခန်းပေါက်ဝကိုသာ မမှိတ်မသုန်စောင့်ကြည့်ရင်း ရပ်နေမိ၏။

မိနစ်နှစ်ဆယ်လောက်ကြာလိမ့်မည်ထင်သည်။ ဒီလောက်ကြာတာ ဟုတ်ချင်မှလည်း ဟုတ်မည်။ သူသည် စမ်းသပ်ခန်းထဲက ပြန်ထွက်လာသည်။ ကျွန်တော်ရပ်စောင့်မနေတော့ဘဲ သူ့ဆီလျှောက်သွားပြီး ...

"ဘာတဲ့လဲ"

သူက ပြုံးလိုက်ပြီး လက်သုံးချောင်းထောင်ပြသည်။ ကျွန်တော်သည် စိတ်ကစဥ့်ကလျားဖြစ်တာ မပြေပျောက်သေးဘူးထင်၏။

"ဘာ ... သုံးမြွှာပူး ဟုတ်လား"

ဟု ယောင်ပြီးမေးလိုက်မိ၏။ သူက သွားပေါ်အောင်ပြုံးလိုက်ပြီး

"ဘယ်ကလာ ... သုံးလလို့ပြောတာ..."

ကျွန်တော့်မျက်လုံးများက သူ့ခန္ဓာကိုယ်အလယ်ပိုင်းဆီ ရောက်သွားသည်။ သူ့ဝမ်းဗိုက်သည် ခုတစ်ခဏအတွင်းမှာပင် ပုံ့ပုံ့ကလေးစူထွက်လာသည်ဟု ထင်မိ၏။

-----♥♥-----

ထိုအခါ ကျွန်တော် ဘာလုပ်သလဲဆိုတော့ ဖုန်းတွေလျှောက်ဆက်တော့တာပဲပေါ့။

"အမေကတော့ နောက်ထပ်မြေးတစ်ယောက် ရတော့မယ်ဗျ။ အဖေ့ကိုလည်း ပြောလိုက်နော် ... အစ်မကိုပြောပြဖို့လည်း မေ့မနေနဲ့ဦး"

"အစ်ကိုလား ... ဟိုကိစ္စ တကယ်ပဲ အကိုရေ ... သေချာသွားပြီ"

"ဟယ်လို ... ဟေ့ကောင် အုန်းသန်း ... ငါကွ မင်းယောက်ဖ"

အုန်းသန်းက ကျွန်တော့်ကို လူစဉ်မီသွားပြီဖြစ်သောကြောင့် ဝမ်းသာကြောင်းပြောသည်။ ဒွေးဒွေးမြင့်ကတော့ တင်မေထွန်းရဲ့ ကျန်းမာရေးကို အထူးဂရုစိုက်ဖို့ အထပ်ထပ်မှာသည်။

ကျော်ကြီးဆီ ဖုန်းဆက်အကြောင်းကြားတော့ သူက ...

"တင်မေထွန်းမှာ ကလေးရှိနေပြီ ဟုတ်လား ... မဖြစ်နိုင်တာကွာ ... ငါ ရန်ကုန်မရောက်တာ နှစ်နဲ့ချီပြီး ကြာနေပြီပဲ ..."

ဟု ဟိုတစ်ခါ ကျွန်တော်က စိုးစိုးဦးရဲ့ ရည်းစားဟောင်းလို့ ပြောခဲ့တာကို ပြန်ပြီးလက်စားချေနေသဖြင့် ဆဲပစ်လိုက်ရသေးသည်။

-----♥♥-----

တင်မေထွန်း ကိုယ်ဝန်ရှိနေစဉ်အတွင်းမှာ ကျွန်တော်ဘယ်လောက်တောင် ဂရုစိုက်သလဲဆိုတာကတော့ အမြင်ကတ်စရာဖြစ်နေမှာ စိုးသောကြောင့် အသေးစိတ်ရှင်းမပြတော့ပါ။ အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ ဖွားတော်မူခန်းဇာတ်တော်ထဲက ဗကအမတ်ကြီးပြောသလို "သူ ကိုယ်တိုင်များ မွေးမလို့လား မသိဘူး" ဆိုသော စကားကို ကိုးကားလိုက်လျှင် လုံလောက်ပါပြီ။

နောက်ထပ် ခုနစ်လနီးပါးကြာသောအခါ တင်မေထွန်းသည် သားယောကျ်ားလေးတစ်ယောက်ကို အောင်မြင်ချောမောစွာ မွေးဖွားခဲ့လေသည်။ ထိုအခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည်လည်း တယ်လီဖုန်းအခွန်ငွေတွေ တိုးလာလေတော့သည်။ အမေ့ဆီ ဖုန်းဆက်အကြောင်းကြားသည်။ အဖေက ဖုန်းကို လုပြီးဝင်မေးနေသေးသည်။ အစ်ကို့ဆီကို ဖုန်းဆက်တော့ ဖုန်းလိုင်းက မရှိတ်ချင်သလို ဖြစ်နေသည်။ ထို့ကြောင့် ဆေးခန်းအပေါက်ဝနားမှာ သွားဆက်တော့မှ အဆင်ပြေသည်။ အစ်ကိုက ဝမ်းသာအားရပြောသည်။

"ကွန်ဂရက်ကျူလေးရှင်းကွာ ... ဒါနဲ့ ဟေ့ကောင် ... ငါ့သမီးကြီးမွေးတုန်းကတော့ ဝမ်းသာလုံးဆို့ပြီး တွေ့သမျှလူတွေကို ဘီယာလိုက်တိုက်ခဲ့တာပဲကွ ..."

"ရပါတယ် အစ်ကိုရာ .. နက်ဖြန်ညနေ ဆေးခန်းကအပြန် ဆုံမယ်လေ ..."

ထို့နောက် အမ၏ လက်ကိုင်ဖုန်းကို တိုက်ရိုက်ဆက်လိုက်သည်။ ဆက်သွယ်ရေးဧရိယာပြင်ပကို ရောက်နေသတဲ့။ မဟုတ်သေးပါဘူး။ နောက်တစ်ခါ ထပ်နှိပ်မှရသည်။

"အစ်မလေး ..."

"အေး ... ဘာလဲ"

"မေထွန်း မွေးပြီဗျ ... ယောက်ျားလေး"

"နင် နောက်နေတာလား ..."

"ဟာ ... ဒါနောက်စရာမှ မဟုတ်တာ"

"မောင်လေး ... နင်တော့ ဂေါက်နေပြီထင်တယ် ... ငါ အခု ဘယ်မှာရှိတယ်ဆိုတာ နင်သိသားပဲ ..."

"အယ် ... ဟုတ်သားပဲ ... ဟဲဟဲ ..."

ကျွန်တော်အပျော်လွန်ပြီး ပေါကြောင်ကြောင် ဖြစ်သွားတာပါ။ တကယ်တော့ ... အစ်မသည် ကျွန်တော်နှင့်အတူ ဆေးခန်းကို အဖော်အဖြစ်လိုက်လာခြင်းဖြစ်၏။ စောစောကတည်းက ကျွန်တော့်ဘေးမှာ တစ်ချိန်လုံးထိုင်စောင့်ပေးနေတာကို မေ့သွားလို့။ လှည့်ကြည့်လိုက်တော့ ဧည့်ခန်းထဲမှာ ထိုင်ရင်း ဟက်ဟက်ပက်ပက်ရယ်နေတာ တွေ့ရသည်။ ရယ်သံကိုတော့ ဖုန်းထဲက ကြားနေရ၏။ အစ်မက ကျွန်တော့်ကို လှမ်းကြည့်ပြီး နားထင်ကို လက်ညှိုးနှင့်ထောက်ပြီး လှည့်ပြနေသည်။ ကျွန်တော် ရှက်ရယ်,ရယ်လိုက်၏။

ကျော်ကြီးဆီကိုလည်း ဖုန်းဆက်သည်။ ညအချိန်မတော်ကြီး ဖြစ်နေသောကြောင့် သွားခေါ်ပေးသောအိမ်က လူကို "အရေးကြီးလို့ပါ"ဟု တောင်းပန်ရသေးသည်။ ကျော်ကြီးက ဝမ်းသာစကားပြောပြီးနောက် ...

"ငါ ရန်ကုန်မှာမရှိတာ နာတယ်ကွာ ... ပွဲကြီးတစ်ပွဲလွတ်သွားတာပေါ့ ..."

ဆိုသဖြင့် ...

"မင်း ရန်ကုန်ဆင်းလာတဲ့အခါကျရင် ကောင်းကောင်းပြုစုမှာပါကွ"

ဟု ကတိပေးနှစ်သိမ့်လိုက်ရသည်။

အုန်းသန်းတို့ဆီကိုတော့ နောက်တစ်နေ့ရုံးချိန်ကျမှ ဖုန်းလှမ်းဆက်ရသည်။ ဖုန်းလာကိုင်သူက ...

"ဆရာဦးအုန်းသန်းက သာပေါင်းဘက်ကို စာရင်းစစ်ဖို့သွားနေပါတယ်ခင်ဗျာ"

"ဒါဆို မဌေးဌေးမြင့်ကောရှိလား"

"ဆရာမလည်းပါသွားပါတယ် ... အခု ဘယ်ကဆက်တာပါလဲ"

"ရန်ကုန်ကပါ သူတို့သူငယ်ချင်း.."

"ကိုဘုန်းမိုးဆိုတာလား မသိဘူး"

"ဟုတ်ပါတယ် ..."

"အော် ... ဟုတ်ကဲ့ ... အခုရက်ပိုင်းအတွင်း ကိုဘုန်းမိုး ဖုန်းဆက်လာလိမ့်မယ်လို့ ဆရာဦးအုန်းသန်းက မှာထားပါတယ် ... အဲဒါ ပြန်ပြောရမယ့်စကားကိုလည်း ညွှန်ကြားခဲ့ပါတယ် ..."

"ဟုတ်လား ... ဘာတဲ့လဲ"

"ဟို ... ဆရာရေးပေးခဲ့တဲ့စာထဲကအတိုင်း ဖတ်ပြရမှာပါ ... စိတ်တော့မရှိပါနဲ့နော်... "

"ရပါတယ် ဖတ်ပြပါ"

သူက ခဏဆိုင်းနေပြီးမှ ဖတ်ပြသည်။

"ကျေးတောသူ မိတင်မေထွန်း နာခံရမည်မှာ ... မယ်မင်းသည် သမီးမိန်းကလေးမွေးပါက ငါကိုယ်တော်မြတ် ပေးသနားတော်မူခဲ့သော ပတ္တမြားလက်စွပ်ကို ရောင်းချ၍ သင့်တော်ရာလုပ်ကိုင်စားသောက်စေ ... အကယ်၍

သားတော်လေး မွေးဖွားခဲ့လျှင်မူ လက်စွပ်ကို သက်သေပြ၍ ရွှေနန်းတော်သို့ လာရောက်ခစားစေ ... အမိန့်တော် ..."

"အေပေး ... ချေးစိမ်းပန်းမယ့်ကောင် ..."

-----♥♥-----

ဘယ်လိုဖြစ်သလဲမသိ။ သားက တော်တော်လေးအသားညိုရှာသည်။ ကျွန်တော်တို့ဘက်မှာက အသားဖြူတဲ့သူတွေချည်းသာ ဖြစ်၏။ မိသားစုထဲမှာ ညိုတယ်လို့ပြောနိုင်သော ကျွန်တော်ပင်လျှင် ယောက်ျားလေးတစ်ယောက်အနေနှင့် ဖြူတဲ့ဘက်ပါသည်ဟုဆိုရမည်။

တင်မေထွန်းသည် အညာသူဆိုသော်လည်း ညိုတာမဟုတ်။ စိမ်းဖန့်ဖန့်အသားအရည်မျိုးသာဖြစ်၏။ ရန်ကုန်ကိုရောက်ပြီးမှ ပိုတောင်ဝင်းလာသေးသည်။ သူ့အမေသည်လည်း ကျွန်တော်မြင်ဖူးသောအချိန်တွင် ရောဂါကြောင့် ခပ်ညစ်ညစ်ဖြစ်နေသည့်တိုင် အသားညိုသူ မဟုတ်မှန်းသိသည်။ သူ့အဖေကတော့ ကျွန်တော်နှင့်မတွေ့ခင်ကတည်းက ကွယ်လွန်ခဲ့ပြီးဖြစ်သောကြောင့် မသိရ။ တင်မေထွန်းကို မေးကြည့်တော့ ...

"အဖေက အမေ့ထက်တောင် ဖြူသေးတယ်"

ဟု ဆိုသည်။ သူ့ဦးကြီးကလည်း အသားခပ်လတ်လတ်ထဲကပဲ။

"မေထွန်းရဲ့ အဘိုးအဘွားတွေထဲမှာကော ညိုတဲ့သူရှိလား"

"မြင်ဖူးသလောက်တော့ မရှိဘူး ... အဖေ့ဘက်က အဘိုးဆို ရှမ်းသွေးပါလို့တဲ့ တော်တော်ဖြူတာ ။ အမေ့ဘက်က အဘိုးအဘွားတွေကိုတော့ မမှီလိုက်လို့ မပြောတတ်ဘူး ..."

"ဒါဆိုရင်တော့ အဲဒီအဘိုးအဘွားထဲမှာ ညိုတဲ့သူပါလိမ့်မယ် ... ဒါကြောင့် တစ်ဆက်ငုပ်ပြီး သားကျမှ လာညိုနေတာဖြစ်မယ်"

ဒီအတောအတွင်းမှာ အုန်းသန်းတို့လင်မယား ရန်ကုန်ရောက်လာသေးသည်။ အုန်းသန်းက သားကိုကြည့်ပြီး ...

"ဟော့ကောင် ... မင်းနဲ့မတူဘူး ... ငါနဲ့တူတယ် ... မည်းမည်းလေး"

ဟု ပြောပြီး "ပတ္တမြားလက်စွပ်ကော" ဟု တင်မေထွန်းကို မေးသည်။ တင်မေထွန်းက နားမလည်ဘဲ ဘယ်ကလက်စွပ်လဲဟု မေးနေသဖြင့် ရယ်ကြရသေးသည်။ အဖေက ကျွန်တော့်သားကို တွေ့တဲ့အခါတိုင်း ...

"မင်းက ကုလားလေးလား ... အပွနားလား၊ ဟော့ကောင် အပနား ဘိုးဘိုးဆီ လာပါဦးကွ "

ဟု ပြောလေ့ရှိသည်။

"အို ... ဘယ့်နယ် ... ကလေးကို တော်ကြာ ဒီနာမည်ကြီး တွင်သွားပါဦးမယ် ..."

အမေက ပြောပြီး သားကို ငုံ့ကြည့်ရင်း ...

"ဘိုးဘိုးရယ်လို့ ... သားကို အပွနားလို့ မခေါ်ပါနဲ့လို့ ... သားက ညိုချောလေးပါလို့ ... ခေါ်ချင်ရင်လည်း နားနားလေးလို့ ခေါ်ပါလို့"

ဟု မြူနေသည်။ အစ်မက ...

"ဟုတ်တယ် ... နားနားဆိုတဲ့ နာမည်လေးက လှတယ် ... ခေါ်လို့ကောင်းတယ်"

ဟု ပြောရာက ကျွန်တော်မှည့်ထားသော 'ဘုန်းမောင်မောင်' လို့ မခေါ်ကြဘဲ နားနားဟူ၍သာ ချစ်စနိုးခေါ်ကြတော့သည်။

အသားညိုခြင်းနှင့် ပတ်သက်ပြီး တင်မေထွန်းအတွက် အဖော်ရအောင် ခေါ်ပေးထားသော ဒေါ်ကြီးကတော့ အကောင်းဘက်ကမြင်သည်။

"ဒီကလေးက မွေးထူးရှေးခြားပဲ ... လူဝင်စားထင်တယ် ... မိဘကို အကျိုးပေးမယ့်ကလေးပဲ ..."

ဟု ချီးကျူးသည်။ အကျိုးပေးတာ မပေးတာကနောက်၊ လောလောဆယ်မှာတော့ သားသည် အသားညိုခြင်းကြောင့်ပင် ကံကောင်းသောကလေးတစ်ယောက် ဖြစ်လာခဲ့လေသည်။

အဖေတို့ အမေတို့မှာ ချွေးမနှစ်ယောက်ရှိသည်။ အစ်ကို့ဇနီးက သူ့ဆိုင်၊ သူ့စီးပွားရေးနှင့် အလုပ်ရှုပ်နေသောကြောင့်  ... ဒီဘက်အိမ်ကို အရောက်အပေါက်နည်းသည်။ ဘာသိဘာသာလည်း နေတတ်သည်။ သူတို့ရဲ့ကလေးတွေကလည်း တစ်ခါတလေမှ ရောက်တတ်သောကြောင့် အနေစိမ်းသလိုဖြစ်နေ၏။

တင်မေထွန်းကတော့ ... အိမ်ကို အဝင်အထွက်များသည်။ အလိုက်လည်းသိတတ်သောကြောင့် လူကြီးတွေက ပိုချစ်သည်။ တစ်ပတ်တစ်ခါလောက်ရောက်ပြီး တစ်ခါတလေ ညပါအိပ်တတ်သောကြောင့် သားကလည်း အဘိုးအဘွားတွေနဲ့ ရင်းနှီးနေသည်။

ဒါတွင်မက ...

ကျွန်တော်တို့မိသားစုသည် အားလုံးအသားဖြူကြသူတွေချည်း ဖြစ်၏။ အစ်ကို့သားသမီးတွေဆိုလျှင် ဖွေးဆွတ်နေသည်။ အိမ်ကဒေါ်ကြီးကလည်း အသားခပ်လတ်လတ်။ ကလေးထိန်းဖို့ခေါ်ထားသော အိမ်ဖော်မိန်းကလေးကလည်း ဖြူဖြူစင်စင်။ ဒီကြားထဲမှာမှ ကျွန်တော့်သားက ညိုညိုလေးဖြစ်နေ၏။ အမေချီထားတဲ့အခါ ညိုရုံမက မည်းတယ်လို့တောင် ထင်ရသည်။

ဒါကိုက အားသာချက်ဟု ဆိုနိုင်သည်။ အဖြူတွေကြားထဲမှာ ညိုညိုလေးဆိုတော့ အထူးအဆန်းလိုဖြစ်ပြီး ဝိုင်းအုံချစ်နေကြတော့သည်။ အသန့်အပြန့်ကြိုက်သော အစ်မတောင် သားက သူ့ပေါင်ပေါ်မှာမှ ချွေးပြီး သေးပေါက်ပေါက်ချတတ်တာကို ဝမ်းသာဂုဏ်ယူနေသေးသည်။ အတော် ကုသိုလ်ကံထူးသော ကလေးပင်ဖြစ်လေသည်။

-----♥♥-----

လုပ်ငန်းနှင့်ဆိုင်သော အစည်းအဝေးကို အဖေတို့အိမ်မှာ ပြုလုပ်မည်ဖြစ်၏။ ထို့ကြောင့် စက်ရုံကအပြန် ကိုအောင်မြိုင်ကို တစ်ခါတည်း ခေါ်လာခဲ့သည်။ အမေက အထူးမှာကြားထားသောကြောင့် အိမ်ကိုဝင်ပြီး တင်မေထွန်းတို့ သားအမိကိုပါ ခေါ်ခဲ့ရသည်။

ဟိုရောက်တော့ ဧည့်ခန်းမှာ ရောက်နှင့်နေသော မမြစိန်ကို တွေ့ရ၏။ စက်ရုံမှာတုန်းက ကျွန်တော်တို့နှင့်အတူ လိုက်ခဲ့ဖို့ခေါ်သေးသည်။ သူက လမ်းမှာ ဝင်စရာရှိလို့ ကိုယ့်ဘာသာ လာခဲ့မည်ဟုဆိုသည်။ ကြည့်ရတာ ကျွန်တော်တို့နဲ့မလိုက်ချင်လို့ အစ်ကို့ကားနှင့် ပါလာခြင်းဖြစ်ဟန်တူသည်။

သူက မင်္ဂလာဆောင်ကို မလာခဲ့သဖြင့် တင်မေထွန်းနဲ့ မဆုံဘူးသေး။ ထို့ကြောင့် မိတ်ဆက်ပေးလိုက်သည်။ မမြစိန်က တင်မေထွန်းကို စေ့စေ့စပ်စပ် အကဲခတ်သလိုကြည့်လိုက်သည်။ စိတ်ထဲကတော့ သူ့ကိုယ်သူနဲ့ နှိုင်းယှဉ်ကြည့်နေသလား မသိ။ မျက်နှာ၊ ဆံပင်၊ အသားအရည်၊ ကိုယ်လုံးကိုယ်ပေါက်။

မမြစိန် နည်းနည်းတော့ ဖြုံသွားပုံရသည်။ ဝတ်စားဆင်ယင်ပုံကတော့ သိပ်ခေတ်မမီဘူးဟု ကြံဖန်အပြစ်ရှာချင်ရှာလိမ့်မည်။ ဒါကတော့ မှန်သင့်သလောက်မှန်သည်။ တင်မေထွန်းသည် ခုချိန်အထိ သူ့ပင်ကိုယ်ဟန်ကို မပြောင်းလဲသေး။ ရန်ကုန်စတိုင်လ်ကို လိုက်မလုပ်။ ဟိုအရင်ကအတိုင်း ရိုးရိုးရှင်းရှင်းပင် ဝတ်စားဆင်ယင်တတ်သည်။ ကျွန်တော်ကလည်း ဒါကိုပဲ သဘောကျသည်။ "ဒီတစ်ချက်တော့ ငါက သာတယ်" ဟု မမြစိန် ကြိတ်ပြီး ကျေနပ်သွားရင်လည်း  အရေးမကြီး။ အမေက သားကိုချီပြီး တစ်ချက်နမ်းသည်။

"တင်မေမရေ ... အမေ့အခန်းကို လိုက်ခဲ့ဦး ... နားနားအတွက် အင်္ကျီလေးတွေဝယ်ထားတယ်"

ထို့နောက် အဖေ့စာကြည့်ခန်းနှင့် အလုပ်ခန်းထဲမှာ အစည်းအဝေးပြုလုပ်သည်။ အဖေ၊ အစ်ကို၊ အစ်မ၊ ကျွန်တော်၊ ကိုအောင်မြိုင်နှင့် မမြစိန်တို့ တက်ရောက်ကြသည်။ ကျွန်တော်က ဒီလ အမြတ်ငွေ လျော့ကျသွားကြောင်းပြောသည်။ ကိုအောင်မြိုင်က  စာရင်းတွေကို အဖေ့ဆီ တင်ပြလိုက်သည်။

"အရောင်းအဝယ်အေးတော့ ပစ္စည်းအနုတ်အသိမ်းလည်းနည်းတယ်"

ဟု အစ်မက ပြောသည်။ အစ်ကိုက ...

"ကုန်ကြမ်းအဝင်နည်းလို့ ပစ္စည်းပြတ်ပြီး စျေးတွေထိုးတက်သွားတယ် ... ထုတ်လုပ်မှုကုန်ကျစရိတ် တက်လာလိမ့်မယ် ..."

"ဒါဆိုရင်တော့ နောက်တစ်သုတ်ထွက်လာတဲ့ ပစ္စည်းတွေကို စျေးတင်ရတော့မှာပေါ့ ..."

အစ်မစကားကို အဖေက လက်မခံချင်။

"အရောင်းအေးရတဲ့ကြားထဲ စျေးထပ်တက်ရင် ပိုဆိုးမှာပေါ့"

"သူများတွေလည်း စျေးနှုန်းပြောင်းကြမှာပဲဟာ ..."

"အေး ... အဲဒါကို စဉ်းစားနေတာပေါ့ ... စျေးမတင်ပဲ ဒီနှုန်းအတိုင်းရောင်းရင် အရှုံးအမြတ်ဘယ်လိုနေမလဲ ... အောင်မြိုင် အကြမ်းဖျင်းတွက်ကြည့်စမ်းကွာ "

ကိုအောင်မြိုင်က လက်စွဲတော်ဂဏန်းပေါင်းစက်ကို ထုတ်လိုက်သည်။ စာရင်းစာအုပ်ထဲမှာ အချက်အလက်တွေရှာလိုက် တွက်လိုက်လုပ်နေသည်။ သူတွက်ပုံက ဂဏန်းပေါင်းစက်ပေါ်မှာ လက်ငါးချောင်းစလုံးအသုံးပြုပြီး ခလုတ်တွေနှိပ်နေတာ စန္ဒယားတီးနေသလားထင်ရ၏။ သိပ်မကြာလိုက် ...

"ပစ္စည်းအမျိုးအမည်ကစုံတော့ ပျမ်းမျှပဲတွက်လို့ရမယ် ဆရာ၊ ဒါပေမဲ့ နီးနီးစပ်စပ်တော့ ပြောနိုင်ပါတယ် ... ပစ္စည်းတွေကို စျေးမတင်ဘူးဆိုရင် အလုပ်သမားခအပါအဝင် စရိတ်ကျေရုံပဲရှိမယ် ... ကိုယ့်အတွက် ကျန်မှာ မဟုတ်ဘူး"

အဖေက ခေါင်းဆတ်ပြပြီး အစ်ကို့ဘက်လှည့်၍ ...

"ကုန်ကြမ်းတွေ အရင်အတိုင်း လှိုင်လှိုင်ပြန်ဝင်လာဖို့ ဘယ်လောက်ကြာမယ်ထင်သလဲ ..."

"သုံးလလောက်တော့ စောင့်ရလိမ့်မယ်ထင်တယ် အဖေ ... တစ်ခုတော့ရှိတယ် ... တရုတ်ကုန်ကြမ်းကို ပြောင်းသုံးလို့ရတယ် ... ကွာလတီတော့ လျော့သွားမှာပဲ ..."

"မလုပ်နဲ့ကွ ... တို့စက်ရုံနာမည် ထိခိုက်လိမ့်မယ် ..."

မမြစိန်သည် သူ့ကိုယ်သူ အဖေ့ကိုယ်ရေးအရာရှိဟု သတ်မှတ်ထားပုံရသည်။ ပြောဆိုသမျှကို မှတ်စုစာအုပ်ထဲမှာ ရေးမှတ်နေ၏။ ပြီးမှ သူဝင်ပြောဖို့ အချိန်တန်ပြီဆိုသော ဟန်ပန်မျိုးဖြင့် ...

"စျေးကွက်အေးနေတဲ့ အချိန်မှာ ထုတ်လုပ်မှုကို ကန့်သတ်ရပါမယ် ... ဒါကြောင့် အလုပ်သမားတွေကိုလည်း လျှော့ချရမယ် ... အဲဒီအခါ စရိတ်တွေ သက်သာသွားမယ် "

အဖေက လက်ကာပြလိုက်ပြီး ...

"နီး ... နီး အလုပ်သမားတွေ ထိခိုက်မယ့်ကိစ္စမျိုး ငါမလုပ်နိုင်ဘူး၊ ဒီလူတွေက လေ့ကျင့်ပြီးသား ကျွမ်းကျင်ဝန်ထမ်းဖြစ်နေပြီ၊ နောင် တကယ်လိုအပ်လာရင် ပြန်ရှာဖို့မလွယ်ဘူး"

ခဏစဉ်းစားပြီးနောက် ...

"ဒီအချိန်လောက်မှာ အရောင်းထိုင်းသွားမယ်ဆိုတာ အစောကြီးကတည်းက ငါ ထွက်ထားခဲ့ပြီးသားပဲ ... တကယ်တော့ ပလတ်စတစ်ပစ္စည်းဆိုတာ သစ်သား၊ ဒန်သတ္တု၊ ကြွေရည်သုတ်ပစ္စည်းတွေ နေရာမှာ အစားထိုးရတာကိုး ... အစပိုင်းမှာတော့ လိုအပ်ချက်က ကြီးမားတော့ စျေးကွက်က အရမ်းကျယ်ပြန့်တာပေါ့ ... လိုအပ်ချက် ပြည့်မီသလောက်ရှိတဲ့အခါ ဝယ်လိုအားက တန့်သွားရော ... ဒါဟာ ဓမ္မတာပဲ ... အင်း ... ဒီလိုလုပ် ... ပစ္စည်းတွေကို စျေးမပြင်နဲ့ အရင်အတိုင်းပဲဖြန့် .."

"ဟင် ... ဒါဆို အမြတ်ဘယ်ကျန်တော့မလဲ"

ဟု အစ်မက ဝင်ထောက်တော့ ...

"ဟုတ်တယ် ... ငါတို့ မြတ်မြတ်ကလေး စားခဲ့တာ ကြာပြီလေ၊ ဒီတစ်ခါတော့ အနာခံရလိမ့်မယ် ... ဒါပေမဲ့ အချည်းအနှီးမဖြစ်ပါဘူး၊ တခြားစက်ရုံတွေက စျေးတင်ရောင်းတဲ့အချိန်မှာ ငါတို့က မတက်ဘူးဆိုတော့ တို့ပစ္စည်းက အရောင်းပိုသွက်မယ် ... စျေးကွက်လည်းပိုရမယ် ... ထုတ်လုပ်မှုလျှော့စရာမလိုတဲ့အတွက် အလုပ်သမားတွေလည်း ထိန်းထားပြီးသားဖြစ်မယ် ... ပုံမှန် ပြန်ဖြစ်လာတဲ့အချိန်မှာ စျေးကွက်ကို အထိုက်အလျောက် စီမံပြီးသားဖြစ်နေမယ် ..."

အစ်ကိုက ...

"ကုန်ကြမ်းဈေးက မူလအခြေအနေထိ ပြန်ကျမယ်လို့တော့ အာမ,မခံနိုင်ဘူး ..."

"ကိစ္စမရှိဘူး ... အဲဒီအချိန်ကျမှ ဈေးဆွဲတင်ရတာ သိပ်ပြဿနာမဟုတ်တော့ဘူး "

အဖေက စာရင်းစာအုပ်ကို လှမ်းယူပြီး စစ်ဆေးကြည့်နေသည်။ တချို့ သူမရှင်းတာတွေကို ကျွန်တော်တစ်လှည့် ကိုအောင်မြိုင်တစ်လှည့် ရှင်းပြရသည်။ အဖေက စာရင်းစာအုပ်ကို ပြန်ပိတ်လိုက်ပြီး ...

"ဒီလိုရှိတယ်ကွ ... ခုချိန်မှာ မြို့သစ်တွေက ရေပိုက်တွေသွယ်နေကြပြီ ... ဝယ်လိုအားက ကြီးထွားလာလိမ့်မယ် ... ဒါကြောင့် ငါက ရေပိုက်နဲ့ ဆက်စပ်ပစ္စည်းစက်ရုံ တည်ချင်တာ ..."

ထိုအခါ အစ်ကိုက ...

"ပီဗီစီပိုက်စက်ရုံတွေက တော်တော်များများရှိနေပြီ ... ပြီးတော့ လိုအပ်ရင် နှစ်ဆိုင်းသုံးဆိုင်းခွဲပြီး ထုတ်လုပ်မှုကို မြှင့်တင်နိုင်တဲ့အား ရှိနေတယ် ... ဝင်တိုးဖို့မလွယ်ဘူး ... ကျွန်တော်စဉ်းစားတာကတော့ ဝါယာကြိုးစက်ရုံပဲ ... စံချိန်မီကွာလတီနဲ့ ထုတ်နိုင်တဲ့စက်ရုံက နည်းနေသေးတယ်။ ဒီမှာ လျှပ်စစ်မီးမသွယ်ရသေးတဲ့ အိမ်တွေ အများကြီးရှိနေတယ် ... တစ်ချိန်မှာ ကြီးမားတဲ့ဈေးကွက်ဖြစ်လာလိမ့်မယ် ... ပစ္စည်းကောင်းကောင်းကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ ထုတ်လုပ်နိုင်ရင် အလုပ်ဖြစ်နိုင်တယ် "

အဖေက ကျွန်တော့်ဘက်လှည့်ပြီး ...

"မောင်မိုးကကော ဘာစိတ်ကူးရှိသလဲ "

ဟု မေးသဖြင့် ...

"ကျွန်တော်တွက်တာကတော့ လက်ရှိစက်တွေနဲ့ပဲ ထုတ်လုပ်နိုင်မယ့် ပစ္စည်းအမယ်သစ်ကို စဉ်းစားစေချင်တယ် ... သမာရိုးကျမဟုတ်ပဲ တီထွင်ဆန်းသစ်နိုင်ရင် ဈေးကွက်မှာပေါက်နိုင်တယ် ... အဲဒါဆိုရင် ထပ်ဆောက်စရာမလိုဘူး ... မိုလ်အတွက်ပဲ ကုန်ကျစရိတ်ရှိမယ် ... ရင်းနှီးမြှုပ်နှံငွေ အများကြီးသက်သာသွားမယ်"

အဖေက ခဏစဉ်းစားပြီးနောက် လက်ဖျောက်တစ်ချက်တီးလိုက်ပြီး ...

"အေး ... အဲဒါ အကောင်းဆုံးနည်းလမ်းပဲ ... ဆုတ်သာတက်သာလည်းရှိတယ် ဘယ်လိုသဘောရကြလဲ "

အစ်ကိုသည် ... ဝါယာကြိုးတွေကို စိတ်မကုန်သေးသော်လည်း ကျွန်တော့်စိတ်ကူးကိုတော့ ထောက်ခံသည်။

"လောလောဆယ်တော့ ဒီနည်းလမ်းက လက်တွေ့အကျဆုံးပဲ ... စက်ရုံအသစ်တည်ဖို့ကိုတော့ နောက်မှစဉ်းစားတာပေါ့"

အစ်မကတော့ ကျွန်တော့်ကို ပြုံးကြည့်ပြီး ...

"မောင်လေးက မိန်းမရပြီးမှ အကြံကောင်းဉာဏ်ကောင်းတွေ တော်တော်ထွက်နေပါလား"

"အစ်မလည်း အကြံကောင်းဉာဏ်ကောင်းရချင်ရင် မြန်မြန်အိမ်ထောင်ပြုလိုက်ပေါ့ ..."

ဟု ပြန်စသောအခါ အဖေက ရယ်ပြီး ...

"မင်းပြောသလိုသာဆိုရင်ဖြင့် ငါ့တပည့်ကျော် နှစ်ယောက်ဟာ တစ်သက်လုံးအကြံတုံးဉာဏ်တုံးတွေ ဖြစ်ကုန်ကြတော့မှာပေါ့ကွ ဟား ဟား"

ဆိုပြီး ကိုအောင်မြိုင်နှင့် မမြစိန်တို့ကို တစ်လှည့်စီ ကြည့်သည်။ ကိုအောင်မြိုင်က ရယ်ကျဲကျဲလုပ်နေ၏။ မမြစိန်ကတော့ မျက်နှာရဲခနဲ ဖြစ်သွားသည်။ ခေါင်းငုံ့သွားပြီးမှ အဖေ့ဘက်ကို မသိမသာ မျက်စောင်းထိုးသည်။ အဖေက သူတို့နှစ်ယောက်ကို ဒီလိုပဲစ,နေကျ။

"ကဲ ... ဟုတ်ပြီ ... ဘယ်လိုပစ္စည်းမျိုး ပြောင်းထုတ်ရင်ကောင်းမလဲဆိုတာ စဉ်းစားထားကြ ... အိုင်ဒီယာရရင်ပြော ... အားလုံးဝိုင်းတိုင်ပင်ပြီး ဆုံးဖြတ်ကြတာပေါ့ "

အစည်းအဝေးပြီးတော့ အမေက နန်းကြီးသုပ်ကျွေးသည်။

"ဘယ်လိုလဲဟေ့ ... စားလို့ကောင်းကြရဲ့လား"

အမေက မေးသောအခါ မမြစိန်က အားလုံးထက်အရင်ဦးအောင်ဖြေလိုက်သည်။

"ကောင်းတယ် ... ကျွန်မစားဖူးသမျှထဲမှာတော့ ဆရာကတော်ရဲ့လက်ရာက အကောင်းဆုံးပဲ"

အမေကရယ်ပြီး ...

"အဲဒါ ငါမဟုတ်ဘူး တင်မေမရဲ့လက်ရာပဲ"

မမြစိန်မှာ စကားကျွံသွားပြီဖြစ်သောကြောင့် "ဟုတ်လား အင်း ... ကောင်းပါတယ်" ဟု ဆက်ရောချလိုက်ရ၏။ ကိုအောင်မြိုင်ကတော့ ...

"ဒီလောက်ကောင်းတဲ့ နန်းကြီးသုပ်မျိုးကို နစ်ခါပဲ စားဖူးသေးတယ်"

"ဒါဆို တစ်ခါက ဘယ်မှာလဲ..."

ကျွန်တော့်ဘက် မေးငေါ့ပြပြီး ...

"မောင်မိုးတို့အိမ်မှာ ..."

မမြစိန်ကလွဲပြီး အားလုံးရယ်ကြသည်။ ကျွန်တော်ကလည်း အခွင့်အရေးရတုန်းမှာ ဝင်ကြွားလိုက်သေးသည်။

"ကျွန်တော့်အတွက်တော့ ဒါမျိုးဟာ အသေးအဖွဲပါ ... လက်ဖျောက်တစ်ချက်တီးလိုက်တာနဲ့ စားပွဲပေါ် အဆင်သင့်ရောက်လာတတ်တာကိုး"

တင်မေထွန်းကတော့ သူ့ပင်ကိုယ်ဟန်အတိုင်း လက်ပိုက်ရင်း ပြုံးရုံသာပြုံးနေသည်။ သူ လက်ပိုက်ပုံက ထူးခြားသည်။ လူအတော်များများသည် လက်ပိုက်တဲ့အခါ လက်ဖဝါးနှင့် လက်ချောင်းများကို ချိုင်းကြားထဲ ထည့်ဝှက်ထားတတ်ကြသည်။ သူက ဒီလိုမဟုတ်။ လက်ချောင်းများကို လက်မောင်းပေါ်မှာ ရွရွကလေး တင်ထားတတ်လေသည်။ သူ လက်ပိုက်ထားပုံမှာ သိပ်ကြည့်လို့လှသည်။ ကျွန်တော် သဘောကျမှန်းသိသောကြောင့်လည်း သူက ဒီလိုမျိုးလက်ပိုက်လေ့ရှိတာ ဖြစ်နိုင်သည်။

(လှတယ်ဆိုတိုင်း လိုက်လုပ်ကြည့်ဖို့တော့ မကြိုးစားကြပါနဲ့ ...။ လက်မောင်းပြေပြစ်ခြင်း လက်ဖျံအချိုးကျခြင်း လက်ချောင်းများသွယ်လျခြင်းတို့နှင့် ပြည့်စုံမှ ကြည့်လို့ကောင်းကြောင်း သတိပြုပါလေ။)

-----♥♥-----

အပြန်ကျတော့ မမြစိန်ကို ကျွန်တော်တို့နဲ့အတူ ခေါ်လာခဲ့သည်။ အစ်ကိုပြန်မယ့်လမ်းက မကြုံသောကြောင့်ဖြစ်၏။ မမြစိန်က သိပ်မလိုက်ချင်။ ရပါတယ် ... သူ့ဘာသာ ပြန်မယ်လုပ်နေသေးသည်။ အဖေက " မမြစိန် ... မောင်မိုးကားနဲ့ လိုက်သွား" ဆိုသော စကားကို မငြင်းဆန်ရဲသောကြောင့်သာ ပါလာခြင်းဖြစ်၏။ ကားပေါ်ရောက်တော့ ...

"ဘတ်စ်ကားမှတ်တိုင်မှာပဲ ရပ်ပေးပါ ..."

ပြောသေးသည်။ ကျွန်တော်က ...

"ဘယ်ဖြစ်မလဲ အဖေက အိမ်အထိပို့ခိုင်းတာ ... တော်ကြာကောနေလိမ့်မယ် ... ပြီးတော့ အစ်မကြီးကို ကောင်လေးတွေ နှောင့်ယှက်ရင် ဘယ်လိုလုပ်မလဲ ... အချိန်ကလည်း နည်းနည်းလင့်နေပြီ"

"ဟုတ်သားပဲ ... မမက နတော့ ကလေးမလေးလို့ ထင်ကြမှာ"

တင်မေထွန်းက ဝင်ပြောသည်။ သူက အရိုးခံအတိုင်း လောကွပ်ပျူငှာစကားပြောသော်လည်း မမြစိန်က ငေါ့တာရိတာဟု ထင်ချင်ထင်မှာပဲ။

ကိုအောင်မြိုင်က ထုံးစံအတိုင်းဝင်ပါလာသည်။

"ဒီလိုလုပ်ပါလား ... ဘတ်စ်ကားမှတ်တိုင်မှာ ငါပါ ဆင်းနေလိုက်မယ်လေ ... မမြစိန်ကို အိမ်အထိလိုက်ပို့ပြီးမှ ငါပြန်မှာပေါ့"

"မလိုပါဘူး"

ကိုအောင်မြိုင် တမင်ပြောလိုက်ခြင်းဖြစ်၏။ သူ ဒီလိုပြောလိုက်သောကြောင့် မမြစိန်က အိမ်အထိ ကားနဲ့လိုက်ပို့မှာကို ထပ်ပြီးငြင်းဆန်ခြင်းမပြုတော့။ ကျွန်တော်က ...

"အစ်ကိုကြီးကိုတော့ တစ်ကွေ့တစ်ပတ်ကြီး လိုက်မပို့နိုင်ဘူးနော် ... လမ်းဆုံမှတ်တိုင်မှာပဲ ဆင်းပေတော့ ..."

"ဟာကွာ မျက်နှာလိုက်လှချည်လား ... တကယ်ဆိုရင် ငါ့အတွက်သာ စိတ်ပူရမှာ ... ခုခေတ်ကောင်မလေးတွေက သိပ်ရဲတင်းတာကွ ... ငါ့လို ရုပ်သန့်တဲ့လူမျိုးဆို မလွယ်ဘူး"

ကားရှေ့ခန်းမှာ ကိုအောင်မြိုင်ထိုင်သည်။ တင်မေထွန်းနှင့် မမြစိန်တို့က နောက်ဘက်မှာထိုင်ကြသည်။ မမြစိန်သည် အပျိုကြီးပီပီ ကလေးချစ်တတ်လို့ပဲလား ကျွန်တော့်ကို မျက်နှာလိုမျက်နှာရလုပ်တာပဲလားတော့ မသိ။ သားကို သူ့ပေါင်ပေါ်တင်ပြီး ပွေ့ဖက်ထားသည်။ သားကလည်း ဝူးဝူးဝါးဝါးလုပ်ရင်း အသာတကြည်လိုက်လာသည်။ တင်မေထွန်းကတောင် ...

"အမယ် ... ကြည့်စမ်း ... မမအပေါ်မှာကျတော့ ငြိမ်လို့သဘောကောင်းနေလိုက်တာ ... သားက မျက်နှာစိမ်းရင် လိုက်ချင်တာမဟုတ်ဘူး"

ဟု ချီးကျူးလို့မျှ မဆုံးခင် မမြစိန်ထံမှ "ဟဲ့ ဟဲ့ .... အို ..." ဆိုသော ရေရွတ်သံ ထွက်ပေါ်လာသည်။ တင်မေထွန်းက ...

"အော် ... သားကလည်းကွာ ... လာ ... မေမေ့ဆီလာ"

ဟု ပြောသည်။ ကျွန်တော်က ...

"ဘာဖြစ်တာလဲ ..."

မေးတော့

"ဘာမှမဖြစ်ပါဘူး"

ဟု ပြန်ဖြေသည်။

အိမ်ရှေ့မှာကားရပ်တော့ မမြစိန်သည် တံခါးဖွင့်ဆင်းပြီး ခပ်သုတ်သုတ်ထွက်သွားသည်။ ဘယ်သူ့ကိုမှ နှုတ်ဆက်မသွား။ တစ်ခုခုတော့ တစ်ခုခုပဲ ။

အရေးထဲမှာ ကိုအောင်မြိုင်က ထကြောင်နေသေးသည်။ မမြစိန်တို့ အိမ်ရှိရာလမ်းက ပြန်ထွက်ပြီး လမ်းမကြီးပေါ်အရောက်မှာ ...

"မမြစိန်က ဘာဖြစ်သွားတာလဲ"

ဟု ကျွန်တော်က နောက်ကိုလှည့်ကြည့်ပြီး ထပ်မေးသည်။

"ဘာမှမဖြစ်ပါဘူး ..."

ထိုစဉ် ကိုအောင်မြိုင်က ...

"ဟေ့ကောင် ... ကားခဏရပ်ဦး ..."

ဆိုသဖြင့်

"ဘာဖြစ်လို့လဲ ..."

"ငါနောက်မှာ ပြောင်းထိုင်မယ် ... တင်မေထွန်း ရှေ့ခန်းကိုလာခဲ့"

"ဟာ ... အစ်ကိုကြီးက ဘာကြောင်ပြန်တာလဲ ..."

"မင်းက ကားမောင်းရင်းနဲ့ နောက်လှည့်လှည့်ကြည့်ပြီး စကားပြောနေတာ မကောင်းဘူး အန္တရာယ်ရှိတယ် "

"ဒီလောက်ကြီးလည်း စိုးရိမ်စရာမဟုတ်ပါဘူးဗျာ ..."

"မင်းအကျင့်က အဲဒီအတိုင်းပဲ ... လူကို လှည့်ကြည့်ကြည့်ပြီးမှ စကားပြောတတ်တယ်"

"ဟုတ်တယ် ... ကျွန်မလည်း သတိထားမိတယ်"

"မေထွန်းကလည်း ပင့်ပေးနေပြန်ပြီ ..."

ကိုအောင်မြင့်က တင်မေထွန်း၏ ထောက်ခံချက်ကို ရရှိသဖြင့် အားတက်သွားပြီး လက်ချာပေးတော့သည်။

"ကားမောင်းရင်း စကားမပြောတာ အကောင်းဆုံးပဲ ... အာရုံနစ်ခု ဖြစ်သွားတာကိုး ... ပြောမိရင်လည်း တယ်လီဖုန်းပြောသလိုပြောရတယ် စကားပြောတယ်ဆိုတာ အသံကြားရရင်ပြီးတာပဲ ... လူကို ကြည့်စရာမှ မလိုတာ ... တစ်စက္ကန့်လောက် သတိလစ်သွားရင်တောင် ပြဿနာဖြစ်နိုင်တယ် ... ပြီးတော့ မင်းက စပိတင်ချင်သေးတယ် "

"လမ်းရှင်းမှ တင်တာပါဗျ"

"အဲဒါ ခက်တာပေါ့ ... ကားရှင်းတယ်ဆိုပြီး စွတ်တင်ရော ... ရုတ်တရက် ပြဿနာဖြစ်တော့ ရှောင်ဖို့တိမ်းဖို့ မမီတော့ဘူး ... ပြီးတော့မင်းက ကပ်ရှောင် ကပ်ကျော်လုပ်တတ်သေးတယ် ... ဟိုတစ်ခါလည်း ကားတစ်စင်းကို နောက်ကဝင်အောင်းမိလို့ ေလျာ်လိုက်ရသေးတယ် မဟုတ်လား ..."

"နောက်မီးခွက်ကွဲပြီး ဘန်ပါလေး နည်းနည်းထိသွားရုံလောက်ပါဗျာ ..."

"ဘာပဲဖြစ်ဖြစ်ကွာ ... မင်းကားမောင်းပုံကို ငါ သဘောမကျဘူး ... ဒရိုင်ဘာတစ်ယောက်ငှားထားသင့်တယ်"

"ဟာ ... အမိပ္ပာယ်မရှိတာ ... အစ်မတောင် သူ့ဘာသာပဲ မောင်းနေတဲ့ဟာ .."

"မငယ်က သတိနဲ့ ဖြည်းဖြည်းလေးမောင်းတာကွ ... မင်းလို အဝင်အထွက်ရဲတင်းလွန်းတာ မဟုတ်ဘူး ... ငါ့သဘောပြောရရင်တော့ တင်မေထွန်းကို ကားမောင်းသင်ပေးပြီး မောင်းခိုင်းရင်တောင် မင်းထက် ပိုစိတ်ချရဦးမယ်.."

ကျွန်တော်က ရယ်လိုက်ပြီး

"ဒီမှာဗျ ... ကားမောင်းရင်းစကားပြောတာမကောင်းသလို ဘေးမှာထိုင်တဲ့လူက လေကြောရှည်နေရင်လည်း အာရုံနောက်တာပဲ"

"အေး ... ဟုတ်တယ် ... မပြောတော့ဘူး ... လမ်းဆုံလည်းရောက်ပြီ ... ရှေ့နားမှာရပ်လိုက်တော့"

ကျွန်တော်တို့အိမ်ပြန်ရောက်သောအခါ သားကအိပ်ပျော်နေပြီ။ သားကို အိပ်ရာပေါ်တင်ပေးရင်းက တင်မေထွန်းမှာ ပြုံးစေ့စေ့ဖြစ်နေ၏။ "ဘာပြုံးတာလဲ" ဟု ကျွန်တော်ကမေးတော့ ...

"မမြစိန်ကို အားနာဖို့ကောင်းလိုက်တာ ..."

"ဘာဖြစ်လို့လဲ ..."

သူက မဖြေသေးဘဲ ရယ်နေသည်။

"ဘာရယ်တာလဲ ..."

ထပ်မေးမှ ...

"ကားပေါ်မှာတုန်းကလေ ... သားက မမြစိန်ပေါင်ပေါ်မှာ ထိုင်နေရင်းနဲ့ နို့ဆာလို့ထင်ပါရဲ့ ... မမြစိန်ရဲ့ အင်္ကျီကို သွားလှန်တာ၊ ဒါကြောင့် အပျိုကြီးလန့်ပြီးအော်တာပေါ့ ..."

"သားကတော့ကွာ ... လူရှုပ်ကလေးပဲ" ဟု ပြောပြီး ကျွန်တော်ရယ်လိုက်သည်။

-----♥♥-----

လူ့ဘဝဆိုတာ ပျော်စရာ၊ စိတ်ချမ်းသာစရာတွေချည်း စီထည့်ထားတဲ့ ဖိုင်တွဲကြီးတစ်ခုမဟုတ်ဘူးဟု ဆိုကြသည်။ ဂရပ်မျဉ်းတစ်ခုလို အနိမ့်အမြင့် အတက်အကျတွေရှိရမယ်လို့လည်း ကြားဖူးသည်။ ဒီအတိုင်းဆိုလျှင် ကျွန်တော့်ဘဝသည် မစစ်မှန်သေး၊ မပြည့်စုံသေးဟု ဆိုရပေတော့မည်။

တကယ်တော့ ကျွန်တော်သည် မမွေးခင်ကတည်းက ကံကောင်းသည်ဟု လူကြီးတွေက ပြောကြသည်။ ကျွန်တော့်ကို ကိုယ်ဝန်ဆောင်ထားချိန်မှာ အမေသည် ဘာဝေဒနာမှ မခံစားရ။ ကိုယ်ဝန်ဆောင်တွေ ဖြစ်လေ့ရှိသော သရိုးသရီလေးတောင်မဖြစ်။ (ပျို့တာအန်တာတောင် အမေကမဖြစ်ဘဲ အဖေကသာ ထူးထူးဆန်းဆန်း ဖြစ်ခဲ့ရသည်။)

မွေးရတာလည်း အရမ်းလွယ်သည်။ ဗိုက်တောင် သိပ်မနာလိုက်ဘူးဟု အဆိုရှိ၏။ ကျွန်တော့်ကိုမွေးပြီးနောက်မှာ စီးပွားရေးလည်း အရမ်းတက်သတဲ့။ ကျွန်တော်သည် ငယ်ငယ်ကတည်းက ကျန်းမာရေးကောင်းသည်။ ဖျားတာနာတာမျိုး ဖြစ်ခဲသည်။ စာသိပ်တော်တာ မဟုတ်ပေမဲ့ အဆင့်တစ်ဆယ်အတွင်းမှာတော့ အမြဲဝင်သည်။ ဆယ်တန်းကို သက်တောင့်သက်သာနဲ့ပဲ နှစ်ချင်းပေါက်အောင်သည်။ တက္ကသိုလ်ကျောင်းသားဘဝကိုလည်း လွတ်လပ်ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ရသည်။

ထို့နောက် တင်မေထွန်းနှင့် အမှတ်မထင်ဆုံမိသည်။ ရွှေစက်တော်က ပြန်လာပြီး အချိန်အတော်ကြာအောင် သူ့ကို တွေ့ခွင့်မရခြင်းသည်သာ ကျွန်တော့်ဘဝမှာ အဆိုးဆုံးဒုက္ခကြီးတစ်ခုဟု ရမယ်ရှာနိုင်သည်။ နောက်တော့လည်း လက်ထပ်ခွင့်ရခဲ့တာပါပဲ။

အိမ်ထောင်ရေးက အဆင်ပြေလှသည်။ ကြိုတင်စိတ်ကူးယဉ်ခဲ့တာထက်တောင် ပိုပြီးအဆင်ပြေနေသေးသည်။ တချို့ကိစ္စတွေဆိုလျှင် အရင်က စဉ်းတောင်မစဉ်းစားခဲ့ ...။ တကယ်လက်တွေ့ကြုံတော့မှ တော်တော်ပျော်စရာကောင်းပါလားဟု သိရ၏။ အိမ်ထောင်ရှင် မိန်းကလေးတွေ ကြုံရသောကိစ္စတစ်ခုရှိသည်။ ယောက္ခမနဲ့မတည့်တာ၊ ယောက်မနဲ့အဆင်မပြေတာ၊ လင်ညီအစ်မချင်း မသင့်မြတ်တာမျိုးတွေဖြစ်၏။ တင်မေထွန်းကျတော့ တစ်မျိုး။ ယောက္ခမက အရေးပေးတာခံရသည်။ ယောက်မနှင့်အဆင်ပြေသည်။ ဘာသိဘာသာ ခပ်ကင်းကင်းနေတတ်သော အစ်ကို့မိန်းမကတောင် တင်မေထွန်းနဲ့ကျတော့ လိုက်လိုက်လျောလျော ဖော်ဖော်ရွေရွေဖြစ်နေပြန်၏။ သူ့ပါရမီ ထူးတာပဲထင်သည်။

သိကြတဲ့အတိုင်းပဲ။ သားကလေးတစ်ယောက်ရသည်။ ကျန်းကျန်းမာမာ၊ ချစ်စရာလေး၊ အဘိုးအဘွားတွေရဲ့အသည်းကျော်။ မိန်းမက ဟင်းချက်ကောင်းသည်။ အိမ်ထောင်ထိန်းသိမ်းမှု၊ လင်သားကို ဂရုစိုက်မှုမှာ သင်တန်းဖွင့်စားလျှင် အကြီးအကျယ် အောင်မြင်နိုင်လောက်သည်။

အလုပ်ထဲမှာကျတော့ကော။ ဆရာကောင်းနှင့် တွေ့ရသည်။(ကိုအောင်မြိုင်) လုပ်ဖော်ကိုင်ဖက်ဖြစ်သော မမြစိန်မှာ တော်ရုံလူနဲ့ မတည့်လောက်အောင် ဇီဇာကြောင်တတ်သော်လည်း ... ကျွန်တော့်အပေါ်မှာတော့ တော်တော်သဘောကောင်းသည်။ စက်ရုံအလုပ်သမားတွေကလည်း ကျွန်တော့်ကို ချစ်ခင်လေးစားကြသည်။

အစဉ်အလာတိုင်းဆိုရင်တော့ ဒီလောက်သာယာဖြောင့်ဖြူးသော ဘဝမျိုးသည် ယုတ္တိမရှိဟု ဆိုရပေလိမ့်မည်။ သရုပ်မှန်တဲ့ဘဝမျိုး ဖြစ်သွားအောင် ပြဿနာတစ်ခုခုကို ကိုယ့်ဟာကိုယ် တမင်ဖန်တီးရမလိုဖြစ်နေပြီ။

-----♥♥-----

ဒါပဲလေ။ ကံကြမ္မာကို ဒီလိုစမ်းလို့ဘယ်ရမလဲဆိုတာ ဒါမျိုးဖြစ်မှာပေါ့။

ကျွန်တော်သည် ကားမောင်းရင်း စကားပြောနေမိသည်။ ကားပေါ်မှာ လူတစ်ယောက်ပါလာသောကြောင့်တော့မဟုတ်။ လက်ကိုင်ဖုန်းပြောနေတာ ... ရုံးခန်းမှ ကိုအောင်မြိုင် လှမ်းဆက်ခြင်းဖြစ်၏။ ကျွန်တော့်ကားရှေ့မှာ အုတ်သဲကျောက်သယ်သော ကားကြီးတစ်စင်းရှိနေသည်။ ဒီကားမျိုးတွေက နည်းနည်းရမ်းချင်သည်။ သတိထားမှ။ ဖုန်းပြောပြီးရင်တော့ ကျော်တက်လိုက်မယ်ဟု စိတ်ကူးထားနှင့်သည်။ ကိုအောင်မြိုင်က ကားသံတွေ ကြားသွားဟန်တူသည်။

"မောင်မိုး ... မင်းကားမောင်းနေသလား "

"ဟုတ်တယ်"

"လုပ်ပြန်ပြီကွာ ... လမ်းဘေးမှာ ကားရပ်ပြီးမှ ဆက်ပြောမယ်၊ ငါဖုန်းကိုင်ထားပြီးစောင့်နေမယ်"

"ရပ်လို့မရဘူး ... ဖြူနီကျားကြီး ..."

"ဒါဆိုရင်လည်း ကားရပ်လို့ရတဲ့နေရာကျမှ ပြန်ဆက်တော့"

"ရပါတယ်ဗျ ... ဟယ်လို ... ဟယ်လို"

ကိုအောင်မြိုင် ဖုန်းချသွားသည်။ တယ်လီဖုန်းဆီ စိတ်ကရောက်နေသဖြင့် တစ်ချက်ကလေး သတိလစ်သွားသည်။ ထိုအခိုက်မှာပင် ရှေ့မှကားကြီးက ဘရိတ်ကို ရုတ်တရက် ဆောင့်နင်းလိုက်သည်။ ကျွန်တော့်ကားက သူ့ကားနောက်မြီးဆီ ပြေးကပ်သွားသည်။ ဘရိတ်တစ်ချက်ဆတ်ပြီး ညာဘက်ကို ဆွဲကွေ့ချလိုက်ရသည်။ သီသီကလေး ကပ်လွတ်သွား၏။ ကျွန်တော့်ကားရှေ့ဘီးကတော့ ပလက်ဖောင်းပေါ်တင်သွားသည်။

အုတ်သဲကျောက်ကားကြီးက သူနဲ့မဆိုင်သလို ဆက်မောင်းထွက်သွားသည်။ လူတချို့ ဝိုင်းအုံကြည့်လာတာကို ဂရုမစိုက်တော့ပဲ ကားကိုနောက်ဆုတ်ပြီး ပလက်ဖောင်းပေါ်က ပြန်ဆင်းသည်။ ကားက ဘာမှမဖြစ်။ ထို့ကြောင့် ဆက်မောင်းလာခဲ့သည်။

ရှေ့လမ်းဆုံမီးပွိုင့်မှာ စောစောက ကားကြီးနှင့် ဘေးချင်းယှဉ်လျက်ရပ်မိသည်။ သူတို့ကားက ဘယ်မောင်း။ ထို့ကြောင့် မောင်းသူချင်းပါ ကပ်လျက်ဖြစ်နေ၏။ ကျွန်တော်မော့ကြည့်လိုက်သည်။ ကားကြီးဒရိုင်ဘာက ကွမ်းတမြုံ့မြုံ့ဝါးရင်း ကျွန်တော့်ကို မထီတရီပြုံးကြည့်နေသည်။ "ဘယ့်နှယ်လဲ ... ငါပညာပေးလိုက်တာ မှတ်ပြီလား" ဆိုသော ပုံစံမျိုး။ ကျွန်တော်ကသူ့ကို ဘာမှလုပ်ခဲ့တာလည်း မဟုတ်ပဲနဲ့။ စိတ်က ထောင်းခနဲဖြစ်သွားပြီးမှ ပြန်ထိန်းလိုက်သည်။ မီးစိမ်းတော့ သူတို့ကားက ညာဘက်ချိုးထွက်သွားသည်။ နောက်ဘက်က အုတ်ခဲတွေပေါ်မှာ ထိုင်လိုက်လာသူတွေက "ဟေး ... ဟေး" အော်ပြီး ကျွန်တော့်ကို လှောင်သွားသေးသည်။ ခရာသံလိုလိုကြားသဖြင့် စောင်းငဲ့ကြည့်လိုက်တော့ ယာဉ်ထိန်းရဲတစ်ယောက်က သူတို့ကားကို လှမ်းတားနေတာ မြင်လိုက်ရသည်။

အစကတော့ အမှတ်တမဲ့ပဲ။ သွေးပူနေလို့ သတိမပြုမိ။ တအောင့်ကြာမှ သိလာ၏။ ဂီယာထိုးလိုက်စဉ် လက်ကောက်ဝတ်က စူးခနဲ နာသွားသည်။ ပြီးတော့ တဆစ်ဆစ်ကိုက်လာ၏။ စောစောတုန်းက ညာလက်က ဖုန်းကိုင်ထားသဖြင့် ညာကို ဆွဲကွေ့ရာတွင် ဘယ်လက်တစ်ဖက်တည်း သုံးလိုက်ရသည်။

လက်ပြန်ကြီးဖြစ်နေတုန်း အနေအထားမှာ ပလက်ဖောင်းပေါ် ဆောင့်တက်တဲ့အရှိန်ကြောင့် စတီယာရင်နဲ့ ရိုက်မိသွားဟန်တူ၏။

ခဏအတွင်းမှာပင် လက်ကောက်ဝတ်နေရာက ယောင်ကိုင်းလာသည်။ စတီယာရင်ကို မြဲမြဲကိုင်လို့မရအောင် နာကျင်နေသည်။ ညာလက်တစ်ဘက်တည်းနဲ့ ထိန်းနေရ၏။ ဂီယာကို တတ်နိုင်သမျှ မချိန်းဘဲထားရသည်။ မထိုးမဖြစ်လို့ ဘယ်လက်ကို အသုံးပြုရတိုင်း အသည်းခိုက်အောင်နာသည်။

အရိုးများကျိုးသွားပြီလား မသိ။ ထို့ကြောင့် အနီးဆုံး အထူးကုဆေးခန်းဆီ မောင်းသွားလိုက်သည်။ အနာသက်သာစေသော ဆေးတစ်လုံးထိုးပေးသည်။ ဓာတ်မှန်ရိုက်သည်။ အဖြေကိုစောင့်နေတုန်း ကိုအောင်မြိုင်ဆီက ဖုန်းဆက်လာသည်။

"မောင်မိုး မင်းဘာဖြစ်လို့ ဖုန်းပြန်မဆက်တာလဲ ..."

ကျွန်တော်က အဖြစ်အပျက်ကို ပြောပြသည်။ သူက ...

"ငါ အခုလာခဲ့မယ် ... ဘယ်ဆေးခန်းမှာလဲ"

"မလာနဲ့တော့ ... ကားမောင်းမယ့်လူတစ်ယောက်သာလွှတ်ပေး ... ကားကိုဆေးခန်းမှာထားခဲ့မယ် ... ကောင်တာမှာ သော့ပေးခဲ့မယ် ... ကျွန်တော်ကတော့ ဒီကကိစ္စပြီးရင် တက္ကစီနဲ့ပြန်မယ် ... ကားကိုသာ အိမ်ကိုပို့ခိုင်းလိုက်"

ဓာတ်မှန်ထဲမှာ တွေ့ရှိချက်အရ အရိုးအက်သွားကြောင်းသိရ၏။ ကျောက်ပတ်တီးကဲ့သို့ အကျိုးအာနိသင်ရှိသော နောက်ဆုံးပေါ် ပတ်တီးပါးပါးလေးစည်းပေးသည်။ ပေါ့ပါးသည်။ လေဝင်လေထွက်ရှိသည်။ သက်တောင့်သက်သာနေနိုင်သည်။ ဈေးကတော့ကြီးသည်။

ဘာပဲဖြစ်ဖြစ် ခုလိုဒုက္ခတစ်ခုပေါ်ပေါက်လာတဲ့အတွက် ဘဝတော့ ပီသသွားပြီဟု ဆိုနိုင်လိမ့်မည်ထင်၏။

-----♥♥-----

တင်မေထွန်းလက်ထက်မှာတော့ ထိခိုက်ဒဏ်ရာရတာတောင်မှ ဖိမ်ကျကျပဲဟု ဆိုရမလိုဖြစ်နေ၏။ နဂိုကမှ ကျွန်တော့်အပေါ် လိုလေသေးမရှိအောင် ဂရုစိုက်ခဲ့တာ၊ ခုလိုဆိုတော့ ဘာပြောကောင်းမလဲ။

တကယ်တော့ ခုဟာက လက်တစ်ဖက်ထိခိုက်သွားခြင်းသာဖြစ်၏။ အစပိုင်းနာတာကိုက်တာကလွဲရင် ကျန်တာတွေက အကောင်းအတိုင်းပဲ။ သို့ရာတွင် သူကတော့ တကယ့်လူမမာကြီးတစ်ယောက်လို သဘောထားပြီး အစွမ်းကုန်ပြုစုနေတော့သည်။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း ... သူနဲ့ပတ်သက်လျှင် ခပ်သည်းသည်းမဟုတ်လား။ ဖြစ်တာက ဘယ်ဘကလက်၊ တတ်နိုင်သမျှ မလှုပ်ရှားပဲနေအောင် သိုင်းကြိုးပိတ်စနှင့် ထိန်းထားရုံသာဖြစ်၏။ ညာဘက်လက်က သန်သန်မာမာကြီး။ ဒီကြားထဲကပဲ ထမင်းခွံ့ကျွေးခိုင်းသေးတာ။

ရေချိုးတဲ့အခါကျတော့ ဘယ်ဘက်လက်ကို ရေမစိုအောင် မြှောက်ထားရသည်။ ဒါက အရေးမကြီး။ ချေးတွန်းတဲ့ အခါကျတော့ ပြဿနာတစ်ခုရှိသည်။ ညာလက်တစ်ဖက်တည်း သုံးရသဖြင့် ခန္ဓာကိုယ်၏ ဘယ်ဖက်ခြမ်းကိုသာ တွန်းနိုင်သည်။ ညာဘက်ခြမ်းကို တွန်းလို့မရ။ ဒီအတိုင်းဆိုလျှင် တစ်ဖက်က သန့်ရှင်းပြီး တစ်ဖက်က ညစ်ပတ်ရမလိုဖြစ်နေ၏။

ဒီနေရာမှာလည်း တင်မေထွန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာပြန်သည်။(အရေးမပါတာကော ရှိသေးလို့လား။) သူက ရော်ဘာရေမြှုပ်နဲ့ ညင်ညင်သာသာကလေး သန့်ရှင်းပေးတာ သိပ်ဖိမ်ကျသည်။ ဒီလိုမှန်းသိရင် စောစောကတည်းက ကိုယ့်လက်ကိုယ် ရိုက်ချိုးခဲ့ပါတယ်လို့တောင် တွေးမိ၏။ ထိုရက်များအတွင်း တစ်နေ့နှစ်ကြိမ် ရေချိုးဖြစ်ခဲ့လေသည်။

အိမ်မှာ နှစ်ပတ်လောက်နားနေခဲ့ပြီးနောက် အလုပ်ပြန်ဆင်းသည်။ တင်မေထွန်းက နားစေချင်သေးပုံရသော်လည်း ကန့်ကွက်တာတော့မရှိ။ ကိုအောင်မြိုင်ကတော့ သတင်းလာမေးရင်း ...

"အေးအေးဆေးဆေးသာ အချိန်ယူပြီး နားလိုက်ကွာ၊ အလုပ်ကိစ္စအတွက်တော့ စိတ်ချ ... ငါအားလုံး တာဝန်ယူတယ် ... တကယ်ဆိုရင် မင်းမလာတဲ့အတွက် မျက်စိနောက်တောင် သက်သာသေးတယ်"

ဟု နောက်ပြောင်နေသေးသည်။

မမြစိန်ကလည်း လူနာသတင်းမေးဖို့ရောက်လာသည်။ တင်မေထွန်းက သူ့ကို ပျူငှာစွာကြိုဆိုသည်။ မမြစိန်သည် ကျွန်တော့်အတွက် အလွန်စိုးရိမ်ပူပန်ရကြောင်းကို စကားအနေဖြင့်ရော အမူအရာနှင့်ပါ (လိုအပ်တာထက်ပိုပြီး) ပြသလေသည်။ မမြစိန်ပြန်ကာနီးမှာ တံခါးဝကို လိုက်ပို့ပေးဖို့ ကျွန်တော်ထရပ်လိုက်သည်။ ထိုင်နေတာကြာလို့ ခြေထောက်တစ်ဖက်ကထုံကျင်ပြီး ကောင်းကောင်းမရပ်နိုင်ပဲ ဖြစ်သွား၏။ ဘယ်ဖက်ကို ယိုင်သွားသည်။ ဖြစ်ချင်တော့ မမြစိန်ရပ်နေတဲ့ဖက် ဖြစ်နေသည်။ သူက ပိုပြီးတော့လည်းနီးသည်။

သူက "ဟယ်" ဆိုပြီး ကျွန်တော့်လက်မောင်းကို ဖမ်းကိုင်ထိန်းလိုက်သည်။ ယိုင်သွားသောအရှိန်ကြောင့် သူနှင့်ကျွန်တော် ပူးပူးကပ်ကပ် ဖြစ်သွားသေးသည်။ တင်မေထွန်းက နည်းနည်းလှမ်းနေသဖြင့် မဆိုစလောက် နောက်ကျသွား၏။ သူက ကျွန်တော့်ညာဖက်လက်မောင်းကို လာကိုင်ပြီး ထိန်းလိုက်မှ ဟန်ချက်ပြန်မှန်သွားသည်။

ထိုအခိုက် မမြစိန်က တင်မေထွန်းကို တစ်ချက်ဖျတ်ခနဲ ကြည့်လိုက်တာ သတိပြုမိ၏။ မမြစိန်မျက်နှာထားက တစ်မျိုးပဲ။ တင်မေထွန်းကတော့ ဘာမှထူးခြားပုံမပြပဲ ...

"ကိုမိုးက အဲဒီအတိုင်းပဲ ... ဟိုတစ်နေ့ကလည်း သားကိုချီပြီး သွားနေတုန်း ခလုတ်တိုက်သေးတယ် ... ကံကောင်းလို့ သားအဖနှစ်ယောက်စလုံး ချော်မလဲတာ ... အခုလည်း မမ လှမ်းထိန်းလိုက်လို့ တော်သေးတာပေ့ါ "

ဟု ပုံမှန်လေသံဖြင့် အေးအေးဆေးဆေးပြောသည်။

ရုံးခန်းမှာတော့ မမြစိန်က ကျွန်တော့်ကို အစွမ်းကုန်ဂရုစိုက်ဖို့ ကြိုးစားလေသည်။ ကျွန်တော်စားဖို့ဆိုပြီး ပူတင်းဖုတ်လာသည်။ သူ့ဟာက ချိုလွန်းသည်။ ကြက်ဥနဲ့နွားနို့ညှီနံ့ကိုလည်း မသတ်နိုင်။ တင်မေထွန်းရဲ့

ပူတင်းကတော့ ကျွန်တော့်အကြိုက် စိမ့်စိမ့်ကလေး အနံ့ကလည်း သင်းသင်းကလေး။ ညှီနံ့ပျောက်အောင် ဇာတိပ္ဖိုလ်သီးကို နည်းနည်းလေး သွေးထည့်ပေးရတယ်တဲ့။

ကျွန်တော်က အားနာပါးနာ တစ်ဇွန်းနှစ်ဇွန်းစားပြီး ကိုအောင်မြိုင်က အကုန်ဝိုက်ပစ်တာတွေ့တော့ မမြစိန်က မကျေနပ်။

"တကတည်း လူမမာက တစ်လုပ်တစ်ဆုပ်၊ လူနာစောင့်ကချည်း အကုန်အုပ်ပစ်တယ်ဆိုတာလိုပဲ ..."

ကိုအောင်မြိုင်က ...

"ခင်ဗျား ... မကျေနပ်ရင်လည်း ကျွန်တော့်လက်ကို ကိုယ့်ဘာသာ ပြန်ရိုက်ချိုးပေးပ့ါမယ် .."

ဟု ပြောသောအခါ ...

"ရှင့်ဆိုရင်တော့ ဇက်ကျိုးသွားရင်တောင် မသဒ္ဒါဘူး"

သူတို့နှစ်ယောက်၏ ထေ့လုံးငေါ့လုံးကလေးတွေကြောင့် အလုပ်ခွင်ထဲမှာ အပျင်းပြေရပြန်သည်။

မမြစိန်ကလည်း နည်းနည်းတော့ပိုသည်။ ကျွန်တော်ရေချွေးကြမ်းသောက်ဖို့ ဓာတ်ဘူးဆီ လက်လှမ်းလိုက်တာနဲ့ 'နေ ... နေ ... တို့ ငှဲ့ပေးမယ်' ဆိုပြီး ပြေးလာတတ်သည်။ တကယ်ဆို ... ကျွန်တော့်ညာဘက်လက်က အကောင်းကြီး။ ဓာတ်ဘူးကလည်း အဖုံးလှည့်ဖွင့်စရာမလို။ ခလုတ်ကလေးနှိပ်ပြီး ငှဲ့ထည့်လိုက်ရုံပဲ။

ထမင်းစားတဲ့အခါမှာတော့ ဟင်းခွေးရုံ၊ ထမင်းပွဲပြင်ရုံမျှသာ လုပ်ပေးနိုင်သည်။ သူလုပ်ပေးချင်နေသော ကိစ္စတွေကို တင်မေထွန်းက ကြိုတင်ဆောင်ရွက်ပေးထားခဲ့ပြီးဖြစ်၏။ မမြစိန်သည် ကျွန်တော်ထမင်းစားရာမှာ အရိုးထွင်ပေးတာတို့ ဘာတို့ လုပ်ပေးခွင့်မရ။ တင်မေထွန်းက ကြက်သားဆိုလျှင် အသားကလေးတွေချည်း နွှင်ထည့်ပေးလိုက်သည်။ ဝက်သားဆို တစ်လုပ်စာ အနေတော်အတုံးကလေးတွေ၊ ဆိတ်သားကျတော့ စင်းကော ငါးဆိုလျှင်လည်း ငါးဆုပ် စသည်ဖြင့်။ ကိုအောင်မြိုင်က ...

"မိန်းမက ကိုယ့်ကို တကယ်ချစ်မချစ်ဆိုတာ လက်ကျိုးတော့မှ သိတာကွ"

ဟု သူ့ထုံးစံအတိုင်း ခွကျကျ သီအိုရီတစ်ခုကို ထုတ်လေသည်။ တစ်လလောက်အကြာမှာတော့ ကျွန်တော့်လက်က ပြန်ကောင်းလာသည်။ သို့ရာတွင် အကင်းမသေသေး။ ဖြစ်နိုင်လျှင် ဘယ်ဘက်လက်ကို အနည်းဆုံး ခြောက်လလောက်အထိ အနားပေးထားသင့်သည်။ အလေးအပင် မ,မနဲ့၊ ဘယ်လက်ကိုအားပြုပြီး ဆွဲတာ၊ တွန်းတာ၊ ခိုတာ မလုပ်ပါနဲ့။ တတ်နိုင်သမျှညှာပါဟု ဆရာဝန်ကမှာသည်။

ကျွန်တော့်အတွက် လက်တစ်ဖက်ကို အနားပေးထားရတာ သိပ်တော့ ပြဿနာမရှိလှ။ အင်နဲ့အားနဲ့ ပြင်းပြင်းထန်ထန် လုပ်ရတာမျိုးလည်းမရှိ။ ကားမောင်းတဲ့ကိစ္စတစ်ခုပဲ။ ကျွန်တော် အလုပ်ပြန်ဆင်းကာစတုန်းက အစ်ကိုက မနက်ဝင်ခေါ်၊ ညနေပြန်ပို့ပေးသဖြင့် အဆင်ပြေသည်။ တစ်ခုရှိတာက အစ်ကိုသည် အလုပ်နှင့်ပတ်သက်လျှင် ဝီရိယအလွန်ကောင်းသည်။ စက်ရုံသို့ မနက်အစောကြီးသွားတတ်သည်။ ဒီတော့ ကျွန်တော်လည်း အစောကြီးထပြီး ပြင်ဆင်ရတော့သည်။ ညနေအပြန်ကျတော့လည်း နောက်ကျသေးသည်။ ကားပေါ်မှာ သူ့ဩဝါဒတွေ နာယူရသေးသည်။

ကိုယ့်ကားနဲ့ကိုယ်သွားရတာလို လွတ်လပ်မှုမရှိ။ ကိုယ့်ဟာကိုယ်ဆိုလျှင် ရုံးသွားသလို မနက်ကိုးနာရီမှ အိမ်ကထွက်ချင်လည်းရသည်။ ညနေအပြန်မှာ သူငယ်ချင်းတစ်ယောက်ယောက်ဆီ ဝင်စကားပြောလို့ရသည်။ လက်ဖက်ရည်ဆိုင်ဝင်ထိုင်လို့ရသည်။ ကိုအောင်မြိုင်ကို ယမကာဆိုင်ခေါ်သွားပြီး (သူမူးလျှင် ပေါ်ထွက်လာတတ်သော) အတွေးအမြင် ဆန်းဆန်းပြားပြားတွေကို နားထောင်လို့ရသည်။

ထို့ကြောင့် ပတ်တီးလွတ်သွားသောအခါ ကားကိုစမ်းမောင်းကြည့်သည်။ အဆင်ပြေသည်။ သို့ရာတွင် သုံးရက်လောက်အကြာမှာတော့ ပြန်ရောင်ပြီးနာလာသည်။ ဆရာဝန်သွားပြတော့...

"သိပ်အတင့်မရဲနဲ့နော် ... ဒါမျိုးက အခန့်မသင့်ရင် အရိုးကျီးပေါင်းတက်သလိုမျိုး ဖြစ်သွားတတ်တယ် ... အဲဒါဆို လက်ကောက်ဝတ်က ခိုင်သွားပြီး ကွေးလို့ဆန့်လို့မရတော့ဘူး၊ လက်ချောင်းကလေးတွေပါ မသန်တော့ပဲ ဖြစ်သွားလိမ့်မယ် ... အသက်ကြီးလာတော့မှ ဒဏ်ဖြစ်ခဲ့တာ ပြန်ပေါ်ပြီး အေးတဲ့ရာသီမှာ အရိုးထဲက ကိုက်တာခဲတာ ဖြစ်လာတတ်တယ်"

"ပါဝါစတီယာရင်ကတော့ ပေ့ါပေ့ါလေးပါ"

"ဒါပေမဲ့ ကားမောင်းတယ်ဆိုတာ လက်က အမြဲလှုပ်ရှားနေရတာဗျ ... လက်ကောက်ဝတ်ကို နဲ့သလိုဖြစ်နေတယ် ... အချိန်တော်တော်ကြာတဲ့အထိ နားထားလိုက်ပါဗျာ ..."

"သွားရေးလာရေးက ရှိသေးတာကိုး ဆရာရဲ့"

"ခင်ဗျားတတ်နိုင်သားပဲဗျာ ... ဒရိုင်ဘာငှားလိုက်ပေ့ါ"

ဆရာဝန်၏စကားကြောင့် ကိုအောင်မြိုင် အကွက်ရသွားသည်။

"မင်းကို ... ငါ ဟိုအရင်တည်းကပြောတယ် ... အဲဒီတုန်းက ဒရိုင်ဘာငှားခဲ့ရင် ခုလိုတောင်ဖြစ်မှာ မဟုတ်ဘူး"

"ကျွန်တော့်လခနဲ့ ဒရိုင်ဘာငှားနိုင်မလားဗျ"

"စက်ရုံစရိတ်နဲ့ငှားပေးမှာပေ့ါကွ ... အလုပ်ကိစ္စနဲ့သွားတုန်း ဖြစ်ရတာပဲ .. စက်ရုံကတာဝန်ယူရမှာပေ့ါ ... ပြီးတော့ လခလည်း သိပ်အများကြီး ပေးစရာမလိုပါဘူး"

"အစ်ကိုကြီးပြောပုံကြည့်ရတာ ဒရိုင်ဘာတစ်ယောက်တောင် တွေ့ထားပြီးပြီထင်တယ်"

"အေးကွ ... ငါတို့နေတဲ့ အိမ်ရာနားက ဘုန်းကြီးကျောင်းမှာနေတဲ့ လူတစ်ယောက်ရှိတယ် ... အလုပ်ရှိရင်ပြောပါလို့ ငါ့ကိုမှာထားတာ"

"စိတ်ချရရဲ့လား"

"ဒရိုင်ဘာတစ်ယောက်မှာ ရှိသင့်တဲ့ အရေးကြီးဆုံး အရည်အချင်းနဲ့ ပြည့်စုံတယ်ဆိုတာ ငါ အာမခံတယ်..."

"ဘာအရည်အချင်းလဲ..."

"စကားနည်းတဲ့ အရည်အချင်းပဲ ... ဒရိုင်ဘာတစ်ယောက်ဟာ စကားနည်းလေ စိတ်ချရလေပဲဆိုတာ မင်းရဲ့လက်က သက်သေခံနေတယ်လေကွာ"

သူက ဒရိုင်ဘာငှားဖို့ကိစ္စကို အဖေ့ဆီတင်ပြသည်။ တင်မေထွန်းကလည်း ထိုအစီအစဉ်ကို ထောက်ခံပြီး အမေ့ထံတင်ပြသည်။ ကျွန်တော် ကားမမောင်းနိုင်သဖြင့် အလုပ်နားရက် တနင်္ဂနွေမှာ အမေတို့အိမ်သို့ ခါတိုင်းလိုသွားဖို့ အခက်အခဲရှိလာသည်။ အစ်မအားလို့ လာခေါ်မှ သွားနိုင်သည်။ ညနေကျတော့လည်း စောစောပြန်ရသည်။ ကျွန်တော်တို့အိမ်ဘက်က နည်းနည်းခေါင်သဖြင့် ညဘက်မှာ အစ်မတစ်ယောက်တည်း ကားမောင်းပြန်ရမှာ စိတ်မချသောကြောင့်ဖြစ်၏။ ဒီတော့ အမေ့မှာ သူ့မြေးနဲ့ အားရအောင်မတွေ့ရ။ ထိုအကြောင်းတစ်ခုတည်းနဲ့ပဲ ဒရိုင်ဘာငှားဖို့ကိစ္စကို အတည်ပြုရန် အမေက အဖေ့ကို တိုက်တွန်းလိုက်ခြင်းဖြစ်လေ၏။

-----♥♥-----

အိပ်ရာကနိုးလို့ မျက်နှာသစ်ပြီးသောအခါ ကိုအောင်မြိုင်တို့ အိမ်ရှေ့မှာရောက်နေတယ်ဟု တင်မေထွန်းကပြောသည်။ မနက်စာကို ဧည့်ခန်းထဲပို့ခိုင်းလိုက်ဖို့နှင့် ကိုအောင်မြိုင်အတွက်ပါ လုပ်ပေးဖို့ပြောသည်။ သူက ပို့ထားပြီးပါပြီဟု ပြောသည်။

ဧည့်ခန်းထဲကို ထွက်လာတော့ ... ကိုအောင်မြိုင်နှင့်အတူ လူတစ်ယောက်ထိုင်နေတာ တွေ့ရသည်။ ကျွန်တော့်ကိုမြင်သောအခါ ထိုသူက ယောင်ပြီး မတ်တပ်ထရပ်မလို ဟန်ပြင်လိုက်သေးသည်။ ကိုအောင်မြိုင်က ပေါင်မုန့်ကြက်ဥကြော်ကို ဝါးနေသည်။ ဟိုလူရှေ့မှ ပန်းကန်ကတော့ အရာမယွင်းသေး။

"အစ်ကိုကြီးတော့ ကော်ဖီကို ကျိတ်မှိတ်မျိုချနေရတော့မှာပဲ"

ကိုအောင်မြိုင်က ကော်ဖီထက်လက်ဖက်ရည်ကို ပိုကြိုက်သည်။ အထူးသဖြင့် မနက်ပိုင်းဆိုလျှင် လက်ဖက်ရည်ကျကျတစ်ခွက်သောက်လိုက်ရမှ နေသာထိုင်သာရှိကြောင်း သိထားသဖြင့် မေးလိုက်ခြင်းဖြစ်၏။ ကျွန်တော်တို့အိမ်မှာ မနက်ပိုင်းဆို ကော်ဖီဖျော်လေ့ရှိသည်။

"ဘယ်ဟုတ်မလဲ... ငါ့နမက သိပ်အလိုက်သိတာ ... ငါတို့ကို တီးမစ်ဖျော်တိုက်တယ်လေ"

"ကျွန်တော်က အစ်ကိုကြီး လက်ဖက်ရည်ကြိုက်တတ်ကြောင်း ပြောခဲ့ဖူးတာကိုး ... သူက မှတ်ဉာဏ်သိပ်ကောင်းတာဗျ"

ဟု ကြုံတုန်းကြွားလိုက်ရသေးသည်။

"ငါပြောတာ သူပဲကွ ..."

ကိုအောင်မြိုင်က အရုပ်တစ်ရုပ်လို ငြိမ်ပြီးထိုင်နေသော သူ့ကို ညွှန်ပြပြီး ပြောလိုက်သည်။ သူ့ကို တစ်ချက် အကဲခတ်ကြည့်လိုက်၏။ အသက်လေးဆယ်ကျော်လောက်ရှိမည်။ လူပုံကိုကြည့်ရုံနဲ့ ရိုးသားသူဖြစ်ကြောင်းသိသာသည်။ ရိုးရုံမက နည်းနည်းတုံးပုံရကြောင်းကိုလည်း တွေ့နိုင်သည်။ တကယ်တော့ ... လူကိုမမြင်ဖူးသေးပဲ နာမည်ကြားရုံနဲ့တင် ခန့်မှန်းကြည့်လို့ရနိုင်လေသည်။

"သူ့နာမည်က ကိုသာမန်တဲ့ ..."

ကိုအောင်မြိုင်က မိတ်ဆက်ပေးသည်။ ကျွန်တော်က ..

"အစ်ကိုကြီးခေါ်လာတာဆိုတော့ စိတ်ချပြီးသားပါ ... ဒီနေ့ပဲ အလုပ်စ,ဝင်လိုက်ပေါ့ ... ကားလည်း စမ်းမောင်းကြည့်လို့ရတာပေါ့၊ ဒါနဲ့ ကိုသာမန်က ကျွန်တော့်ကားမျိုး မောင်းဖူးသလား ..."

"ဆလွန်းကားတော့ မမောင်းဖူးပါဘူး ... ဟိုင်းလပ်ပဲ မောင်းဖူးပါတယ်ဆရာ ..."

ဒီလူ လိမ်လည်း မလိမ်တတ်ဘူးဆိုတာ ထပ်သိရပြန်သည်။ ကိုအောင်မြိုင် လူရွေးမမှားဘူးဟု ဆိုရမည်။

"ပြဿနာမရှိနိုင်ပါဘူး ... ဟိုင်းလပ်တောင် မောင်းခဲ့သေးတာပဲ၊ ဒီကားလေးတွေက မောင်းရတာ ပိုလွယ်ပါတယ်"

လောလောဆယ် သိသင့်သိထိုက်သော ကားထဲက ခလုတ်တစ်ချို့ကို ပြပေးပြီးနောက် စက်ရုံသို့မောင်းခိုင်းလိုက်သည်။ သူ ကားမောင်းကျွမ်းကျင်တာကတော့ အမှန်ပဲ။ ညင်လည်း ညင်သာသည်။ အရင်က ဒီကားမျိုးမမောင်းဖူးလို့ အမှားအယွင်းရှိမှာစိုးတာလား၊ ကျွန်တော်က စိတ်တိုင်းမကျလို့ အလုပ်မခန့်ပဲ နေမှာစိုးလို့လားတော့မသိ။ သတိကြီးစွာထားပြီးမောင်းနေသည်။ ပြီးတော့ ... ကျွန်တော့်စံချိန်နှင့်ယှဉ်လျှင် သူမောင်းတာ တော်တော်နှေးသည်။

"စပိတင်ပြီး ရဲရဲသာမောင်းပါဗျ "

ဟု ကျွန်တော်က ပြောသောအခါ ကိုအောင်မြိုင်ကတားသည်။

"မလုပ်နဲ့ မလုပ်နဲ့ ... ကားဖြည်းဖြည်းမောင်းတတ်တဲ့လူကို တမင်ရှာထားရတာ၊ မင်း မဖျက်ဆီးနဲ့"

"ဟာဗျာ၊ ဒီလောက်နှေးတော့လည်း ပျင်းတောင်ပျင်းလာပြီ"

"ပျင်းရင်လည်း အိပ်ပြီးလိုက်လာခဲ့၊ တင်မေမက ကားမောင်းကြမ်းတဲ့လူကို မခန့်ပါနဲ့လို့ မှာထားတယ်ကွ"

သူပြောလိုက်မှပင် ကားက ပိုနှေးသွားသလားထင်ရ၏။ ဒီလူ့ကို မခံချင်အောင်ပြောမှပဲ တွေးပြီး ...

"ဘယ်လိုလဲဗျ ... ကိုသာမန်က ကားမောင်းသိပ်မကျွမ်းကျင်လို့ မြန်မြန်မမောင်းရဲတာလား ..."

ဟု ဆွပေးသော်လည်း ...

"ဟုတ်ကဲ့ ... အဲဒါကြောင့်လည်း ပါပါတယ် ..."

ကိုသာမန်က ပြန်ပြောသည်။ ကိုအောင်မြိုင်က ခပ်သဲ့သဲ့ရယ်သည်။ မတတ်သာသဖြင့် ဘာမှ စောဒက မတက်တော့ပဲ ပုခုံးကိုသာ တွန့်ပြလိုက်ရ၏။ ကိုအောင်မြိုင်ကပဲ ဘယ်ချိုးညာကွေ့ပြောရင်း လမ်းညွှန်နေသည်။

စက်ရုံဝင်းထဲမှာ ကားရပ်လိုက်ပြီးသောအခါ ကိုသာမန်သည် ကားပေါ်မှ အမြန်ဆင်းပြီး ကားခေါင်းဘက်ကနေကွေ့၍ ကျွန်တော့်ဘက်ခြမ်းကို အပြေးတစ်ပိုင်းလာသည်။ သူရောက်လာတဲ့အချိန်မှာ ကျွန်တော်က တံခါးကိုဖွင့်ကားပေါ်က ဆင်းပြီးနေပြီ။ သူ့အနေဖြင့် ကားတံခါးပြန်ပိတ်ပေးဖို့သာ မီတော့သည်။

"ကျွန်တော်နောက်တစ်ခါ နောက်မကျအောင် ကြိုးစားပါ့မယ်"

သူက ကားတံခါးဖွင့်ပေးဖို့ကိစ္စပြောခြင်းဖြစ်သော်လည်း ကျွန်တော်က နောက်ချင်လာသဖြင့် ...

"ဟာ ... နောက်မကျပါဘူး၊ မနက်ကဆို စောနေလို့ ကျွန်တော်အိပ်ရာကနိုးအောင် စောင့်နေရသေးတယ် မဟုတ်လား ... ရှစ်နာရီခွဲလောက်ရောက်ရင်ရပါပြီ ..."

ဟု ပြောလိုက်သည်။ သူ အူကြောင်ကြောင်ဖြစ်သွားပြီး ...

"ဟိုဟာပါဆရာ ... ဟုတ်ကဲ့ .."

ဆိုပြီးမှ ကျွန်တော့်လက်ထဲက ထမင်းချိုင့်ထည့်လာသော ခြင်းကလေးကိုမြင်ပြီး သယ်ပေးဖို့ လက်လှမ်းသည်။ ကျွန်တော်က ...

"ရပါတယ် ... ပေါ့ပေါ့လေးပါ.."

ပြောရင်းထွက်လာခဲ့သည်။ သူလည်း မလှမ်းမကမ်းကနေ ခပ်ရို့ရို့လေးလိုက်လာသည်။ လက်ထဲမှာ ဘာမှ သယ်မလာရသဖြင့် ယောင်ချာချာ ဖြစ်နေဟန်တူသည်။ ကိုအောင်မြိုင်၏ လက်ဆွဲအိတ်ကို သွားယူဖို့ ကြံစည်ပြန်သည်။ ကိုအောင်မြိုင်က "နေပါစေဗျာ" ဟု ပြောပြီး ကျွန်တော့်ဘေးကို မီအောင်လျှောက်လာသည်။ ခပ်တိုးတိုးလေသံဖြင့် ...

"သူက မင်းကို ဗီဒီယိုဇာတ်ကားထဲက သူဌေးလိုမျိုးထင်နေတာကွ"

ဟု ပြောသည်။

-----♥♥-----

ကျွန်တော်သည် အလွန်တက်ကြွနေသည်။ ကျွန်တော်တို့၏ စက်ရုံမှ နောက်ထပ်ထုတ်လုပ်မည့် ကုန်ပစ္စည်းအမယ်သစ်အတွက် စိတ်ကူးရလာသောကြောင့်ဖြစ်၏။ သွားရင်းလာရင်းတွေ့လိုက်ရသော မြင်ကွင်းတစ်ခုက အိုင်ဒီယာတစ်ခုကို ဖြစ်ပေါ်လာစေသည်။

ခြောက်ထပ်တိုက်ပေါ်သို့ ဆက်တီကုလားထိုင်တွေ ထမ်းတင်နေတာ တွေ့ရသည်။ ထုကြီးထည်ကြီးနှင့်ပြုလုပ်ထားသော သစ်သားကုလားထိုင်ကြီးတွေ ဖြစ်သောကြောင့် တော်တော်လေးလိမ့်မည်။ အပေါ်ကပြန်ဆင်းလာသော အလုပ်သမားတစ်ယောက်မှာ အတော်ဟိုက်နေတာ တွေ့ရသဖြင့် အပေါ်ဆုံးထပ်အထိ တင်ရတာတောင်ဖြစ်နိုင်သည်။ လှေကားက ကျဉ်းကျဉ်းမတ်မတ်။ အတော်ပင်ပန်းရှာကြလိမ့်မည်။ အလုပ်သမား မငှားနိုင်လို့ ကိုယ်တိုင်ထမ်းတင်ရတဲ့လူဆိုလျှင်တော့ မစားသာဘူး။

ဒီအခိုက်မှာပဲ ပေါ့ပါးခိုင်ခံ့သော ဆက်တီကုလားထိုင်တွေ ထုတ်လုပ်ရလျှင် ကောင်းမည်ဟု အတွေးပေါက်လာခြင်းဖြစ်၏။ ဈေးကွက်ထဲမှာ ဆက်တီဆန်ဆန် နောက်မှီထိုင်ရသော ပလတ်စတစ်ကုလားထိုင်တွေက ပုံတုံးကြီးတွေ။ ခန့်ညားမှုလည်းမရှိ၊ အကြမ်းသုံးလောက်ပဲရသည်။ ကျွန်တော်က တကယ့်ဆက်တီကုလားထိုင်လို လှလည်းလှ ခန့်လည်းခန့် သွက်လည်းသွက်အောင်လုပ်ချင်တာ။ ပြီးတော့ အစိတ်အပိုင်းတွေကိုလည်း အလွယ်တကူ ဖြုတ်လို့ တပ်လို့ရအောင် ဆင်ချင်တာ။

ထိုစိတ်ကူးကိုတင်ပြတော့ အားလုံးက သဘောကျလက်ခံပြီး ဝိုင်းဝန်းဆွေးနွေးကြသည်။ အစ်ကိုပေးသော အကြံဉာဏ်ကလည်း ကျွန်တော့်အကြံအစည်ကို ပိုမိုပြည့်စုံစေသည်။ အစ်ကိုပြောတာက ကျွန်တော်တို့ပစ္စည်းကို သမားရိုးကျတွေနဲ့ ခြားနားသွားအောင်လုပ်ရမည်။

အခင်း၊ နောက်မှီနှင့် လက်တန်းနေရာမှာ ကြိတ်သားကိုသုံးမည်။ ဒါဆိုလျှင် ဆက်တီကုလားထိုင်နှင့်ပိုတူမည်။ ပိုပြီးတော့လည်း ခန့်ညားသွားမည်။ မဟော်ဂနီရောင်တစ်မျိုးတည်းထုတ်မည်။ နောက်ပိုင်းကျလျှင် ဗီရို၊ ကက်ဘိနက်၊ စာရေးစားပွဲ၊ ကွန်ပျူတာစားပွဲများထုတ်မည်။ လူလတ်တန်းစားများ၊ ကုမ္ပဏီရုံးခန်းများ၊ အထပ်မြင့်တိုက်ခန်းမှာ နေသူများ အကြိုက်တွေ့နိုင်သည်။

ဒီဇိုင်းအကြမ်းဆွဲရမည်။ ညှိနှိုင်းရွေးချယ်ကြမည်။ ပြီးမှ ပရိဘောဂ ပညာရှင်တစ်ယောက်ကို ပုံစံအချောထုတ်ခိုင်းမည်။ ထိုနေ့မှစ၍ ကျွန်တော်သည် ဘယ်နေရာရောက်ရောက် ဆက်တီကုလားထိုင်များကိုသာ လိုက်ကြည့်နေမိတော့သည်။

-----♥♥-----

ကိုသာမန်က မနက်ဆို အစောကြီးရောက်နေတတ်သည်။ ကားကို ဖုန်သုတ်ရေဆေးထားနှင့်သည်။ အရင်ကဆိုလျှင် ကျွန်တော့်ကားသည် ဖုန်အလိမ်းလိမ်းရှိတတ်၏။ အိမ်ဖော်မိန်းကလေးက ကြက်မွေးနှင့် ခါတတ်သော်လည်း သိပ်မစင်ကြယ်လှ။ ကိုသာမန်ရောက်လာပြီးမှ ကားက ပြောင်လက်တောက်ပနေသည်။

အလုပ်သွားဖို့ အိမ်ပြင်ထွက်လာသောအခါ ကိုသာမန်သည် ကားဘေးမှာ လက်နှစ်ဖက်ကိုယှက်၍ရပ်ရင်း အဆင်သင့်စောင့်နေတတ်သည်။ ကျွန်တော့်ကိုမြင်တာနဲ့ နောက်ခန်းတံခါးကို ပျာပျာသလဲ ဖွင့်ပေး၏။ ကျွန်တော်က နောက်ဘက်ခုံမှာ မထိုင်တတ်။ ကားကို ကိုယ်တိုင်မမောင်းရလျှင်တောင်မှ ဒရိုင်ဘာဘေးမှာထိုင်ရမှ ကျေနပ်အားရသလိုရှိ၏။ ထို့ကြောင့် သူဖွင့်ပေးထားသော နောက်ဘက်မှာမထိုင်ပဲ ရှေ့ခန်းတံခါးကိုသာ ကိုယ့်ဘာသာဖွင့်ပြီး ဝင်ထိုင်သည်။ သူ ကြောင်အ,အဖြစ်သွား၏။

နောက်တစ်နေ့ကျတော့ ရှေ့ခန်းတံခါးကို ဖွင့်ပေးသည်။

"လက်ထိထားတယ်ဆိုပေမဲ့ ဒုက္ခိတမဟုတ်သေးပါဘူးဗျာ ... ကားတံခါးတော့ ကိုယ့်ဘာသာဖွင့်နိုင်ပါတယ် "

ဟု ပြောသော်လည်းမရ။ စက်ရုံရောက်ပြီဆိုလျှင်လည်း ပြေးဆင်းလာပြီး တံခါးဖွင့်ပေးပြန်သည်။ ကျွန်တော်ကလည်း သူ မဖွင့်ခင် ကိုယ့်ဘာသာရအောင်ဆင်းသည်။ တစ်ခါတစ်ရံ သူကဦးသွားပြီး တစ်ခါတစ်ရံ ကျွန်တော်က အရင်ဆင်းနိုင်သည်။ ကျွန်တော်တို့နှစ်ယောက်အဖို့ ထိုကိစ္စသည် နေ့စဉ်ကျင်းပသော ကစားပွဲတစ်ခုလိုဖြစ်နေလေသည်။

"ကိုသာမန် ... ဘရိတ်ဖတ်စ်စားပြီးပြီလား"

သူအလုပ်ဝင်ပြီး ဒုတိယနေ့မနက်မှာ ကျွန်တော်မေးသည်။ ကြားနေကျစကားမျိုးမဟုတ်လို့လားမသိ ... သူ ရုတ်တရက် ကြောင်သွားပြီးမှ ...

"ခင်ဗျာ ... အော် .. ဟုတ်"

"ကိုသာမန်အတွက် မနက်စာလုပ်ပေးဖို့မှာထားတယ်"

"ဟုတ်ကဲ့ ဆရာကတော်က ကလေးမလေးကို ပို့ခိုင်းလိုက်ပါတယ်"

ကျွန်တော်ရယ်ချင်သွားမိ၏။ ဆရာကတော်တဲ့ ..။ သူနဲ့ကျမှပဲ ကျွန်တော်တို့မှာ သူဌေးစင်စစ်ဖြစ်တော့သည်။ စက်ရုံထဲမှာဆိုလျှင် လူငယ်လေးတွေလောက်ကသာ ကျွန်တော့်ကို ဆရာခေါ်ကြသည်။ ဖိုမင်တို့ စက်ဆရာတိုလို့ လူကြီးလူလတ်ပိုင်းတွေက ကိုမိုးဟူ၍သာခေါ်ကြ၏။ ကိုသာမန်ကတော့ စကားသုံးခွန်းလောက်မှာ ဆရာတစ်ခါလောက် ခေါ်တတ်လေသည်။

ကျွန်တော်တောင်မှ သူ့သံယောင်လိုက်ပြီး တခါတလေ တင်မေထွန်းကို နောက်ချင်တဲ့အခါ ဆရာကတော်ဟု ခေါ်တတ်သည်။ တစ်ရက်မှာတော့ ကိုသာမန် ချောင်းဆိုးနေသဖြင့် တင်မေထွန်းကို ...

"ဆရာကတော်ရေ ... ဒီမှာ ကိုသာမန်ကို ချောင်းဆိုးပျောက်ဆေး တိုက်လိုက်ပါဦး"

ဟု လှမ်းအော်ပြောတော့ ကိုသာမန် မနေတတ်မထိုင်တတ် ဖြစ်သွားပုံမှာ ရယ်စရာတစ်ခုလိုဖြစ်နေသည်။

သူက ကားမောင်းတာတော့ တကယ်ညင်သာသည်။ သူ မောင်းတဲ့ကားစီးရတာ သက်သောင့်သက်သာရှိကြောင်း ဝန်ခံရပါမည်။ သို့ရာတွင် ကျွန်တော့်စံချိန်နဲ့ဆိုလျှင် နှေးလွန်းသည်။ ကားတစ်စင်းကို ကျော်တက်ဖို့ဟာ ချိန်ဆနေတာနဲ့ပဲ မျက်နှာချင်းဆိုင်က ကားနီးလာလို့ စောင့်ဆိုင်းနေလိုက်ရတာ ခဏခဏပဲ။ တခါတလေ ရှေ့က ကုန်ကားကြီးနောက်ကနေ တစ်လျှောက်လုံးမှေးလိုက်နေရတာကလည်း စိတ်မရှည်နိုင်။

"ကျော်စမ်းပါဗျာ ... လွတ်ပါတယ်"

ကျွန်တော်က မြှောက်ပေးသော်လည်း ...

"မကျော်ရဲဘူးဆရာ.."

"ဟာ .. ဗျာ .. အဲ ... ဟုတ်ပြီ ... ခင်ဗျားကို ကိုအောင်မြိုင်က ဘာတွေခြိမ်းခြောက်ထားသလဲ"

သူက ဘာမှပြန်မပြော။ သူ အကျပ်အတည်းတွေ့ပြီဆိုလျှင် ဆံပင်တွေကို လက်နဲ့ထိုးဖွတတ်သည်။ ခုလည်း လက်ကို မြှောက်မလိုလုပ်ပြီးမှ စတီယာရင်ကို ပြန်ဆုပ်ကိုင်လိုက်၏။

"ဟုတ်တယ် မဟုတ်လား ..."

ဟု ကျွန်တော်ထပ်မေးတော့မှ လေသံတိမ်တိမ်ဖြင့် ...

"ခြိမ်းခြောက်တယ်ရယ်လို့တော့ မဟုတ်ပါဘူး"

"သတိပေးတာပေ့ါ ဟုတ်လား"

"ဟုတ် ..."

"ဘယ်လိုသတိပေးတာလဲ"

"ဟို ... ကားအမြန်မောင်းလို့ တစ်ခုခုဖြစ်ရင် အလုပ်ထုတ်ပစ်မယ်တဲ့ ..."

"ဟာ ... ဒီလူကြီးဗျာ ... ဒါနဲ့နေစမ်းပါဦး ကျွန်တော်နဲ့ ကိုအောင်မြိုင်နဲ့ ဘယ်သူက ပါဝါပိုရှိတယ်ထင်သလဲ ..."

"ကျွန်တော်မပြောတတ်ဘူးဆရာ .."

"ကိုအောင်မြိုင်က မောင်မိုးဆိုတဲ့ကောင် ငါပြီးရင် ပြီးပါတယ်လို့ ပြောတယ်မဟုတ်လား"

သူက ခဏငြိမ်နေပြီးမှ ...

"ကားမောင်းရင်းနဲ့ စကားသိပ်မပြောရဘူးလို့လည်း မှာထားပါတယ် ၊ ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်သလဲ ... နောက်ဆုံး တစ်ခွန်းအနေနဲ့တော့ ပြောပါဦး ..."

"ဆရာကတော်ကလည်း ကားမြန်မြန်မောင်းတာ မကြိုက်ဘူးလို့ ကိုအောင်မြိုင်က ပြောပါတယ်ဆရာ ..."

ကျွန်တော် ပုခုံးတွန့်ပြလိုက်ပြီး ...

"အေးပေ့ါဗျာ ... ခင်ဗျားတို့က နိုင်ကွက်ကိုင်ထားနိုင်ပြီပေ့ါ ... ကဲပါ ... ခင်ဗျားကြိုက်သလိုသာမောင်းပါတော့ ... အဲ .. အဲ ... ဟိုရှေ့က ဆိုက္ကားကိုတော့ ကျော်တက်လို့ရတန်ကောင်းပါရဲ့ .."

ဟု ငေ့ါတော့တော့ပြောလိုက်ရသည်။

-----♥♥-----

ကျွန်တော်နှင့် ကိုအောင်မြိုင်တို့ စကားတပြောပြောနှင့် လျှောက်လာကြသည်။ တင်မေထွန်းက နေ့လယ်ပိုင်း သွားစရာရှိတယ်ဆိုသဖြင့် ကားကိုပြန်လွှတ်လိုက်သည်။ လာပြန်မကြိုဖို့လည်း မှာလိုက်သည်။ ဒီနေ့ လချုပ်စာရင်းတွေ လက်စသတ် ပြီးစီးသွားသဖြင့် ထုံးစံအတိုင်း ကိုအောင်မြိုင်ကို ဆိုင်မှာလိုက်တိုက်ရမည်။ အပြန် နည်းနည်းနောက်ကျမည်။

အိမ်ကကားနဲ့ဆိုလျှင် ကိုသာမန်လည်းပါလာမည်။  သူ့ကို ကားပေါ်မှာ အကြာကြီး ထိုင်စောင့်ခိုင်းထားရင်လည်း အားနာစရာ။ ဆိုင်ထဲလည်းခေါ်မသွားချင်။ သူကလည်း လိုက်ထိုင်ရဲမှာ မဟုတ်။ ကျွန်တော်ကလည်း ကိုအောင်မြိုင်နဲ့ နှစ်ယောက်တည်းသာ ထိုင်ချင်သည်။ ခုလိုဆိုတော့ လွတ်လွတ်လပ်လပ်ရှိသည်။ စကားပြောကောင်းနေလို့ အချိန်လင့်သွားလည်း ကိစ္စမရှိ။ နောက်ဆံတင်းစရာမလို။

လမ်းမကြီးပေါ်ရောက်တော့ တက္ကစီတစ်စီးငှားပြီး သွားကြသည်။ ကားသမားသည် ကိုသာမန်နဲ့တော့ တခြားစီပဲ။ မောင်းလိုက်တာများ တစ်ခါတစ်ခါ ရှေ့ကကားနှစ်စင်းဆက်တိုက် တစ်ခါတည်း ကျော်တက်တာမျိုးတောင်ရှိသည်။

"အရှိန်လေးနည်းနည်းလျှော့ပါဦး ငါ့လူရာ ... ဒီတစ်ညနေတော့ သောက်သွားပါရစေဦး ..."

ဟု ကိုအောင်မြိုင်က တောင်းပန်ယူရသည်။ ကားသမားက ...

"ကားသိမ်းချိန်နီးနေလို့ပါ ... နည်းနည်းနောက်ကျရင် အုံနာက သိပ်မကြည်ချင်ဘူးဗျ ..."

"ခုမှပဲ ကားနဲ့တူအောင်စီးရတော့တယ်"

ကျွန်တော်က ကိုအောင်မြိုင်ကို စ,လိုက်သေးသည်။

ဆိုင်ရောက်တော့ သူက ဝီစကီတစ်ပြားမှာသည်။ ကျွန်တော်ကလည်း အားကျမခံ အားဖြည့်အချိုရည်တစ်ဗူးမှာသည်။ အရက်ဝိုင်းတွေမှာ မသောက်တတ်ပဲ ဝင်ထိုင်ရတာ အတော်ကြောင်သည်။

ယမကာသမားတွေမှာ ထူးခြားချက်တစ်ခုရှိတာ သတိပြုမိ၏။ သာမန်အချိန်မျိုးမှာ ရေသန့်တစ်ပုလင်းကုန်အောင်သောက်ခိုင်းလျှင် ဗိုက်တင်းသွားပြီ ဘာညာနဲ့ ငြင်းလိမ့်မည်။ အရက်နဲ့ရောသောက်တဲ့အခါမှာတော့ ဘယ်လောက်သောက်သောက် လျှောခနဲဝင်သွားတာပဲ။ ဘီယာအသောက်ကြမ်းတဲ့သူဆိုလျှင် တစ်ဂါလံလောက်ဝင်သွားလည်း အေးအေးဆေးဆေးပဲ။

ကျွန်တော်တို့လို မသောက်တတ်တဲ့ လူတွေကျတော့ ဝိုင်းထဲမှာ အခက်တွေ့ရသည်။ ကိုယ်က အချိုရည်လေးတစ်ပုလင်းနဲ့ အဖော်လုပ်ရတာ။ ဒါမျိုးက တစိမ့်စိမ့်အချိန်ဆွဲသောက်လို့ရတာလည်းမဟုတ်။ ဒီတော့ ခဏလေးနဲ့ကုန်ရော။ သူများတွေ တစ်ခွက်ပြီးတစ်ခွက် နှိပ်နေကြတဲ့အချိန်မှာ ခွက်မဲ့လက်မဲ့နေရတာ ကြောင်လာ၏။ ထို့ကြောင့် အအေးတစ်ပုလင်းထပ်မှာ။ ခဏကြာတော့ကုန်သွား။ နောက်တစ်ပုလင်း ... ကြာတော့ ဗိုက်ကြီးကယ် လျှာတွေအာတွေစပ်လာတာပဲ အဖတ်တင်သည်။

ဒီအခါမှာ ကိုယ့်ဘာသာစိတ်ကူးဉာဏ်ထုတ်ပြီး အကြံအဖန်လုပ်ရသည်။ အားဖြည့်အချိုရည်တစ်ဗူးမှာ .. ဖန်ခွက်ထဲ လက်နှစ်လုံးလောက်ထည့်၊ ဆိုဒါအပြည့်ရော၊ တစ်ငုံချင်းတစိမ့်စိမ့်သောက်ရင်း လူရာဝင်အောင် ဟန်ဆောင်ရသည်။ ကိုအောင်မြိုင်ကတော့ ထုံးစံအတိုင်း ဆိုင်က ကြော်လှော်နေကျ အစားအစာများကို မမှာပဲ သူ့စိတ်ကူးတည့်ရာတွေ လုပ်ခိုင်းနေသည်။

"မှိုခြောက်ပန်းခြောက်နဲ့ ရွှေပဲသီးကိုရောပြီးကြော်၊ ကျောက်ပွင့်လေးပါထည့်လိုက်ကွာ၊ ပြီးတော့ ဝက်အူမကြီးကို မုန့်နှစ်နဲ့စိမ်ပြီး ရွရွလေးကြော်မယ် ..."

ထိုအချိန်တွင် ကျွန်တော်က အိမ်ကိုဖုန်းဆက်သည်။ တင်မေထွန်းဖုန်းလာကိုင်သည်။

"မေထွန်းလား ... ကိုယ် ဆိုင်မှာရောက်နေပြီ ... နည်းနည်းနောက်ကျချင်ကျမယ် ..."

"အစ်ကိုအောင်မြိုင် နည်းနည်းများသွားရင်လည်း တက္ကစီငှားပြီး သေသေချာချာတင်ပေးလိုက်ဦးနော်"

"ကိုယ့်ယောက်ျားအတွက်တော့မပူဘူး"

"ကိုမိုးက သောက်မှမသောက်တတ်တာပဲကော ... ဩော် ... အေး ... အေး ဒီမှာ သားက ဖုန်းခွက်ကို လာလုနေတယ် ... ပြောလိုက်ပါဦး"

"ပေပေ ..."

ဟု ခေါ်လိုက်သောအသံကို ကြားရသည်။

"သားလေးလား၊ ဖေဖေပါကွ ... သား ထမင်းစားပြီးပြီလား"

ပြန်ဖြေသံမကြားရ။

"ပြောလေကွာ"

"သားက ခေါင်းညိတ်ပြနေတာ ..."

ဟု တင်မေထွန်းက ဘေးမှဝင်ပြောသည်။

"ဩော် ... ဟုတ်လား ... သားမေမေကို ပြောလိုက်စမ်း ... ဖေဖေက သိပ်ချစ်တာပဲလို့ ပြောတယ်လို့"

"လျှောက်ပြောမနေနဲ့ စပီကာဖွင့်ထားတယ်"

ကျွန်တော်ဖုန်းပိတ်လိုက်ပြီး ကိုအောင်မြိုင်ကိုကြည့်တော့ ခေါင်းတညိတ်ညိတ်လုပ်ရင်း မိန့်မိန့်ကြီးပြုံးနေတာ တွေ့ရသည်။

"ဘာပြုံးတာလဲ အစ်ကိုကြီးက"

"မင်းတို့အိမ်ထောင်သည်တွေဟာ တော်တော်သနားဖို့ကောင်းတယ် ... လွတ်လွတ်လပ်လပ်မနေကြရဘူး၊ ဘယ်နေရာပဲရောက်ရောက် ဌာနချုပ်ကို သတင်းပြန်ပို့ရတယ်နော် ..."

ကျွန်တော်က 'ဟဲ ဟဲ' ဟု ရယ်လိုက်ပြီး သူ့ဖန်ခွက်ထဲသို့ ဝီစကီထပ်ဖြည့်ပေးလိုက်သည်။ ကိုအောင်မြိုင်က ပုလင်းကိုတွန်းဖယ်လိုက်ပြီး ...

"ဟော့ကောင် ... ငါ့ဘာသာထည့်မယ် အတိုင်းအဆလည်း မသိဘဲနဲ့ ဘယ်လိုဖြစ်တာလဲ .."

"မြန်မြန်မူးအောင်လို့ပါ ... ဒါမှ အစ်ကိုကြီးရဲ့ ပြောင်မြောက်တဲ့ ဖလော်ဆော်ဖီတွေကြားရမှာလေ ..."

သူက ဆိုဒါထပ်ရော၍ သုံးချိုးတစ်ချိုးလောက်မော့ချလိုက်ပြီးနောက် ...

"ကဲ ... မူးပြီဆိုပါတော့ကွာ ... ဘာသိချင်လဲ"

"တခြားမဟုတ်ပါဘူးဗျာ ... အစ်ကိုကြီးကိုကြည့်ပြီး ကျွန်တော်စိတ်မကောင်းဖြစ်မိလို့ပါ ..."

စောစောက သူ ကျွန်တော့်ကို နိုပ်ကွပ်ထားတာပြန်ပြီး လက်စားချေဖို့ အစပျိုးခြင်းဖြစ်၏။ "ဘာကွ" ဟု သူက တုံ့ပြန်သည်။

"သြော် ... အစ်ကိုကြီးခများမှာ တစ်ယောက်တည်းအထီးကျန် ဖြစ်နေရရှာတယ်၊ စားရေးသောက်ရေး၊ နေရေးထိုင်ရေးမှာလည်း ကသီလင်တနဲ့ ခုလိုပေပေတေတေဖြစ်နေတာ မကြည့်ရက်ဘူး ... အရွယ်သိပ်မဟိုင်းခင်မှာ မိန်းမယူလိုက်ဖို့ကောင်းတယ်"

သူက "အင့်ဟင် .." ဟု အသံပြုရင်း ရယ်လိုက်သည်။ သူ နည်းနည်းမှန်လာပြီဆိုလျှင် ဒါမျိုးလုပ်တတ်သည်။ ငြင်းဆန်သလိုလို ရှုံ့ချသံလိုလို ရေရွတ်သော်လည်း ... နှုတ်ခမ်းတွေကတော့ ရယ်နေသည်။ မျက်လုံးများကား ရီဝေနေ၏။ ဒီပုံစံမျိုး သူတစ်ယောက်ပဲလုပ်တတ်သည်။

သူက ...

"ဒီမှာကောင်လေး ... မိန်းမယူတယ်ဆိုတဲ့ စကားလုံးကို မသုံးနဲ့၊ ဘာကြောင့်လဲဆိုတော့ မိန်းမဆိုတာ ယူတာမဟုတ်ဘူး ... ပေးရတာကွ ပေးရတာ .."

ဟာ ... စ,လာပြီ ... ဒိုင်ကောင်းကောင်းလေးတွေကြားရတော့မယ်ဟု စိတ်ထဲက အားပေးလိုက်၏။ သူ စကားဆက်သည်။

"မှတ်ထားကွ ... မိန်းမတစ်ယောက်နဲ့ ပတ်သက်မိပြီဆိုရင် ကိုယ့်မှာရှိသမျှ အကုန်ပေးလိုက်ရတာ၊ အူတွေအသည်းနှလုံးတွေပါ ဆွဲနှုတ်ခံလိုက်ရတာ ... အရေခွံခွာပြီး ရုပ်လုံးသွင်းခံထားရတဲ့ ကျားတစ်ကောင်လိုပဲ ... ရုတ်တရက်ကြည့်လိုက်ရင်တော့ ခန့်ခန့်ညားညား ဟိတ်ဟန်အပြည့်နဲ့ ဖြိုးစရာကြီးပေါ့ ... ဒါပေမဲ့ အထဲမှာတော့ အုန်းဆံဖတ်တွေ၊ အဝတ်စုတ်တွေ၊ ရေမြှုပ်ဖြတ်စတွေပဲရှိတယ်လေ ..."

ကျွန်တော်က ဘယ်ဘက်ရင်အုံကို လက်ဝါးနှင့်အုပ်လိုက်ပြီး ...

"ကျွန်တော့်နှလုံးသားကတော့ အားကောင်းမောင်းသန်နဲ့ လှုပ်ရှားခုန်ပေါက်နေတုန်းပါပဲဗျ ..."

သူက ရယ်သွမ်းသွေးသလို၊ သလိပ်ခတ်သလိုလို ဟက်ခနဲ အသံပြုလိုက်ပြီးမှ ...

"ခုနေခါ ... မင်းအာခေါင်ထဲလက်ထိုးပြီး အန်ချကြည့်ပါလား၊ ဆံပင်ချည်တွေ တစ်ထွေးကြီးကျချင်ကျလာမှာပေါ့ ..."

"အော .. အစ်ကိုကြီးက ကျွန်တော်ဟာ အပင်းသွင်းခံထားရတဲ့ကောင်ပဲလို့ ပြောလိုက်တာပေါ့လေ ... တော်တော်ကျေးဇူးကန်းတယ် ... ဟိုကဖြင့် အစ်ကိုကြီးကို စိတ်ပူလို့ အပြန်ကျရင် ကားငှားပေးလိုက်ဖို့ စောစောကပဲ သတိတရမှာနေသေးတယ် ..."

သူက လက်ဝါးထောင်ပြရင်း ...

"ဆောရီး မင်းပြောတာမှန်တယ် ... သူကတော့ မိန်းမတွေထဲမှာ ရှားရှားပါးပါးခြွင်းချက်ပဲ .. အိပ်ဆက် တင်မေထွန်း ..."

သူက ဝီစကီထပ်ငှဲ့သည်။ ကျွန်တော်ကလည်း အားကျမခံပဲ အားဖြည့်အချိုရည်ထပ်ဖြည့်လိုက်သည်။ သူက ဖန်ခွက်ကို မြှောက်ပြပြီး ...

"အေးလေ ... အချစ်ဆိုတာ အင်မတန်ထူးဆန်းတယ် ... လှို့ဝှက်မှုတွေနဲ့ ပြည့်နှက်နေတယ် ... မထင်မှတ်ပဲ လှည့်စားတတ်တယ်ဆိုတာကိုတော့ ငါလည်း ဝန်ခံပါတယ် ... တခါတလေကျတော့လည်း မိန်းမတစ်ယောက်ကို ရင်ဆိုင်ရတာဟာ ဉပေက္ခာနံရံကြီးကို ခေါင်းနဲ့ဝင်ဆောင့်ရသလိုပဲ၊ မိုက်မဲလွန်းတဲ့ အပြုအမူလို့ ထင်စရာရှိတာပေါ့လေ၊ အချည်းအနှီးအကျိုးမရှိတဲ့ လုပ်ရပ်လို့ ပြောကြမှာပေါ့ ... ဒါပေမဲ့ အဲဒီနံရံကြီးပေါ်မှာ စွန်းပေနေတဲ့သွေးကွက်တွေကတော့ အဲဒီလူရဲ့အချစ်ကို ဂုဏ်ပြုတဲ့သက်သေအထောက်အထားတွေအဖြစ် ရာဇဝင်တွင်ကျန်ရစ်ခဲ့မှာပဲ ..."

ကျွန်တော်သူ့ကို သင်္ကာမကင်းစပြုလာသည်။ ဒီလူကြီးဟာ အိမ်ထောင်မပြုပဲ လူပျိုကြီးလုပ်နေတာ ရိုးရိုးမှဟုတ်ရဲ့လား။ မိန်းမတစ်ယောက်နဲ့ပတ်သက်ပြီး ရင်ဟက်တက်ကွဲခဲ့ဖူးလို့ ခုလိုအခါမှာ တစ်စိတ်တစ်ပိုင်းရင်ဖွင့်ပြီး စိတ်ထွက်ပေါက်ရှာနေတာလား။ တစ်နေ့နေ့တော့ မေးကြည့်ရဦးမည်။ သူကတော့ နောက်ဆုံးလက်ကျန်ကို မော့မသောက်ခင် စကားတစ်ခွန်းထပ်ပြောသည် ...

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ ... အချစ်ကြောင့် မိုက်ရူးရဲဆန်တာဟာ အမုန်းကြောင့် အကြမ်းဖက်ရမ်းကားတာထက်စာရင်တော့ ခွင့်လွှတ်သင့်တဲ့ကိစ္စပါပဲ ..."

-----♥♥-----

ကိုအောင်မြိုင်ရဲ့ထူးခြားချက်ကတော့ အဲဒါပဲ။ သူများတွေက ညဘက်များသွားရင် နောက်နေ့မနက်မှာ အရက်နာကျပြီး ငူငူငိုင်ငိုင်ကြီးဖြစ်နေတတ်သည်။ သူကတော့ပြောင်းပြန်။ ပိုတောင်သွက်လာသေးသည်။ ရင်ထဲကခံစားချက်တွေ ဖွင့်အန်ထုတ်လိုက်ရလို့ ပေါ့ပါးသွားတာဖြစ်နိုင်သည်။ ကျွန်တော် ညက ခန့်မှန်းထားခဲ့တာ မှန်လိမ့်မည်ဟု ထင်မိ၏။

ဒီနေ့မနက် ရုံးခန်းထဲရောက်လာကတည်းက တက်တက်ကြွကြွ သွက်သွက်လက်လက်ဖြစ်နေသည်။ ကျွန်တော်တို့ကို နောက်ပြောင်နေသည်။ သူပြောတဲ့ထဲမှာ ကိုသာမန်အကြောင်းလည်းပါသည်။ ကျွန်တော်က စကားစရာမှ သူပြောပြခြင်းဖြစ်၏။

"နေပါဦး အစ်ကိုကြီးရ ... ကျွန်တော်မေးပါရစေဦး ... ကိုသာမန်ဆိုတဲ့လူက ဟိုက်လပ်ကားမောင်းဖူးတယ်ဆိုတော့ အိမ်ကားလား၊ ပစ္စည်းတင်တဲ့ကားလား၊ ရုံးကားလား ..."

"လိုင်းကားကွ ..."

"ဟင် ... လိုင်းကားမောင်းလာတဲ့လူကလည်း သတ္တိနည်းလှချည်လား .."

"သူမောင်းတာက မြို့ငယ်လေးမှာကွ .. ပြီးတော့ လိုင်းကလည်း ခေါက်တိုဆွဲရတာ .."

ဆိုပြီး ဆက်ပြောပြသည်။ ကိုသာမန်က သူ့အကျင့်အတိုင်း ကားကိုဖြည်းဖြည်းလေးမောင်းသည်။ ခရီးသည်အတင်အချလုပ်လျှင်လည်း အကြာကြီး ရပ်စောင့်ပေးသေးသည်။ နောက်ကားတွေက သူ့ကို ကျော်တက်သွားကြတာများသည်။ သူနေးပုံက ခရီးသည်တွေတောင် စိတ်မရှည်နိုင်အောင်ဖြစ်ရ၏။

အဘွားကြီးတစ်ယောက်က "ကျုပ် တက်မောင်းရင်တောင် သူ့ထက်မြန်မလား မဆိုနိုင်ဘူး" ပြောယူရတဲ့အထိပဲ။

"ဒီလိုနဲ့ပဲ အရင်လိုတဲ့ခရီးသည်တွေဆိုရင် အရင်ထွက်မယ့်သူ့ကားကိုမစီးဘဲ နောက်မှထွက်မယ့်ကားပေါ်တက်ထိုင်စောင့်နေတာမျိုး ဖြစ်လာတယ် ... လမ်းရောက်ရင်လည်း ကျော်တက်သွားမှာဆိုတော့ နောက်ကားစီးတာကမှ အရင်ရောက်ဦးမယ်ဆိုပြီးတော့လေ ... လမ်းမှာလည်း သူ့ကားဆိုရင် လက်လှမ်းမတားတော့ပဲ လွှတ်ပေးလိုက်ရော ... ကလေးတွေကတောင် သူ့ကားလာတာမြင်ရင် လိပ်ကြီးလာပြီဟေ့လို့ အော်ဟစ်အားပေးကြတယ်တဲ့ ..."

သူများကား ရှစ်ခေါက် ဆယ်ခေါက်ရတဲ့အချိန်မှာ သူ့ကားက ခြောက်ခေါက်တောင်အနိုင်နိုင်၊ ထို့ကြောင့် ဝင်ငွေကနည်းလာသည်။ ကြာတော့ အုံနာက မကိုက်ဘူးဆိုပြီး အလုပ်ထုတ်ပစ်လိုက်ရတော့သည်။

"အဲဒီနောက်တော့ ရန်ကုန်မှာ အလုပ်ရှာမယ်ဆိုပြီး ဆင်းလာတာပဲ၊ ဆွေမျိုးနီးစပ်တော်တဲ့ ဘုန်းကြီးကျောင်းမှာခိုကပ်နေရတာပေါ့ ... အမယ် သူက ရန်ကုန်မှာ တက္ကစီမောင်းဖို့ ရည်ရွယ်တာတဲ့ ..."

"အကြံကတော့ကြီးသားပဲ ..."

"ရန်ကုန်မှာကားတွေများလို့ အလုပ်လည်းပေါမယ်ထင်တာကိုးကွ၊ ဒီရောက်တော့မှ တက္ကစီမောင်းချင်ရင် စပေါ်တင်ရမယ်၊ အာမခံပြီး ဆက်သွယ်ပေးတဲ့ ပွဲစားကိုလည်း သိန်းချီပေးရတယ်ဆိုတာ သိရတာ ..."

"ဒါနဲ့ပဲ ဘုန်းကြီးကျောင်းမှာ သောင်တင်နေတုန်း အစ်ကိုကြီးနဲ့တွေ့တာပေါ့ ..."

"အေးပေါ့ ... ငါကလည်း ကားကိုဖြည်းဖြည်းမောင်းတတ်တဲ့ လူမျိုးရှာနေတာနဲ့ အဆင်ပြေသွားတာပဲ ..."

"ဒါနဲ့ သူ ကားမောင်းနေးလို့ အလုပ်ပြုတ်လာတဲ့အကြောင်းကို အစ်ကိုကြီးက ဘယ်လိုလုပ်သိတာလဲ ..."

"သူကိုယ်တိုင်ပြောပြလို့ သိတာပေါ့ကွ"

ကိုယ့်ရဲ့ညံ့ဖျင်းမှုကို ရိုးရိုးသားသားဖွင့်ဟဝန်ခံပြီး အလုပ်လျှောက်တဲ့လူမျိုးကတော့ အတော်ရှားရှားပါးပါးပဲ၊ ကိုသာမန်မှာ တခါတခါ အူကြောင်ကြောင်နိုင်ခြင်း၊ နည်းနည်းထုံထိုင်းခြင်း လူစွမ်းလူစမရှိခြင်းစသော အားနည်းချက်တွေရှိနေတာမှန်သည်။ သို့ရာတွင် ကျွန်တော်သည် သူ့ကို တဖြည်းဖြည်း ပို၍သဘောကျလာမိ၏။ သူရှိနေလို့ နောက်လိုက်ပြောင်လိုက်နဲ့ အပျင်းပြေသောကြောင့် ဖြစ်ချင်ဖြစ်မည်။ သူ၏ရိုးသားမှုကြောင့်လည်း ဖြစ်နိုင်၏။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ သူ့အကြောင်းပြောပြီး ရယ်နေကြတုန်းမှာ ကိုသာမန်သည် ရုံးခန်းအပေါက်ဝကနေ ပြုံးတစ်ပြုံးတစ်လုပ်ရင်း လာချောင်းနေတာ တွေ့လိုက်ရသည်။

"လာလေဗျာ ... ဘာပြောစရာရှိလို့လဲ"

ကျွန်တော်က လှမ်းခေါ်လိုက်သောအခါ ခပ်ရို့ရို့လေး ဝင်လာပြီး ကျွန်တော့်စားပွဲရှေ့မှာ လက်နောက်ပစ်ပြီးရပ်သည်။

"ဆိုစမ်းပါဦး ..."

"ကျွန်တော်ဘာလုပ်ရမလဲဆရာ ..."

"ဟင် ... ဘာပြဿနာရှိလို့လဲ "

"မရှိပါဘူး"

"ဒါဖြင့် ..."

"ဟို ... ကျွန်တော် အားနေလို့"

"ဟာ ... အားတာများ လာပြီးသတင်းပို့နေရသေးလား ... တစ်နေရာရာမှာ ခွေပြီးအိပ်နေပါလား"

သူအခက်တွေ့တဲ့အခါ လုပ်လေ့ရှိတဲ့စတိုင်အတိုင်း ဆံပင်ကြားကို လက်ချောင်းများနှင့် ထိုးဖွနေပြီးမှ ...

"အဲဒါ ... အလကားနေမယ့်အစား တစ်ခုခုလုပ်ရင်ကောင်းမလားလို့"

အလုပ်သိပ်များများမရှိပဲ လခယူနေရတာကို အားနာပြီး မျက်နှာပူနေဟန်တူသည်။ ထို့ကြောင့် နားနေရတဲ့အချိန်မှာ တစ်ခုခု ကူလုပ်ပေးချင်တဲ့သဘော။ ကျွန်တော်လည်း သူ့ကို နောက်ချင်လာသဖြင့် ...

"ကဲ ... ဒါဆိုလည်း ကျွန်တော့်ကို လာနှိပ်ပေးဗျာ ..."

သူက "ဟုတ်ကဲ့ဆရာ" ဆိုပြီး စားပွဲကို ကွေ့ပတ်လျှောက်လာသည်။ ကျွန်တော် ကမန်းကတန်းလက်ကာပြလိုက်ပြီး ....

"ဟာဗျာ ... နောက်လို့နောက်မှန်းလည်းမသိ ..."

ကိုအောင်မြိုင်က ရယ်လိုက်ရင်း ..

"ကဲပါ ... ကိုသာမန် အပျင်းပြေသွားအောင် လုပ်ပေးပါ့မယ် ... မောင်မိုး မင်းကားခဏယူသွားမယ် ... ဘဏ်တိုက်သွားမလို့ ... ကုန်ကြမ်းဖိုးတွေပေးရမှာဆိုတော့ ငွေကထုတ်တာများမယ်ကွ "

"အိုကေ ... ကောင်းသားပဲ ... ဩော် ... ကိုသာမန်လည်း နောက်ကိုလုပ်စရာမရှိဘူး ဘာညာမလုပ်ပါနဲ့ဗျာ ... ခင်ဗျား ပျင်းလာတိုင်း ငွေသွားသွားထုတ်နေရရင် ကျွန်တော်တို့မွဲလိမ့်မယ် ..."

ကျွန်တော့်ဟာသကို သူ နားမလည်။ "ဟုတ်ကဲ့ ..နောက်ကို ဆင်ခြင်ပါ့မယ် ဆရာ" ဟု ပြောပြီး ကိုအောင်မြိုင်နှင့်အတူ ထွက်လိုက်သွားသည်။

"တကယ့်လူပဲဗျာ ..."

ဟု ရယ်၍ပြောရင်း မမြစိန်ကိုလှမ်းကြည့်တော့ သူနဲ့မဆိုင်သလို ရှုတည်တည်ကြီးလုပ်နေတာတွေ့ရ၏။ ဘာတွေစိတ်ခုနေပြန်သလဲမသိ။ သူ့အကြောင်းသိပြီးသားဖြစ်သောကြောင့် ဘာမှထပ်မပြောတော့ဘဲ ကျွန်တော့်ဘာသာ ဟိုဒီလျှောက်တွေးနေလိုက်သည်။

ကျွန်တော်တို့ဆီမှာ ဘဏ်စနစ်ကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့်အသုံးမပြုကြသေးတာ တော်တော်ခက်သည်။ လုပ်ငန်းရှင်တစ်ချို့က ငွေသားကိုသာ ယုံကြည်တတ်ကြသည်။ အမှန်က ချက်လက်မှတ်တစ်စောင်ရေးပေးလိုက်ရင်ပြီးပြီ။ အီးဘဏ်စနစ်ကိုသာ သုံးနိုင်လျှင် ပိုတောင်အဆင်ပြေသေးသည်။ အွန်လိုင်းကနေ စာရင်းပြောင်းထည့်ပေးရုံပဲ။ အလွန်မြန်ဆန်သည်။ ခုတော့ ...

ဘဏ်မှာငွေတွေသွားထုတ်၊ သွားပေး၊ တစ်ချို့ကငွေစက္ကူထုပ်တွေကို တစ်ရွက်ချင်းရေတွက်ကြည့်ချင်ကြသေးသည်။ အလုပ်လည်းရှုပ် လုပ်အားတွေလည်းပြုန်းတီး၊ ဓာတ်ဆီကုန်တာကိုပါ ထည့်တွက်လို့ရသေးသည်။ ဘဏ်စနစ်ကို လူတွေယုံလာအောင် လုပ်သင့်သည်။

ခြေသံရှပ်ရှပ်ကြားသည်။ မမြစိန် ကျွန်တော့်စားပွဲရှေ့လာရပ်သည်။

"ကော်ဖီဖျော်ပေးရမလား"

ကျွန်တော် ခေါင်းခါလိုက်ပြီး ...

"နေပါစေ ... အပျင်းပြေ လက်ဖက်ရည်ဆိုင်ပဲသွားထိုင်တော့မယ်"

"တို့လည်းလိုက်ခဲ့မယ်"

နည်းနည်းထူးဆန်းသွားသည်။ သူသည် ဘယ်တော့မှ လက်ဖက်ရည်ဆိုင် လိုက်ထိုင်လေ့မရှိ။ ပြီးတော့ နှစ်ယောက်တည်းလမ်းလျှောက်သွားရမှာ။ အပျိုကြီး ဘာတွေစိတ်ရှုပ်ပေါက်ပြန်ပြီလဲမသိ။ ကျွန်တော်က အင်တင်တင်လေသံဖြင့် ...

"ဆိုင်က နည်းနည်းလှမ်းတယ်"

သူက ဂရုစိုက်ပုံမရဘဲ ...

"ပြောစရာရှိလို့ ..."

ဟု ပြောပြီး သူ့စားပွဲဆီ ပြန်သွားသည်။ ပိုက်ဆံအိတ်ကလေးကို ကောက်ယူ၍ တံခါးဝမှာ အသင့်ရပ်စောင့်နေသည်။ ကျွန်တော်လည်း ပုခုံးတစ်ချက်တွန့်လိုက်ပြီး ထွက်လာခဲ့ရ၏။

တစ်ယောက်တည်း အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် မသွားရသဖြင့် စိတ်ချဉ်ပေါက်လာမိသည်။ နည်းနည်းတော့ ပညာပေးလိုက်ဦးမယ်ဟုတွေးပြီး ခြေလှမ်းကြဲနှင့် ခပ်သွက်သွက်လျှောက်လိုက်သည်။ မမြစိန်မှာ အတော်ကြိုးစားပြီး အမီလိုက်နေရ၏။ ဒါတောင် မကြာခဏဆိုသလို လေးငါးလှမ်းစာလောက် ပြတ်ပြတ်ကျန်ခဲ့သည်။ ခါတိုင်းတုန်းကလို သူ့ကိုယ်လုံးအလှပေါ်အောင် မော်ဒယ်ဆန်ဆန် လျှောက်လို့မရတော့။ အသက်ရှူသံမြန်နေတာကိုတောင် တစ်ချက်တစ်ချက် သဲ့သဲ့ကြားရသည်။

ဒီတော့မှ ကျွန်တော်လည်းသနားပြီး အမြန်နှုန်းကိုလျှော့ပေးလိုက်သည်။ ဒါတောင် ကျွန်တော့်ဘေးမှာ ရင်ပေါင်တန်းလျက်ယှဉ်ပြီး လျှောက်နိုင်လောက်အောင် အစွမ်းမရှိရှာတော့။

သူဘာကြောင့် ကျွန်တော့်နောက်ကို မရမက လိုက်လာရသလဲဆိုတဲ့ကိစ္စကတော့ ခန့်မှန်းရခက်သည်။ ကိုအောင်မြိုင်မရှိတဲ့အချိန်ကိုမှ ရွေးပြီး လိုက်လာတာဆိုတော့ သူ့အတင်းပြောဖို့လည်း ဖြစ်နိုင်၏။ တစ်ခုရှိတာက ကိုအောင်မြိုင်အကြောင်း ပြောမလို့ဆိုရင် ရုံးခန်းထဲမှာ ပြောလည်းရတာပဲ။ ဆိုင်အထိ တကူးတကန့်လိုက်လာစရာမလို။

ဒါမှမဟုတ် ... ကျွန်တော်နဲ့အတူတူ လမ်းတွဲလျှောက် ဆိုင်မှာ နှစ်ယောက်တည်း စကားထိုင်ပြောရင်း စိတ်အာသာဖြေရုံသက်သက်ပဲလား။ သူ့ပုံစံက ဒီအတွက် ကြည်နူးသာယာနေတာမျိုးတော့လည်း မဟုတ်ပြန်။ ဆိုင်ကိုရောက်တော့ သူက ကျွန်တော်နှင့်မျက်နှာချင်းဆိုင်မထိုင်ပဲ စားပွဲဒီဘက်ထောင့်မှာ ကျင်တွယ်ပုံအနေအထားအတိုင်း ဝင်ထိုင်သည်။ ချစ်သူစုံတွဲတွေ ထိုင်နေကျပုံစံအတိုင်းဖြစ်၏။ တစ်ယောက်မျက်နှာကို တစ်ယောက်က အလွယ်တကူမြင်နိုင်ပြီး နီးနီးကပ်ကပ်လည်းရှိ၏။ လက်ချင်း အလွယ်တကူလှမ်းပြီးဆုပ်ကိုင်ထားနိုင်လောက်သော အကွာအဝေး။

မမြစိန်က သူ့ပိုက်ဆံအိတ်ကလေးကို စားပွဲပေါ်ချလိုက်သည်။ ဒီတော့မှ တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်၏။ နှစ်စဉ်ဒီလိုအချိန်မျိုးရောက်လျှင် သူက တစ်ခုခုဝယ်ကျွေးပြီး "ဒီနေ့ တို့မွေးနေ့လေ" ဟု ပြောတတ်သည်။ နောက်ရက်မှာ ကျွန်တော်က မွေးနေ့လက်ဆောင်တစ်ခုခု ပေးရသည်။ ကျွန်တော့်မွေးနေ့ဆိုလျှင်တော့ သူက လက်ဆောင်အရင်ပေးသည်။ ဒီတော့မှ ကျွန်တော်က တစ်ခုခုကျွေးရသည်။ ကျွန်တော့်မွေးနေ့ကို သူက အမြဲသတိရသည်။ သူ့မွေးနေ့ကိုတော့ ကျွန်တော်က

ဘယ်တော့မှ သတိမရ။ ထိုအခါ သူ့အပေါ် ဂရုတစိုက်မရှိဘူး၊ သူ ခင်သလို မခင်ဘူးဟုတွက်ပြီး ဝမ်းနည်းတာလား စိတ်ကောက်တာလားမသိ။ ဒါမျိုး နှစ်တိုင်းဖြစ်နေကျ။ အခုလည်း လာပြန်ပြီဟု တွေးပြီး ...

"ကျွန်တော်ကလည်း သတိက သိပ်ကောင်းတာမဟုတ်ဘူး အစ်မကြီးရ ... ဟဲဟဲ"

ကျွန်တော်က စကားစလိုက်သော်လည်း သူက ဘာမှပြန်မပြောဘဲ ရုပ်တည်ကြီးနဲ့ နေနေသည်။ မှာထားသော လီမွန်တီးများ ရောက်ရှိလာသည်။ ကျွန်တော်က ရေနွေးနဲ့၊ သူက ရေခဲနဲ့။ မမြစိန်သည် အမောပြေသေးဟန်မတူ။ ဒါမှမဟုတ် ... စိတ်လှုပ်ရှားနေတာလား ... မသိ။ လီမွန်တီးကို တစ်ဝက်ကျိုးအောင် အငမ်းမရသောက်ချသည်။

ကြည့်ရတာ မွေးနေ့ကိစ္စ ဟုတ်ဟန်မတူ။ သူသည် ဖန်ခွက်ကိုပြန်ချပြီးနောက် ... လက်ဝါးကိုစားပွဲပေါ်တင်ထားလိုက်သည်။ ကျွန်တော်က စားပွဲပေါ်မှာလက်ထောက်ထားခြင်းဖြစ်၏။ သူ့လက်နှင့်ကျွန်တော့်လက်သည် တစ်ယောက်ယောက်ကစ,ရွှေ့လိုက်လျှင် ထိမိတော့မည်။ သူ့ကို တစ်ချက်ကြည့်သည်။ သူ့မျက်နှာထားမှာ အသိရခက်လှသည်။ ကျွန်တော်နည်းနည်းဖြုံလာ၏။ သူတို့လိုလူမျိုးက ယုံရတာမဟုတ်။ နှစ်ပေါင်းများစွာကြာအောင် စဉ်းစားတွေဝေနေခဲ့ပြီးမှ နာရီပိုင်းအတွင်းလောက်မှာ မထင်မှတ်သော ဆုံးဖြတ်ချက်တစ်ခုကို ချချင်ချတတ်သည်။

ကျွန်တော်သည် စားပွဲပေါ်မှလက်ကို ရုတ်သိမ်းပြီး လက်ပိုက်ထားလိုက်သည်။ စကားတစ်ခုခုစပြီး လမ်းကြောင်းလွှဲမှပဲဟု စဉ်းစားသည်။

"ပြောစရာရှိလို့ဆို ... ဘာလဲ ကိုအောင်မြိုင်က အစ်မကြီးကို စိတ်အနှောင့်အယှက်ဖြစ်အောင် ပြောပြန်ပြီလား ..."

"သူ့အကြောင်းမဟုတ်ပါဘူး"

ဆိုပြီး ကျွန်တော့်စကားစကို ပုတ်ထုတ်ပစ်လိုက်သည်။ မတတ်နိုင်။ ရင်ဆိုင်တွေ့လိုက်ရုံပဲ ရှိတော့တယ်ဟု တွေးပြီး ...

"ဒါဆို ဘယ်သူ့အကြောင်းလဲ"

သူက ချက်ချင်းပြန်မဖြေဘဲ ဆိုင်းငံ့နေပြီးမှ ...

"ကိုသာမန်ဆိုတဲ့လူကို အလုပ်ဖြုတ်ပစ်လိုက်ရင် ကောင်းမယ် ထင်တယ် ..."

"ဟင် ... ဘာဖြစ်လို့လဲ ... သူက အူကြောင်ကြောင်နိုင်ပေမဲ့ ရိုးသားပါတယ်ဗျ"

သူက မဲ့ပြုံး,ပြုံးလိုက်ပြီး ...

"ကိုမိုးက သူ့အကြောင်း ဘယ်လောက်သိလို့လဲ"

"အစ်မကြီးကကော သိလို့လား"

"သိပ်သိတာပေ့ါ ... အစကတည်းက သတိပေးမလို့ပဲ ... သင့် မသင့်ချိန်ဆနေခဲ့တာ .... ခုတော့ ပြောမှဖြစ်တော့မယ် ... ကြာရင် ပြဿနာတွေရှုပ်ထွေးလာနိုင်တယ်"

သူပြောပုံက အလေးအနက်ရှိလွန်းလှသည်။ သူ ဆက်မပြောခင်မှာပင် သိသလိုလိုရှိလာ၏။ ဘာကိုသိမှန်းတော့ မပြောတတ်။ သူ့မျက်နှာထားကြောင့် အရေးကြီးသော စကားတစ်ခွန်းဖြစ်မယ်ဆိုတာ ရိပ်မိလိုက်ခြင်းဖြစ်လိမ့်မည်။ သူ ဆက်ပြော၏။ နှစ်ခါထပ်မပြောသင့်သော စကားမျိုးဖြစ်သောကြောင့်ထင်သည်။ သေသေချာချာကြားအောင် တစ်လုံးချင်း ပီပီသသပြောသည်။

"တကယ်တော့ ကိုသာမန်ဆိုတာ ..."

-----♥♥-----

မယုံကြည်နိုင်လောက်သောသတင်း။ ယုတ္တိကင်းမဲ့လှသောဖြစ်ရပ်၊ အံ့သြဖွယ်ကောင်းသောကိစ္စတို့ကို ရုတ်တရက် ကြားလိုက်ရသူတစ်ယောက်သည် ဘယ်လိုတုံ့ပြန်တတ်ပါသလဲ။ မှင်တက်မိသွားမလား၊ ဟားတိုက်ရယ်မောလေမလား၊ တုန်လှုပ်ချောက်ချားသွားမလား။

ကျွန်တော်ကတော့ ဒါတွေအားလုံး တစ်ပြိုင်တည်းဖြစ်သွားလေသလားဟု ထင်မိ၏။ ဒါမှမဟုတ် ဆင့်ကဲဆင့်ကဲ ဖြစ်သွားတာလားမသိ။ မထင်မှတ်သောကိစ္စဖြစ်သဖြင့် စ,ကြားကြားချင်းမှာ ရုတ်တရက်ကြောင်သွားသည်။ ပြီးတော့မှ ...

"အစ်မကြီးက တော်တော်နောက်တာပဲ ..."

ဟု ရယ်ရယ်မောမောပြောလိုက်၏။

"ဒါ ... နောက်စရာ ပြောစရာကိစ္စမှမဟုတ်ပဲ"

မမြစိန်က အလေးအနက်ပြောနေခြင်းဖြစ်ကြောင်း ရိပ်မိလိုက်သောအခါ ကျွန်တော်တွေသွား၏။ ထို့နောက် သူ့စကားကို အတည်ပြုနိုင်ဖို့ သက်သေပြချက်တွေကို ဆက်ပြောပြသောအခါ ကျွန်တော်ငိုင်ကျသွားသည်။ စကားဆုံးတော့ ...

"မဖြစ်နိုင်ဘူး ... လုံးဝမဖြစ်နိုင်ဘူး"

ဟု ချောက်ချောက်ချားချား ပြောလိုက်သည်။ ပြောတာဟုတ်ချင်မှလည်း ဟုတ်မည်။ အလိုအလျောက် အန်ထွက်သွားတာလည်း ဖြစ်နိုင်၏။ သူက တစ်စုံတစ်ခုထပ်ပြောသည်။ အပြည့်အစုံမကြားမိ၊ "ကိုမိုး သိထားသင့်တယ်ထင်လို့ပြောတာပါ" ဆိုတာလောက်သာ သတိပြုမိ၏။

မမြစိန်က ကောင်တာဆီထသွားပြီး ငွေရှင်းသည်။ စားပွဲကိုပြန်မလာတော့ပဲ ဆိုင်ထဲကထွက်သွားသည်။ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့သည်။ မမြစိန်ပြောသွားသော စကားများကို စာလုံးဖော် ပဟေဠိတစ်ခုလို ပြန်လည်ဆက်စပ်ကြည့်သည်။

"တကယ်တော့ ကိုသာမန်ဆိုတာ ..."

ဒီနေရာမှာ ရပ်သွားသည်။ ရှေ့ဆက်ရမည့် စကားလုံးတွေကို တခြားအကြောင်းအရာတစ်ခုနှင့် အစားထိုးကြည့်သည်။

"ကိုသာမန်ဆိုတာ တင်မေထွန်းရဲ့ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့တဲ့အစ်ကိုရင်းပဲ"

မရပါ ..။ ပဟေဠိထဲမှာ ပေးထားသော အကွက်အရေအတွက်အတိုင်း စကားလုံးတွေကို အတိအကျထည့်ရမည်။ ထိုစကားလုံးတွေက

"ကိုသာမန်ဆိုတာ တင်မေထွန်းရဲ့ ချစ်ဦးသူပဲ .."

ဟား ဟား ... ယုတ္တိမရှိလိုက်တာ၊ ဒီလူနဲ့ဒီလူ ဘာမှမဆိုင်ဘူး။ စိတ်ကူးယဉ်ဆန်လွန်းတယ်၊ မဟုတ်သေးပါဘူး။

တင်မေထွန်း ရှစ်တန်းအောင်တော့ မင်းဘူးအထက်တန်းကျောင်းမှာ သွားတက်သည်။ သူ့အဖေရဲ့မိတ်ဆွေတစ်ယောက် မင်းဘူးမှာရှိသည်။ ထိုအိမ်မှာနေပြီး ကျောင်းတက်သည်။ သူတို့က ပဲခွဲစက်ထောင်ထားသည်။ (ဒါတွေကတော့ ကျွန်တော်သိပြီးသား)

ကိုသာမန်က ပဲခွဲစက်မှာ အလုပ်လုပ်သည်။ ထက်ထက်မြက်မြက်မရှိလှသော်လည်း ရိုးသားသည်။ ငွေရေးကြေးရေးစိတ်ချရသည်။ ထို့ကြောင့် ပိုင်ရှင်၏လူယုံလိုဖြစ်နေသည်။ အိမ်နဲ့ပဲခွဲစက်က တစ်ဝင်းထဲမှာ။ ဒီတော့ ကိုသာမန်က အိမ်ကိုအဝင်အထွက်များသည်။ ဒီမှာတင်ပဲ သူတို့နှစ်ယောက် သံယောဇဉ်ငြိတွယ်သွားကြတာ။ နောက်တော့ လူကြီးတွေသိသွားသဖြင့် ကိုသာမန်အလုပ်ဖြုတ်ခံရသည်။ ထပ်ပြီးအဆက်အသွယ်လုပ်ကြသေးလား။ တစ်ခါတည်း အဆက်အသွယ်ပြတ်သွားသလားတော့မသိ။ ဒီအကြောင်းတွေကို မမြစိန်က ဘယ်လိုလုပ်သိသလဲ။

သူတို့အဖေ အလုပ်ပြောင်းရသဖြင့် မင်းဘူးမှာ သုံးနှစ်လောက် လိုက်နေဖူးသည်။ တင်မေထွန်းက ကျောင်းသွားလျှင် သူတို့အိမ်ရှေ့က ဖြတ်ဖြတ်သွားနေရသောကြောင့် ကောင်းကောင်းမြင်ဖူးနေသည်။

မမြစိန်တို့ငှားနေသောအိမ်မှ ကောင်လေးတစ်ယောက်က ပဲခွဲစက်မှာ အလုပ်လုပ်သည်။ သူနှင့်အတူ အိမ်ကိုသုံးလေးခါလောက် လိုက်လာဖူးသဖြင့် ကိုသာမန်ကိုလည်း တွေ့ဖူးသည်။

ကိုသာမန်နှင့် တင်မေထွန်းတို့က မမြစိန်ကိုမသိ။ မမြစိန်ကသာ သူတို့ကိုရော သူတို့အကြောင်းကိုပါ သိနေခြင်းဖြစ်၏။ ကိုသာမန်ကို ပြန်တွေ့တော့ မြင်မြင်ချင်း မမှတ်မိသော်လည်း ထူးခြားရှားပါးသော နာမည်ကြောင့် ငယ်ရုပ်ကိုပြန်ဖမ်းမိလာသည်။

"လောကကြီးဟာ ကျဉ်းကျဉ်းလေးဆိုတာ သိပ်မှန်တာပဲ၊ တိုက်တိုက်ဆိုင်ဆိုင် ဒီမှာလာပြီး ပြန်ဆုံကြရတယ်လို့ ... ကိုမိုးကတော့ ယုံရခက်နေမှာပဲ ... အေးလေ ဟိုတစ်ချိန်ကတော့ ရှုးရှုးမိုက်မိုက်အရွယ်ကိုး။ စဉ်းစားဆင်ခြင်တတ်သေးတာမှ မဟုတ်ပဲ။ နီးစပ်မှုကြောင့် သံယောဇဉ်ဖြစ်သွားရတာကို အပြစ်လို့လည်း မဆိုသာပါဘူး"

ခုပြောနေတာတွေဟာ ကိုယ်နဲ့ ဘာမှမပတ်သက်သော တခြားလူတွေအကြောင်းကို ပုံပြင်သဖွယ် ပြောပြနေခြင်းဖြစ်သလို ခံစားရသည်။ ကျွန်တော့်စိတ်များသည် ထုံကျင်ထိုင်းမှိုင်းနေသည်။ ခေါင်းကိုသာ မကြာခဏ ယမ်းခါနေမိ၏။

ကျွန်တော်သည် လက်ဖက်ရည်ဆိုင်မှာ အတော်ကြာအောင် ထိုင်နေခဲ့သည်။ မမြစိန်ကတော့ ကိုရီးယားရုပ်သံဇာတ်လမ်းတွဲတွေ ကြည့်တာများလို့ ခပ်ကြောင်ကြောင်အတွေးတွေ ဝင်လာပြီထင်သည်။ ထိုဇာတ်ကားတွေထဲမှာ မိန်းမနစ်ယောက်ပါလျှင် တစ်ယောက်က ကောက်ကျစ်ယုတ်မာသူဖြစ်တတ်သည်။ ထိုအခါ ကျန်တစ်ယောက်ကို အမျိုးမျိုးအကွက်ဆင်ပြီး မကောင်းကြံတတ်သည်။ အခုလည်း မမြစိန်သည် တင်မေထွန်းကို မနာလိုဖြစ်ပြီး သူ့စိတ်ကူးနဲ့သူ ဇာတ်လမ်းဆင်ချောက်တွန်းဖို့ ကြိုးစားတာ မဖြစ်နိုင်ဘူးလား။

သို့ရာတွင် မမြစိန်ဆိုင်ထဲက ထွက်မသွားခင် ပြောသွားသော စကားတစ်ခွန်းက သူ လိမ်ညာနေခြင်းမဟုတ်ကြောင်း အတည်ပြုရာကျသည်။

"တို့ပြောတာကိုမယုံရင် ကာယကံရှင်တွေကို မေးကြည့်လိုက်လေ"

ဘုရား ... ဘုရား။ ဒါဟာ တကယ်ဖြစ်ခဲ့တဲ့ ကိစ္စကြီးပါလား။ ကျွန်တော့်တစ်ကိုယ်လုံး ထူပူသွားသည်။ ရုတ်တရက်ချွေးတွေစိမ့်ထွက်လာပြီး အသက်ရှူမဝသလိုဖြစ်လာ၏။

ဆိုင်ထဲက ထ,ထွက်လာခဲ့သည်။ ရုံးခန်းကိုလည်းမပြန်ချင်။ မမြစိန်နှင့် မျက်နှာချင်းမဆိုင်လို။ လောလောဆယ်ဘယ်သူနဲ့မှလည်း မတွေ့ချင်။ ထို့ကြောင့် စက်ရုံနှင့်ဆန့်ကျင်ဖက်ကို လျှောက်လာခဲ့သည်။ ဘယ်လောက်ကြာအောင် လျှောက်ခဲ့မိသလဲမသိ။ နောက်ဘက်မှ "ကလင် ကလင်" ဆိုသော ဘဲလ်သံကိုကြားသဖြင့် လှည့်ကြည့်တော့ ဆိုက္ကားတစ်စင်းလာနေတာတွေ့ရသည်။ လက်တားပြီး ရပ်ခိုင်းလိုက်သည်။ လမ်းမကြီးဘက်လိုက်ချင်တယ်ပြောပြီး တက်စီးခဲ့သည်။ လမ်းထိပ်ရောက်လာတော့....

"ကားမှတ်တိုင်မှာ ဆင်းမှာလား"

ဟု ဆိုက္ကားဆရာကမေးသည်။ "ဟုတ်တယ်" ဟု ပြီးပြီးရော ဖြေလိုက်၏။ ဆိုက္ကားပေါ်ကဆင်းပြီး မှတ်တိုင်မှာ ယောင်ချာချာရပ်နေမိ၏။ ပြီးမှ သတိရပြီး ရုံးခန်းကိုဖုန်းဆက်လိုက်သည်။ မမြစိန်ဖုန်းကိုင်ပြီး ထူးသည်။ အပိုတွေမပြောတော့ပဲ ...

"ကျွန်တော်နည်းနည်းနေမကောင်းလို့ အိမ်ပြန်တော့မယ် ... ကားလာရင် အိမ်ကိုပဲ လာပို့ပါလို့ ပြောလိုက်ပါ"

"ဟင် ... ကိုမိုး ... ဘာဖြစ်"

သူ့စကားမဆုံးခင် ဖုန်းပိတ်ပစ်လိုက်သည်။

နေ့လယ်ခင်းလည်းဖြစ် နည်းနည်းခေါင်သောနေရာလည်း ဖြစ်သောကြောင့် တက္ကစီကားရှားသည်။ တစ်စင်းတလေလာတော့လည်း  လူပါလာသည်။ ခဏကြာတော့ ဆန့်ကျင်ဘက်အရပ်မှ လာနေသော ကားတစ်စင်းကိုတွေ့ရ၏။ ကျွန်တော့်ကားနှင့်တူသည်။ လမ်းက ရှင်းနေပါလျက် ခပ်ဖြည်းဖြည်းလေး မောင်းလာတာကို မြင်ချင်းအားဖြင့် ကျွန်တော့်ကားဖြစ်ဖို့များသည်။ သူတို့ ကျွန်တော့်ကို မြင်သွားမှာစိုးရသည်။

အနီးအနားကိုမျက်စိကစားပြီး ရှာကြည့်သည်။ သစ်ပင် ဓာတ်တိုင်စတဲ့ ပုန်းကွယ်စရာနေရာမျိုးမရှိ။ မှတ်တိုင်မှာကားစောင့်နေတဲ့လူကလည်း နှစ်ယောက်သာရှိသဖြင့် အကာအကွယ်သိပ်မရနိုင်။ မတတ်သာသဖြင့် လမ်းမဘက်ကို ကျောပေးပြီး ရပ်နေလိုက်ရသည်။ စိတ်ချရလောက်တဲ့ အချိန်ကျမှ ပြန်လှည့်သည်။

သူတို့စက်ရုံရောက်လို့ ကျွန်တော်ပြန်သွားကြောင်းသိလျှင် မီလိုမိပြားဆိုပြီး ကားကိုချက်ချင်းပြန်လွှတ်ပြီး ရှာကောင်းရှာနိုင်းလိမ့်မည်။ ဒီနေရာက မြန်မြန်ထွက်သွားမှဖြစ်မည်။ ထိုစဉ် ဘတ်စ်ကားကြီး တစ်စင်း မှတ်တိုင်မှာ ဆိုက်လာသည်။ ကျွန်တော်ပြေးတက်လိုက်၏။ ဘတ်စ်ကားကြီးက ဗိုက်ပူ ဟုခေါ်ကြသော ဒုတိယကမ္ဘာစစ်လက်ကျန် ချက်ဗလက်ကားကြီးဖြစ်၏။ ကျွန်တော် ဘတ်စ်ကားမစီးဖြစ်တာ ကြာပြီ။ ကျောင်းတုန်းကတော့ တခါတလေ သူငယ်ချင်းတွေနဲ့ အတူလိုက်စီးခဲ့ဖူးသည်။

ကားက သိပ်မကျပ်လှဟု ထင်ခဲ့သော်လည်း လမ်းဆုံမှတ်တိုင်တစ်ခုမှာ ခရီးသည်တွေ စုပြုံတိုးဝှေ့တက်လာသည်။ ကျွန်တော်သည် လူတွေကြားမှာ ကျပ်ညပ်သွား၏။ ချွေးနံ့တွေ၊ ဟောင်းနွမ်းသော အဝတ်အစားများမှ ထွက်ပေါ်လာသော အောက်သိုးသိုးအနံ့တွေ၊ ဘေးမှ ကုလားမကြီးဆီက စူးရှသော ရေမွှေးနံ့တွေရောပေါင်းလိုက်သောအခါ အော်ဂလီဆန်ပြီး ခေါင်းတွေ နောက်ကျိမူးဝေချင်လာသည်။

ကားပေါ်မှာ လူတွေအများကြီး လိုက်ပါလာသော်လည်း ကိုယ်တစ်ယောက်တည်း အထီးကျန်ဖြစ်နေသလို ခံစားရ၏။

-----♥♥-----

ကျွန်တော့်ကိုမြင်သောအခါ အိမ်ဖော်မိန်းကလေးက အံ့သြသွားသည်။

"ဟင် … ဦးမိုး အစောကြီးပြန်လာတယ် … ကားလည်း မပါဘူး"

ဟု တံခါးဖွင့်ပေးရင်းပြောသည်။ သူ့ကို ဘာမှ တုံ့ပြန်မနေတော့ပဲ အိမ်ပေါ်ထပ်ကိုသာ တန်းတက်လာခဲ့၏။ အိပ်ခန်းထဲရောက်ရောက်ချင်း အနံ့ပေါင်းစုံစွဲနေသော အဝတ်အစားတွေကို အမြန်လဲပြီး အိပ်ရာပေါ် လှဲနေလိုက်သည်။ မျက်စိကို မှိတ်ထားလိုက်၏။ အိမ်ဖော်မိန်းကလေးဆီက ကျွန်တော်ပြန်ရောက်ကြောင်း သတင်းကိုကြားကြားချင်း လိုက်လာဟန်တူသည်။

"ဘာဖြစ်လို့လဲဟင် … နေမကောင်းဘူးလား"

တင်မေထွန်းက နဖူးကို လာစမ်းရင်းမေးသည်။ မျက်စိမဖွင့်ကြည့်မိအောင် ထိန်းထားလျက် ကျွန်တော်ဖြေသည်။

"ခေါင်းနည်းနည်းအုံတာပါ … အရေးမကြီးပါဘူး"

"ဆေးသောက်လိုက်ပါလား … သွေးဆေးဖြစ်ဖြစ်"

"ရတယ် … ခဏမှေးလိုက်ရင် ကောင်းသွားမှာပါ"

ကျွန်တော်အေးအေးဆေးဆေး နားချင်မှန်းသိသွားပုံရသည်။ သူ ဘာမှ ဆက်မပြောတော့ဘဲ ထွက်သွားသည်။ ကျွန်တော့်ကိုယ်ကို လေဟပ်သွားသောကြောင့် သိလိုက်ခြင်းဖြစ်၏။ ခြေသံလုံအောင် ဖော့နင်းသွားဟန်တူသည်။ ဘာသံမှ မကြားလိုက်။

ခဏမှေးပြီး အနားယူလိုက်ရသောအခါ ထူပူနေသော ဦးနှောက်က နည်းနည်းတည်ငြိမ်လာသည်။ စိတ်ကိုအတတ်နိုင်ဆုံး အေးအေးထားပြီးပြန် စဉ်းစားကြည့်သည်။ မမြစိန်ပြောလိုက်သော စကားတွေထဲက ပျော့ကွက်ဟာကွက်တွေကို ရှာရမည်။ လောလောဆယ်မှာ ကျွန်တော့်အတွက် စိတ်သက်သာရရစေနိုင်သော အချက်တစ်ချက် အရေးတကြီးလိုအပ်နေသည်။ ဒါမှသာ တင်မေထွန်းကို ဣန္ဒြေမပျက်ဘဲ မျက်နှာချင်းဆိုင်နိုင်လိမ့်မည်။

မမြစိန်ပြောခဲ့တာတွေထဲက အစတစ်စကို ဆွဲထုတ်မိ၏။ "ဟိုကိစ္စ" မှာ သူကိုယ်တိုင် တွေ့မြင်ခဲ့တာမဟုတ်။ သက်သေအထောက်အထား ရှိတာလည်းမဟုတ်။ သူများပြောစကားနဲ့ ယုံခဲ့ရတာပဲဖြစ်မည်။ ဒီလူတွေကလည်း ရမ်းသမ်းပြောတာဖြစ်နိုင်သည်။ အသက်ချင်းကလည်း ဆယ်နှစ်လောက်တောင်ကွာနေသည်။ ပြီးတော့ တင်မေထွန်းလို တည်ကြည်သော မိန်းကလေးတစ်ယောက်အနေနှင့် ယောကျ်ားတစ်ယောက်ကို နီးစပ်ရုံလောက်နဲ့ စိတ်ဝင်စားလိမ့်မည်မဟုတ်။

ကျွန်တော့်ရင်ထဲမှာ အတော်ပေါ့ပါးသွားသည်။ ရေမိုးချိုးပြီး အအေးတစ်ခွက်သောက်လိုက်လျှင် အားလုံးကောင်းသွားမည်ထင်၏။ ထို့ကြောင့် အိပ်ရာမှ သွက်လက်စွာထပြီး အခန်းပြင်ထွက်ခဲ့သည်။ လှေကားထိပ်မှာ အောက်ထပ်မှတက်လာသော တင်မေထွန်းနှင့်ဆုံသည်။ ကျွန်တော့်ကို တစ်ခေါက်လာကြည့်ခြင်းဖြစ်၏။

"သက်သာရဲ့လား ..."

သူကမေးသည်။

"ကောင်းသွားပါပြီ ... သားကော"

"ကိုမိုး အနှောင့်အယှက်ဖြစ်မှာစိုးလို့ အောက်ထပ်မှာပဲ ဆော့ခိုင်းထားတာ"

"ဩော် ... ဩော်"

သူက ... ကျွန်တော်နဲ့အတူ လှေကားမှ ပြန်ဆင်းလာရင်း

"ကားပြန်ရောက်နေပြီ ... သွားစရာရှိသေးလားတဲ့"

"မရှိဘူး ... ပြန်လို့ရပြီလို့ပြောလိုက်"

ဆိုပြီးမှ ...

"ကောင်မလေးကို သွားပြောခိုင်းလိုက်" ဟု ဆက်ပြောမိ၏။

-----♥♥-----

မနေ့က ကိုအောင်မြိုင်ဖုန်းဆက်ပြီး နေမကောင်းရင် နောက်နေ့မလာနဲ့၊ ငါကြည့်လုပ်ထားလိုက်မယ်ဟု ဆိုခဲ့သော်လည်း နားလို့မဖြစ်။ ကျွန်တော်မသွားလျှင် မမြစိန်က သူ့စကားတော်တော်အရာရောက်သွားသည်ဟု ထင်လိမ့်မည်။ ကျွန်တော်ယုံသွားပြီ တော်တော်ထိသွားပြီဟု သတ်မှတ်တော့မည်။ ကျွန်တော့်အနေဖြင့် လုံးဝအရေးမစိုက်ကြောင်း ပြရမည်။

ကျွန်တော်သည် မနက်စာကို အေးအေးဆေးဆေးစားသည်။ ရေကို စိန်ပြေနပြေချိုးသည်။ အဝတ်အစားလဲရာမှာ လိုတာထက်ပိုကြာသည်။ ကျွန်တော့်လှုပ်ရှားမှုများသည် ပုံမှန်ထက်နှေးနေသည်။ အောက်ထပ်ကို ဆင်းသွားပြီးမှ ပြန်တက်သည်။ အိပ်ခန်းထဲဝင်သည်။ ဘာပစ္စည်းမှ မေ့ကျန်ခဲ့တာမရှိ။ စားပွဲအံဆွဲဖွင့်ကြည့်၊ စာအုပ်တွေ ကောက်လှန်၊ နံရံမှာချိတ်ထားသော ပန်းချီကားမှာ တည့်ပြီးသားဖြစ်ပါလျက် ပိုတည့်အောင်လုပ်ရင်းက စောင်းသွား၊ ပြန်တည့်။

ပုံစံက တမင်တကာ အချိန်ဆွဲသလိုဖြစ်နေ၏။ အိမ်အပြင်ထွက်ပြီး ကားပေါ်တက်ဖို့ နှောင့်နှေးကြန့်ကြာနေစေသည်။ ဘာဆိုင်လို့လဲ ငါက ပိုင်ရှင်သူဌေးပဲ၊ သူက ဒရိုင်ဘာပဲဟု စိတ်ကိုတင်းလိုက်ပြီး ထွက်လာခဲ့သည်။ အရင်နေ့တွေကလိုပင် ... တင်မေထွန်းက လက်ဆွဲခြင်းကိုင်ပြီး အိမ်ပေါက်ဝဆီလိုက်ပို့သည်။ ကိုသာမန်သည် ကားရှေ့မှန်ကို ကြက်မွေးတံမြက်စည်းနှင့် ဖုန်ခါနေသည်။ ကျွန်တော့်ကိုမြင်သောအခါ ကားတံခါးကို ပျာပျာသလဲ ဖွင့်ပေးသည်။ ကျွန်တော်သူတို့နှစ်ယောက်ကို တစ်ချက်စီ အကဲခတ်ကြည့်လိုက်သည်။ ထူးခြားပြောင်းလဲသော အမူအရာ ဘာမှမတွေ့ရ။ ခါတိုင်းလို ကားတံခါးကို ကိုယ့်ဘာသာဆွဲပိတ်ဖို့ မကြိုးစားပဲ ကိုသာမန်က တရိုတသေ ပိတ်ပေးတာကို စောင့်ကြည့်နေမိ၏။

ကားပေါ်မှာလိုက်ပါလာရင်း ကိုသာမန်ကို တစေ့တစောင်း ဆန်းစစ်ကြည့်သည်။ လူက ပိန်ခြောက်ခြောက်၊ လက်ပြင်နည်းနည်းကုန်းသည်။ အသားကတော်တော်ညိုသည်။ မည်းတဲ့ဘက်ကိုတောင် လုချင်သည်။ ဆံပင်က ညှင်းသိုးသိုးနဲ့ ကျောက်သင်ပုံးအဟောင်းလို အရောင်ဖျော့နေပြီ။ နားသယ်အစပ်မှာ ဆံပင်ဖြူလေးငါးချောင်းတွေ့ရသည်။ မျက်နှာက နည်းနည်းရှည်သည်။ မျက်စိမှေးရတဲ့ကြားထဲ မျက်ရစ်ကလည်းမရှိ ...။ ပါးပြင်ပေါ်မှာ ဝက်ခြံတွင်းတွေရှိသည်။ ကျွန်တော့်ပုံစံနှင့်ယှဉ်လိုက်လျှင် သူဌေးနှင့်ဒရိုင်ဘာလို ကွာခြားနေတော့သည်။

သူ၏ရုပ်ရည်မွဲခြင်းမှာ ကျွန်တော့်အတွက်တော့ ကျေနပ်အားရစရာပင်ဖြစ်၏။ ဒီလိုလူမျိုးကိုတော့ ခေါက်မုန့်သည်ကတောင် ကြိုက်မှာမဟုတ်ဘူး။

"ဒါနဲ့ ကိုသာမန်က ဘယ်ဇာတိလဲဗျ"

ဟု ကျွန်တော်က မေးလိုက်သည်။

"ခင်ဗျာ ..."

"သြော် ... ဇာတိက ဘယ်မြို့လဲလို့မေးတာ"

"စေတုတ္တရာပါ ဆရာ"

"ဟုတ်လား သိပ္ပံမောင်ဝရဲ့စာထဲမှာတော့ ဖတ်ဖူးတယ် ... ဘယ်နားမှာလဲ"

"မကွေးတိုင်းထဲမှာပါ ..."

"ဘယ်မြို့နဲ့နီးသလဲ ..."

"ပွင့်ဖြူနဲ့နီးပါတယ် ... အဲဒီကနေ တောင်ဘက်ဆက်ဆင်းလာရင် မင်းဘူးကိုရောက်တာပဲခင်ဗျ ..."

"မင်းဘူး ..."

ကျွန်တော်ပဲ့တင်ထပ်ပြီး ရေရွတ်သည်။ ဘာမှဆက်မမေးတော့ပဲနေလိုက်၏။ ဒီလူ့ပုံစံကြည့်ရတာ မေးလျှင်လည်း အမှန်အတိုင်းဖြေမယ့် အနေအထားရှိသည်။ ကျွန်တော် ဖွင့်မေးမှာမဟုတ်မှန်းသိသောကြောင့် မမြစိန်က "ကာယကံရှင်တွေကို မေးကြည့်လိုက်ပေါ့" ဟု ပြောခဲ့ခြင်း ဖြစ်နိုင်၏။ ဒါမှမဟုတ် ကိုသာမန်က အမှန်အတိုင်းဖြေလိမ့်မယ်ဆိုတာ ခန့်မှန်းမိသောကြောင့်လည်း ဖြစ်နိုင်၏။

စက်ရုံရှေ့မှာ ကားရပ်လိုက်သောအခါ ကျွန်တော်မဆင်းသေးဘဲ ဆက်ထိုင်နေမိသည်။ ထို့ကြောင့် ကိုသာမန်က အရင်ဦးအောင် တံခါးလာဖွင့်ပေးခွင့်ရသွားသည်။ ကျွန်တော်တို့နှစ်ယောက် နေ့စဉ်လိုလို ဆင်နွှဲနေကြသော ကားတံခါးဖွင့်ပြိုင်ပွဲမှာ သူချည်းပဲနောက်ကျနေခဲ့တာ လေးငါးရက်ရှိပြီ။ ဒီနေ့တော့ သူအနိုင်ရသွားသဖြင့် ကျေနပ်နေသောမျက်နှာထားကို မြင်ရသည်။ (နောက်ရက်တွေမှာ သူ့ထက်နောက်မကျအောင် ကားမရပ်ခင်ကတည်းက တံခါးခလုတ်ကို ကြိုဆွဲထားနှင့်သော အကျင့်တစ်ခု ဖြစ်ပေါ်လာခဲ့လေသည်။)

တံခါးဖွင့်ပြီးပြီဆိုတော့ ကားပေါ်က ဆင်းရုံပဲရှိတော့သည်။ ရုံးခန်းထဲရောက်လျှင် ခါတိုင်းနေ့တွေလိုပဲ ပုံမှန်ပြောဆိုဆက်ဆံနိုင်ဖို့လိုသည်။ အထူးသဖြင့် မမြစိန်ရှေ့မှာ ဟန်မပျက်နေနိုင်ဖို့ အရေးကြီးသည်။

ကျွန်တော်သည် အသက်ကိုဝအောင်ရှူပြီးနောက် ရုံးခန်းထဲလှမ်းဝင်လိုက်သည်။ ကျွန်တော့်ကိုမြင်သောအခါ မမြစိန်ကယောင်ပြီး မတ်တတ်ထရပ်သည်။ ကျွန်တော်က ပြောင်ချော်ချော်မျက်နှာထားဖြင့် ...

"ဂွတ်မောနင်း ... အစ်မကြီး ဒီနေ့ တော်တော်လှနေပါလား"

ဟု ပြောလိုက်သည်။ မမြစိန်သည် အံ့သြသလိုဖြစ်သွား၏။ ပြီးမှ "သိုင်းခရူး" ဟု အူကြောင်ကြောင်လေသံဖြင့် ပြန်ပြောသည်။ ကျွန်တော်ကျေနပ်သွားသည်။ တစ်ပြိုင်နက်တည်းမှာ နည်းနည်းများ အိုဗာ ဖြစ်သွားသလားဟုလည်း တွေးမိ၏။

-----♥♥-----

"ကောင်လေး ... မနေ့က မင်းဘာဖြစ်လို့ အစောကြီးပြန်သွားတာလဲ "

နေ့လယ် လက်ဖက်ရည်ဆိုင်ထိုင်ကြတော့မှ ကိုအောင်မြိုင်က မေးသည်။

"နေမကောင်းလို့လို့ မှာခဲ့တာပဲဗျ ..."

ကျွန်တော်က လိမ်ညာပြီးခွင့်တိုင်သော ကျောင်းသားတစ်ယောက်၏ လေသံမျိုးဖြင့် ပြောသည်။

"မဖြစ်နိုင်ဘူး ..."

"ဘာမဖြစ်ရမှာလဲ ..."

"ငါတို့အပြင်သွားခါနီးတော့ မင်းပုံစံက အကောင်းကြီးရှိသေးတာပဲ၊ ရုတ်တရက်နေမကောင်းဖြစ်တယ်ပဲထားဦး ... ကားပြန်လာတာကို မစောင့်နိုင်လောက်အောင် ဆိုးနေတာမှမဟုတ်ပဲ ... ငါ့ အိမ်ကို ဖုန်းဆက်တော့ ခေါင်းတွေအုံနေတာလောက်ပဲလို့ ပြောတယ် မဟုတ်လား"

ကျွန်တော် အကြောင်းမပြပဲ ငြိမ်နေလိုက်သည်။ သူကပဲ ဆက်ပြီး ...

"နောက်တစ်ချက်ရှိသေးတယ် ... မင်းသာတကယ်နေမကောင်းတာဆိုရင် မမြစိန်တစ်ယောက် စိုးရိမ်ပြီးပျာယာခတ်နေမှာပေါ့ ... ခုတော့ မင်းနေမကောင်းလို့ ပြန်သွားလေရဲ့ဆိုတာမျိုး သာမန်လောက်သာ ပြောတယ် ... ဒီနေ့မနက်ကျတော့လည်း ကိုမိုးနေကောင်းသွားပြီလားလို့ မမေးခဲ့ဘူးလေ"

"အစ်ကိုကြီးကလည်းဗျာ ... ဘာမဟုတ်တဲ့ကိစ္စလေးကို အသေးစိတ်ပြီး အင်စပက်ရှင်ဝင်နေတယ် ... စာရင်းကိုင်ပီသလိုက်တာ"

"ငါနဲ့များ ပတ်သက်နေသလားလို့ပါ"

"ဘာဆိုင်လို့လဲ ..."

"ငါထင်တာက ငါမရှိတုန်းမှာ မမြစိန်က ငါ့မကောင်းကြောင်းတွေ မင်းကိုပြောမယ် ... မင်းက လက်မခံဘဲ ငါ့ဘက်က ကာကွယ်ပြီး ပြန်ပြောမယ် ... အဲဒီမှာ ကတောက်ကဆဖြစ် ... မင်းက ဒေါကန်ပြီး အိမ်ပြန်သွား အဲဒီလိုများလားလို့ ..."

"မဟုတ်ပါဘူးဗျာ ... အစ်ကိုကြီးနဲ့ မဆိုင်ပါဘူး"

"ဒါဆိုလည်း ပြီးတာပါပဲ ... တစ်ခုတော့ပြောရဦးမယ် ... တော်တော်ရယ်ရတယ် ... မင်း နေမကောင်းလို့ ပြန်သွားတယ်လည်းကြားရော ကိုသာမန်ဟာ နေစရာမရှိလောက်အောင် စိုးရိမ်သွားတာပဲ"

"ဘာဖြစ်လို့"

ကျွန်တော့်လေသံက လိုအပ်တာထက်ပိုပြီး စိတ်ဝင်စားဟန် ဖြစ်သွား၏။

"ငါက သူ့ကို ဒီလိုမှာထားတာကိုး ... ခင်ဗျား ပေါ့လျော့မှုကြောင့် မောင်မိုးမှာ အဆင်မပြေတာရှိရင် အညာပြန်ဖို့ပြင်ထားလို့ ..."

စကားကြုံလာတုန်းမှာ ကျွန်တော်သိချင်နေတာကို မေးလိုက်သည်။

"ဒါနဲ့နေပါဦး ... ကိုသာမန်က လိုင်းကားမမောင်းခင် တခြားအလုပ်တစ်ခုလုပ်သေးတယ်ဆို ... အစ်ကိုကြီးကို ပြောပြဖူးလား"

"အေး ... ပြောခဲ့ဖူးတယ် ... မင်းဘူးက ပဲခွဲစက်တစ်ခုမှာ အလုပ်လုပ်ဖူးတယ်တဲ့"

ဆက်မပြောစေချင်သောဆန္ဒမျိုး ဖြစ်ပေါ်လာခဲ့သော်လည်း မေးလိုက်မိပြီးမှတော့ ဟန့်တားလို့မရတော့။

"အဲဒီမှာ အတော်ကြာကြာလုပ်ခဲ့တာ ... အဆင်လည်းပြေပါတယ် ... ဒါပေမဲ့ သူ့ထုံးစံအတိုင်း နောက်ဆုံးတော့ အလုပ်ထုတ်ခံလိုက်ရတာပဲ"

"ဘာဖြစ်လို့ အထုတ်ခံရတာလဲ"

အလောတကြီး မေးမိပြန်သည်။

"အဲဒီကိစ္စကတော့ ပြန်မပြောပါရစေနဲ့တော့လို့ ပြောတယ် ... စိတ်နာစရာတစ်ခုခု ဖြစ်ခဲ့တဲ့ပုံပဲ ..."

ကျွန်တော့်ရင်ထဲက ထိတ်ခနဲဖြစ်သွားသည်။ ကိုအောင်မြိုင်က ဆက်၍ ...

"ငါ့စိတ်ထင်တော့ ငွေရေးကြေးရေးကိစ္စ ဖြစ်နိုင်တယ် ... မင်းသိတဲ့အတိုင်း ကိုသာမန်ဆိုတဲ့လူက အတတ,ကိုးကွ ... တစ်ယောက်ယောက်က ငွေကြေးအလွဲသုံးစားလုပ်ပြီး သူ့အပေါ်အပြစ်ပုံချလိုက်တာမျိုးပေါ့ "

"ဟုတ်တယ် ... ဒါပဲဖြစ်ရမယ်"

ဟု ကျွန်တော်က အလျင်အမြန်ဝင်ပြီး ထောက်ခံလိုက်သည်။

"ဒါမှမဟုတ်ရင်လည်း ပဲခွဲစက်ပိုင်ရှင်ရဲ့သမီးကို သွားကြံစည်လို့လားမှမသိဘဲ "

"ဘာ ... သူတို့မှာ သမီးရှိလို့လား"

"ဒါတော့ ငါ ဘယ်သိပါ့မလဲကွ ... စကားအဖြစ်ပြောတာပဲဟာ ... သမီးမဟုတ်ရင်လည်း တူမတို့ဘာတို့ ဖြစ်ချင်ဖြစ်မှာပေါ့ ..."

ကျွန်တော်သူ့ကို ဖျတ်ခနဲကြည့်လိုက်သည်။ သူ တစ်ခုခုများ သိထားလေသလား။ သူ့မျက်နှာထားကတော့ တကယ်ပဲ စကားအဖြစ်သာပြောနေတဲ့ပုံမျိုး။ ကိုအောင်မြိုင်က ဟာသတစ်ခုလို ရယ်မောနေသော်လည်း သူ့စကားတွေက အတိတ်နိမိတ်တစ်ခုကဲ့သို့ တိုက်ဆိုင်လွန်းလှသည်။ ကျွန်တော်က ငြင်းချက်ထုတ်လိုက်၏။

"မဖြစ်နိုင်ပါဘူးဗျာ ... သူ့လိုပုံမျိုးကြီးနဲ့ ..."

"ဒီလို တစ်ထစ်ချ မပြောနဲ့ကွ ... ငါတို့က ကိုသာမန်ကို ဒီအရွယ်ရောက်မှ မြင်ဖူးတာ ... ငယ်ငယ်က ကြည့်ကောင်းချင်ကောင်းမှာပေါ့ ... ပြီးတော့ ရုပ်ချောပြီး ထက်ထက်မြက်မြက်ရှိတဲ့မိန်းမမျိုးတွေဟာ အဲဒီလို ပုံမလာပန်းမလာ ခပ်တုံးတုံးယောကျ်ားတွေကို ကြိုက်တတ်ကြတယ်၊ ဒါမှ သူတို့က အသာစီးရမှာကိုးကွ ..."

ဘာကြောင့်မှန်းမသိ ... ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေ ရုတ်တရက် စိမ့်ထွက်လာသည်။ ကိုအောင်မြိုင်က ဆက်ပြောသည်။

"ဘာပဲဖြစ်ဖြစ် ကိုသာမန်ဟာ လူရိုးလူကောင်းတစ်ယောက်ဆိုတာတော့ သေချာတယ် ... မင်းအပေါ်မှာလည်း တော်တော်သစ္စာရှိပါတယ် ... ငါတို့လူရွေးတာ မှန်ပါတယ်ကွာ"

ထွက်ပြီးသားချွေးက ပြန်ဝင်သွားရိုးထုံးစံမရှိ။ အချိန်တန်လျှင်တော့ သူ့အလိုအလျောက် ခြောက်သွေ့လွင့်ပြယ်သွားမှာပါ။

-----♥♥-----

မမြစိန်သည် ဒီအကြောင်းတွေကို ဘာကြောင့်ဖွင့်ပြောပြခဲ့ပါသလဲ။ ဖြစ်နိုင်ခြေတွေအများကြီးရှိသည်။ သူ ကျွန်တော့်အပေါ်မှာ စိတ်ကူးယဉ်ခဲ့ဖူးသည်။ ကျွန်တော်က သူ့ကို စိတ်မဝင်စားပဲ တင်မေထွန်းကို လက်ထပ်ခဲ့သည်။ ဒီအတွက် စိတ်နာပြီး လက်စားချေတာဖြစ်နိုင်သည်။ နောက်ဖြစ်နိုင်တာတစ်ခုက သူ၏အိပ်မက်တွေကို လုယူသွားခဲ့သော တင်မေထွန်းကို နာကြည်းမုန်းတီးနေလိမ့်မည်။ ဒီအချိန်မှာ ကိုသာမန်ရောက်လာတော့ အကွက်ကောင်းပေါ်လာပြီး တိုက်ခိုက်တာများလား။

ကျွန်တော်က တင်မေထွန်းကို သိပ်အရေးပေးသည်။ ဘယ်လောက်တော်ကြောင်း ကျွန်တော့်ကိုဘယ်လောက်ဂရုစိုက်ကြောင်း တဖွဖွပြောနေတာတွေကို နားကြားပြင်းကပ်ဟန်တူသည်။ တင်မေထွန်းနှင့်ပတ်သက်ပြီး တရားလွန်ဂုဏ်ယူဝင့်ကြွားနေခြင်းအပေါ် မခံချည့်မခံသာ ဖြစ်နေပုံရသည်။ ထို့ကြောင့် အခွင့်သာခိုက်မှာ သိက္ခာချပစ်လိုက်ခြင်းလည်း ဖြစ်နိုင်၏။

ဒီကိစ္စအတွက်ကြောင့် တင်မေထွန်းနှင့်ကျွန်တော်တို့၏ အိမ်ထောင်ရေးမှာ အဖုအထစ်ဖြစ်လာမည်။ ကံကောင်းလျှင် အကွဲအပြဲတောင် ဖြစ်သွားနိုင်သည်။ ဒီအခါကျတော့မှ သူက ကြားကဝင်ပြီး အမြတ်ထုတ်မယ်ဆိုတဲ့သဘောလား။ ကိုယ် ... သိပ်အထင်ကြီးတဲ့လူ..။ ကိုသိပ်ချစ်တဲ့ မိန်းမတစ်ယောက်ဟာ အပြစ်အနာအဆာ မကင်းပါလားလို့ သိလိုက်ရတဲ့အခါ ဆတ်ဆတ်ခါ နာသွားလောက်အောင် ခံစားရတတ်သည်။ ဒါကိုကြည့်ပြီး အရသာခံချင်ရုံသက်သက်အတွက် ခုလိုကြံစည်တာလား။

ဘာပဲဖြစ်ဖြစ် "ဟိုကိစ္စ" ကိုတော့ ကျွန်တော်သိသွားခဲ့ပြီ။ ခုချိန်ကျမှ ပြန်မေ့ပစ်ချင်လို့မရတော့။ ဦးနှောက်ဆိုတာကိုက မှတ်ဖို့ထားခြင်းဖြစ်၏။ မေ့ဖို့မဟုတ်။ အထူးသဖြင့် ဘဝမှာ အရေးပါသောအချက်အလက်များကို အလိုအလျောက် မှတ်သားထားနိုင်သည်။ ကျွန်တော့်အတွက်တော့ တင်မေထွန်းနှင့်ပတ်သက်သမျှ အရေးကြီးတာတွေချည်းသာ ဖြစ်၏။ တချို့သောအကြောင်းအရာတွေက အချိန်ကြာလျှင် တဖြည်းဖြည်း မှေးမှိန်သွားတတ်သော်လည်း ခုကိစ္စကတော့ နောင်ဘဝထိတောင် မေ့နိုင်မှာမဟုတ်။

တချို့ကိစ္စတွေမှာ မသိဘဲ နေလိုက်ရတာပိုကောင်းသည်။ တစ်ခါတလေမှာတော့ နောက်ကျပြီးမှ သိရတာက ပိုပြီးသက်သာရသည်။ ကျွန်တော်ငယ်ငယ်က ဖြစ်ဖူးသည်။ အိမ်ကို လာလည်နေကျ အဘွားကြီးတစ်ယောက်ဆုံးသွားတာ ကျွန်တော်မသိလိုက်။ စာမေးပွဲနီးနေသောအချိန်ဖြစ်သောကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားမှာစိုးသောကြောင့်တစ်ကြောင်း, ကျွန်တော်ကြောက်နေမှာစိုးသောကြောင့်တစ်ကြောင်း လူကြီးတွေက အသိမပေးပဲထားခြင်းဖြစ်၏။ နောက်တစ်လလောက်ကြာမှ  သိရသောအခါ ကျွန်တော့်အနေဖြင့် ကြောက်ဖို့ နောက်ကျသွားခဲ့ပြီဖြစ်၏။

ခုပြသနာကတော့ တော်တော်ကြီးနောက်ကျမှ သိရသည့်တိုင် ခံစားမှုကလျော့မသွား။ ဒါတင်မက ဘာမှမသိခဲ့ရသေးသော ဟိုအရင်အချိန်တွေအတွက်ပါ ထပ်ဆောင်းပြီး ချောက်ချားရသည်။

ထွက်ပေါက်ကျဉ်းကျဉ်းလေးတစ်ခုတော့ ရှိသေးသည်။ ကိုသာမန်နှင့် တင်မေထွန်းတို့၏ လက်ရှိဆက်ဆံရေးအခြေအနေကိုကြည့်ပြီး ခြေရာကောက်ဆန်းစစ်ကြည့်ရန်ပင်ဖြစ်၏။ သူတို့ကိုကြည့်ရတာ ဘာမှမထူးခြား။ တစ်ချိန်က ... ဆက်နွယ်ပတ်သက်ခဲ့ဖူးသော အရိပ်အရောင်တွေမမြင်ရ။ တစ်ဘက်ကကြည့်တော့လည်း  ဒါကိုက ယုတ္တိမတန်သလိုဖြစ်၏။ သူတို့နှစ်ယောက်သည် မင်းဘူးက ပဲခွဲစက်မှာဆုံခဲ့ဖူးသည်။ အိမ်နှင့်စက်က တစ်ဝင်းတည်းမှာရှိသည်။ ကိုသာမန်က အိမ်ကိုမကြာခဏအဝင်အထွက်ရှိသည်။ ရင်းရင်းနှီးနှီး မနေခဲ့ဖူးပဲထား မေးထူးခေါ်ပြောတော့ရှိရမည်။ အနည်းဆုံး မျက်မှန်းတော့ တန်းမိနေရမည်။

ခုပြန်ဆုံကြသောအခါ ဟိုတုန်းက တစ်ခါမှ မတွေ့ခဲ့ဖူးတဲ့လူတွေလို ဖြစ်နေကြသည်။ အရင်ကတည်းက သိခဲ့ဖူးကြောင်း ကိုသာမန်ကဖြစ်စေ တင်မေထွန်းကဖြစ်စေ ကျွန်တော့်ကို ပြောရမည်။ အခုလို ခပ်မဆိတ်နေနေကြတာဟာ ဘဝင်မကျစရာပဲ။ သူတို့ဆုံတွေ့ခဲ့ဖူးတာကို ကျွန်တော်မသိစေချင်တဲ့သဘောမျိုး ဖြစ်နေ၏။

သူတို့နှစ်ယောက် ကျွန်တော့်အိမ်မှာ ပထမဆုံး ပြန်လည်ဆုံတွေ့ကြသောမြင်ကွင်းကို ကျွန်တော်မကြည့်လိုက်ရ။ ကိုအောင်မြိုင်က ကိုသာမန်ကို ခေါ်လာတဲ့အချိန်မှာ ကျွန်တော်က အိပ်နေတုန်း။ အိပ်ရာမှနိုးသောအခါ ဧည့်ခန်းထဲမှာနေသားတကျ ထိုင်မိနေကြပြီ။ တင်မေထွန်းနှင့်ကိုသာမန်တို့ တစ်ယောက်ကိုတစ်ယောက် မြင်မြင်ချင်း ဘယ်လိုဖြစ်သွားကြသလဲဆိုတာ ကျွန်တော်မသိလိုက်။

ထိုနေ့နံနက်က အခြေအနေကို သတိရသလောက် ပြန်စဉ်းစားပြီးပုံဖော်ကြည့်သည်။ မသင်္ကာစရာ ဘာမှမတွေ့ရ။ ကိုသာမန်ဆိုတဲ့လူက ထုံထုံထိုင်းထိုင်းနဲ့၊ ဝမ်းသာလည်းဒီမျက်နှာ ဝမ်းနည်းလည်းဒီအမူအရာ၊ အံ့သြလည်း ဒီပုံစံပဲဆိုတော့ အကဲခတ်ဖို့မလွယ်။ တင်မေထွန်းအနေနဲ့တော့ တစ်ခုခု ထူးခြားသောဟန်မျိုး ဖြစ်နေသင့်သည်။ သို့ရာတွင် ... ကျွန်တော်မှတ်မိသလောက် ထိုနေ့က ပုံမှန်မဟုတ်တာ ဘာမှမရှိ။ ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ်ပါပဲ။ ဒါဆိုရင်တော့ ...

မျှောင်လင့်ချက်လေးတစ်ခုလက်သွားသည်။ ထိုအခိုက်မှာပဲ တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်မိပြန်သည်။ သားကို မွေးခါနီးတုန်းက အဖြစ်အပျက်။ ဆေးရုံကိုအသွား ကားပေါ်မှာ တင်မေထွန်းက တည်တည်ငြိမ်ငြိမ်ရှိနေသဖြင့် သိပ်သတ္တိကောင်းတာပဲလို့ ချီးကျူးတော့ သူပြန်ပြောတဲ့စကား။

"ကျွန်မရဲ့အကျင့်က  စိတ်လှုပ်ရှားလေ တည်ငြိမ်လေပဲ"

ကျွန်တော့်တစ်ကိုယ်လုံး လေပူဟပ်သလို "ရှိန်းခနဲ" ဖြစ်သွားသည်။ ဟိုတုန်းက သူ့လက်တွေ အေးစက်နေခဲ့တာကို မှတ်မိ၏။ ကိုသာမန် အိမ်ကိုရောက်ရှိလာသောနေ့က တင်မေထွန်း၏ လက်များကို ကျွန်တော်ကိုင်မကြည့်ဖြစ်ခဲ့။ လက်ချင်းထိမိတာတော့ရှိမည်။ အေးစက်နေသလား နွေးထွေးနေသလား သတိမရတော့။

တကယ်ဆိုလျှင် ကျွန်တော်သည် အရုပ်ဆက်ပဟေဠိကစားနည်းတစ်ခုမှာ နောက်ဆုံးအပိုင်းအစကို ကိုင်ထားသူတစ်ယောက်လိုပင်ဖြစ်၏။ ဘယ်ကွက်လပ်နေရာကို ဖြည့်ရမယ်ဆိုတာ သိမြင်ပါလျက် တွေဝေနေမိသည်။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးကွက်လပ်ကို မဖြည့်ဘဲ နေသည့်တိုင် ဘယ်လိုပုံစံကားချပ်မျိုးလဲဆိုတာကတော့ ထင်ထင်ရှားရှားကြီး ပေါ်လွင်နေပြီဖြစ်ပါသည်။

-----♥♥-----

ကိုသာမန်ကို အလုပ်ထုတ်ပစ်ဖို့ မမြစိန်က အကြံပေးခဲ့သည်။ တင်မေထွန်းနဲ့ နီးနီးစပ်စပ်မထားသင့်လို့၊ ဒါမှမဟုတ် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ဟု အကြောင်းပြချင်ဟန်တူသည်။

ပုဂ္ဂလိကလုပ်ငန်းတစ်ခုအနေဖြင့် ခုချိန်မှာ လူတစ်ယောက်ကို အလုပ်ထုတ်ပစ်ဖို့ဆိုတာ သိပ်မခဲယဉ်းလှဘူးဟု ဆိုနိုင်သည်။ သိပ်ထွေထွေထူးထူးအကြောင်းပြနေစရာမလို။ ကားမောင်း သိပ်မကျွမ်းကျင်ဘူး၊ ကားကိုင်မသန့်ဘူး၊ စိတ်တိုင်းမကျဘူးပြောလိုပ်ရုံပဲ။ နည်းနည်းညစ်ချင်လျှင် ဓာတ်ဆီခိုးရောင်းတယ်လို့ သံသယရှိတယ်ဆိုလျှင်လည်း ဖြစ်သည်။

သို့ရာတွင် ပညာတတ်အထက်တန်းလွှာဟု ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ထားသူတို့မှာ ဒါမျိုးလုပ်ရမှာကို လိပ်ပြာမလုံဘဲ ရှိတတ်ကြသည်။ ပညာရှိနည်းနဲ့ ပ,ထုတ်လို့တော့ရသည်။ အိမ်ကိုအဝင်အထွက် လုပ်စရာမလိုသော စက်ရုံထဲက အလုပ်တစ်နေရာရာကို ပြောင်းရွှေ့ပေးလိုက်ဖို့ပဲဖြစ်၏။

ကျွန်တော့်လက်က အကောင်းပကတိဖြစ်နေပါပြီ။ ကားမမောင်းစေချင်သောကြောင့် အကင်းမသေသေးသယောင်ပြောပေးဖို့ ဆရာဝန်ကို ကိုအောင်မြိုင်တို့က မှာထားခြင်းဖြစ်ကြောင်း သိသာပါသည်။ နောက်ဆုံးတစ်ကြိမ် သွားပြတုန်းက ...

"တော်တော်ကြီးကောင်းနေပြီဗျ ... အဲ ... အရိုးအက်ထားတဲ့ဒဏ်ရှိနေတာရယ် အရွတ်ကိုထိခိုက်ဖူးတာရယ်ရှိနေတော့ သတိထားတာတော့ ကောင်းတာပေါ့ဗျာ ... လက်ကောက်ဝတ်ကို ဝန်ပိစေမယ့် လှုပ်ရှားမှုမျိုး ရှောင်နိုင်သလောက်ရှောင်ပါ ..."

ဟု ဆရာဝန်က ကျင့်ဝတ်ဖောက်ဖျက်ရာလည်း မရောက်အောင် မယုတ်မလွန်ပြောခဲ့သည်။ ကိုယ်ဝန်အရင့်အမာကြီးနဲ့ ပြောင်းဖူးပြုတ်တောင်းကိုရွက်ပြီး လည်ရောင်းနေသော မိန်းမတစ်ယောက်နှင့်ယှဉ်ကြည့်လျှင် ကျွန်တော့်အဖြစ်က ရယ်စရာဖြစ်၏။

(ဒီနေရာမှာ စိတ်ထဲက ထင့်ခနဲဖြစ်စရာတစ်ခုကို တွေးမိသေးသည်။ ကျွန်တော့်ကို ကားပြန်မမောင်းစေချင်တဲ့သူတွေထဲမှာ တင်မေထွန်းလည်း ပါဝင်ကြောင်းသိရ၏။ ဒါဟာ ကျွန်တော့်အတွက် စိုးရိမ်တာသက်သက်ပဲလား ကိုသာမန်ကို ဒရိုင်ဘာအဖြစ် ဆက်ရှိနေစေချင်တာကော မပါဘူးလားဆိုသော အချက်ပင်ဖြစ်၏။)

ကျွန်တော့်အနေဖြင့် ကားပြန်မောင်းလို့ ရနေတာကြာပြီ ...။ တလောက ကိုသာမန် အဆုတ်အအေးမိပြီးဖျားလို့ ခွင့်သုံးရက်ပေးလိုက်တုန်းက ကျွန်တော့်ဘာသာမောင်းခဲ့တာပဲ။ တစ်ခုရှိတာက ကျွန်တော်သည် ကားကိုကိုယ်တိုင်မောင်းချင်သောဆန္ဒမျိုး အရင်ကလို မထက်သန်တော့ခြင်းဖြစ်၏။ ကိုသာမန် မောင်းသောကားပေါ်မှာ ဘေးကနေ ဇိမ်နဲ့ထိုင်လိုက်ရတာ အရသာတွေ့နေခဲ့ပြီ။

လမ်းအခြေအနေကလည်း အိမ်ကထွက်ခါစမှာသာ ကားနည်းနည်းရှုပ်ပြီး စက်မှုဇုံဘက်သို့ချိုးဝင်လိုက်တာနဲ့ အဝေးပြေးလမ်းလို ရှင်းလင်းသွားသည်။ လမ်းဘေးတစ်ဘက်တစ်ချက်မှာ ကွင်းပြင်ကြီးတွေရှိသည်။ ကိုင်းပင်တွေ၊ မြက်ပင်တွေ၊ ချုံပင်တွေဖုံးလွှမ်းနေသည်။ ကုက္ကိုပင်၊ ညောင်ပင်စသော အပင်ကြီးမျိုး တစ်ပင်တလေ တွေ့ရတတ်သည်။ နွေရာသီ၏ ညနေခင်းဆိုလျှင် ရှုခင်းက သိပ်လှသည်။ ကျွန်တော်သည် ဟိုအရင်တုန်းက ကိုယ်တိုင်ကားမောင်းခဲ့သဖြင့် လမ်းဘေးဝဲယာကို မကြည့်ဖြစ်ခဲ့။ ကိုသာမန်ရောက်လာပြီးမှ ကြည့်ရကောင်းမှန်းသိလာသည်။

တချို့လုပ်ငန်းရှင်ကြီးတွေကတော့ ကားပေါ်မှာတောင် ဇိမ်နဲ့မနေဘဲ အလုပ်လုပ်ကြသည်။ ခရီးဆောင်ကွန်ပျူတာကိုဖွင့် စာရင်းဇယားတွေ အချက်အလက်တွေ ရှာဖွေစစ်ဆေးလေ့လာ၊ လက်ကိုင်ဖုန်းနဲ့ ညွှန်ကြားချက်တွေပေး၊ အပြင်ကရှုခင်းတွေကြည့်ဖို့ သတိတောင်မရ။ တချို့ဆို အပြင်ကိုယောင်ပြီးကြည့်မိရင် အာရုံနောက်မှာစိုးလို့လားမသိ။ ကားမှန်အမည်းကြီးတွေတောင် တပ်ထားသေးသည်။

ကျွန်တော်ကတော့ လုပ်ငန်းရှင်အကြီးစားကြီးလည်းမဟုတ်။ ရုံးခန်းမှာတောင်အလုပ်က သိပ်အများကြီးရှိတာမဟုတ်။ ထို့ကြောင့် ကားပေါ်မှာ အေးအေးဆေးဆေးလိုက်ပါရင်း လမ်းဘေးဝဲယာရှုခင်းတွေငေးကြည့်လိုက် ... ရောက်တတ်ရာရာစိတ်ကူးတွေးတောလိုက်၊ ညနေအလုပ်ကအပြန်ဆိုလျှင် လေကလေးတဖြူးဖြူးနဲ့ အတော်သက်တောင့်သက်သာရှိလှသည်။ ပြီးတော့ ကိုသာမန် ကားမောင်းတာကလည်း ဖြည်းဖြည်းညင်သာဖြစ်သောကြောင့် ခရီးသွားဧည့်သည်တစ်ယောက်ကို မြို့၏ရှုခင်းရှုကွက်တွေလိုက်ပြရင်း ဧည့်ခံနေသလိုပင်ဖြစ်၏။

ကျွန်တော်ကိုယ်တိုင် ကားမမောင်းချင်တော့။ ထို့ကြောင့် ကိုသာမန်ကို အလုပ်ဖြုတ်ဖို့သော်လည်းကောင်း၊ နေရာရွှေ့ဖို့သော်လည်းကောင်း မစဉ်းစားတော့ဘဲ နေမြဲအတိုင်းရှိနေစေဖို့ ဆုံးဖြတ်လိုက်သည်။

(ထိုဆုံးဖြတ်ချက်သည် အထက်ကပြောခဲ့သော အကြောင်းပြချက်တွေကြောင့် သက်သက်ပဲလား၊ တခြားကိစ္စတစ်ခုခုကော ရှိနေသေးလားဆိုတာကိုဖြင့် ဆက်မစဉ်းစားဖြစ်တော့ပါ။)

-----♥♥-----

သူများကို ဖွင့်ပြောပြဖို့ခက်တဲ့ အတွင်းရေးကိစ္စတွေနဲ့ပတ်သက်ပြီး ကိုအောင်မြိုင် ဥပမာပေးခဲ့သော စကားတစ်ခွန်းရှိသည်။ သူပြောနေကျထုံးစံအတိုင်း ခွကျကျဖြစ်သော်လည်း တကယ်မှန်နေသဖြင့် ငြင်းဖို့ခက်သည်။

"အပျိုကြီးတစ်ယောက်ရဲ့ ပေါင်ခြံမှာ ပွေးပေါက်သလိုပေါ့ကွာ၊ သူများကို ဖွင့်ပြောဖို့ကလည်းအခက် လူကြားသူကြားထဲမှာ ယားလို့မှမကုတ်ရဲဘဲ ကြိတ်ခံရတာကလည်း တစ်ဒုက္ခ ... ဆရာဝန်ကို သွားပြပြန်ရင်လည်း တစ်ရှက်ကနှစ်ရှက်ဖြစ်ရဦးမယ် ..."

ထိုစဉ်က ကျွန်တော်သဘောကျပြီး ဟားတိုက်ရယ်ခဲ့သည်။ မမြစိန်ကိုကြည့်ပြီး တစ်ခါတစ်ခါ ကျိတ်ပြုံးမိ၏။ ခုတော့ ကျွန်တော့်အလှည့်ရောက်လာခဲ့ပြီ။ ကျွန်တော့်အနေဖြင့် ခုကိစ္စကို ဘယ်သူ့မှ ဖွင့်ပြောလို့မဖြစ်။ ဒီအကြောင်းတွေ သိထားသူလေးယောက်ရှိသည်။ သို့တိုင်အောင် ... တစ်ယောက်နှင့်တစ်ယောက် ပတ်လည်လှည့်ပြီး မသိချင်ယောင်ဆောင်နေကြရသည်။

ဒီကိစ္စ ကျွန်တော်သိနေပြီဖြစ်ကြောင်းကို မမြစိန်တစ်ယောက်တည်းသာသိသည်။ သူသိနေကြောင်း သိထားသူမှာလည်း ကျွန်တော်သာဖြစ်၏။ သို့ရာတွင် သူနှင့် ကျွန်တော်ထပ်ပြီး တိုင်ပင်နီးနှောနေစရာ အကြောင်းမရှိ။ ကိုသာမန်နှင့် တင်မေထွန်းတို့သည် တစ်ယောက်ကိုတစ်ယောက် ကောင်းကောင်းကြီး ရင်းနီးစွာသိခဲ့ကြသည်။ သို့ရာတွင် ခုချိန်မှာ ရှေးဟောင်းနှောင်းဖြစ်တွေပြောနေဖို့ အခွင့်အရေးမရှိ။ တစ်ခါမှ မသိဘူးခဲ့ကြသလို၊ ဘယ်တုန်းကမှ ဘာမှမဖြစ်ခဲ့သလို နေနေကြရသည်။

အားလုံးထဲမှာ ကျွန်တော့်နေရာက နေရထိုင်ရအခက်ခဲဆုံးပင် ဖြစ်၏။ မမြစိန်ရှေ့မှာ ဘာမှအရေးမကြီးသလို ဟန်မပျက်နေပြရသည်။ အရင်လိုပဲ နောက်လားပြောင်လား လုပ်ပေးရသည်။ တခါတလေ စိတ်မပါသဖြင့် ရယ်စရာတွေစဉ်းစားလို့မရသောအခါ ခြောက်ကပ်ကပ် အေးစက်စက်ကြီးဖြစ်နေသည်။ ထို့ကြောင့် ... မောင်ကောင်းထိုက်(နီးပဒေါ)၏ ဟာသစာအုပ်တွေ ရှာဖတ်ရသေးသည်။ သိပ်လွန်ကဲသွားပြန်လျှင်လည်း တမင်လုပ်ပြနေတာပေါ်သွားမှာစိုးသဖြင့် ထိန်းရသေးသည်။

ကျွန်တော်လုပ်တာ အထိုက်အလျောက်အောင်မြင်သည်ဟု ဆိုရမည်။ မမြစိန်သည် ကျွန်တော်နှင့်ပတ်သက်ပြီး ဇဝေဇဝါဖြစ်နေတာ တွေ့ရ၏။ သူပြောတာကို ကျွန်တော်က မယုံလို့လား၊ ဒါမှမဟုတ် အလေးအနက်သဘောမထားလို့လားဟု တွေးနေဟန်တူသည်။ သူ့စကားက တာသွားရဲ့လားဟူ၍လည်း သံသယဖြစ်သွားပုံရသည်။ တစ်ခါတစ်ခါ ကျွန်တော့်ကို သနားသလိုလိုကြည့်တာ၊ အထကစီးဆန်ဆန် ပြုံးပြတာမျိုးကတော့ အခံရခက်လှသည်။

ဒီကြားထဲမှာ ကိုအောင်မြိုင်က တစ်မှောင့် ...။ တကယ်တော့ ဒီကိစ္စကို သူ ဘာမှသိတာမဟုတ်။ သို့ရာတွင် သူက အကင်းပါးသည်။ မမြစိန်နှင့် ကျွန်တော့်ကြားမှာ ပုံမှန်မဟုတ်သောအခြေအနေတစ်ခုရှိနေတာကို အကဲခတ်မိသွားနိုင်သည်။ ဒီအတွက်လည်း ကျွန်တော့်မှာ သတိထားပြီး နေထိုင်ပြောဆိုနေရ၏။

သူတို့အကြောင်း ကျွန်တော်သိနေပြီဆိုတာ ကိုသာမန်နှင့် တင်မေထွန်းတို့ မရိပ်မိအောင်နေဖို့က ရှိသေးသည်။ ကိုသာမန်ကတော့ သိပ်အရေးမကြီးလှ။ ထုံထုံထိုင်းထိုင်းဆိုတော့ တော်ရုံတန်ရုံနဲ့ သဘောပေါက်မှာမဟုတ်။ ကျွန်တော့်အဖို့ တင်မေထွန်းရှေ့မှာ ဟန်ဆောင်ပြီးနေရတာ အခက်ခဲဆုံးပင် ဖြစ်၏။ နည်းနည်းလေးမှ ကြွန်ပျက်လို့မရ။ အရင်ကအတိုင်း ပုံမှန်ဖြစ်အောင် အထူးသတိထားပြီးနေနေရသည်။ ဒီကိစ္စပေါ်သွားလျှင် အိမ်ထောင်ရေးမှာ အေးစက်ထိုင်းမှိုင်းသွားနိုင်သည်။ လင်မယားကြားမှ နှစ်ယောက်လုံးသိထားပြီးသော လျှို့ဝှက်ချက်အတွက် အပြန်အလှန် ဟန်ဆောင်ထိန်းသိမ်းနေရတာ အတော်ခွကျသောကိစ္စပင်ဖြစ်၏။ ရေရှည်မှာ ဘယ်သူကပိုပြီး သိုသိုသိပ်သိပ်ရှိမလဲဆိုတာကတော့ စောင့်ကြည့်ရပေမည်။

အမှန်အတိုင်းဆိုလျှင် ကိုသာမန်ရော တင်မေထွန်းပါ အပြစ်ရှိကြသူတွေမဟုတ်ပါ။ ကျွန်တော်နှင့်မတွေ့ခင်တည်းက သူတို့ချင်း နီးစပ်ခဲ့ကြတာပဲ။ ဒါဟာ အပျိုတစ်ယောက်နှင့်

လူပျိုတစ်ယောက်တို့၏ အခွင့်အရေးသာဖြစ်၏။ ပြီးတော့ ... တင်မေထွန်းကို ကျွန်တော်လက်ထပ်ခွင့်တောင်းစဉ်တုန်းက နောက်ကြောင်းရာဇဝင်ကို မေးခဲ့ဖူးတာမဟုတ်။ သူ့အနေဖြင့်လည်း မမေးဘဲ ဖွင့်ပြောဖို့ တာဝန်မရှိ။ ထို့အတူ သူကလည်း ကျွန်တော်နှင့်ပတ်သက်သော အတိတ်ကာလကို မေးမြန်းခဲ့ခြင်းမရှိ။ ကျွန်တော်ဆိုလျှင် ဒီလိုကိစ္စမျိုးမေးဖို့ သတိတောင်မရခဲ့။ သူက လက်ထပ်ဖို့သဘောတူတယ်ဆိုတာနဲ့ပဲ ပျော်နေခဲ့တာ။

တင်မေထွန်းရဲ့ ရုပ်ရည်မျိုးနဲ့ဆိုလျှင် ချစ်ချင်သူတွေ အများကြီးရှိခဲ့လိမ့်မည်။ ဒီထဲက တစ်ယောက်ယောက်ကို တင်မေထွန်းက ပြန်ချစ်ခဲ့တယ်ဆိုလျှင် ဘာမှမဆန်း။

ကျောင်းနေဘက်တက္ကသိုလ်ကျောင်းသားတစ်ယောက်ယောက်နဲ့ဆိုလျှင် ဖြေသာသေးသည်။ တကယ်လို့များ ဆေးကျောင်းသားတစ်ယောက်နဲ့သာ ဖြစ်ခဲ့လို့ကတော့ ဆရာဝန်လောင်းကိုတောင်ပစ်ပြီး ငါ့ကိုယူခဲ့တာကွဟု ဂုဏ်ယူစရာဖြစ်နိုင်သေးသည်။

ခုတော့ ...

ကံကြမ္မာ၏သရော်လှောင်ပြောင်မှုက ရက်စက်လှသည်။ ကျွန်တော်သိပ်ချစ်သော၊ သိပ်တန်ဖိုးထားသော၊ သိပ်အထင်ကြီးသော တင်မေထွန်း၏ချစ်ဦးသူသည် ကျွန်တော့်ကားဒရိုင်ဘာဖြစ်နေသည်။ ပြီးတော့ ကျွန်တော့်ထက် ဆယ်နှစ်လောက်အသက်ကြီးသည်။ ဒါတင်မက လူက ငတုံးကြီး၊ ထူထူအအကြီး။ ပုံဆိုးပန်းဆိုးကြီး။ ထိုင်းထိုင်းမှိုင်းမှိုင်းကြီး။ ဒီလိုလူမျိုးရဲ့အကျကိုမှ ကျွန်တော်က အမြတ်တနိုးရင်မှာပိုက်ထားမိသည်။ ဒီအချက်က ကျွန်တော့်အပေါ် အကြီးဆုံး ထိုးနှက်ချက်ဖြစ်နေ၏။ မခံချိမခံသာ အဖြစ်ရဆုံးကိစ္စပါပဲ။

သူ့ငွေးနေမကောင်းလို့ ဒရိုင်ဘာရဲ့မိန်းမကလာပြီး နင်းပေးနှိပ်ပေးရတာ ပြဿနာမဟုတ်။ ဒရိုင်ဘာဖျားနေလို့ သူ့ငွေးကတော်က သွားပြီး ပြုစုရတယ်ဆိုလျှင်တော့ ပြောစရာဖြစ်လာလိမ့်မည်။

-----♥♥-----

နွေနှောင်းရာသီဖြစ်၏။ အပူပြင်းဆုံး၊ အခြောက်သွေ့ဆုံးကာလ။ ပူတာထက် အိုက်တာက ဆိုးသည်။ ညဆိုလျှင် ချွေးတလုံးလုံးဖြစ်နေပြီး တော်တော်နဲ့ အိပ်လို့မရ။

ကျွန်တော်တို့အိပ်ခန်းမှာ အဲကွန်းတပ်ထားတာရှိသည်။ အမေက သူ့မြေး ပူမှာအိုက်မှာစိုးလို့ဆိုပြီး လာတပ်ပေးထားခြင်းဖြစ်၏။ သို့ရာတွင် တင်မေထွန်းကမကြိုက်။ အေးပေမဲ့ လူကိုပိတ်လှောင်ထားသလိုပဲ၊ အသက်ရှူရတာမဝဘူး၊ သဘာဝလေက ပိုကောင်းတယ်ဆိုပြီး ပြတင်းပေါက်တွေ ဖွင့်အိပ်ချင်သူဖြစ်၏။ အညာသူမို့ အပူဒဏ်ကို ပိုပြီး ခံနိုင်ရည်ရှိဟန်တူသည်။

"ကိုမိုး အိပ်လို့အဆင်မပြေရင် အဲကွန်းဖွင့်ချင်ဖွင့်ပါ။ ရပါတယ်" ဟု သူက ကျွန်တော့်ကို ဦးစားပေးခဲ့သေးသည်။ သို့ရာတွင် သားကလည်း သူ့အမေလိုပဲ အဲကွန်းနှင့်သိပ်မတည့်ချင်။ လေအေးစက် တစ်ညလုံးဖွင့်အိပ်လျှင် နောက်နေ့ကျတော့ နှာစေးချင်သလိုလို၊ ကျောပူခေါင်းပူ ထချင်သလိုလို ဖြစ်တတ်၏။ သနပ်ခါးရေကျဲလေးလိမ်းပြီး ယပ်ခတ်ပေးတာကိုမှ ဇိမ်ယူချင်တတ်တဲ့ကောင်ပဲ။

"နားနားက အညာသွေးပါတာကိုးကွ ..."

ဟု အဖေက မှတ်ချက်ပေးသည်။ ထို့ကြောင့် ညဦးပိုင်းမအိပ်ခင် အချိန်မှာသာ အပူကင်းစင်ရုံလောက် အဲကွန်းဖွင့်ရသည်။ ပြီးရင်ပြန်ပိတ် ပြတင်းပေါက်တွေဖွင့်အိပ်ရ၏။ ကျွန်တော့်မှာ ချွေးတစိုစိုနဲ့ အနေရခက်သည်။ နည်းနည်းညဥ့်နက်လို့ ပြတင်းပေါက်မှ လေကလေး တဖြူးဖြူးဝင်လာတော့လည်း ချွေးသိပ်ပြီး အေးမြလာတာ(သူပြောသလို) နေလို့တော့ ကောင်းသား။

အဖေတို့ဆီမှာကတော့ တစ်အိမ်လုံး အဲကွန်းတွေအပြည့်တပ်ထားသည်။ အိမ်ထဲမှာ နှစ်ဆယ့်လေးနာရီပတ်လုံး ရုပ်ရှင်ရုံတွေလို အေးစိမ့်နေ၏။ ကျွန်တော်တို့သွားလည်တဲ့အခါ အမေက ...

"အညာသားလေးလာပြီဟေ့ ..."

ဆိုပြီး သူ့မြေး အအေးမိမှာစိုးသဖြင့် အဲကွန်းတွေ တချို့ကိုပိတ် တချို့ကိုအအေးဓာတ်လျှော့ လုပ်ပေးတတ်သည်။ ဒီလိုနဲ့ပဲ သားမှာ "အညာသားလေး" ဆိုသော နာမည်တစ်ခု တိုးလာခဲ့သည်။ ဒီနာမည်ကို ကျွန်တော်ကတော့ သိပ်ဟက်ဟက်ပက်ပက်မရှိလှပါ။

ဒီနေ့ကတော့ တင်မေထွန်းကတောင် "အိုက်လိုက်တာ" ဟု ပြောယူရလောက်အောင် အပူရှိန်ပြင်းသည်။ ညနေစောင်းတဲ့အထိ အပူငွေ့က ကျန်နေသေးသည်။ လက်လက်စင်အောင်ဆော့တတ်သော သားတောင်မှ နည်းနည်းငြိမ်ပြီး နွမ်းသလိုဖြစ်နေ၏။

"ကားတစ်ပတ်လောက် လျှောက်မောင်းရင်း လေညင်းခံရအောင် အပြန်ကျတော့ အအေးဝင်သောက်မယ် … မကောင်းဘူးလား"

ဟု ကျွန်တော်က အကြံပြုသည်။

တနင်္ဂနွေနေ့လည်းဖြစ် သွားစရာကိစ္စလည်း ထွေထွေထူးထူး မရှိသောကြောင့် ကိုသာမန်ကို နားရက်ပေးထားလိုက်သည်။ နည်းနည်းနေမကောင်းချင်သလို ဖြစ်နေတယ်ဆိုသဖြင့် တနင်္လာနေ့မှ လာခဲ့တော့ဟု မှာထားသည်။

"ကိုမိုး ကိုယ်တိုင် ကားမောင်းနေရမှာပေါ့ …"

တင်မေထွန်းကပြောသည်။

"ဘာလဲ … ကိုယ့်ကို ကားမမောင်းစေချင်ဘူးပေါ့ ဟုတ်လား"

ကျွန်တော့်လေသံက မဆိုစလောက်ကလေး ဆတ်နေသည်။

"အင်းပေါ့ … လက်ကလည်း"

သူက စကားကို မဆက်ပဲ ခဏတွေသွား၏။ ပြီးမှ …

"သွားချင်လည်းသွားလေ … သားလည်း ဖွာလူဒါမသောက်ရတာကြာပြီ "

အအေးဆိုင်ကို အရင်ဝင်ကြသည်။ ရေခဲမုန့်စားလျှင် စိတ်ကြည်လင်လန်းဆန်းစေသည်ဟု ဆေးပညာဆောင်းပါးတစ်ပုဒ်ထဲမှာ ဖတ်ဖူးသဖြင့် ရေခဲမုန့်မှာလိုက်သည်။ အိမ်ဖော်မိန်းကလေးကလည်း ရေခဲမုန့်ပဲစားသည်။ တင်မေထွန်းက သစ်သီးစုံ။ သားကတော့ သူ့အကြိုက် ဖာလူဒါ။ (တင်မေထွန်းတို့ အညာအသံထွက်အရဆိုရင် ဖွာလူဒါပေါ့။)

သားက ဖာလူဒါခွက်ကြီးတစ်ခွက်ကို ကုန်တာမဟုတ်။ သို့ရာတွင် သောက်ဦးမယ်ချည်းလုပ်နေသည်။ အိမ်ရောက်မှ တစ်ခါထပ်သောက်ပါဟု ချော့မော့ပြီး ကျန်တာကို ဘူးထဲထည့်ယူခဲ့ရသည်။ အိမ်က ဒေါ်ကြီးအတွက်လည်း ပူတင်းတစ်ပွဲဝယ်သွားသည်။ ဒါကလည်း တစ်ဝက်လောက်က သားရဲ့ဗိုက်ထဲရောက်မှာပဲ။

အအေးဆိုင်ကထွက်လာပြီးနောက် ကားကို သန်လျင်ဘက် မောင်းထွက်လာခဲ့သည်။ တံတားကြီးပေါ်ရောက်တော့ သားက မြစ်ပြင်ကျယ်ကြီးကိုကြည့်ပြီး သဘောတွေကျနေသည်။ လက်ညှိုးတထိုးထိုးလုပ်ရင်း "ရေများများ" "ရေများများ" ဟု အော်နေ၏။ မြို့တွင်းကိုဖြတ်ပြီး သီလဝါလမ်းခွဲဘက် ထွက်လာခဲ့သည်။ တင်မေထွန်းသည် အပြင်ကရှုခင်းတွေကိုငေးကြည့်ရင်း နှုတ်ဆိတ်နေသည်။ ကုန်းထိပ်တစ်ခုကိုရောက်တော့မှ ….

"အညာက မြင်ကွင်းနဲ့တူလိုက်တာ"

ဟု ရေရွတ်သည်။ ကျွန်တော်သည် ကားကို လမ်းဘေးချပြီး ရပ်လိုက်၏။

"ခဏဆင်းပါလား … ဒီနေရာက လေကောင်းလေသန့်ရှူလို့ကောင်းတယ် …"

ဟု ပြောလိုက်၏။

ကျွန်တော်တို့ရပ်သောနေရာကကြည့်လျှင် မြေပြင်က နိမ့်ဆင်းသွားသည်။ သူပြောသလိုပဲ အညာရှုခင်းနဲ့တော်တော်တူသည်။ နွေနှောင်းကာလဖြစ်သောကြောင့် အရာရာသည် ခြောက်သွေ့နေ၏။ ဝင်လုဆဲဆဲ လိမ္မော်ရောင်နေလုံးကြီးကလွဲလျှင် ကွင်းပြင်ကြီးတစ်ခုလုံးသည် အဖြူအမည်းဓာတ်ပုံတစ်ပုံလို အရောင်အဆင်းကင်းမဲ့နေ၏။ သားက ဗိုက်တင်းပြီး အိပ်ပျော်နေပြီ။ ကားပေါ်မှာ ကောင်မလေးနှင့်ထားခဲ့သည်။ တင်မေထွန်းက …

"လှလိုက်တာ … ငယ်ငယ်ကဆိုရင် ခုလိုပဲ နွေညနေခင်းမှာ အိမ်နောက်ဘက်ဝင်းထဲထွက်ပြီး နေဝင်တာကို ငေးကြည့်တတ်တယ်"

ဟု ပြောသည်။ သူ့စကားသံက လွမ်းသံပါနေသည်ဟုထင်ရ၏။

ရေခဲမုန့်စားလျှင် စိတ်ကြည်လင်လန်းဆန်းသလို သစ်သီးစုံသောက်လျှင်လည်း အတိတ်ကို ပြန်သတိရစေတတ်သလား။ စာထဲမှာတော့ မဖတ်ဖူးသေး။ သို့တိုင်အောင် သူ့စိတ်သည် နောက်ကြောင်းပြန်သွားနေပြီဟု ယူဆရသည်။ ကျွန်တော်လည်း သူ့နောက်က တိတ်တိတ်ကလေး နောက်ယောင်ခံလိုက်သွားမိ၏။

-----♥♥-----

ကျွန်တော်သည် တင်မေထွန်းကို ချစ်တယ်လို့ မပြောဖြစ်ခဲ့။ သူကလည်း ကျွန်တော့်ကို ချစ်ပါတယ်ဟု တရားဝင်အဖြေမပေးခဲ့။ သူများတကာလို တစ်ဆင့်ချင်းသွားခဲ့တာမဟုတ်။ စပြောကတည်းက တစ်ခါတည်း လက်ထပ်ခွင့်တောင်းခဲ့တာ။ သူကလည်း လက်ထပ်ပါ့မယ်လို့ပဲ သဘောတူခဲ့တာ။ ချစ်ပါ့မယ်လို့ ကတိပေးခဲ့တာမဟုတ်။ ဒီနေရာမှာ စဉ်းစားစရာရှိလာသည်။ သူသည် ကျွန်တော့်ကိုမချစ်ဘဲနဲ့ လက်ထပ်တာလား။ ပြီးတော့ လက်ထပ်ဖို့ဘာကြောင့် အလွယ်တကူ လက်ခံခဲ့တာလဲ။

သူ့အမေ ရန်ကုန်မှာ ဆေးလာကုစဉ် ကျွန်တော်က ငွေအားလူအားဖြင့် အစွမ်းကုန်ပြုစုခဲ့သည်။ ဒီအတွက် သူတို့သားအမိအပေါ် ကျွန်တော့်ကျေးဇူးတွေစွန်းနေသည်။ သူ့အမေကလည်း ကျွန်တော့် အတွင်းစိတ်ကို ရိပ်မိသည်။ ထို့ကြောင့် တင်မေထွန်းကို ကျွန်တော်နဲ့လက်ထပ်ဖို့ မကွယ်လွန်ခင်မှာ တိုက်တွန်းသွားပုံရသည်။ ဒါကြောင့်ပဲလား။

သူတို့မှာ သားအမိနှစ်ယောက်တည်းရှိသည်။ အပြန်အလှန် မှီခိုနေကြရသည်။ သူ့အမေဆုံးသွားတော့ တင်မေထွန်းမှာ ခိုကိုးရာမဲ့သွားသည်။ ထိုအချက်ကြောင့် အားကိုးရာရှာတဲ့အနေနဲ့ ကျွန်တော့်ကို လက်ခံလိုက်တာလား။

ထိုအခိုက်အတန့်ကာလတွင် သူ့အတွက် တကယ်ချစ်တာမချစ်တာက အရေးပါသောကိစ္စမဟုတ်တော့။ သူ့ဘဝရှေ့ရေး လုံခြုံစိတ်ချဖို့သာ ပဓာနကျနေသည်။ ကျွန်တော့်ကို လက်ထပ်လျှင် ဒါတွေပြည့်စုံရုံမျှမက တစ်သက်လုံး ချမ်းချမ်းသာသာ မကြောင့်မကြနေသွားနိုင်မည်။ ကံတရားကပေးလာသော အကောင်းဆုံးအခွင့်အရေးကြီးဖြစ်သောကြောင့် မလွှတ်တမ်း ဖမ်းဆုပ်ယူလိုက်တာလား။

ဒါမှမဟုတ် ...

သူ့အမေ၏ဆေးကုသစရိတ်တွေကို ကျွန်တော်စိုက်ထုတ် ကျခံပေးခဲ့သည်။ ထိုငွေမှာ ကျွန်တော်တို့အတွက် သိပ်မပြောပလောက်သော်လည်း သူ့အဖို့တော့ ပြန်ဆပ်နိုင်ဖို့မလွယ်ကူလှသော အတိုင်းအတာဖြစ်၏။ ဒါကိုသိနေသော သူငယ်ချင်းတွေက ကျွန်တော့်ကို နောက်ပြောင်ကျီစယ်ခဲ့ကြဖူးသည်။

"တင်မေထွန်းက မင်းကို တကယ်ချစ်တာမဟုတ်ပါဘူးကွာ ... အကြွေးပြန်မဆပ်ချင်လို့ ယူခဲ့တာပါ"

ထိုစဉ်ကတော့ ရယ်ရယ်မောမော ဆဲဆဲဆိုဆိုနေနိုင်ခဲ့သည်။ ခုကျတော့ ဒီအချက်ဟာ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေလေသလားဟု ဆန်းစစ်ကြည့်စရာဖြစ်လာ၏။

တင်မေထွန်းသည် သူ့ကိုယ်သူ အကြွေးနဲ့သိမ်းခံရတဲ့ လူတစ်ယောက်လို့ ထင်မြင်နေသလား ...။ ဒါကြောင့်ပဲ ငွေဝယ်ကျွန်တစ်ယောက်သဖွယ် သဘောထားပြီး ကျွန်တော့်အပေါ် ရိုသေကျိုးနွံ အလုပ်အကျွေး ပြုနေခဲ့တာလား။

ကျွန်တော်သည် အရုပ်ကလေးတရုပ်ကို နှစ်သက်မြတ်နိုးလွန်းအားကြီးသဖြင့် အပြစ်အနာအဆာကို သေချာစွာမစစ်ဆေးပဲ မျက်စိစုံမှိတ်ပြီး အဆောတလျင် ဝယ်ခဲ့မိသော ကလေးငယ်တစ်ယောက်လို ဖြစ်နေသလားမသိ။ ကျွန်တော့်စိတ်များသည် ... သာယာလှသော ညနေခင်းနှင့် မထိုက်တန်လောက်အောင် ရှုပ်ထွေးအကျည်းတန်နေသည်။ သူကတော့ ... ဆည်းဆာရှုခင်းကို ငေးမောကြည့်နေဆဲ။

နေဝင်တော့မည်။ နေလုံးကြီးသည် အဝေးကိုရောက်သွားကာမှ ဘာကြောင့် ပိုပြီးကြီးမားလာရပါသလဲ။ လက်လွှတ်ရခါနီးကျမှ ဘာကြောင့် ပိုပြီးလှပလာရပါသလဲ။

-----♥♥-----

ကျွန်တော်ရေချိုးခန်းထဲက ထွက်လာတော့ တင်မေထွန်းက ...

"ကော်ဖီနဲ့ ထမင်းကြော်ပြင်ထားပြီးပြီ ... ကိုမိုးဘာသာပဲ စားလိုက်ပေတော့ ... ဒီမှာကြည့်ဦး ကိုမိုးသားလုပ်ပုံ ..."

ဟုပြောသည်။ တင်မေထွန်းက ကြမ်းပေါ်မှာ ခြေဆင်းထိုင်နေသည်။ သူ့ပေါင်ပေါ်မှာ နောက်ဖေးအိုးလှလှလေးတင်ထားသည်။ အိုးပေါ်မှာ သားက ဖင်ပြောင်လေးနဲ့ တက်ခွထိုင်ထားသည်။ သားက ဒီလိုလုပ်ရတာကို သဘောကျနေသည်။ ကျွန်တော့်ကိုမြင်တော့ ... စပ်ဖြဲဖြဲ လုပ်ပြသည်။ ကျွန်တော်က ရယ်လိုက်ပြီး ...

"ကြဲကြဲဖန်ဖန် တော်တော်လုပ်တတ်တဲ့ကောင်ပဲ ... မင်းက လူရှုပ်ကလေးလားကွ ဟေ"

သားက "ဖေဖေလူရှုပ်" ဟု ပြန်ပြောသည်။ သား၏ခေါင်းကို အသာပုတ်ပြီး ထွက်လာခဲ့၏။ ထမင်းစားခန်းထဲရောက်တော့ စားပွဲပေါ်မှာ ကော်ဖီ၊ ထမင်းကြော်နှင့် ကြက်ဥဟင်ဖရိုက်ပန်းကန်တို့ ပြင်ဆင်ထားသည်။ ထမင်းကြော်ပေါ်တွင် ကြက်အူချောင်းဖတ်ကလေးများ အစီအရီတင်ပေးထား၏။ ကျွန်တော်စတင်စားသောက်နေစဉ် ဒေါ်ကြီးက တီးမစ်တစ်ထုပ်ဖောက်ပြီး ဖျော်နေသည်။

"လက်ဖက်ရည်က ဘယ်သူ့အတွက်လဲ...."

ဟု မေးလိုက်သည်။ ဒေါ်ကြီးက ..

"မောင်သာမန်အတွက်လေ ..."

ဟုဖြေသည်။

ကိုသာမန်ပြောခဲ့ဖူးတာကို သွားသတိရမိ၏။ တစ်ခါက အလုပ်ကိစ္စနှင့်သွားရင်း လက်ဖက်ရည်ဆိုင်ဝင်ထိုင်သည်။ သူ့ကိုပါ ခေါ်တိုက်သည်။ ကျွန်တော်က နက်စ်ကော်ဖီမှာသည်။ ကိုသာမန်က လက်ဖက်ရည်မှာသည်။ သူတို့ဒေသမှာ ပြောတဲ့အတိုင်း "ဖန်ချို" ဟု ဆိုသည်။ ပြီးတော့ ရှိုးရှိုးပဲနော် ဟုပြောသည်။ ကျွန်တော်က ..

"ရှယ်သောက်ပါဗျ ... ခင်ဗျား ငွေမရှင်းရပါဘူး"

ဟု နောက်လိုက်တော့ ...

"ပါးစပ်က အကျင့်ပါနေပြီဆရာရဲ့ ... ရိုးရိုးချက်နို့ဆီနဲ့မှ လေးလေးပင်ပင်ရှိတယ်လို့ထင်တယ်"

"နေပါဦး ခင်ဗျားက ကော်ဖီမစ်မကြိုက်ဘူးလား"

"မကြိုက်ဘူးဆရာ ... တောသားဆိုတော့ ကော်ဖီဆိုတာ လူမမာမှသောက်ရတယ်လို့ စိတ်ကစွဲနေတာကိုး ... ကန်တော့နော် ဆရာ့ကို လူမမာလို့ပြောတာမဟုတ်ပါဘူး ..."

ကိုသာမန်လက်ဖက်ရည်ကြိုက်တတ်တာကိုသိလို့ တီးမစ်အထုပ်တွေ တမင်တကာ အဆင်သင့်ဝယ်ထားတာလားဟု တွေးမိပြီး ...

"ကော်ဖီပဲ တိုက်လိုက်ရင်ပြီးတာပဲ ... လက်ဖက်ရည်သပ်သပ်ဖျော်နေရတော့ အလုပ်ပိုတာပေါ့"

ဟု လွှတ်ခနဲ ပြောထွက်သွားသည်။ ဒေါ်ကြီးက ..

"ဒီလိုပါကွယ့် မောင်မိုးရဲ့ ... ငါကလည်း လက်ဖက်ရည်သမားပဲလေ၊ အရင်ကဆိုရင် လမ်းထိပ်ဆိုင်မှာ သွားသွားဝယ်ရတာ ... အခု မောင်သာမန်ရောက်လာတော့ အဖော်ရှိလာပြီဆိုပြီး တီးမစ်ထုပ်တွေဝယ်ထားတာပါ ..ပြီးတော့လည်း ဒရိုင်ဘာကို ကော်ဖီဖျော်တိုက်လို့ ဘယ်ဖြစ်မလဲ"

"ဗျာ ... ဘာဖြစ်လို့လဲ"

"မင်းသောက်တဲ့ကော်ဖီက နယ်နယ်ရရမှမဟုတ်တာ ... နိုင်ငံခြားကလာတဲ့ ကော်ဖီမှုန့်ကို အကောင်းစားနို့စိမ်းနဲ့ဖျော်တာ၊ ပြီးတော့ ဖြစ်ကတတ်ဆန်းဖျော်လို့လည်းရတာမဟုတ်ဘူး ... ကော်ဖီနပ်တဲ့စက်နဲ့ တင်မေမေကိုယ်တိုင်ဖျော်တာ ... ဒီလို အဖိုးတန် စပယ်ရှယ်ကော်ဖီကို ဒရိုင်ဘာကိုတိုက်လို့ ဘယ်ဖြစ်ပါ့မလဲကွယ်"

ကျွန်တော်တစ်ချက်ပြုံးလိုက်သည်။ ဘယ်လိုအပြုံးမျိုးလဲဆိုတာကိုတော့ ကိုယ့်သာသာမမြင်ရသောကြောင့်မသိ။ ဒေါ်ကြီးက အိမ်ဖော်ကလေးမလေးကိုခေါ်ပြီး လက်ဖက်ရည်နှင့် ထမင်းကြော်သွားပို့ခိုင်းသည်။ ကိုသာမန်အတွက် ထည့်ပေးထားသော ထမင်းကြော်ပန်းကန်ကို ကြည့်ဖြစ်အောင်ကြည့်လိုက်မိ၏။ သူ့ထဲမှာလည်း ကြက်အူချောင်းဖတ်တွေပါသည်။ ကျွန်တော့်လောက်တော့မများ။ ပြီးတော့ ကျွန်တော်က ကြက်ဥဟင်ဖရိုက်တစ်လုံးပိုရသေးသည်။

-----♥♥-----

ကျွန်တော်သည် ဟန်ဆောင်ခြင်းအတတ်ပညာမှာ တစ်ဘက်ကမ်းခတ်လောက်အောင် ကျွမ်းကျင်သူမဟုတ်သော်လည်း ခုချိန်ထိပဲ ပိပိရိရိနေနိုင်တာကိုတော့ ကြံဖန်ဂုဏ်ယူချင်ယူလို့ ရနိုင်ဖွယ်ရှိသည်။ "ဟိုကိစ္စ" ကို မေ့မေ့ပျောက်ပျောက် ဖြစ်လောက်အောင် ထိန်းချုပ်နိုင်စွမ်းမရှိသေးတာကိုတော့ ဝန်ခံပါသည်။ တစ်ခါတစ်ခါ အကြောင်းတိုက်ဆိုင်လာတိုင်း မျက်ခနဲ ဖြစ်ဖြစ်သွားတာကိုတော့ ဘာမှမတတ်နိုင်။

ကျွန်တော်လက်ကျိုးတုန်းကလိုပေါ့။ စစချင်းမှာ ရုတ်တရက်မို့ ထုံနေသည်။ ပြီးတော့ ... မခံမရပ်နိုင်လောက်အောင် နာကျင်လာသည်။ နောက်တော့ ခံနိုင်ရည်ရှိလာသည်။ ကြာတော့လည်း ပျောက်ကင်းသွားသည်။ သို့ရာတွင် လုံးဝအကင်းသေသွားတာတော့မဟုတ် ...။ တစ်ခုခုအားစိုက်ပြီး အမှတ်တမဲ့လုပ်မိတဲ့အခါ ဆစ်ခနဲဆစ်ခနဲ ဖြစ်သွားတတ်တာ ခုချိန်ထိပါပဲ။

ကျွန်တော့်အနေဖြင့် "ဟိုကိစ္စ" ကို အကြောင်းသိဖြစ်သော မမြစိန်မှလွဲ၍ တခြားဘယ်သူမှမသိအောင် ထိန်းထားနိုင်တဲ့အတွက်တော့ ချီးကျူးသင့်ပါသည်။ ဒီလိုချုပ်တည်းထားနိုင်ခြင်းကိုလည်း အသိအမှတ်ပြုသင့်ပါသည်။ မမြစိန်၏ ရည်ရွယ်ချက်ကတော့ တဖြည်းဖြည်းရုပ်လုံးပေါ်လာပြီဟု ဆိုနိုင်သည်။ ကျွန်တော်၏လျှို့ဝှက်ချက်သည် ဂုဏ်သိက္ခာနှင့်ဆိုင်သည်။ ဒါကို ... သူမက မပေါက်ကြားအောင် ထိန်းသိမ်းပေးထားခြင်းအားဖြင့် ကျွန်တော်က ကျေးဇူးတင်နေရမည်။ ဒီလိုနည်းနဲ့ ကျွန်တော့်ကို ချုပ်ကိုင်မည်။ အလုပ်ထဲမှာ ဩဇာညောင်းအောင်လုပ်လိမ့်မည်ဟု ခန့်မှန်းထားခဲ့သည်။

မှန်သင့်သလောက်တော့ မှန်သည်။ တစ်မျိုးစဉ်းစားကြည့်ပြန်တော့လည်း သူ့အနေဖြင့် ဒီလောက်ကြိုးစားကြံစည်နေစရာမလို။ သူသည် အဖေ့လူယုံဖြစ်သောကြောင့် ဩဇာရှိပြီးသား။ ကျွန်တော်သည်လည်း သူ့အထက်အရာရှိဆိုပေမဲ့ ပိုင်ရှင်ရဲ့သားမို့ ဒီနေရာရထားခြင်းဖြစ်ကြောင်း အားလုံးအသိ။ ကျွန်တော်ကိုယ်တိုင်ပင် သူ့ကို ဝါရင့်စီနီယာကြီးအဖြစ် ဆရာတင်ထားပြီးသား။ ဒီတော့ ဘာမှထူးပြီး ပါဝါထပ်တင်နေစရာမလို။

နောက်တစ်ခုကတော့ ဖြစ်နိုင်ချေပိုများသည်။ တင်မေထွန်းအပေါ် ကျွန်တော်စိတ်ကွက်နေလိမ့်မည်ဟု သူ ခန့်မှန်းသည်။  ဒီအခြေအနေကို အခွင့်ကောင်းယူပြီး သူ့ဘက်ပါအောင် စည်းရုံးမည်။ ဘယ်လောက်အတိုင်းအတာအထိ ရည်မှန်းချက်ရှိသလဲဆိုတာတော့ မသိနိုင်သေး။ တွဲသွားတွဲလာလုပ်ရင်း သာယာမှုရှာရုံလောက်ပဲလား။ ဒီထက် ပိုသေးလား။ အခွင့်သာလျှင် အပိုင်သိမ်းဖို့အထိ စိတ်ကူးယဉ်နေသလား။

ကိုသာမန်ကို အလုပ်မဖြုတ်ဘဲ ဒရိုင်ဘာအဖြစ် ဆက်သုံးနေတာကိုတော့ သူ ဇဝေဇဝါဖြစ်နေပုံရသည်။ သူ့ရဲ့ဗျူဟာက မထိရောက်ဘူးလား။ ကျွန်တော်က ယုံကြည်မှုအပြည့်အဝ မရှိဘူးလား။ ဒါမှမဟုတ် သိပ်အရေးမကြီးပါဘူး၊ ဒါမျိုးက ဖြစ်တတ်တာပဲဆိုပြီး အလေးအနက်မထားဘဲ နေနေသလားဟု သူ တွက်လိမ့်မည်။

ထိုအခါ သူ့ဘက်က တစ်ဆင့်တက်လာလေသည်။

သူ့ဆံပင်အဖျားပိုင်းတွေ ကောက်နေတာကို ဆိုင်မှသွားဖြောင့်လာသည်။ ဟဲကုတ်တွေဘာတွေလည်း လိမ်းမှာပဲ။ လိုးရှင်းတွေလူးပြီး အသားဖြူလာအောင် လုပ်ထားပုံရသည်။ အလုပ်ပိတ်ရက်တွေမှာ "ဂျင်မ်" သွားပြီး အဆီချတာလုပ်သလားမသိ။ နည်းနည်းပိန်သွားသည်။ ဒေါက်မြင့်ဖိနပ်စီးပြီး မော်ဒန်ဆန်ဆန်လျှောက်ချင်လာသည်။ စာရေးမလေးတွေကတစ်ဆင့် သိရလို့ ကိုအောင်မြိုင် ပြန်ပြောပြတာကတော့ တစ်ကိုယ်လုံးပေါင်းတင်ထားသေးတာတဲ့။

ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုအောင်မြိုင်က အခွင့်သာတုန်း ဖမ်းရိလိုက်သေးသည်။ နေ့လယ်ထမင်းစားကြတော့ ... အိမ်ကထည့်ပေးလိုက်သော ဘဲသားဟင်းကို မြည်းကြည့်ပြီး ...

"ကောင်းတယ်ကွ ... ဒါပေမဲ့ ဘဲသားဆိုတာ အကောင်လိုက်ကို ရေနွေးငွေ့နဲ့ ပေါင်းထားမှ ပိုချိုတာ၊ ဒီနေရာမှာလည်း ဘဲမက ဘဲထီးထက် ပိုပြီးစားလို့ကောင်းတယ် ... တစ်ခုတော့ရှိတာပေါ့ကွာ ဘဲက သိပ်ရင့်နေရင်တော့ ဘယ်လောက်ဟင်းခတ်အမွှေးအကြိုင်တွေ ထည့်ပြီးပေါင်းပေါင်း အလကားပဲ ..."

တစ်ရက်မှာတော့ ကိုအောင်မြင့်မရှိတုန်း မမြစိန်က လာပြောသည်။

"ကိုမိုးရေ ဆောရီးပဲ ... ကော်ဖီမစ်ကုန်နေတာ ထပ်ဝယ်ဖို့ မေ့နေလို့ ဆိုင်မှာသွားဝယ်ခိုင်းလိုက်မယ်"

"နေပါစေ ... ရပါတယ်... လမ်းလျှောက်ချင်တာနဲ့အတော်ပဲ ... ဆိုင်မှာ သွားသောက်လိုက်မယ်"

"ကောင်းသားပဲ တို့လည်း လိုက်ခဲ့မယ် .."

ကျွန်တော်စိတ်ညစ်သွား၏။ ကော်ဖီမစ်ကုန်နေတယ်ဆိုတာကလည်း ကျွန်တော်နဲ့အတူ ဆင်လိုက်တဲ့အကွက်ဖြစ်နိုင်သည်။ သို့ရာတွင် မတတ်နိုင်။ မလိုက်ပါနဲ့လို့ ပြောလို့လည်းမကောင်း။ ရုံးခန်းအပြင်ကိုထွက်လာသော ကျွန်တော်တို့ကို မြင်သောအခါ ကားနားမှာထိုင်နေသော ကိုသာမန်က ထ,ရပ်လိုက်သည်။ ကျွန်တော်မမြစိန်ကို ပညာပေးဖို့ စိတ်ကူးရသွားပြီး ...

"ဟို့ ... ကိုသာမန် လာလေဗျာ ... လက်ဖက်ရည်ဆိုင်သွားရအောင် "

ကိုသာမန်က အူကြောင်ကြောင် ဖြစ်သွားပြီး ...

"ခင်ဗျာ .. ဟို .. အဲ"

"လာပါဗျ .. ခင်ဗျားလည်း ပျင်းနေမှာပေါ့"

ကိုသာမန်သည် အမိန့်နာခံတတ်သူတို့ ထုံးစံအတိုင်း စောဒကမတက်တော့ဘဲ "ဟုတ်ကဲ့ ဆရာ" ဆိုပြီး ကုတ်ကုတ်ကလေး ပါလာသည်။ မမြစိန်၏ မျက်နှာမကြည်မလင်ဖြစ်သွားတာ သိသာသည်။ ဆိုင်ကိုရောက်တော့လည်း ကျွန်တော်က ကိုသာမန်ကိုသာ အလေးထားပြီး စကားတွေပြောနေလိုက်သည်။ မမြစိန်ကိုလည်း နည်းနည်းကလိချင်သောကြောင့် ...

"ဒါနဲ့ ... နေစမ်းပါဦးဗျာ ... ကိုသာမန် ခင်ဗျားက တစ်သက်လုံး လူပျိုကြီးလုပ်သွားမှာလား ... အိမ်ထောင်မပြုတော့ဘူးလား"

ကိုသာမန်က "ဟာ ဆရာကလည်း .." ဆိုပြီး ဆံပင်ကြားကို လက်ချောင်းတွေနှင့်ထိုးဖွရင်း မနေတတ်မထိုင်တတ်ဖြစ်နေ၏။

"မိန်းမယူချင်ရင်ပြောပါဗျ ... ကျွန်တော်ရှာပေးမယ်"

"ကျွန်တော့်လိုကောင်ကို ဘယ်သူက ယူမှာတုန်းခင်ဗျ"

ကျွန်တော်က လောကြီးပြီး စကားကျွံသွားခဲ့ပြီ။ ကိုသာမန်နဲ့ သူ့ကို ချိတ်လိုက်သဖြင့် မမြစိန်မျက်နှာတစ်ချက် တင်းခနဲဖြစ်သွားသည်။ ပြီးတော့မှ ...

"ကိုသာမန်က မဆိုးပါဘူး ... ငယ်ငယ်ကဆိုရင် ကြည့်ကောင်းမယ့်ရုပ်မျိုးပဲ .."

သူ့အပေါ် တစ်ခါမှ မျက်နှာသာမပေးခဲ့ဖူးသော မမြစိန်က ခုလိုအရောတဝင်ပြောလိုက်သဖြင့် ကိုသာမန် အံ့သြသွားသည်။ နည်းနည်းတွေဝေသွားပုံလည်းရ၏။ ကျွန်တော် မမြစိန်ကို ဖျတ်ခနဲကြည့်သည်။ သူက အထက်စီးဆန်ဆန် ခပ်မိန့်မိန့်ပြုံးလိုက်၏။

-----♥♥-----

အစ်ကိုအင်တာနက်ကနေ ဆွဲချကူးယူပေးထားသော ဆက်တီကုလားထိုင်ပုံများကို လေ့လာသည်။ များသောအားဖြင့်ကတော့ အသုံးမဝင်လှ။ ကျွန်တော်တို့ထုတ်လုပ်မည့်ပုံစံက ရိုးရိုးရှင်းရှင်းရှိပြီး ခေတ်မီရမည်။ တန်ဖိုးလည်း သိပ်မကြီးစေရ။ ပြည်တွင်းမှာ ထုတ်လုပ်ဖို့ လွယ်ကူရမည်။ ကုန်ကြမ်းအတွက်လည်း ထည့်စဉ်းစားဖို့ အရေးကြီးသည်။

သူတို့ဆီက ပုံတွေက လေ့လာရုံသက်သက်ပဲကောင်းသည်။ အပြည့်ပြည့်ဆိုင်ရာမှာ ပရိဘောဂဒီဇိုင်းတွေလည်း မူပိုင်ခွင့်ရှိ၏။ ဒီမှာတော့ သိပ်တင်းကျပ်မှုမရှိသေး။ သို့တိုင်အောင် သူများပုံစံကို ကူးမချချင်။ ကိုယ်ပိုင်ဒီဇိုင်းသာ ပြုလုပ်ချင်သည်။ "မိုလ်" အသစ်လုပ်ရမည်ဖြစ်သောကြောင့် ကုန်ကျစရိတ်ပိုလာနိုင်သော်လည်း ရေရှည်မှာ တွက်ခြေကိုက်လိမ့်မည်ထင်သည်။

ကျွန်တော့်စိတ်ကူးနှင့် ပုံကြမ်းဆယ်မျိုးထုတ်သည်။ အစည်းအဝေးထိုင်ပြီး ညှိနှိုင်းကြသည်။ ထုတ်လုပ်မှုကို ကျွမ်းကျင်သော အစ်ကို့ရွေးချယ်မှုက ပဓာနကျသည်။ ထူးခြားတာကတော့ အစ်ကိုရွေးချယ်လိုက်သော ပုံစံသည် "ဒါလေး မဆိုးဘူး" ဟု တင်မေထွန်းပြောခဲ့သော ဒီဇိုင်းနဲ့ တစ်ထပ်တည်း သွားတူနေတဲ့ကိစ္စပါပဲ ....။ (သို့ရာတွင် ထိုအကြောင်းကို ထုတ်ဖော်ပြောပြပြီး ကြွားဝါတာမျိုးတော့ အရင်ကလို မလုပ်ဖြစ်ခဲ့ပါ။)

ရွေးချယ်ထားသောပုံကြမ်းကို အဖေနှင့်အစ်မတို့၏ အကြံပြုချက်တွေပါ ဖြည့်စွက်ပြီး တတ်နိုင်သမျှ ချောမောအောင်ပြန်ဆွဲသည်။ ထိုပုံကို ပရိဘောဂပညာရှင် ဦးထွန်းဝင်းအောင်ဆီ သွားအပ်လိုက်သည်။ သူက ပရိဘောဂဒီဇိုင်းတွေ ရေးဆွဲရာမှာ နာမည်ကြီးဖြစ်၏။ သူကိုယ်တိုင်ပြုလုပ်သော ဗီရိုတွေဆိုလျှင် ဈေးအရမ်းကြီးသည်။ ဒါတောင် လအတော်ကြာအောင် ကြိုတင်အော်ဒါပေးမှာမှရသည်။

သူက ကျွန်တော်ဆွဲထားသောပုံ၏ အားနည်းချက်များကို ထောက်ပြသည်။ သူ့အကြံပေးချက်တွေက အလွန်အဖိုးတန်သည်။ လူ၏ကျောရိုးတည်ရှိပုံနှင့် ကုလားထိုင်နောက်မှီအနေအထား ဆက်စပ်မှုကို ရှင်းပြသည်။ အနောက်နိုင်ငံသားများနှင့် အရှေ့တိုင်းသားတို့ အရပ်အမောင်းနှင့် ကိုယ်အလေးချိန် ကွဲပြားပုံကိုလည်း ထည့်စဉ်းစားသင့်ကြောင်းပြောသည်။ ထို့ကြောင့် .. အတိုင်းအတာကို အနည်းငယ် ချုံ့လိုက်လျှင် ကုန်ကြမ်းဖိုး အထိုက်အလျောက်သက်သာပြီး နေရာယူမှုကလည်း လျော့သွားမည်ဟု အကြံပြုသည်။

သူက ... ဖော့သားဖြင့် ပုံစံငယ်လေးတစ်ခုလုပ်ပေးသည်။ ဒါကို အတည်ပြုပြီးနောက် တကယ်ထုတ်လုပ်မည့် ပုံသဏ္ဍာန်အရွယ်အစားအတိုင်း နမူနာထိုင်ခုံတစ်လုံးကို သစ်သားဖြင့်ပြုလုပ်ပြီး မဟော်ဂနီရောင်ဆေးသားတင်ပေးလိုက်သည်။ အစိတ်အပိုင်းတစ်ခုစီကိုလည်း ဖြုတ်နိုင်တပ်နိုင်အောင် ပြုလုပ်ပေးထားသည်။ ဒီနမူနာအတိုင်း "မိုလ်" လုပ်ပြီး ဖိုင်ဘာပလတ်စတစ်ဖြင့် ထုတ်လုပ်မည်ဖြစ်၏။

ဦးထွန်းဝင်းအောင်ကို ညစာလိုက်ကျွေးသည်။ သူက ... ကျွန်တော့်ကို သဘောကျသွားသဖြင့် တခြား သိသင့်သိထိုက်တာတွေလည်း ပြောပြသည်။  စကားကောင်းနေသောကြောင့် အိမ်ပြန်နောက်ကျသည်။ အိမ်ပြန်ရောက်တော့လည်း တစ်စစီ ဖြုတ်ယူလာသော ဆက်တီထိုင်ခုံနမူနာကို ပြန်ဆင်လိုက်၊ ပြန်ဖြုတ်လိုက်၊ ပြန်တပ်လိုက် ထိုင်ကြည့်လိုက်၊ အလုပ်ရှုပ်နေခဲ့တာ အချိန်ကုန်လို့ကုန်မှန်းတောင်မသိ။ ညစာကို အပြင်က စားလာခဲ့ပြီဖြစ်သောကြောင့် ချောကလက်ဖျော်ရည်တစ်ခွက်သာ သောက်ဖြစ်တော့သည်။

ကျွန်တော်သည် ထိုင်ခုံပေါ်မှာ ဖိမ်နဲ့ထိုင် ချောကလက်ဖျော်ရည်ကို တစ်ငုံချင်းမြုံ့ရင်း ကျေနပ်နေသည်။ ထိုင်ရတာ အတော်သက်တောင့်သက်သာ ရှိသည်။ ဒီပစ္စည်းထွက်လာလို့ ဈေးကွက်တင်ရင် ကျိန်းသေပေါက်မှာပဲဟု တွေးပြီး ပျော်နေမိ၏။ ဒါ ကျွန်တော့်အိုင်ဒီယာကနေ စတင်ပေါက်ဖွားလာတဲ့ အသီးအပွင့်ပဲမဟုတ်လား။ ထို့နောက် ဦးထွန်းဝင်းအောင် ပြောလိုက်သော စကားတစ်ခွန်းကို သွားသတိရ၏။

"ယောကျ်ားနဲ့မိန်းမ ခန္ဓာကိုယ်တည်ဆောက်ပုံချင်းမတူဘူးဗျ၊ များသောအားဖြင့် ပရိဘောဂတွေပြုလုပ်တဲ့အခါ ယောကျ်ားတွေရဲ့ စံနှုန်းနဲ့ပဲ တိုင်းပြီး ပြုလုပ်တတ်ကြတယ် ... အထူးသဖြင့် တချို့ထိုင်ခုံတွေဟာ မိန်းမတွေအတွက် သိပ်ပြီး သက်တောင့်သက်သာ မဖြစ်တာတွေ့ရတယ်။  ဒါကြောင့် ကျုပ်က အဲဒါကို အဆင်ပြေအောင် အချိုးအစားကို ညှိပြီးလုပ်ပေးထားတယ် ..."

ထို့ကြောင့် ဒီထိုင်ခုံမှာ တင်မေထွန်းကို ထိုင်ကြည့်ခိုင်းမည်ဟု စိတ်ကူးမိပြီး ...

"မေထွန်းရေ ..."

ဟု ခေါ်လိုက်သည်။ ထူးသံမကြားရ။ နာရီကို လှမ်းကြည့်လိုက်တော့မှ ညဆယ့်နှစ်နာရီတောင် ထိုးခါနီးပြီဖြစ်ကြောင်း သိလိုက်ရ၏။ ဒီတော့မှ ကျွန်တော်လည်း အိပ်ချိန်တန်ပြီဖြစ်ကြောင်း သတိပြုမိသည်။

သားကတော့ သူ့ထုံးစံအတိုင်း ဖက်လုံးကလေးကိုခွပြီး ကွေးကွေးလေးအိပ်နေသည်။ ကျွန်တော်ကလည်း ပြုလုပ်နေကျအတိုင်း မအိပ်ခင်မှာ တင်မေထွန်းမျက်နှာကို အားရအောင်ကြည့်သည်။ ပြာလဲ့လဲ့မီးရောင်ကြောင့် သူ့ကို ခပ်ရေးရေးမြင်နေရ၏။ သူသည် ပက်လက်အနေအထားဖြင့် နစ်မြိုက်စွာ အိပ်မောကျနေသည်။ အိပ်တာတောင် သပ်သပ်ရပ်ရပ် ဣန္ဒြေရရရှိသူဖြစ်၏။

ကျွန်တော်သူ့ဘေးမှ အသာလှဲချလိုက်သည်။ ထိုစဉ်မှာ ... "ခစ်ခနဲ" ရယ်လိုက်သံလိုလို သဲ့သဲ့ကြားရ၏။ တစ်ခုခုယောင်ပြီးပြောလိုက်တာလည်း ဖြစ်ချင်ဖြစ်မည်။ ချောင်းဟန့်လိုက်တာလည်း ဖြစ်နိုင်သည်။ ကျွန်တော်သည် သူ့ရင်ဘတ်ပေါ်သို့ လက်ကိုတင်လိုက်သည်။ ရင်ခုန်နှုန်း မြန်နေသည်။ သူ့နှလုံးက လက်ဖဝါးကို တဒုတ်ဒုတ်လာတိုးနေတာ အတွေ့အထိအရ သိရ၏။

သူ အိပ်မက်,မက်နေသလားမသိ။ ကျွန်တော် လှဲနေရာမှ ကိုယ်ကိုနည်းနည်းမတ်လိုက်ပြီး သူ့မျက်နှာကို အကဲခတ်ကြည့်သည်။ နှုတ်ခမ်းတွေက ပြုံးယောင်ယောင်ဖြစ်နေသလိုပဲ။ ထိုအခိုက်မှာပင် သူ မျက်စိပွင့်လာသည်။ ကျွန်တော့်ကိုမြင်တော့ အံ့သြသလိုဖြစ်သွား၏။

"မေထွန်း  အိပ်မက်,မက်နေတာလား ..."

ဟု ကျွန်တော်မေးလိုက်သည်။ သူ ခဏကြောင်ကြည့်နေပြီးမှ

"ကိုမိုးက ဘယ်လိုလုပ်သိတာလဲ ..."

"အသက်ရှူတာမြန်နေလို့ မှန်းကြည့်တာ"

"ဟုတ်တယ် အိပ်မက်,မက်နေတာ ... အိပ်မက်ထဲမှာ စလင်းက ကျပင်းငါးမျက်နှာဘုရားကို ပြန်ရောက်သွားတယ် ..."

"ကိုယ်ရောပါသေးလား"

ဟု အလျင်စလိုမေးလိုက်မိ၏။

"ဟင့်အင်း ... ဘယ်ပါမလဲ၊ အိပ်မက်ထဲမှာ ကျောင်းသူဘဝ ပြန်ဖြစ်နေတာကိုး ... ငယ်ငယ်က ကျောင်းပိတ်ရင် ကျပင်းဘက်ကို သူငယ်ချင်းတွေနဲ့ သွားတတ်တယ်လေ ... ဘုရားတောင်ဘက်က ကြာကန်ကြီးနားမှာ ထမင်းဝိုင်းဖွဲ့စားကြတာ သိပ်ပျော်ဖို့ကောင်းတာပဲ... အဲဒါကို စိတ်စွဲသွားတယ် ထင်ပါရဲ့"

အိပ်မက်ထဲမှာ သူငယ်ချင်းတွေနဲ့ သွားတာလား၊ တခြားဘယ်သူကော ပါသေးလဲဟု မမေးဖြစ်အောင် သတိထားနေလိုက်သည်။ ကျွန်တော်တို့လက်ထပ်ပြီးနောက် စလင်းကို တစ်ခေါက်သွားလည်တုန်းက ထိုဘုရားကို ရောက်ဖူးသည်။ သူ ပြန်သတိရမယ်ဆိုလည်း ရစရာပဲ။ အလွန်သပ္ပါယ်ပြီး ပတ်ဝန်းကျင်ကလည်း သာယာလွန်းလှသည်။ ကျွန်တော်တောင် မျက်စိထဲ မြင်ယောင်လာ၏။

သူက အနည်းငယ်ပြုံးလိုက်ပြီး ...

"ရယ်စရာတော့ကောင်းတယ် သိလား ... အိပ်မက်ထဲမှာ ကျောင်းသူဘဝဆိုပေမဲ့  လက်ထပ်ပြီးတာကိုလည်း သိနေတယ် ... ညနေစောင်းလာတော့ ကိုမိုးစိတ်ပူနေတော့မှာပဲလို့ တွေးမိတဲ့အချိန်မှာ ဖျတ်ခနဲလန့်နိုးလာတာ ... ကိုမိုးက စိုက်ကြည့်နေတာမြင်တော့ လန့်တောင် လန့်သွားတယ်"

"လန့်သွားတယ် ... ဟုတ်လား"

"ဟုတ်တယ်လေ ... ရုတ်တရက်ဆိုတော့ ဒါနဲ့ ကိုမိုးက ကျွန်မကို ဘာဖြစ်လို့ စိုက်ကြည့်နေရတာလဲ"

"အဲဒါ ကိုယ့်အကျင့်ပဲ၊ မေထွန်း အိပ်ပျော်နေတဲ့အခါ ခုလိုပဲကြည့်နေတတ်တယ် ..."

"ဟင် .. ရှက်စရာကြီး ... ကျွန်မ အိပ်ပျော်နေတဲ့အခါ သိပ်အကြည့်ရဆိုးမှာပဲ .."

"ဟင့်အင်း ... မေထွန်းက  အိပ်ပျော်နေတဲ့အခါလည်း လှတာပါပဲ၊ လူတစ်ယောက် နိုးနေတဲ့အခါ အကြာကြီးစိုက်ကြည့်လို့မရဘူးလေ ... လူက လှုပ်ရှားနေတာကိုး ... ဘယ်သူကမှလည်း ငြိမ်ငြိမ်လေးနေပြီး အကြည့်ခံပေးမှာမှမဟုတ်တာ ... ဓာတ်ပုံရိုက်ဖို့ တစ်မိနစ်လောက်ငြိမ်ပေးရတာတောင် ဘယ်လောက်အနေရခက်သလဲ ... အိပ်ပျော်နေတဲ့အခါကျတော့ တစိမ့်စိမ့်နဲ့အကြာကြီး စိတ်ကြိုက်ကြည့်လို့ရတယ်လေ ..."

"နောက်ဆိုရင် မကြည့်နဲ့ ... ကျွန်မ မနေတတ်ဘူး"

ပြောပြီး ကျွန်တော့်လက်ကို ဆုပ်ကိုင်လိုက်၏။ ထို့နောက် ... သူ့ရင်ဘတ်ပေါ်သို့ဆွဲယူပြီး ဖိထားသည်။ သူ့ရင်ခုန်နှုန်းက ပုံမှန်ပြန်ဖြစ်သွားပြီ။ သူသည် ပြန်လည်အိပ်ပျော်သွားပြီးနောက် "ဟိုအိပ်မက်" ကို ဆက်ပြီး မက်ချင်မက်လိမ့်မည်။ ကျွန်တော်ပါခွင့်ရမရဆိုတာတော့ မသေချာ။ ကျွန်တော်သည်လည်း ဒီညအိပ်မက် မက်ကောင်းမက်နိုင်သည်။ ကျွန်တော့်အိပ်မက် ထဲမှာတော့ ကိုယ့်ဟာကိုယ် ထည့်ဖြစ်အောင် ထည့်မည်ဟု ဆုံးဖြတ်ထားသည်။

-----♥♥-----

ကျွန်တော်သည် တကယ်ပဲ အိပ်မက်,မက်သည်။ အိပ်မက်ထဲမှာ တင်မေထွန်းက ကျွန်တော်ဒီဇိုင်းထုတ်ထားသော ဆက်တီကုလားထိုင်ပေါ်မှာထိုင်ပြီး အဝေးကိုငေးကြည့်နေသည်။ သူသည် ကွင်းပြင်ကြီးထဲမှာ တစ်ယောက်တည်း ထိုင်နေခြင်းဖြစ်၏။ မြေပြင်သည် ခြောက်သွေ့ပြီး သစ်ပင်တစ်ပင်တစ်လေတောင်မရှိ။ အင်္ဂါဂြိုဟ်မျက်နှာပြင်လို လိမ္မော်ရင့်ရောင်ကျောက်သားနှင့် ဖုန်မှုန့်များသာရှိသည်။ မိုးကုပ်စက်ဝိုင်းမှာတော့ အစင်းကြောင်းကြီးတွေပါသော ကြာသပတေးဂြိုဟ်ကြီးကို တစ်ဝက်တစ်ပျက် လှမ်းမြင်နေရသည်။ တကယ်ကို အိပ်မက်ဆန်လွန်းသော အိပ်မက်ပင်ဖြစ်၏။

ညက အိပ်ရာဝင်နောက်ကျပါလျက် မနက်ကျတော့ အစောကြီးနိုးနေတာမျိုး ဖြစ်လေ့ဖြစ်ထရှိသည်။ ဒီနေ့လည်း ခါတိုင်းထက်စောပြီး နိုးလာသည်။ အိပ်ရာမှ ထလိုက်သော်လည်း အိပ်မက်ထဲက ခြောက်သွေ့လွန်းသော မြင်ကွင်းက မျက်စိထဲစွဲနေဆဲ။ စိမ်းလန်းသော သစ်ပင်များကို မြင်တွေ့လိုသော ဆန္ဒဖြစ်ပေါ်လာသည်။ ထို့ကြောင့် အောက်ထပ်သို့ မဆင်းသေးဘဲ ဝရန်တာဘက်သို့ ထွက်လာခဲ့၏။

အပြင်က သစ်ပင်တို့သည် ခါတိုင်းထက် ပိုစိမ်းနေသည်ဟု ထင်မိ၏။ စိတ်ထဲမှာလည်း ကြည်လင်လန်းဆန်းသွားသည်။ ထိုအခိုက်မှာပင် "ခိုးခိုးခစ်ခစ်" ရယ်သံကလေးကို ကြားလိုက်ရသည်။ လှမ်းပြီး ငုံ့ကြည့်လိုက်သောအခါ ...

သားသည် ... ကိုသာမန်နှင့် ဆော့ကစားနေတာ တွေ့ရသည်။ ကိုသာမန်က ကိုယ်ကိုကိုင်းပြီး လက်ဆန့်ပေးထားသည်။ သားက လက်ကလေးနှစ်ဖက်နောက်ကိုလွှဲ၍ အရှိန်ယူဟန်ပြုရင်း " ဝမ်း၊တူး၊တီး " ဟု အော်ပြီး ပြေးလာသည်။ အနားရောက်သောအခါ ကိုသာမန်က သား၏ချိုင်းနေရာမှ ဆီးဖမ်းပြီး ဇွေ့ခနဲချီမြှောက်လိုက်သည်။ ထို့နောက် လေထဲမှာ ပတ်ချာလည် မွှေ့ယမ်းသည်။ သား၏ ကိုယ်ကလေးသည် လေထဲမှာ ဝဲပျံနေသည်။ တခစ်ခစ် ရယ်မောပျော်ရွှင်နေ၏။

ဒီလိုမျိုး ဆော့ကစားရတာကို သားက အလွန်သဘောကျကြောင်း ကျွန်တော်သိသည်။ ကျွန်တော်လည်း သားနဲ့အတူ ဒါမျိုးကစားခဲ့ဖူးသည်။ နောက်တော့ သားကို ချီမြှောက်ရသော အလေးချိန်ကြောင့် ဒဏ်ပိပြီး လက်ကောက်ဝတ်က ပြန်နာလာသဖြင့် ရပ်ထားခဲ့ရခြင်းဖြစ်၏။

ကျွန်တော်သည် သားပျော်နေတာကိုကြည့်ရင်း သဘောကျစွာ ပြုံးလိုက်ပြီးမှ တစ်စုံတစ်ခုကို သတိပြုလိုက်မိ၏။ ကိုသာမန်ရဲ့အသားက မည်းမည်းညစ်ညစ်၊ သားက ညိုညိုလေး။ ပြီးတော့ မျက်ရစ်မရှိတာ၊ မျက်လုံးမှေးတာလည်းတူသည်။ သူတို့နှစ်ယောက် ရုပ်ချင်းဆင်သည်ဟု ထင်လာမိ၏။ ထိုအခါ မတွေးဝံ့ မတွေးအပ်သော ယုတ္တိလည်းမရှိသော ဖြစ်လည်းမဖြစ်နိုင်သော ဇာတ်လမ်းတစ်ပုဒ်ကို စဉ်းစားလိုက်မိပြန်သည်။ နောက်ဘက်မှ ခြေသံလိုလိုကြားသဖြင့် လှည့်ကြည့်လိုက်တော့ အိမ်ဖော်မိန်းကလေးကို တွေ့ရသည်။

"လာဦး"

ဟုခေါ်လိုက်သည်။ အနားရောက်လာတော့ အောက်ဘက်ကို လက်းညှိုးညွှန်ပြပြီး ...

"ကလေးကိုမကြည့်ဘဲ နင်ဘာလုပ်နေသလဲ"

"နားနားကို ဦးသာမန်ကြီးက ထိန်းပေးထားတုန်း ဘုရားသောက်တော်ရေလဲမလို့ ..."

"သွားခေါ်ချေ ..."

"သူတို့က ခုလိုဆော့နေကျ ..."

"ဘာစကားရှည်နေတာလဲ ... သွားခေါ်ဆို ခေါ်လိုက်ပါလား၊ အခု ချက်ချင်းသွား"

ကျွန်တော့်လေသံက ငေါက်သံပါနေသည်။ ခုလို မာမာထန်ထန် အပြောမခံရဖူးသဖြင့် ကောင်မလေး အံ့သြပြီး မျက်လုံးလေးဝိုင်းသွား၏။ ကျွန်တော်လည်း လေသံကို ပြန်လျှော့လိုက်ပြီး ...

"ကိုသာမန်ဆိုတဲ့လူက ချောင်းလေးတဟွတ်ဟွတ်နဲ့ ... တော်ကြာ ရောဂါတွေဘာတွေရှိနေရင် ကူးကုန်မယ် ... ဒါကြောင့်ပြောတာ "

သူက "ဟုတ်ကဲ့ .. ဦးမိုး" ဟုပြောပြီး အောက်ကို ပြန်ဆင်းပြေးသွားသည်။ ထို့နောက် သားနှင့် ကိုသာမန်တို့ရှိရာသို့ ခပ်သုတ်သုတ်သွားနေတာကို အပေါ်မှ ဆီးမြင်ရသည်။

သူ့ကိုတွေ့သောအခါ သားက ကိုသာမန်ဆီပြေးသည်။ ကိုသာမန်က အလိုက်သင့်ပွေ့ချီလိုက်၏။ ကောင်မလေးက လက်လှမ်းပြီး ခေါ်သည်။ သားက ... ခေါင်းခါပြီး ကိုသာမန်၏ လည်ပင်းကို အတင်းဖက်ထား၏။ ကောင်မလေးက အိမ်ဘက်လှည့်ပြီး ...

"ဒေါ်လေးရေ လာပါဦး ... ဒီမှာ နားနားရယ် ခေါ်လို့မရဘူး"

ဟု လှမ်းအော်သည်။ ခဏအကြာမှာ တင်မေထွန်းထွက်လာသည်။ သူတို့အနားကို လျှောက်သွားသည်။ တစ်စုံတစ်ခုပြောပြီး လက်လှမ်းလိုက်သည်။ ထိုအခါကျမှ သားက ကိုသာမန်၏လည်ပင်းကို ဖက်ထားရာမှ တင်မေထွန်းဆီ ပြန်၍ လက်ကမ်းပေးသည်။ ကိုသာမန်က ကိုယ်ကိုကိုင်းလိုက်၏။ တင်မေထွန်းက သားကို ပွေ့ချီသည်။ စိတ်ထဲမှာ တစ်မျိုးကြီးခံစားလိုက်ရသည်။

ကိုသာမန်ရောက်ရှိလာပြီးနောက်ပိုင်း သူတို့နှစ်ယောက် အနီးကပ်ဆုံး တွေ့ဆုံကြခြင်းပင် ဖြစ်လိမ့်မည်။ မျက်လုံးချင်း တဒင်္ဂ ဆုံမိကြမှာပဲ။ ဘယ်လို အကြည့်မျိုးလဲ။ ဘာအဓိပ္ပာယ်လဲ။ ဘာတွေပြောကြသလဲ။ သားကို လွှဲပြောင်းပွေ့ချီလိုက်စဉ်မှာ လက်ချင်းထိမိကြသေးသလား။ တင်မေထွန်းရဲ့လက်တွေက အေးစက်နေမှာလား။ ညကျရင်ကော ... အခန်းဆက်အိပ်မက်ကို ထပ်မက်ဦးမှာလား။

ကျွန်တော့်ရင်ထဲမှာ ရှုပ်ထွေးနောက်ကျိသွားသည်။ ထိုမြင်ကွင်းသည် အာရုံထဲမှာ ရက်ပေါင်းများစွာ စွဲထင်နေတော့မှာပဲဆိုတာကိုလည်း တွေးလိုက်မိပြီး စိတ်မသက်မသာဖြစ်သွားရသည်။ ထိုခံစားမှု၏ အကျိုးဆက်သည် နောက်တစ်နေ့မှာပင် ဖြစ်ပေါ်လာခဲ့လေ၏။

-----♥♥-----

ခါတိုင်းထက် ဆယ့်ငါးမိနစ်လောက်စောပြီး အလုပ်သွားဖို့ ထွက်လာခဲ့သည်။ အိမ်အပြင်ရောက်တော့ ကားနားမှာ ကိုသာမန်မရှိ။ ခပ်လှမ်းလှမ်းမှာ တစ်ဘက်လှည့်ပြီး ကုန်းကုန်းကွကွ လုပ်နေတာ တွေ့ရသည်။

"ကိုသာမန်"

ကျွန်တော်က ခေါ်လိုက်သည်။ သူလှည့်ကြည့်ပြီး ...

"ဟာ ... ဆရာ ... သွားတော့မလို့လား"

"ဟုတ်တယ်"

ကျွန်တော့်မျက်နှာ သုန်မှုန်နေကြောင်း ကိုယ့်ဟာကိုယ်သိသည်။ သူပျာသွား၏။

"ခဏလေးဆရာ ... ပြီးပါပြီ"

သူသည် ကားဘတ္တရီအိုးကို ရေလောင်းချလိုက်ပြီး အဝတ်စုတ်နှင့် ကပျာကယာသုတ်သည်။ အိုးကိုမ,ပြီး အပြေးတစ်ပိုင်းလာသည်။ ဘတ္တရီအိုးကို ပြန်တပ်နေရင်းကလည်း "ခဏလေးပါ ဆရာ " "ပြီးပါပြီ ဆရာ" ဟု တတွတ်တွတ်ရေရွတ်နေ၏။ ကျွန်တော်လည်း ကားထဲဝင် ထိုင်စောင့်နေလိုက်သည်။ ခဏကြာတော့ သူကားထဲသို့ သုတ်သီးသုတ်ပျာဝင်လာသည်။ ဂီယာဖြုတ်မည်ပြုပြီးမှ ပေနေသောလက်ကို အဝတ်စုတ်နှင့်သုတ်သည်။ သူဖြစ်နေပုံမှာ ရေးပေါင်း ဟာသရုပ်ရှင် ကားတွေထဲက အမြန်ပြကွက်တွေလိုပဲ။

သူသည် ကားစက်နှိုးဖို့ သော့ကိုဖွင့်လိုက်၏။ ထိုစဉ်မှာ "ဖောက်ခနဲ" အသံမြည်ပြီး ညှော်နံ့ထွက်လာသည်။ ကိုသာမန် မျက်လုံးပြူးသွားပြီး ...

"ဟာ ဘာဖြစ်တာလဲ"

ဒက်ရှ်ဘုတ်ထဲမှ မီးခိုးအနည်းငယ် အူထွက်လာသည်။

"ရှော့ခ်ဖြစ်တာ ... ပေ့လူ သော့ ပြန်ပိတ်"

သူက ကြက်သေ,သေနေဆဲ။ သော့ကို ကျွန်တော့်ဘာသာ လှမ်းပိတ်ရသည်။ သူ့ကိုယ်ကို ဆွဲဖယ်ပြီး ဘောနက်ဖုံးခလုတ်ကို ဆွဲဖွင့်လိုက်သည်။ အင်ဂျင်ခန်းထဲမှာလည်း မီးခိုးငွေ့အချို့ရှိနေ၏။ ဝါယာညှော်နံ့က

ထောင်းခနဲ ထွက်လာသဖြင့် ကျွန်တော်မှွန်သွားသည်။ ကိုသာမန် အနားရောက်လာပြီး "ဆရာ ... ဆရာ" ဟုခေါ်သည်။ ကျွန်တော်က လက်ညှိုးသာထိုးပြပြီး ..

"ဘတ္တရီခေါင်းဖြုတ်လိုက်"

ဟု ပြောသည်။ သူက ယောင်ယောင်ကန်းကန်းဖြင့် ဘတ္တရီခေါင်းကို လက်နှင့်ဆွဲဖြုတ်ဖို့ လှမ်းကိုင်သည်။ "အာ .." ဟု အော်ပြီး လက်ပြန်ရုတ်လိုက်သည်။

"ဟာ ... လက်နဲ့ဆွဲဖြုတ်လို့ရမလား ... တူးဘောက်စ်သွားယူ"

သူက ကားနောက်ဘက်ကို ပြေးသွားသည်။ ကားနောက်ဖုံးကို ဆွဲဖွင့်သည်။ မရ။ ကျွန်တော်က "သော့" ဟု အော်လိုက်တော့မှ ဒရိုင်ဘာခန်းဖွင့်၊ သော့ယူ၊ နောက်ဖုံးဖွင့်၊ ကားပစ္စည်းသေတ္တာယူပြီးပြေးလာ၊ သေတ္တာထဲက ကွင်း၊ ခွတွေ တစ်ချောင်းပြီးတစ်ချောင်းထုတ်ပြီး ဘတ္တရီခေါင်းက နပ်ကိုဖြုတ်ဖို့ ကြိုးစားသည်။ ကွင်း၊ ခွတွေက မတော်သဖြင့် အခက်အခဲတွေ့နေပြန်သည်။

"ပလာယာနဲ့လုပ်လေဗျာ ..."

ဆိုတော့မှ ပလာယာနှင့်ညှပ်ပြီးလှည့်သည်။ လက်ယာရစ်လှည့်နေပြန်သဖြင့် "နောက်ပြန်လှည့်" ဟု အော်ရသေးသည်။ ကျွန်တော့်အော်သံကြားသဖြင့် တင်မေထွန်းထွက်လာပြီး "ဘာဖြစ်တာလဲဟင်" ဟု စိုးရိမ်တကြီးမေးသည်။ ကျွန်တော်က လက်ကာပြပြီး

"အနားမလာနဲ့ ..."

ဟု ပြန်ပြောလိုက်သဖြင့် တံခါးဝကနေပဲ လှမ်းကြည့်နေသည်။ မီးသတ်ဆေးဘူးကို သတိရသဖြင့် ကားထဲမှ သွားယူလာပြီး အဆင်သင့် ကိုင်ထားလိုက်သည်။ မီးထတောက်တာမျိုးတော့မရှိ။ မီးခိုးငွေ့တွေကလည်း ထပ်မထွက်တော့။ ဝါယာကြိုးနံ့တွေကတော့ မွှန်နေတုန်း။

"ရပြီဆရာ .."

ဘတ္တရီခေါင်းဖြုတ်ပြီးသွားသည်။ ကျွန်တော်စစ်ဆေးကြည့်လိုက်၏။ တစ်ခုခုလွဲနေသည်ဟု ထင်သည်။ ကြိုးအနေအထားက တစ်မျိုးဖြစ်နေသည်။

"ဟင် ... ဘတ္တရီခေါင်း ပြောင်းပြန်ကြီးတပ်ထားပါလား"

"ဗျာ ..."

ကျွန်တော်တင်းခနဲ ဖြစ်သွားသည်။ သူ့ကို စေ့စေ့ကြည့်လိုက်ပြီး

"ခင်ဗျား ... ခင်ဗျား ... တော်တော်အသုံးမကျတဲ့လူပါလား၊ ဘတ္တရီပလပ်စ်နဲ့ မိုင်းနပ်စ်တောင် မှန်အောင် မခွဲခြားနိုင်ဘဲနဲ့ ဒရိုင်ဘာလုပ်ချင်သေးတယ် ..."

ကိုသာမန်သည် တုန်လှုပ်ချောက်ချားနေပြီး ...

"ကျွန်တော် ... ကျွန်တော် ... ဆရာ စောစောသွားမယ်မှန်းမသိလို့ အဲဒါကို ဟိုဥစ္စာ .."

"တော်စမ်းပါဗျာ ... အပိုတွေ လျှောက်ပြီး အကြောင်းပြမနေစမ်းပါနဲ့၊ ဒီမှာ ကျုပ်ဟာကျုပ် စောပြီးတော့ပဲ ထွက်ထွက် ... နောက်ကျပြီးမှပဲ လာလာ၊ ကျုပ်သွားချင်တဲ့အချိန် ကားအဆင်သင့်ဖြစ်နေဖို့က ခင်ဗျား တာဝန်ပဲ"

"ကျွန်တော်မှားပါတယ်ဆရာ"

"ခုမှ မှားပါတယ်ဆိုတော့ကော ဘာလုပ်ရမှာလဲ ... ကားက သုံးမရတော့ဘူး ..."

ကျွန်တော် တောက်တစ်ချက်ခေါက်လိုက်သည်။ ကားရှေ့ခန်းထဲက လက်ဆွဲအိတ်ကို ယူပြီးထွက်လာခဲ့၏။ ခြံဝနားရောက်ခါနီးမှာ ရာဘာဖိနပ်သံ တဖတ်ဖတ်ကြားရသည်။ ကိုသာမန် ပြေးလိုက်လာခြင်းဖြစ်၏။ ကျွန်တော်ရပ်ပြီး လှည့်ကြည့်သည်။ သူကလည်း ရှိုရှို့ကလေး ရပ်လိုက်၏။ ကျွန်တော်မေးသည်။

"ခင်ဗျားက ဘာကိစ္စလိုက်လာရတာလဲ"

"ဟို ... ဆရာ့ကို လိုက်ပို့ ..."

"ဘာ ..."

ကျွန်တော်က ဟောက်လိုက်ရာ တုန်ခနဲတောင်ဖြစ်သွားသည်။

"ခင်ဗျားက ကျုပ်ကိုလိုက်ပို့မယ် ... ဘာနဲ့လိုက်ပို့မှာလဲ ... စက်ရုံရောက်တဲ့အထိ ကုန်းပိုးပြီး လိုက်ပို့မှာလား"

သူသည် တကယ်ပဲ ကုန်းပိုးတော့မလို ကိုယ်ကို ကိုင်းလိုက်သေးသည်။ သူလုပ်နေပုံက ကျွန်တော့်ကို ငေါ့သလို ဖြစ်နေသည်။ ကျွန်တော်ပို၍ ဒေါသဖြစ်လာပြီး ...

"သွားစမ်းပါဗျာ ... သွားတော့ဗျာ ... ခင်ဗျားကို ကျုပ်အလိုမရှိဘူး"

ဟု ပြောပြီး လှည့်ထွက်လာခဲ့သည်။ ခြံဝင်းတံခါးကို ဖွင့်ထွက်လာပြီးနောက် တစ်ချက်ပြန်လှည့်ကြည့်ဖြစ်သည်။ ကိုသာမန်သည် ဆံပင်ကြားကို လက်ချောင်းများနှင့် ထိုးဖွရင်း ငိုင်တွေတွေကြီးရပ်နေသည်။ အိမ်တံခါးဝမှာတော့ တင်မေထွန်းက လှမ်းမျှော်ကြည့်နေ၏။ ကျွန်တော်တို့သုံးယောက်သည် မျဉ်းတစ်ဖြောင့်တည်းအနေအထားမှာ ရှိနေကြလေသည်။

-----♥♥-----

တက်စီတစ်စင်းငှားပြီး ထွက်လာခဲ့သည်။ လမ်းမှာ သတိရသဖြင့် ဝါယာရင်းဆရာဆီဝင်ပြီး ကျွန်တော့်ကားကို သွားကြည့်ပေးဖို့ မှာခဲ့သည်။ ရုံးခန်းရောက်တော့ "ကားမပါဘူးလား" ဟု ကိုအောင်မြိုင်က မေးသည်။ ကျွန်တော်ကလည်း စိတ်တိုလက်စနှင့် ..

"ဟာ ...ဒီလူ အလကားလူပါဗျာ"

ဆိုပြီး ဖြစ်ခဲ့သမျှကို ပြောပြသည်။ ကျွန်တော် ဒေါသမပြေသေးကြောင်း ရိပ်မိသဖြင့် ကိုအောင်မြိုင်က ...

"အေးကွာ .. ဒီလူကလည်း ခက်တာပဲ"

ဟု အလိုက်အထိုက်သာ ပြောသည်။ မမြစိန်ကတော့ နှုတ်ခမ်းကို ပြုံးယောင်ယောင်လုပ်ရင်း လှမ်းကြည့်နေသည်။ "ခုတော့ ... မှတ်ကရောမဟုတ်လား" ဆိုသော အဓိပ္ပာယ်မျိုး။ ကျွန်တော်သည် မမြစိန်အပေါ် ပထမဆုံးအကြိမ် မုန်းတီးစိတ်ဝင်လာခဲ့လေသည်။

နေ့လယ်ပိုင်းရောက်တော့ ဝါယာရင်းဆရာက ဖုန်းလှမ်းဆက်သည်။ ကားဘတ္တရီရှော့ခ်ဖြစ်သောကြောင့် အိုင်စီပျက်သွားသည်။ ဒိုင်နမိုလည်းနည်းနည်းထိသည်။ ဘတ္တရီကလည်း ဒဏ်ဖြစ်ပြီး နာသွားသည်။ မေးသုံးလို့တော့ရသည်။ စိတ်မချရ။ အမှန်တော့ ဒီလောက်ဖြစ်စရာအကြောင်းမရှိ။ ဖျူစ်တစ်ခုကို အော်ရီဂျင်နယ်ပစ္စည်းမသုံးဘဲ ဝါယာကြိုးအမျှင်ကြီးကြီးနှင့် တိုက်ရိုက်ဆက်ထားသောကြောင့် ပိုထိသွားခြင်းဖြစ်သည်ဆို၏။

"ကောင်းသလိုသာ ကြည့်လုပ်လိုက်တော့ဗျာ ... လိုတဲ့ငွေကို ကျွန်တော့်မိန်းမဆီက တောင်းယူလိုက်"

ဟု ပြန်ပြောပလိုက်သည်။ တစ်သိန်းဝန်းကျင်လောက်တော့ ကုန်လိမ့်မည်ဟု မှန်းလိုက်၏။ ဒီအတွက် ကိုသာမန်အပေါ် ဒေါသတွေ ထပ်ပိလာစရာအကြောင်းရှိသော်လည်း ခုချိန်မှာ ကျွန်တော် သွေးအေးသွားခဲ့ပြီ။ သေသေချာချာ စဉ်းစားကြည့်တော့ ခုကိစ္စမှာ ကိုသာမန်အပေါ် လုံးဝအပြစ်ပုံချဖို့မသင့်ကြောင်း တွေ့ရှိရသည်။ သူသည် ထက်ထက်မြက်မြက်ရှိသူတစ်ယောက် မဟုတ်သည့်တိုင် ဘတ္တရီအပေါင်းနဲ့အနုတ်ကို ခွဲခြားမသိလောက်အောင် ညံ့ဖျင်းတဲ့လူတော့မဟုတ်။

ဖြစ်ပွားခဲ့ပုံကတော့ သူသည် အလုပ်သွားဖို့ နည်းနည်းစောနေသဖြင့် အချိန်ရခိုက်မှာ ဘတ္တရီအိုးကိုဖြုတ်ပြီး သန့်ရှင်းရေးလုပ်နေခဲ့ခြင်းဖြစ်၏။ (ဒီအတွက် ကားကိုင်သန့်တယ်ဆိုပြီး သူ့ကို အမှတ်ပေးချင် ပေးလို့ရသည်။) ဒီအချိန်မှာ ကျွန်တော်က ပုံမှန်ထက်စောပြီးထွက်လာသဖြင့် အဆူခံရမှာကြောက်လို့ ပျာယာခတ်သွားပြီး အမှားပြုလုပ်မိခြင်းဖြစ်၏။ ဝီရိယပိုသွားမိတာပါဟု အပြုသဘောမှတ်ချက်ချလို့ရနိုင်သည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်သူ့ကို ဆူပူကြိမ်းမောင်း ငေါက်ငမ်းလိုက်ပုံကတော့ လိုအပ်တာထက် ပိုသွားတာအမှန်ပဲ။ သူ့ဂုဏ်သိက္ခာကို ဆိုးဆိုးရွားရွားထိခိုက်စေသော စကားလုံးများဖြင့် ပြောခဲ့မိသည်။ ပြီးတော့ တင်မေထွန်းရဲ့ရှေ့မှောက်မှာ။

ထိုနေ့ညနေ အိမ်ပြန်ရောက်သောအခါ အရင်နေ့များကနဲ့မတူဘဲ တိတ်တိတ်ဆိတ်ဆိတ်ဖြစ်နေတာ သတိပြုမိ၏။ မနက်တုန်းက ကျွန်တော်ဒေါသမထွက်စဖူး ထွက်ခဲ့သောကြောင့် အံ့သြတာရော၊ လန့်သွားတာရောကြောင့် ဖြစ်လိမ့်မည်။ အိမ်ဖော်မိန်းကလေးသည် ကျွန်တော်နှင့် မျက်နှာချင်းမဆိုင်မိအောင် ရှောင်နေသည်။ ကျယ်ကျယ်လောင်လောင် လုပ်တတ်သော ဒေါ်ကြီးက စကားကို တိုးတိုးညင်သာပြောသည်။ သားတောင်မှ ခါတိုင်းလို လက်လက်စင်မနေဘဲ ငြိမ်ငြိမ်ကလေးထိုင်ပြီး ဆေးရောင်ခြယ်စာအုပ်ထဲက ကာတွန်းရုပ်ကလေးတွေပေါ်မှာ ရောင်စုံခဲတံဖြင့် လျှောက်ခြစ်နေသည်။ တင်မေထွန်းကတော့ နဂိုတည်းက တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး နေတတ်သူဖြစ်သောကြောင့် ထူးခြားတယ်လို့မထင်ရ။ ကျွန်တော်က ဒေါ်ကြီးကို မေးကြည့်သည်။

"ကိုသာမန် ဘယ်အချိန်က ပြန်သွားလဲ ဒေါ်ကြီး"

"ငါလည်း အမှတ်တမဲ့ပဲကွယ် ... မင်း ထွက်သွားပြီးတဲ့နောက်မှာတော့ ... ကားစက်ခန်းထဲကို တွေတွေကြီးစိုက်ကြည့်နေတာ တစ်နာရီလောက်တောင် ကြာမလားမသိဘူး ... လက်မှာ ဒဏ်ရာရသွားလို့ ဆေးတောင်ထည့်ပေးလိုက်ရသေးတယ်"

"ဆေးထည့်ပေးရတယ် ..ဘယ်သူက ထည့်ပေးတာလဲ"

"တင်မေမ ... အဲ ... တင်မေမဆီက ဆေးတောင်းပြီး ငါပဲ ထည့်ပေးရတာပေါ့"

ရှော့ခ်ဝင်နေသော ဘတ္ထရီခေါင်းကို ဆွဲဖြုတ်ဖို့ ကြိုးစားတုန်းက အပူလောင်သွားတာ ဖြစ်လိမ့်မည်။

"ဖေဖေ ..."

သားက ကျွန်တော့်နားရောက်လာပြီး ခေါ်လိုက်သည်။ သူ့စိတ်ကူးတည့်ရာ လျှောက်ခြစ်ထားသော အရောင်ခြယ်စာအုပ်ကို လာပြသည်။

"ဟာ ... သားက သိပ်တော်တာပဲ"

သူ ကျေနပ်ပြီး ပြုံးသည်။ သိပ်တော့ သွက်သွက်လက်လက်မရှိ။ အိမ်က လူကြီးတွေအားလုံး ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေကြတာကို ကလေးတို့၏ ထူးခြားသောအာရုံက ရိပ်မိနေဟန်တူသည်။ ကျွန်တော်သူ့ရှေ့မှာ ထိုင်ချလိုက်ပြီး ...

"သား ... လေယာဉ်ပျံကြီးလုပ်တမ်း ကစားမလား"

သူက ခေါင်းညိတ်ပြသည်။ ကျွန်တော် သားကို ချိုင်းမှကိုင်ပြီး ချီမြှောက်လိုက်သည်။ သား၏ ကိုယ်အလေးချိန်သည် လပိုင်းအတွင်းမှာပင် ပိုတိုးလာကြောင်း သတိပြုမိ၏။ ကျွန်တော်သားကို ပတ်ချာလည် ဝှေ့ယမ်းလိုက်သည်။ သား၏ကိုယ်ကလေးသည် လေထဲမှာ ဝဲပျံနေသည်။ သားက သဘောကျပြီး တခစ်ခစ်ရယ်နေသည်။

ဘယ်ဘက်လက်ကောက်ဝတ်နေရာက ဆစ်ခနဲ နာသွားသည်။ သို့ရာတွင် ကျွန်တော်ရပ်မပစ်ဘဲ သားကိုဆက်ပြီး ဝှေ့ယမ်းပေးနေလိုက်သည်။ တစ်ပြိုင်နက်တည်းမှာပင် ထူးဆန်းသောခံစားမှုတစ်မျိုး ဖြစ်ပေါ်လာသည်။ ကျွန်တော်ဒေါသတကြီးအော်ဟစ် ဆူပူကြိမ်းမောင်းခဲ့တာကို ကြောက်လန့်ပြီး ကိုသာမန် အိမ်ကို မလာတော့ဘဲနေမှာ စိုးရိမ်ပူပန်မိသောစိတ် ဝင်ရောက်လာခြင်းပင်ဖြစ်၏။

-----♥♥-----

နောက်တစ်နေ့မနက် အိပ်ရာကနိုးတော့ ဧည့်ခန်းထဲမှာ ကိုအောင်မြိုင် ရောက်နေတာတွေ့ရသည်။ တင်မေထွန်းက ဧည့်ခံစကားပြောနေသည်။ ကိုသာမန်ကိုတော့ မတွေ့ရ။ ကျွန်တော့်ကိုမြင်တော့ တင်မေထွန်းက ထ,ရပ်လိုက်ပြီး ...

"စားစရာတွေ  ဒီကိုပို့လိုက်ရမလား"

ဟု မေးသည်။

"နေပစေ ... အထဲမှာပဲ စကားပြောရင်း စားကြတာပေါ့ ... လာဗျာ အစ်ကိုကြီး"

ဆိုပြီး ကိုအောင်မြိုင်ကိုပါ ထမင်းစားခန်းထဲ ခေါ်သွားသည်။ ဒီနေ့အတွက် နံနက်စာကတော့ ငါးသလောက်ပေါင်းနှင့် ပြုလုပ်ထားသော ဆင်းဒဝစ်ဖြစ်၏။ ကိုအောင်မြိုင်က ...

"ဟား .. ငါ့နမကတော့ တကယ်ဂရိတ်ပဲ၊ မောင်မိုးဆိုတဲ့ကောင်ဟာ မိန်းမကံတော့ တကယ်ကောင်းတယ်ဟေ့ ..."

ဟု ပြောသည်။ ကျွန်တော် ပြုံးရုံသာပြုံးနေလိုက်၏။ (ခုတလောမှာ တင်မေထွန်းနှင့်ပတ်သက်ပြီး တစ်စုံတစ်ယောက်က ချီးမွမ်းပြောဆိုလာတဲ့အခါ အရင်ကလို ဟက်ဟက်ပက်ပက်မခံယူနိုင်ဘဲ ဖြစ်နေတတ်၏။)

"မင်းက တပည့်ကံလည်း ကောင်းပါတယ်ကွ ... နည်းနည်းနံ့တာကလွဲရင်ပေါ့လေ .."

ကိုအောင်မြိုင်က သူ လာရင်းအကြောင်းကို စကားစ,လာသည်။ ကျွန်တော်ကလည်း မျှော်လင့်နေတာပါပဲ။

"ဒီလိုကွာ ... ကိုသာမန်က သူ အလုပ်ထွက်ပါရစေဆိုတာ မင်းကို ပြောပေးပါဆိုလို့ ..."

"ဘာ ... သူက ဘာလို့ထွက်ချင်ရတာလဲ"

"သူ့ကြောင့် မင်း ကားပျက်သွားရတာ သူ့မှာ တာဝန်ရှိလို့တဲ့"

"ဟာ .. အခု ဒီလူ ဘယ်မှာလဲ"

"အပြင်မှာ စောင့်နေတယ်ကွ .. အိမ်ထဲမဝင်ရဲလို့"

"ကိုသာမန်ကို သွားခေါ်ခဲ့"

ဟု အိမ်ဖော်မိန်းကလေးကို လှမ်းပြောလိုက်သည်။ "ဟုတ်ကဲ့ ဦးမိုး ..." ဆိုပြီး လှစ်ခနဲ ပြေးထွက်သွား၏။ ခဏအကြာတွင် ကိုသာမန် ထမင်းစားခန်းထဲ ဝင်လာသည်။ လက်နှစ်ဖက်ကို ရှေ့မှာယှက်ပြီး ရပ်သည်။ ခေါင်းလည်း ငုံ့ထား၏။ တကယ်ကို အပြစ်ကျူးလွန်ထားတဲ့ ပုံစံမျိုး။ ကျွန်တော် သူ့ကို စေ့စေ့ကြည့်ပြီး ...

"ခင်ဗျား အလုပ်ထွက်ချင်လို့ဆို"

"ဟုတ် .. ဟုတ်ကဲ့ပါ ဆရာ ..."

"ဘာကြောင့် ထွက်ချင်တာလဲ"

"ကျွန်တော့်ကြောင့် ... ဟိုဒင်း ဖြစ်ရတာကြောင့် .."

"နုတ်ထွက်စာ ပါသလား"

"ခင်ဗျာ .."

"ဒါ လိုင်းကားမောင်းနေတာမဟုတ်ဘူး ... ထွက်ချင်တိုင်း ထွက်လို့ရတယ်မှတ်နေသလား ... ဘာကြောင့် နုတ်ထွက်ချင်ရတယ်ဆိုတာ အကျိုးအကြောင်းခိုင်လုံအောင်ရေး ... ကွန်ပျူတာနဲ့စာစီပြီး စာအိတ်ထဲထည့် ... စာအိတ်ပေါ်မှာ နုတ်ထွက်စာဆိုပြီး သပ်သပ်ရပ်ရပ်ရေးပြီး တင်ရတယ်"

သူသည် အခက်တွေ့နေဟန်ဖြင့် ဆံပင်ကြားထဲ လက်ချောင်းတွေနှင့် ထိုးဖွနေသည်။ ကိုအောင်မြိုင်ကိုလည်း အားကိုးတကြီး ကြည့်လိုက်၏။ ကိုအောင်မြိုင်ကတော့ အခြေအနေကို ရိပ်စားမိသွားပြီး ပြုံးစေ့စေ့ လုပ်နေသည်။ ကျွန်တော် ဆက်၍ပြောသည်။

"ပြီးတော့ ခင်ဗျားကို အလုပ်ခန့်တုန်းက ... ကိုအောင်မြိုင်ရဲ့ ထောက်ခံချက်နဲ့ ခန့်ခဲ့တာ ... အခုလည်း ကိုအောင်မြိုင်က ထောက်ခံပေးမှ ခင်ဗျား ထွက်လို့ရမယ် ဘယ့်နယ်လဲ"

ကိုအောင်မြိုင်ဘက် လှည့်မေးတော့ ...

"ငါ ကန့်ကွက်တယ် .."

ဟု ပြောသည်။

"ကဲ ... ကိုအောင်မြိုင်က သဘောမတူတဲ့အတွက် ခင်ဗျား အလုပ်ထွက်လို့မရတော့ဘူး ဒါပဲ ..."

ကိုသာမန်သည် စိတ်သက်သာရာ ရသွားဟန်ဖြင့် ...

"ဟုတ်ကဲ့ ... ကျေးဇူးမမေ့ပါဘူး ဆရာ"

ဟု ဦးညွှတ်သလိုလုပ်ရင်း တုံ့ပြန်သည်။ သူ့ညာဘက်လက်ညှိုးနှင့် လက်မနေရာများမှာ ခရမ်းရောင်ဆေးတွေ လိမ်းထားတာ တွေ့ရ၏။ ထို့ကြောင့် ..

"ဒါဆို ခင်ဗျား အိမ်ပြန်တော့ ..."

"ခင်ဗျာ ..."

"သြော် .. ခင်ဗျားလက်မှာ ဒဏ်ရာရထားတယ်မဟုတ်လား၊ ဒီနေ့တော့ ခွင့်တစ်ရက်ပေးလိုက်မယ် ... အိမ်ပြန်ပြီး နားလိုက်တော့"

"ဟာ ... ရပါတယ် ဆရာ၊ ဘာမှမဖြစ်ပါဘူး"

သူက လက်များကို ကွေးချည်ဆန့်ချည် လုပ်ပြနေသည်။ ထိုအခိုက်အတန့်မှာ ကျွန်တော့်ခေါင်းထဲမှာ စိတ်ကူးတစ်ခု ပေါ်လာခဲ့သည်။ တစ်ပြိုင်နက်တည်းမှာပဲ ထိုစိတ်ကူးသည် စကားလုံးများအဖြစ် အသံထွက်လာသည်။

"ဒါနဲ့ နေပါဦးဗျ.. ခင်ဗျား အခု ဘုန်းကြီးကျောင်းမှာ နေ,နေတုန်းပဲလား"

"ဟုတ်ပါတယ် ဆရာ'

"ဒီကိုလာတော့ ဘတ်စ်ကားခ ဘယ်လောက်ကုန်သလဲ"

"အခု ကားခတွေ တက်လာတော့ နှစ်ရာလောက် ကုန်ပါတယ်၊ နှစ်ဆင့်စီးရတာကိုး"

"ဟုတ်လား ... ဒါဆို ကားခကပဲ အသွားအပြန် လေးရာကုန်နေပြီပေ့ါ ..."

ကိုသာမန် ခေါင်းညိတ်ပြသည်။ ကျွန်တော်သည် ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်၏။

"မထူးပါဘူးဗျာ ... ခင်ဗျား ကျွန်တော့်အိမ်မှာ လာနေလိုက်တော့"

အားလုံးကို အံ့သြသွားစေသောစကားဖြစ်၏။ ပြောသူ ကျွန်တော်ကိုယ်တိုင်တောင်မှ မယုံချင်သလို ဖြစ်သွားမိသေးသည်။ တင်မေထွန်းသည် ကျွန်တော့်ကို တစ်ချက် ဖျတ်ခနဲ လှမ်းကြည့်လိမ့်မည်ဖြစ်ကြောင်း မမြင်ရဘဲ သိလိုက်၏။

-----♥♥-----

ကျွန်တော်သည် ကိုသာမန်ကို အိမ်မှာလာနေဖို့ ဘာကြောင့် ဖိတ်ခေါ်လိုက်မိမှန်း ကိုယ့်ဘာသာလည်း ရေရေရာရာမသိ။ တခြားလူတွေကတော့ အစပိုင်းမှာ အံ့သြသွားတာကလွဲပြီး ထောက်ခံကြိုဆိုကြသည်။ ကိုအောင်မြိုင်က ...

"ငါက ဒီကိစ္စကို အရင်ကတည်းက အကြံပေးချင်တာကွ ... လူတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်ထားရတဲ့တာဝန်က မသေးလှတာကြောင့် မပြောဘဲနေခဲ့တာ ... မင်းရဲ့အိမ်မှာ ယောကျ်ားဆိုလို့ မင်းတစ်ယောက်ပဲရှိတာကိုး ... လေးလေးပင်ပင်ကြမ်းကြမ်းတမ်းတမ်း ကိစ္စဆိုရင် မင်းပဲလုပ်ရမှာပဲ ... ကိုသာမန်ရှိနေရင် သူ့ကို ခိုင်းလို့ရတာပေ့ါ ... ကားသုံးစရာရှိရင်လည်း အချိန်မရွေး ခိုင်းလို့ရတယ်"

အဖေတို့အမေတို့ကကော အစ်ကိုနှင့်အစ်မတို့ကပါ ကိုသာမန်ကို ခေါ်ထားတဲ့ကိစ္စ သဘောတူသည်။ ဒေါ်ကြီးကလည်း ကူဖော်လောင်ဖက်ရလို့၊ အိမ်ဖော်မိန်းကလေးကလည်း သူ သက်သာသွားလို့ဆိုပြီး သဘောကျကြသည်။(တင်မေထွန်းရဲ့သဘောထားကိုတော့ မေးကြည့်ဖို့ အခွင့်မသာသဖြင့် မသိရ။ စိတ်ရှုပ်ထွေးသွားတာမျိုး ဖြစ်ချင်ဖြစ်မည်။ ကျွန်တော် ဘာမှမသိသေးလို့ ခုလို အိမ်ကိုတောင် ခေါ်ထားလိုက်တာပဲဟု တွက်ပြီး စိတ်သက်သာရာ ရချင်လည်း ရသွားမည်။ ထို့ကြောင့် "သတိနှင့်ကြိုဆိုသည်" ဟု ဆိုလို့ ရကောင်းရနိုင်သည်။)

ဒီထဲမှာ ခြွင်းချက်ကတော့ မမြစိန်ပဲ ဖြစ်၏။ ကိုသာမန်ကို အိမ်မှာ ခေါ်ထားလိုက်ကြောင်း သိရသောအခါ အလွန်အမင်း အံ့သြသွားသည်။ ကျွန်တော့်လုပ်ပေါက်ကို နားမလည်နိုင်သလို မခံချည့်မခံသာလည်း

ဖြစ်သွားပုံရသည်။ ထိုသတင်းကို ကြားကြားချင်း ဟန်တောင်မဆောင်နိုင်ဘဲ မျက်လုံးကြီးပြူး ပါးစပ်ကြီးအဟောင်းသားဖြစ်ပြီး ကြက်သေ,သေသွားတာကို တွေ့ရတော့ ကျွန်တော် ပျော်သလိုတောင်ဖြစ်သွားသေးသည်။

အိမ်က ကားဂိုထောင်အပေါ်မှာ ထပ်ခိုးလေးတစ်ခုရှိသည်။ ကားပစ္စည်းတွေထားဖို့ စတိုခန်းအဖြစ်အသုံးပြုခဲ့သည်။ ထိုနေရာလေးကို ရှင်းလင်းပြီး ကိုသာမန်အတွက် အိပ်ခန်းအဖြစ် နေရာချထားပေးခဲ့သည်။

သူက မနက်ဆို အစောကြီးထ,တတ်သည်ဟု ဒေါ်ကြီးကပြောသည်။ ခြံဝင်းထဲမှာ တံမြက်စည်းလှည်းသည်။ သစ်ပင်ပန်းပင်တွေ ရေလောင်းသည်။ မော်တော်ကားကို သန့်ရှင်းရေးလုပ်သည်။ အင်ဂျင်ဝိုင် စစ်ဆေးသည်။ ရေတိုင်ကီဖွင့်ကြည့်သည်။ ရယ်စရာကောင်းတာ တစ်ခုရှိသေးသည်။ သူသည် မနက်တိုင်းမှာ ကားဘတ္တရီခေါင်း တပ်ထားပုံ မှန်မမှန်(မလိုအပ်ဘဲ) စစ်ဆေးလေ့ရှိခြင်းပင်ဖြစ်၏။

ကိုသာမန်အိမ်ကို ရောက်လာလို့ ပျော်သွားသူကတော့ ... ကျွန်တော့်သားပဲ။ သူက ကိုသာမန်ကို တော်တော်ခင်တွယ်သည်။ သူ့အနွံ့အတာကို ခံသောကြောင့်လည်း ဖြစ်နိုင်၏။ ဒီကောင့်အကျင့်က တစ်မျိုးပဲ။ သူ့ကို ချီထားတဲ့အခါ အလစ်မှာ ဆံပင်ကို ဆွဲနှုတ်တတ်သည်။ ထို့ကြောင့် သူ့လက်ကို သတိထားပြီး ဖမ်းဆုပ်ထားရ၏။ ကိုသာမန်ကတော့ ဒီလိုမဟုတ်။ ခေါင်းကို တမင်ထိုးခံပေးထားတာ။ သားက ဆံပင်တစ်ချောင်း ဆွဲနှုတ်တဲ့အခါတိုင်း "အမလေးဗျ" ဟု အော်ပေးသည်။ သားက သဘောကျပြီး တခစ်ခစ် ရယ်တတ်၏။

ညနေဘက် ကိုသာမန် ပန်းပင်တွေ ရေလောင်းတဲ့အခါမျိုးဆိုလျှင် သားက လှစ်ခနဲ ပြေးသွားတတ်သည်။ ကျွန်တော်သိပ်မကြိုက်မှန်း သိသဖြင့် အိမ်ဖော်မိန်းကလေးက လိုက်ဖမ်းပြီး ပြန်ခေါ်လာလျှင် သားက အာခေါင်ခြစ်ပြီး အော်တတ်သည်။ ဒါနဲ့ ကျွန်တော်လည်း သွားပစေဟု ခွင့်ပြုလိုက်ရသည်။

ကိုသာမန်က ပလတ်စတစ်ဘူးကလေးတစ်ခုကို အောက်ကအပေါက်ကလေးတွေဖောက်၊ တုတ်တံကလေးတပ်ပြီး ရေပန်းကရားလေးလိုဖြစ်အောင် လုပ်ပေးထားသည်။ ဒါလေးနဲ့ ပန်းပင်တွေ ရေလိုက်လောင်းရတာကို သားက အလွန်ပျော်သည်။ ကျွန်တော်ဝယ်ပေးထားသော အဖိုးတန်ကစားစရာတွေထက် ထိုရေပန်းကရားလေးကို ပိုမိုခင်တွယ်ကြောင်း တွေ့ရ၏။ ကစားစရာတွေကို ဟိုပစ်ဒီပစ် ထားတတ်သော်လည်း ရေပန်းကရားလေးကိုတော့ စပယ်ရုံကြားမှာ စနစ်တကျ ဝှက်ထားတတ်သည်။

ဒီနေရာမှာ တွေးစရာ အချက်တစ်ချက် ပေါ်လာသည်။ ကျွန်တော်တို့မိသားစု အသိုင်းအဝိုင်းထဲက လူတွေအားလုံး အသားဖြူသူနှင့် လတ်သူတွေချည်းဖြစ်ပြီး သားတစ်ယောက်တည်းသာ ညိုညိုလေးဖြစ်နေ၏။ ဒါကို သားရဲ့စိတ်ထဲမှာ နားမလည်နိုင်ဘဲ ဖြစ်နေလိမ့်မည်။ ဘဝင်မကျတာလည်း ဖြစ်နိုင်သည်။ ဒီလိုအချိန်မျိုးမှာ ကိုသာမန်ကိုမြင်တော့ အဖော်ရှိပြီဆိုပြီး တွယ်တာမိသွားတာလားမသိ။

ခုလို သားနှင့်ကိုသာမန်တို့ တရင်းတနှီး ဆော့ကစားနေကြတာကို မြင်တဲ့အခါတိုင်း ရင်ထဲက တစ်မျိုးကြီးခံစားရသည်။ ကြည်နူးပျော်ရွှင်မိတာလား အားကျတာလား ဝန်တိုတာလား ခွဲခြားလို့မရ။ ထူးခြားချက်တစ်ခုကတော့ တင်မေထွန်းနှင့် ကိုသာမန်တို့သည် အနေနီးပါလျက် လုံးဝ သူစိမ်းတွေလို နေနေကြခြင်းပင် ဖြစ်၏။ မေးထူးခေါ်ပြောလောက်တောင် မရှိသလောက်ပဲ။ (ကျွန်တော့်ကွယ်ရာမှာတော့ ဘယ်လိုလဲ မပြောတတ်။)

ပုံမှန်အားဖြင့် ကိုသာမန်သည် တစ်စုံတစ်ယောက်က မခေါ်ဘဲ အိမ်ထဲဝင်ခွင့်မရှိ။ ထိုစည်းကမ်းမှာလည်း ဘယ်သူကစပြီး သတ်မှတ်တာလဲဆိုတာ မသိတော့။ သူ့အလိုလိုဖြစ်သွားတာပဲ ထင်သည်။ ကိုသာမန်အတွက် မနက်စောစော လက်ဖက်ရည်နှင့် မုန့်ကို  အပြင်မှာ စားသောက်ဖို့ ပို့ပေးသည်။ အလုပ်သွားတဲ့အခါ သူ့အတွက် ထမင်းချိုင့်လေးနှင့် သပ်သပ်ထည့်ပေးသည်။ ညနေစာကိုတော့ ဒေါ်ကြီးတို့ အိမ်ဖော်မိန်းကလေးတို့နှင့်အတူစားရသည်။ ဒီအခါမှာလည်း မီးဖိုဆောင်ဘေးရှိ နောက်ဖေးတံခါးပေါက်မှသာ ဝင်ရသည်။

ကျွန်တော်တို့အိမ်မှာ တစ်ယောက်နှင့်တစ်ယောက် အဆင့်အတန်းခွဲခြားသတ်မှတ်တာမျိုးတော့ မရှိ။ ကိုသာမန်ကသာ သူ့ကိုယ်သူ အနိမ့်ဆုံးအဆင့်လို့ ခံယူထားတာ ဖြစ်နိုင်သည်။ ဘယ်လောက်ထိလဲဆိုတော့ အိမ်ဖော်မိန်းကလေးရဲ့တာဝန်ဖြစ်သော အမှိုက်အိတ်သွားစွန့်တာကိုတောင် သူက လွှဲပြောင်းထမ်းဆောင်နေသည်။ တခါတလေ ကောင်မလေးက "ဦးသာမန်ကြီး ... လမ်းထိပ်ကဆိုင်မှာ မက်မန်းပေါင်းတစ်ထုပ်လောက် သွားဝယ်ပေးစမ်းပါ" ဟု ခိုင်းချင်ခိုင်းတတ်သေးသည်။ ကိုသာမန်ကလည်း ဒါကို အောက်ကျနောက်ကျနိုင်တယ် မထင်ဘဲ ကျေကျေနပ်နပ်ရှိနေသည်။

တကယ်စဉ်းစားကြည့်တော့ တင်မေထွန်းနှင့် ကိုသာမန်တို့ ခပ်တန်းတန်း ခပ်စိမ်းစိမ်းနေ,နေကြခြင်းမှာ သိပ်တော့ သဘာဝမကျ။ တင်မေထွန်းရဲ့ စရိုက်နဲ့လည်း မကိုက်ညီ။ ခုလို ချုပ်တည်းထိန်းသိမ်းနေရတာ သူတို့အတွက် တော်တော်ပင်ပန်းခက်ခဲလိမ့်မည်။ ကျွန်တော့်အနေနှင့်လည်း ...

"အချင်းချင်းတွေပဲဟာ ... ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်နေကြပေါ့"

ဟု တိုက်တွန်းလို့ ဖြစ်နိုင်တာမျိုးမှ မဟုတ်ဘဲ။ ဒီလို အကြံပေးလိုသော ဆန္ဒလည်း မရှိချင်။

သူတို့နှစ်ယောက်အတွက် ရှောင်လွှဲလို့မရနိုင်သော အချိန်မျိုးတော့ရှိသည်။ တင်မေထွန်းက တနင်္ဂနွေနေ့တိုင်း ဈေးသို့သွားပြီး တစ်ပတ်စာအတွက် စားသောက်စရာတွေ ဝယ်လေ့ရှိသည်။ ကျွန်တော်က ကားဖြင့်လိုက်ပို့ရသည်။ အလှူတို့ မင်္ဂလာဆောင်တို့ သွားရာမှာ ကျွန်တော်က မအားလျှင် တက္ကစီနှင့်သွားရသည်။ ခုတော့ ကိုသာမန်ကို ဒီတာဝန် လွှဲပြောင်းပေးလိုက်သည်။ ဈေးသွားတဲ့အခါ အိမ်ဖော်မိန်းကလေးပါသော်လည်း မင်္ဂလာဆောင်တို့ အလှူတို့သွားတဲ့အခါမှာတော့ သူတို့နှစ်ယောက်တည်းဖြစ်၏။ ဒီလိုအခါမျိုးကျတော့ မျက်ကွယ်ဖြစ်သောကြောင့် သူတို့နှစ်ယောက်၏ ဆက်ဆံရေး ဘယ်လိုရှိမလဲ ကျွန်တော်မသိ။ ရှေးဟောင်းနှောင်းဖြစ်တွေလောက်တော့ ပြောချင်ပြောမှာပဲ။

သူတို့နှစ်ယောက် ကားနှင့်ထွက်သွားပြီဆိုလျှင် ကျွန်တော်သည် ဝရန်တာမှဖြစ်စေ ပြူတင်းပေါက် ခန်းဆီးကြားမှဖြစ်စေ ပုန်းလျှိုးကွယ်လျှိုးချောင်းကြည့်တတ်သည်။ သူတို့ ပြန်ရောက်မလာမချင်း နေမထိထိုင်မသာ ဖြစ်နေတတ်သည်။ တစ်ရက်မှာတော့ ည ရှစ်နာရီလောက်ကျမှ အဖေက ဖုန်းလှမ်းဆက်သည်။

"ဟေ့ကောင် ... မင်းအမေတော့ ရောဂါဖောက်နေပြီ"

"ဟင် ... ဘာဖြစ်တာလဲ"

ကျွန်တော်စိုးရိမ်တကြီးမေးတော့မှ ...

"စိတ်ရောဂါကွ ... စိတ်ရောဂါ၊ အသက်ကြီးလာတော့ စိတ်က မူမမှန်ချင်တော့ဘူး"

"ဟာ ... အဖေက တော်တော်နောက်တယ်"

"နောက်တာမဟုတ်ဘူး ... သူ့မြေးကို မတွေ့ရတာကြာလို့တဲ့ ... မစားနိုင်မသောက်နိုင်ဖြစ်နေတယ် ... ညညဆိုလည်း အိပ်မပျော်ဘူးတဲ့ ... အဲ့ဒါ နားနားကို အိမ်ခေါ်ခဲ့ပါဦး"

အမေ့ကို အကြောင်းပြပြီး အဖေကိုယ်တိုင်က သတိရနေကြောင်း ကျွန်တော်ရိပ်မိသည်။ အစ်မကလည်း ဖုန်းဆက်ဖို့ တိုက်တွန်းလိမ့်မည်။ ထို့ကြောင့် တင်မေထွန်းတို့ သားအမိကို ညတွင်းချင်း လွှတ်လိုက်ရ၏။

"ကိုမိုး လိုက်မှာမဟုတ်လား"

ဟု တင်မေထွန်းကမေးသည်။ ကျွန်တော်က ...

"ကိုယ် လုပ်စရာအလုပ်ကလေးရှိနေလို့ ကိုသာမန်ကို လိုက်ပို့ခိုင်းလိုက် ..."

သူ တစ်ခုခုပြောမည်ပြုပြီးမှ မပြောတော့ဘဲ ထွက်သွားသည်။ သူတို့ သွားခါနီးကျမှ ကျွန်တော်သိရ၏။ အိမ်ဖော်မိန်းကလေးက ဗိုက်အောင့်လို့ အိပ်ရာထဲခွေနေသည်။ ခေါ်သွားလို့မဖြစ်။ ဒေါ်ကြီးကလည်း စောစောအိပ်တတ်သူဖြစ်သည်။ အဖော်လိုက်သွားခိုင်းရမှာ အားနာစရာကောင်းသည်။ ကိုယ်တိုင်ပဲ လိုက်ပို့ရကောင်းမလား စဉ်းစားသည်။ ပြောပြီးသားစကားကို ပြင်ဖို့လည်း ခက်နေသည်။ ထို့ကြောင့် သူတို့ချည်းသာ လွှတ်လိုက်ရ၏။

ကားထွက်သွားတော့ ပြူတင်းပေါက်မှ လှမ်းမျှော်ကြည့်သည်။ အပြင်မှာ မှောင်နေသောကြောင့် သိပ်သဲသဲကွဲကွဲ မမြင်ရ။ နီရဲနေသော ကားနောက်မီးများကိုသာ တွေ့ရ၏။ ဟိုရောက်ရောက်ချင်း ဖုန်းဆက်ဖို့ မှာလိုက်သည်။ အိမ်ချင်း သိပ်မနီးလှသော်လည်း ကားရှင်းသောအချိန်ဖြစ်သောကြောင့် သိပ်မကြာနိုင်။ ကိုသာမန်က ဖြည်းဖြည်းလေး မောင်းတယ်ဆိုရင်တောင် နာရီဝက်ထက် ပို၍မကြာနိုင်။ လေးဆယ့်ငါးမိနစ်ကြာတဲ့အထိ ဖုန်းဝင်မလာသဖြင့် ကျွန်တော်စိတ်ပူလာသည်။ ကားစထွက်သွားချိန်ကို သေသေချာချာ မှတ်ထားသည်။ နောက်ထပ် ငါးမိနစ်ထပ်စောင့်သည်။ ဘာမှမထူးခြား။ စိုးရိမ်စိတ်က ပိုများလာသည်။ အဖေတို့အိမ်ကို ဖုန်းလှမ်းဆက်လိုက်သည်။ အမေက ဖုန်းလာကိုင်သည်။

"မေထွန်းတို့သားအမိ ရောက်လာပြီလား"

"မရောက်သေးဘူး"

"သွားတာကြာပြီ … ကားပျက်နေလားမသိဘူး၊ ဟန်းဖုန်းလည်း ယူမသွားတော့ အဆက်အသွယ်လုပ်လို့မရဘူး အမေ"

"ဟင် .. ဟုတ်လား၊ မင်းအဖေကို အိမ်ကကားနဲ့ လမ်းကြောအတိုင်း လိုက်ကြည့်ခိုင်းရင် ကောင်းမလား … အဲ .. နေဦး ရောက်လာပြီထင်တယ် "

ခဏအကြာမှာ တင်မေထွန်း ဖုန်းလာကိုင်သည်။

"ကိုမိုးလား …"

"ဟုတ်တယ် … ကြာနေလို့"

ကျွန်တော့်လေသံက စိတ်တိုဟန်စွက်နေသလား မသိ။ သူက …

"အဖေတို့အတွက် ကြေးအိုးဝင်ဝယ်နေလို့ပါ … ဆိုင်မှာ လူကျနေတာနဲ့ နည်းနည်းကြာသွားတယ်"

"ဟုတ်လား … ကိုယ်က ကားပျက်နေတယ်မှတ်လို့"

"ကိုမိုး … သားက အဘိုးအဘွားတွေနဲ့ တွေ့လို့သာ မအိပ်ဘဲနေနေတာ မျက်လုံးက စင်းနေပြီ … အချိန်ကလည်း နည်းနည်းလင့်သွားပြီ … ဒီညတော့ ဒီမှာပဲ အိပ်လိုက်ကြတော့မယ် စိတ်ကူးတယ်၊ သူ့အဘွားလည်းကျေနပ်သွားအောင်ပေါ့ … ကားပြန်လွှတ်လိုက်မယ်၊ မနက်ကျရင်လည်း လာမကြိုခိုင်းနဲ့ … အစ်မ အလုပ်သွားရင်းနဲ့ အိမ်ကိုဝင်ပို့ခိုင်းလိုက်မယ်နော် "

ကျွန်တော်ခေါင်းညိတ်လိုက်မိသည်။ သက်ပြင်းတစ်ချက်ကိုလည်း မှုတ်ထုတ်လိုက်၏။ သူ့ဒွေးက ဒရိုင်ဘာကို ပြန်ပြီး မနာလို ဖြစ်နေရတယ်ဆိုတာ ရယ်စရာမကောင်းဘူးလား။ ပြီးတော့ ဒီလူ့ကို ကျွန်တော်ကိုယ်တိုင်ပဲ အိမ်ပေါ်ခေါ်တင်ထားခဲ့တာ။ သူမရှိလျှင် မနေတတ်သလို ဖြစ်လာတာကလည်း ထူးဆန်းသည်။ ကျွန်တော်သည် ဝန်တိုခြင်းကိုပင် ကျေနပ်သာယာနေမိသလား မပြောတတ်တော့။

အိမ်က ဒေါ်ကြီးရဲ့အဖြစ်ကို သွားသတိရမိ၏။ သူက အိပ်ရာမှနိုးလျှင် ဒူးကြီးနာနေတတ်သည်။ သွားလာလှုပ်ရှားလိုက်လို့ သွေးပူတော့ သက်သာသွားသည်။ ထို့ကြောင့် ကျွန်တော်က အရိုးအထူးကုဆရာဝန်နှင့် ပြပေးသည်။ ဆရာဝန်က အရိုးအဆစ်အားဖြည့်ဆေး ပေးလိုက်သည်။ တစ်လလောက်ကြာတော့ သက်သာပျောက်ကင်းသွားသည်။

"အေးကွယ် … ရောဂါကတော့ ပျောက်သွားပါပြီ … ဒါပေမဲ့ မနက်အိပ်ရာကနိုးလို့ ခါတိုင်းလို ဒူးက မနာတော့တဲ့အခါကျတော့လည်း တစ်ခုခု လိုနေသလို နေမထိထိုင်မသာ ဖြစ်ရပြန်ရော …"

ဟု ဒေါ်ကြီးက ပြောသည်။ အလေ့အကျင့်ဖြစ်သွားတဲ့အခါ ဝေဒနာကိုတောင် အစွဲအလမ်းတစ်ခုလို ပြန်လည်တောင့်တမိတတ်တာ လူ့သဘာဝပဲထင်သည်။ ကျွန်တော့်အဖြစ်ကကော ဒီသဘောမျိုးလေလားမသိ။

-----♥♥-----

ကျွန်တော်၏ စိတ်ကူးအကြံဉာဏ်အပေါ် အခြေခံပြီး ထုတ်လုပ်ထားသော ဆက်တီကုလားထိုင်ကို စျေးကွက်တင်လိုက်သည်။ ထင်ထားသလောက် ရောင်းအားမကောင်းလှ။ အောင်မြင်မှုမရှိဘူးဟုဆိုရမည်။ ကျွန်တော် စိတ်ဓာတ်ကျသွားသည်။

"ပစ္စည်းတစ်ခု အသစ်ထွင်တဲ့အခါ အစပိုင်းမှာ ဒါမျိုးဖြစ်တတ်ပါတယ်ကွ … ရုပ်မြင်သံကြားစက် စ,ပေါ်တုန်းကဆိုရင် ထိပ်သီးလုပ်ငန်းရှင်ကြီးတစ်ယောက်က မကြာခင် ဂိုထောင်ထဲမှာ ဖုန်အလိမ်းလိမ်းနဲ့ စွန့်ပစ်ထားရမယ့် အသုံးမကျတဲ့ သေတ္တာတွေပဲလို့တောင် ချိုးချိုးဖဲ့ဖဲ့ ပြောခဲ့ဖူးသေးတာပဲကွ … စိတ်မပူစမ်းပါနဲ့ကွာ … ငါတို့ဘက်က ဘာအားနည်းချက်ရှိနေလဲဆိုတာ ရှာကြည့်ကြတာပေါ့"

အဖေက အားပေးစကားပြောသည်။

တင်မေထွန်းသည် ဒိန်ချဉ်ဖန်ခွက်များ လာချပေးသည်။ အလိုက်သိစွာ ပြန်ထွက်သွားမည်အပြု အစ်မက လက်ကိုလှမ်းဆွဲပြီး …

"အကြံဉာဏ်လေး ဘာလေး ပေးပါဦး … ငါ့ညီမက စိတ်ကူးကောင်းကောင်း ထွက်တတ်တယ်"

တင်မေထွန်းက ပြုံးပြီး …

"ကျွန်မက ဘာမှသိပ်နားလည်တာ မဟုတ်ပါဘူး … ကြော်ငြာအားနည်းသလားလို့ အဲဒါတစ်ခုပဲ"

အစ်မက ခဏစဉ်းစားပြီးနောက် …

"ဟုတ်တယ်အဖေ … ကျွန်မတို့က မော်ဒယ်အသစ်ကို သမားရိုးကျ ပစ္စည်းဖြန့်သလို လုပ်မိတာကိုး"

အဖေက ခေါင်းညိတ်ပြီး

"မှန်တယ် ကြော်ငြာအားနဲ့ဖိရမယ်"

ဟု ထောက်ခံသည်။ နောက်ဆုံးတော့ ထုံးစံအတိုင်း တင်မေထွန်းပဲ အမှတ်ကောင်းကောင်းရသွားတာပါပဲ။ ကြော်ငြာအတွက် အိုင်ဒီယာထုတ်တော့လည်း တင်မေထွန်းက ပါလာပြန်သည်။ သူကိုယ်တိုင် စိတ်ကူးတာတော့မဟုတ်။ သူ ပါဝင်ခဲ့သော ကျွန်တော့်အိပ်မက်ကို အခြေခံခဲ့ခြင်းသာ ဖြစ်၏။

နာမည်ကျော် ပန်းချီဆရာကြီး မြင့်မောင်ကြာဆီမှာ သွားအပ်သည်။ ကျွန်တော့်စိတ်ကူးကို ပြောပြတော့ … သူကလည်း သဘောကျသည်။ ကြော်ငြာ၏ သဘောသဘာဝကို နှစ်နာရီလောက်ကြာအောင် စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သေးသည်။ ဆရာကြီးဆွဲပေးသော ဒီဇိုင်းက ကျွန်တော့်စိတ်ကူးထက် ပိုကောင်းသည်။ တိမ်တိုက်တွေကြားထဲက ဆက်တီကုလားထိုင်ပေါ်မှာ မိန်းကလေးတစ်ယောက် ထိုင်နေသည်။ ဟိုး အဝေးမှာတော့ အပြာရောင်သမ်းနေသော ကမ္ဘာလုံးကြီး။

ထိုကြော်ငြာဒီဇိုင်းကို စာနယ်ဇင်းတွေမှာ ရောင်စုံရိုက်နှိပ်ထည့်သွင်းသည်။ မင်္ဂလာဈေးရှေ့မှာ ကြော်ငြာဘုတ်ကြီး ထောင်လိုက်သည်။ ထို့နောက် ရက်သတ္တပတ်အနည်းငယ်အကြာမှာ ရောင်းအားတက်လာသည်။ အထူးသဖြင့် မြို့သစ်တွေက အဆွဲများသည်။ နယ်ကိုယ်စားလှယ်တွေဆီက အမှာစာများ တဖွဲဖွဲရောက်ရှိလာသည်။ ကျွန်တော်တို့ အောင်မြင်သွားပြီ။ ဈေးကွက်မှာ ပေါက်သွားပြီ။

ဒီအောင်မြင်မှုဟာ တင်မေထွန်းရဲ့ စကားတစ်ခွန်းကနေ စတင်ဖြစ်ပေါ်လာတာဟု အစ်ကိုက ချီးကျူးသည်။ အစ်မကလည်း "တင်မေမက လာဘ်ကောင်းတယ်" ဟု ထောက်ခံသည်။ အဖေ၏တိုက်တွန်းချက်ဖြင့် အမေက တင်မေထွန်းကို စိန်နားကပ်တစ်ရံ ဆုချသည်။

-----♥♥-----

ထိုအတောအတွင်းမှာ အုန်းသန်းနှင့် ဌေးဌေးမြင့်တို့ ရန်ကုန်တက်လာသည်။ အုန်းသန်းက အလုပ်ကိစ္စနှင့်ဖြစ်ပြီး ဌေးဌေးမြင့်က ခွင့်ယူပြီး လိုက်လာတာ။ စမ်းချောင်းက အိမ်မှာ တည်းကြသည်။ တင်မေထွန်းလက်ရာကို စားချင်တယ်ဆိုသဖြင့် အိမ်မှာ ထမင်းဖိတ်ကျွေးရသည်။ ဌေးဌေးမြင့်အကြိုက် အညာအစားအစာတွေ မျိုးစုံအောင် ချက်ထားသည်။

"အေးကွာ … အိမ်ထောင်ကျပြီးကတည်းက စားလို့အကောင်းဆုံး ထမင်းတစ်နပ်ပါပဲ"

ဟု အုန်းသန်းက ပြောသဖြင့် ဌေးဌေးမြင့်က မျက်စောင်းထိုးသည်။ အုန်းသန်းက ဒီမှာတင်မရပ်ဘဲ ဆက်ပြောသည်။

"ဒီလိုမှန်းသိရင် တင်မေမရဲ့ ကမ်းလှမ်းချက်ကို ငါ မငြင်းပယ်ခဲ့ပါဘူးကွာ ..."

"မင်းက ဘာပြောတာလဲ"

"ဒီလိုကွ ... ဟိုအရင်တုန်းက တင်မေမက ငါ့ကို စာပေးဖူးတယ်လေ ... ငါက လက်မခံလို့ မင်းကိုယူလိုက်ရတာ ဟား .. ဟား"

သူက ကျွန်တော်တို့အချင်းချင်း အားမနာတမ်း နောက်နေကျအတိုင်း ပြောလိုက်ခြင်းဖြစ်သော်လည်း ဌေးဌေးမြင့်က မရယ်ဘဲ ...

"ဟင်း ... ဘာတွေလျှောက်ပြောနေတာလဲ"

ဟု မျက်နှာထား တည်တည်ဖြင့်ဟန့်လိုက်၏။ တင်မေထွန်းက ပြုံးရုံသာ ပြုံးသည်။ ကျွန်တော်က "ဟား ဟား" ဟု ရယ်ပေးလိုက်ရ၏။

ထိုအချက်ကို ကြည့်ခြင်းအားဖြင့် အုန်းသန်းသည် ဘာမှမသိသေးကြောင်း ထင်ရှားသည်။ သိခဲ့လျှင် ... ခုလို အနှောင့်အသွားမလွတ်သော စကားမျိုး ပြောမှာမဟုတ်။ ဌေးဌေးမြင့်ကတော့ အတိုင်းအတာတစ်ခုအထိ သိထားလိမ့်မည်ဟု ယူဆနိုင်သည်။ သူတို့ စမ်းချောင်းမှာ ရောက်နေကြောင်း ဖုန်းလှမ်းဆက်သဖြင့် ကိုသာမန်ကို သွားကြိုခိုင်းလိုက်သည်။ ကိုသာမန်ကို မြင်မြင်ချင်း ဌေးဌေးမြင့် ဘယ်လိုအမူအရာ ဖြစ်သွားသလဲဆိုတာ မမြင်လိုက်ရ။ နှစ်တွေကြာလို့ ရုပ်ပြောင်းနေသောကြောင့်တစ်ကြောင်း၊ ဒရိုင်ဘာပဲဆိုပြီး ဂရုတစိုက်မကြည့်မိဘဲ အမှတ်တမဲ့နေလိုက်သောကြောင့် မမှတ်မိတာမျိုးလည်း ဖြစ်နိုင်သည်။

သူ ကျွန်တော့်ကို တစ်ချက်တစ်ချက် အကဲခတ်သလို ကြည့်တတ်တာတော့ ကျွန်တော်ရိပ်မိသည်။ သူနှင့် တင်မေထွန်းတို့ တီးတိုးပြောဆိုနေကြရာက ကျွန်တော့်ကိုမြင်လျှင် စကားဖြတ်လိုက်ကြတာမျိုး တစ်ကြိမ်နှစ်ကြိမ် တွေ့လိုက်ရသည်။

ကျွန်တော်လည်း ဌေးဌေးမြင့်ကို မေးမြန်းစုံစမ်းကြည့်ရကောင်းမလား စဉ်းစားသေးသည်။ ဘာမှ အကြောင်းထူးမှာမဟုတ်။ ကျွန်တော်သိနေပြီဖြစ်ကြောင်း သူ သိသွားတာပဲ အဖတ်တင်မည်။ နှစ်ယောက်စလုံး သိနေသောကိစ္စကို "သိရှိပါကြောင်း" ဆိုပြီး ထပ်မံအတည်ပြုတာမျိုးသာ ဖြစ်လိမ့်မည်။

ဘာပဲဖြစ်ဖြစ် တင်မေထွန်းကတော့ ရင်ဖွင့်စရာလူတစ်ယောက် ရရှိသွားသဖြင့် အတော်အသင့် သက်သာရာရသွားနိုင်သည်။ ကျွန်တော်ကတော့ ဘယ်သူ့ကိုမှ ဖွင့်ပြောလို့မဖြစ် တစ်ယောက်တည်း ကြိတ်မှိတ်ခံရုံသာရှိ၏။ တစ်ယောက်ပိုသိလေ အကျိုးမရှိလေဆိုသော အခြေအနေဖြစ်၏။ ဖွင့်ဟ တိုင်ပင်ဖို့ အသင့်တော်ဆုံး စိတ်အချရဆုံးလူမှာလည်း တင်မေထွန်း ကိုယ်တိုင်ဖြစ်နေသည်။ သူတစ်ပါးရဲ့ လျှို့ဝှက်ချက်ကို ထိန်းသိမ်းပေးရတာ ကိုယ့်အတွက် ကိုယ်နှုတ်လုံဖို့ထက် ပိုခက်သည်။

အရက်သောက်တတ်ရင်လည်း အကောင်းသား။ မူးအောင်မော့ပြီး ရင်ဖွင့်လိုက်လို့ရသည်။ ရုပ်ရှင်တွေထဲကလို ပင်လယ်ကမ်းစပ်မှာသွားပြီး အသံကုန်အော်၊ ရေထဲဆင်းပြီး လက်သီးနဲ့ထိုးပစ်လို့ရသည်။ ခက်တာက ကျွန်တော်သည် ကော်ဖီခါးခါးသောက်တတ်သူသာ ဖြစ်နေ၏။ ကော်ဖီသောက်ပြီး ရမ်းလို့မရ။ ဒီတော့ သူများတွေသောက်တာ မူးတာကို ဘေးကကြည့်ရင်း ပရိသတ်အဖြစ် ဝင်ခံစားရရုံသာ ရှိ၏။

အုန်းသန်းကို ရောက်တုန်းရောက်ခိုက် စားသောက်ဆိုင်ခေါ်ပြီး ပြုစုသည်။ သူက ပွဲတောင်းသဖြင့် ကိုအောင်မြိုင်ကိုပါ မဖြစ်မနေ ခေါ်လာခဲ့ရသည်။ ပြောင်မြောက်သော အတွေးအခေါ်စကားလုံးတွေ ကြားချင်လို့ဟု ဆိုသည်။ ကိုအောင်မြိုင်ကလည်း သူ့ဆန္ဒကို ဖြည့်စွမ်းပေးသည်။ ဒီတစ်ခါ ပို့ချသော သင်ခန်းစာကတော့ ...

"မိန်းမတစ်ယောက်ကို  အမုန်းကြီးမုန်းနေပြီဆိုရင် အဲဒါ အချစ်ကြီးချစ်ခဲ့မိလို့ပဲ ... နယူတန်ရဲ့ နိယာမအရ သက်ရောက်မှုနဲ့ တန်ပြန်သက်ရောက်မှုတို့ဟာ ပမာဏချင်း တူညီတယ်လေ ... တကယ်တော့ မိန်းမတစ်ယောက်ကို မုန်းမေ့လိုက်ရတာဟာ ကိုက်ခဲနေတဲ့ သွားတစ်ချောင်းကို နုတ်ပစ်လိုက်ရသလိုပါပဲ ... ဝေဒနာသက်သာသွားတယ်လို့ ထင်ရပေမဲ့ သွားတစ်ချောင်းကိုတော့ ဆုံးရှုံးခံလိုက်ရတာပဲ မဟုတ်လား"

-----♥♥-----

ကျွန်တော်အိမ်ပြင်ထွက်လာသောအခါ ကိုသာမန်က အရင်နေ့တွေတုန်းကလိုပဲ လက်ဆွဲအိတ် သယ်ယူပေးရန် လက်ကမ်းလိုက်သည်။ အိတ်က ကျွန်တော့်လက်ထဲမှာ မဟုတ်။ နောက်ကလိုက်လာသော တင်မေထွန်းက ဆွဲလာခြင်းဖြစ်၏။ ကိုသာမန်သည် လက်လှမ်းရက်တန်းလန်း အနေအထားဖြင့် အမ်းတမ်းတမ်း ဖြစ်နေသည်။

တင်မေထွန်းက အိတ်ကို လှမ်းပေးသည်။ ကိုသာမန်က မျက်လုံးထောင့်ကပ်ပြီး ကျွန်တော့်ကို တစ်ချက်ကြည့်သည်။ ထို့နောက် အိတ်ကို လှမ်းယူသည်။ သူ့ပုံစံက ဆုလက်ခံယူသလို အိတ်ကို အောက်ကနေ လက်နှစ်ဖက်နဲ့ ရိုရိုသေသေ ပင့်ကိုင်ပြီးယူတာ။( ဆုယူပြီး လက်ဆွဲနှုတ်ဆက်တာမျိုးတော့ မလုပ်ပါ။ )

သူလုပ်ပုံကိုကြည့်ပြီး အရေးထဲမှာ ရယ်ချင်လာသေးသည်။ ထို့ကြောင့် သူ့ကို နောက်ပြောင်ချင်စိတ် ပေါ်လာ၏။ ကျွန်တော်က မော်တော်ကားရှေ့တာယာကို ခြေဦးနှင့် နှစ်ချက်သုံးချက် ကန်ကြည့်လိုက်ပြီးနောက် ...

"ဗျို့ ... ကိုသာမန် ကားဘီးထဲမှာ လေတွေဝင်နေပါလားဗျ"

ဟု မျက်နှာထားတင်းတင်း လေသံမာမာ ပြောလိုက်သည်။

"ခင်ဗျာ ..."

ရုတ်တရက်မို့ သူ လန့်ပြီး ပျာယာခတ်သွားသည်။ လက်ဆွဲအိတ်ကို ကားထဲထည့်၊ ကျွန်တော့်နားပြေးလာ ကားတာယာကို ခြေနင့်ကန်မယ်လုပ် ... ပြီးမှ ခြေထောက်ကိုပြန်ရုတ် လက်ဖနောင့်နှင့်ထုကြည့်ပြီး ...

"ဟင် .. ဟုတ် ... ဟုတ်တယ်ဆရာ"

ကယောင်ကတမ်းဖြစ်ပြီး မျက်စိမျက်နှာ ပျက်နေပုံကိုကြည့်ရင်း ကျွန်တော်ဟားလိုက်သည်။

"ခင်ဗျားကတော့ဗျာ ... နောက်လို့နောက်မှန်းလဲမသိ ... ကားဘီးထဲမှာ လေတွေမရှိလို့ ဘာရှိရမှာလဲ"

ဆိုတော့မှ "အဲ ... ဟုတ်သားပဲ ဆရာ" ဟု ပြောပြီး ဆံပင်ကြားကို လက်ချောင်းများနှင့် ထိုးဖွနေသည်။ ကျွန်တော် သူ့ကို ဒါမျိုး မကြခဏ အကြောင်းရိုက်လေ့ရှိ၏။ သူကလည်း အမြဲတမ်းလိုလို ကျွန်တော့်ခွင်ထဲ မိသွားတာချည်းပဲ။

ကျွန်တော်က ခိုင်းစရာတစ်ခုခုရှိလို့ ခေါ်လိုက်လျှင် လက်နှစ်ဖက်ကို ရှေ့မှာယှက်ပြီး ရို့ရို့ကလေး လာရပ်တတ်သည်။ သူ့ပုံစံက အထက်အရာရှိကြီးရှေ့မှာ ရိုရိုသေသေ ရပ်နေသလိုမျိုး ဖြစ်၏။ ကျွန်တော်က ...

"နေစမ်းပါဦးဗျ ... အဲဒီလက်နှစ်ဖက်က ရှေ့မှာဘာလို့ကာထားရတာလဲ ... ကျွန်တော်က ဖရီးကစ် ကန်မယ်ထင်လို့လား"

ဟု ပြောလိုက်သောအခါ လက်နှစ်ဖက်ကို ဘေးမှာကပ်ပြီး သတိဆွဲသလို တောင့်တောင့်ကြီးဖြစ်သွားသည်။ ပြီးမှ လက်နှစ်ဖက် နောက်ပစ်ပြီး သက်သာအနေအထား လုပ်လိုက်ပြန်သည်။ ကျွန်တော်လည်း ရယ်ချင်လာသဖြင့် ..

"ကဲ ကဲ ... အေးစေဗျာ ... အေးစေ .."

ဟု ပြောလိုက်ရ၏။

တစ်ခါတုန်းကလည်း အိမ်ရှေ့ဘက် ခြံစည်းရိုးနားမှာ ပေါက်တူးတစ်လက်ဖြင့် မြေကြီးတွေတူးဆွနေသည်။ သူက ဒေါ်ကြီး၏ ကြီးကြပ်မှုဖြင့် အိမ်ဘေးကွက်လပ်ကလေးမှာ သီးပင်စားပင်ကလေးတွေ စိုက်ထားသည်။ သူ့အပင်က ထွက်သော သဘော်သီးမှာ သဘာဝအတိုင်းဖြစ်သောကြောင့် အလွန်ချိုသည်။ ဒီနေရာမှာတော့ သူက ကျွန်တော့်ထက်သာကြောင်း ဝန်ခံရပါမည်။

ခုလည်း ဘာပင်တွေ စိုက်ဦးမယ်မသိ။

"ဘာတွေများ တူးဆွနေတာလဲဗျ .."

သူ လှည့်ကြည့်သည်။ ကျွန်တော့်ကိုမြင်တော့ ခါးကိုမတ်၍ တောင့်ခနဲရပ်ပြီး ပေါက်တူးကို ပုခုံးပေါ် ထမ်းမည်ပြုလိုက်သေးသည်။ ပြီးမှ ...

"မြောင်းဖော်မလို့ရယ် ဆရာ"

"မြောင်း ဟုတ်လား"

"ဟုတ်ကဲ့ .. မိုးဝင်လာပြီလေ ဆရာ .. ဒီနားမှာ မြောင်းဖော်ပေးလိုက်မှ ရေဆင်းကောင်းသွားမယ် ... နို့မို့ဆို ခြံထဲမှာ ရေဝပ်လိမ့်မယ် .. ဒါဆို ခြင်ပေါလာတော့ မကောင်းဘူး ... ကလေးမှာ သွေးလွန်တုပ်ကွေး ဖြစ်မှာဆိုးလို့ ..."

"သွေးလွန်တုပ်ကွေးဆိုတာ ဘယ်လိုဖြစ်တာလဲဗျ"

"ခြင်ကိုက်လို့ ဖြစ်တာလို့ ပြောတာပဲ"

"ဒီလိုရမ်းသမ်းပြောလို့ ဘယ်ဖြစ်မလဲဗျ ... ခြေခြေမြစ်မြစ်ရှိအောင် လေ့လာထားမှပေါ့"

ကျွန်တော်က ချွန်ပေးလိုက်သည်။ သူကလည်း အဟုတ်မှတ်ပြီး ဘယ်ကဘယ်လို ရှာဖွေမေးမြန်း မှတ်သားလာလဲမသိ။ နောက်နှစ်ရက်သုံးရက် ကြာသောအခါ "ကျွန်တော် လေ့လာပြီးပြီ ဆရာ" ဟု ဆိုပြီး သွေးလွန်တုပ်ကွေးဆိုသည်မှာ ကလေးငယ်များတွင် ဖြစ်ပွားတတ်ကြောင်း၊ ခြင်ကျားခေါ် ခြင်ပုန်းအကိုက်ခံရသောကြောင့် ရောဂါကူးစက်ခြင်းဖြစ်ကြောင်း၊ ခြင်ကျားသည် နေ့အချိန်မှာ ကိုက်တတ်ကြောင်း၊ ထို့ကြောင့် ကလေးများကို ခြင်ထောင်ဖြင့် သိပ်သင့်ကြောင်း၊ ဆေးစိမ်ခြင်ထောင် သုံးနိုင်လျှင် ပိုကောင်းကြောင်း၊ နေ့အချိန်တွင် အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းအောင် ထားသင့်ကြောင်း၊ အစရှိပြီး "ဖုံး၊ သွန်၊ လဲ၊ စစ်" သွေးလွန်တုပ်ကွေးကာကွယ်ရေး၊ "ခြင်ကျား ခေါ် ခြင်ပုန်းနှိမ်နင်းပေး" စသည်ဖြင့် စာအံသလို အလွတ်ရွတ်ပြနေပြန်သည်။

-----♥♥-----

ကိုသာမန်အပေါ် ကျွန်တော် ခုလို ပြုမူဆက်ဆံနေတာနဲ့ပတ်သက်ပြီး ကြာတော့ ကိုယ့်ဟာကိုယ် သံသယဖြစ်လာမိ၏။ ရိုးရိုးသားသားမှ ဟုတ်ရဲ့လား။ ကြောင်က ကြွက်ကို ကျီစားသလိုများ ဖြစ်နေသလား။ သူ ယောင်ချာချာ၊ အူကြောင်ကြောင်၊ ကိုးယိုးကားယား ဖြစ်နေပုံကိုကြည့်ပြီး အရသာခံနေတာလား။ နောက်သလို ပြောင်သလိုနဲ့ နှိပ်စက်ကလူပြုရင်း လက်စားချေနေတာလား။

ပြီးတော့ ဒီကိစ္စတွေကို တင်မေထွန်းရှေ့မှောက်မှာမှ တမင်တကာ ပြုလုပ်နေခဲ့တာကကော။ "တွေ့လား ... မင်းကောင်ကြီးက ငတုံးကြီး၊ ငအကြီး၊ ငနုံကြီးပဲ " ဆိုပြီး တင်မေထွန်းကို ပညာရှိနည်းနဲ့ ညှင်းဆဲသလို ဖြစ်မနေဘူးလား။ ဒီလိုစဉ်းစားမိသောအခါ ကျွန်တော့်ကိုယ်ကျွန်တော် အထင်သေးလာမိ၏။ ကျွန်တော့်အဆင့်အတန်း၊ ကျွန်တော့်ပညာအရည်အချင်း၊ ကျွန်တော့်တော်ဂုဏ်သိက္ခာနဲ့ ကိုသာမန်လိုလူမျိုးကို တုဖက်ပြိုင်ဆိုင်နေမိတာဟာ ရှက်ဖို့တောင်ကောင်းသည်။

တင်မေထွန်းကတော့ ဘယ်လိုနေသလဲမသိ။ ကိုသာမန်ကတော့ ဘာကိုမှရိပ်မိပုံမပေါ်။ မခံချည့်မခံသာ ဖြစ်သွားတာမျိုးလည်းမရှိ။ ကျောက်ဆစ်ရုပ်ကို ကလိထိုးရသလိုပဲ။ ကျွန်တော်သည် ကိုသာမန်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူမျိုးကို မလုပ်မိအောင် တတ်နိုင်သမျှ သတိထားပြီးနေသည်။ သူ့ရှေ့မှာ တင်မေထွန်းနှင့်ပတ်သက်ပြီး အသားယူမိတာမျိုး မဖြစ်အောင်ရှောင်သည်။

ကိုသာမန်ကို တန်းတူရည်တူထားပြီး လေးလေးစားစား ဆက်ဆံကြည့်ဖို့ကိုလည်း ကြိုးစားကြည့်သည်။ ထိုအချက်ကတော့ သိပ်မလွယ်လှ ...။ ကိုသာမန်ကိုယ်တိုင်က လက်သင့်မခံသောကြောင့်ဖြစ်၏။ သူ့အပေါ်အရေးပေးလေ မနေတတ်မထိုင်တတ်ဖြစ်ပြီး အမှားမှားအယွင်းယွင်းတွေ ပိုဖြစ်လေပဲ။ သူသည် ကျွန်တော်၏ ပျော်တော်ဆက်အဖြစ်၊ ငယ်ကျွန်ကြီးအဖြစ် နောက်တော်ပါးက လိုက်ပြီး ဝတ်ကြီးဝတ်ငယ် ပြုနေရတာကိုပင် ကျေနပ်ပျော်ရွှင်နေပုံရသည်။ ထို့ကြောင့် ကျွန်တော်လည်း လက်လျှော့ပြီး သူ စိတ်ချမ်းသာသလို နေခိုင်းလိုက်ရသည်။

သူသည် ကျွန်တော့်ကို ကြောက်မြဲ၊ ရိုသေမြဲ၊ လေးစားမြဲပင်ဖြစ်၏။ ဘယ်လောက်ထိလဲဆိုတော့ နေ့လယ်ပိုင်းအားနေသောအချိန်မှာ ကျားထိုးရအောင်ဟု ကုန်တင်ကားမောင်းသူက လာပြောသည်။ ထိုအခါ ကိုသာမန်က ကျွန်တော့်ဆီလာပြီး ကျားထိုးခွင့်ရှိမရှိ မေးသည်။ ကျွန်တော်လည်း "ထိုးစေဗျား" ဟု ပါမစ်ချပေးလိုက်ရ၏။ တစ်ခါကလည်း ကျွန်တော့်ရုံးခန်းတံခါးဝနားမှာ ပြူတစ်ပြူတစ် လာလုပ်နေသဖြင့် ဘာကိစ္စလဲမေးတော့ ...

"ကျွန်တော် အိမ်သာခဏသွားလို့ရမလား ဆရာ ..."

"ဟာဗျာ ... ဒါများ ခွင့်ပြုချက်တောင်းနေရသေးလား"

အကြောင်းမသိတဲ့လူဆိုလျှင် တမင်လာရိနေသလားလို့တောင် ထင်စရာရှိ၏။ သူကတော့ ..

"မဟုတ်ပါဘူး .. ဆရာ အပြင်သွားစရာရှိလို့ ထွက်လာရင် ကျွန်တော့်ကို မတွေ့မှာစိုးလို့"

ဟု ဆို၏။ ဒီလူနဲ့ကတော့ ခက်နေပြီ။

ကျွန်တော်သည် စိတ်ကူးတစ်ခု ပေါ်ပေါက်လာသဖြင့် ကိုသာမန်ကို အဝတ်အစားသစ် သုံးစုံ ဝယ်ပေးလိုက်သည်။ သိပ်အကောင်းစားကြီး မဟုတ်သော်လည်း သူ့အတွက်တော့ အဖိုးတန်တွေ ဖြစ်နေ၏။

"ဟာ ... ဆရာ၊ ဒါတွေက ကျွန်တော်နဲ့ မတန်ပါဘူး ... ကျွန်တော်က ပေပေတေတေရယ် ..."

ဟု သူက ငြင်းသည်။

"မယူလို့မဖြစ်ဘူး ... ခင်ဗျားက စုတ်တီးစုတ်ဖတ်နေရင် ကျွန်တော်ပါ သိက္ခာကျတယ် .. နောက်ဆိုရင် ခင်ဗျား သပ်သပ်ရပ်ရပ် နေရမယ် ... အဲဒီ ညှင်းသိုးသိုးဆံပင်ကြီးကိုလည်း မှန်မှန်ညှပ် ... နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေလည်း ရိတ်ဦး"

အဝတ်အစားအသစ်တွေ စ,ဝတ်သောနေ့က သူ မနေတတ် မထိုင်တတ် ရှိုးတိုးရှန့်တန့် ဖြစ်နေသည်။ ရုံးခန်းရောက်တော့လည်း အားလုံးက တအံ့တသြ ဝိုင်းကြည့်ကြ၏။ ကိုအောင်မြိုင်က ပြုံးစေ့စေ့၊ မမြစိန်က မဲ့တဲ့တဲ့၊ စာရေးမလေးတွေကလည်း "လူနဲ့အဝတ်အစား တခြားစီပဲ" ဟု မကြားတကြားပြောပြီး တခစ်ခစ် ကြိတ်ရယ်ကြသည်။ ကိုသာမန်က ရှက်နေရှာ၏။

ကျွန်တော်ကတော့ ခုလို သားသားနားနား ဆင်လိုက်တော့လည်း ရုပ်ထွက်လာသားပဲ၊ ငယ်ငယ်ကဆိုရင် ကြည့်ပျော်ရှုပျော် ရှိမယ့်ပုံပါဟု ကောက်ချက်ချမိသည်။ စကားကြုံသဖြင့် သူ့ပညာအရည်အချင်းကို မေးကြည့်သည်။

"ကိုးတန်းတော့ အောင်ပါတယ်ဆရာ"

"ဘယ်ဆိုးလို့လဲ ... ဘာဖြစ်လို့ ကျောင်းဆက်မတက်တာလဲ"

"ငွေရေးကြေးရေးကြောင့်ပေါ့ ဆရာ ... ပြီးတော့ကျတော့ ကျွန်တော်က ဉာဏ်ထိုင်းတယ်လေ ... ဆယ်တန်းဖြေလည်း အောင်မှာမှ မဟုတ်တာပဲကော"

ဟိုအချိန်က ကိုးတန်းအောင်တယ်ဆိုတာ ပညာရေးအဆင့်အတန်း နိမ့်တယ်လို့ မဆိုနိုင်ဘူးဟု အထင်ကြီးချင်လိုက်သေးသည်။ ဘာပဲဖြစ်ဖြစ် ဒီလူ့အပေါ် တဖြည်းဖြည်း ခင်မင်စိတ် ဝင်လာမိတာတော့ အမှန်ပါပဲ။

-----♥♥-----

ပရိုးမီးယားလိဂ်ဘောလုံးပွဲပြီးသွားတော့ အတော်လေး ညဥ့်နက်နေပြီ။ ဒီနေ့ညပွဲက ကျွန်တော်ကြိုက်သော လီဗာပူးနှင့် ဘလက်ဘန်းတို့ ကန်သောပွဲဖြစ်၏။ လစ်ဗာပူး၏ ထုံးစံအတိုင်း ကစားကွက်ကောင်းသည်၊ မြန်သည်၊ ကြိုးစားသည်၊ ဂိုးတွေ တဒိုင်းဒိုင်းသွင်းသည်။ သို့ရာတွင် တစ်လုံးမှမဝင်။ နောက်ဆုံး ဂိုးမရှိ သရေပွဲနှင့် အဆုံးသတ်သွားသည်။

ကျွန်တော်သည် မချင့်မရဲကြီး ဖြစ်ကျန်ခဲ့သည်။ စိတ်လှုပ်ရှားခဲ့ရသောကြောင့်လည်း နွမ်းနယ်နေသည်။ ညဥ့်လည်းနက်ပြီ။ လက်ကျန်နွားနို့ကို မော့သောက်လိုက်ပြီး အိပ်ရာဝင်ဖို့ပြင်သည်။ အိပ်ခန်းထဲရောက်တော့ ခုတင်ပေါ်မှာ တင်မေထွန်းကို မတွေ့ရ။ အိမ်သာဘက်သွားတာဆိုလျှင်လည်း ကျွန်တော်နှင့်စောစောက ဆုံရမည်။ ပြီးမှ နေရာတစ်ခုကို သွားသတိရသည်။

တင်မေထွန်းသည် ဝရန်တာလက်ရန်းကိုမှီ၍ လက်ပိုက်ရင်း ရပ်နေသည်။ သူ အပြင်ကိုငေးကြည့်နေ၏။ ရှုခင်းကလည်း ငေးကြည့်ချင်စရာကောင်းလောက်အောင် လှသည်။ လရောင်ဖြာကျနေသောကြောင့် အပြင်ကို မြင်သာသည်။ မိုးဦးမှာ ဆန်တက်သော မြူခိုးတွေက သစ်ပင်တွေကြားမှာ ဝေ့ဝဲနေ၏။ ကျွန်တော်တောင် သူ့ဘေးမှာ ရပ်ရင်း ခဏဝင်ငေးနေပြီးမှ ...

"သိပ်သာယာတာပဲနော် ..."

သူခေါင်းညိတ်သည်။

"အညာကိုလွမ်းနေတာလား"

"ဟုတ်တယ် ...  ဒါပေမဲ့ စလင်းကိုလွမ်းတာတော့ မဟုတ်ဘူး ... ရွှေစက်တော်ကို"

"ရွှေစက်တော်.."

ကျွန်တော်ပဲ့တင်ထပ်လိုက်သည်။

"အင်း ... ကိုမိုးမှတ်မိလား ... မန်းချောင်းပေါ်က ဝါးတံတားလေးပေါ်မှာလေ"

"သိပ်မှတ်မိတာပေါ့ ... အတိတ်မေ့ရောဂါဖြစ်သွားရင်တောင် အဲဒီညကိုတော့ သတိရနေမှာပဲ၊ ဘာကြောင့်လဲဆိုတော့ ... ဟိုတုန်းကလည်း ခုလိုပဲ မေထွန်းရဲ့မျက်နှာပေါ်မှာ လရောင်က ဖြာကျနေတယ် ... ပြီးတော့ မန်းချောင်းရေကလည်း ရောင်ပြန်ဟပ်နေတော့ သိပ်လှတာ ... အဲဒီ အခိုက်အတန့်မှာပဲ ကိုယ် မေထွန်းကို ချစ်နေမိပြီလို့ သိလိုက်ရတာ"

"ဟင် ... ဟုတ်လား ... ထူးဆန်းလိုက်တာ"

"ထူးဆန်းတယ်"

"ဟုတ်တယ် ... တိုက်ဆိုင်လွန်းတာကိုပြောတာ"

"ဘယ်လိုတိုက်ဆိုင်တာလဲ"

"ဟိုညတုန်းက ကိုမိုး ကျွန်မကို တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်တယ် မဟုတ်လား .."

"ဘယ်လိုလုပ်သိတာလဲ"

"မန်းချောင်းရေကတစ်ဆင့် ကိုမိုးရဲ့ မျက်လုံးတွေကိုလည်း ရောင်ပြန်ဟပ်နေခဲ့တာပဲလေ ... ခုလိုပဲပေါ့"

ခုဟာကတော့ သစ်ရွက်တွေကတစ်ဆင့် ရောင်ပြန်ဟပ်နေတာ ဖြစ်မည်။ သူက ဆက်ပြောသည်။

"အဲဒီအချိန်မှာ ရင်ထဲက တစ်မျိုးကြီး ခံစားလိုက်ရတယ် ... လွမ်းသလိုလို ဘာလိုလိုနဲ့ ... အစက မသိသေးဘူး .. အမေဆုံးပြီး ရန်ကုန်ကအပြန် ကားအထွက်မှာ ငေးကြည့်ပြီး ကျန်ခဲ့တဲ့ ကိုမိုးကိုမြင်တော့ ရွှေစက်တော်မှာတုန်းက ခံစားမှုမျိုး ထပ်ဖြစ်ပြန်ရော၊ ဒီတော့မှာ ဟိုညကတည်းက ကိုမိုးကို သံယောဇဉ်ဖြစ်ခဲ့မိတယ်ဆိုတာ ဝန်ခံလိုက်ရတော့တာပဲလေ"

ဆောင်းနှင်းမြူနှင့် မိုးဦးမှာ ဆန်သော မြူတို့ မတူကြ။ ဆောင်းမြူက ထူထပ်သိပ်သည်းပြီး လေးလံထိုင်းမှိုင်းသည်။ မိုးမြူကတော့ ပေါ့ပါးပြီး အလွယ်တကူ ဝေ့ဝဲတတ်သော သဘောရှိသည်ထင်၏။ ကျွန်တော် သူ့လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ သူသည် ကျွန်တော့်ကို မော့ကြည့်နေသည်။ လမင်းသည် တစ်စင်းတည်း ရှိပါလျက် သူ့မျက်လုံးနှစ်ဖက်စလုံးမှာ အရိပ်လာထင်နေသည်။ သူ့နှုတ်ခမ်းသည် ခပ်ဟဟကလေး ပွင့်နေ၏။

ထိုအရာကို ကျွန်တော်ပိုင်သလား ...။

တစ်ပြိုင်နက်တည်းမှာပင် ရင်ထဲသို့ ပူပန်မှုတစ်ခု ဝင်ရောက်လာသည်။ တစ်ချိန်ချိန်မှာ သူ့ကို  ကျွန်တော် မချစ်တော့ဘဲ ဖြစ်သွားမှာကို စိုးရိမ်ထိတ်လန့်မိခြင်းပင် ဖြစ်၏။ သူ့ကိုသာ မချစ်ရတော့ဘူးဆိုလျှင် ကျွန်တော့်မှာ နေစရာရှိမှာမဟုတ်တော့။

-----♥♥-----

ခုတလောမှာ မမြစိန် ကျွန်တော့်ကို ကြည့်ပုံရှုပုံက တစ်မျိုးဖြစ်နေ၏။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မိတဲ့အခါ မျက်လုံးကိုမှေးပြီး ပြုံးယောင်ယောင်လုပ်ပြတတ်သည်။ ခုခေတ် မော်ဒယ်မိန်းကလေးတွေရဲ့ မျက်နှာပေးမျိုးကို အတော်ကြိုးစားလေ့ကျင့်ပြီး အတိုခိုးထား ရဟန်တူသည်။

သူသည် နည်းနည်းလည်း ပိုပြီး ရဲတင်းလာသည်။ ကျွန်တော်နဲ့ဆက်ဆံပြောဆိုတဲ့အခါ ပိုပြီးနွဲ့လာသည်။ ဗျူဟာပြောင်းတဲ့သဘောဖြစ်မည်။ ရေမွှေးအမျိုးအစားသစ်တစ်မျိုးကို သုံးလာသည်။ အရင်လို ခပ်သင်းသင်းမဟုတ် ... ပိုပြီး အနံ့စူးရှလာသည်။ ရေမွှေးကတစ်မျိုး၊ ချိုင်းကြားလိမ်းတာက တစ်မျိုး၊ ဘော်ဒီလိုးရှင်းကတစ်မျိုး၊ မျက်နှာလိမ်း မိတ်ကပ်ကတစ်မျိုး အမွှေးနံ့တွေပေါင်းပြီး မွှန်ထူနေ၏။

သူ သတိမပြုမိတာ တစ်ခုရှိသည်။ ကျွန်တော်က ရေမွှေးနံ့တွေ ဘာတွေ ကြိုက်တာမဟုတ်။ လူပျိုဘဝတုန်းကတော့ ဘော်ဒီစပရေးလေးဘာလေး ဖျန်းသေးသည်။ အိမ်ထောင်ကျပြီးတော့မှ ... တင်မေထွန်းက "ယောက်ျားတစ်ယောက်အတွက် အကောင်းဆုံး ရေမွှေးဟာ သူ့ရဲ့ ချွေးနံ့ပဲပေါ့" ဟု ပြောသဖြင့် ဘာစပရေးမှ မသုံးဖြစ်တော့။ ကျွန်တော်က ဇိမ်နဲ့နေရသူဖြစ်သောကြောင့် ... တမင်တကာတောင် ချွေးထွက်အောင် ကြိုးစားခဲ့ရသေးတာပဲကော။ ပြီးတော့ .. ကျွန်တော်နှစ်သက်တာကလည်း သနပ်ခါးနံ့သာ ဖြစ်၏။ သနပ်ခါးတောင်မှ ရိုးရိုးမဟုတ်။ တင်မေထွန်း လိမ်းခြယ်ထားတာမှ ကြိုက်တတ်တာလေ။

မမြစိန်ကတော့ ဒါကို မသိ။ သူ့အနံ့တွေကို အတော်အားကိုးနေပုံရ၏။ ကျွန်တော်နှင့် နီးနီးကပ်ကပ် ရှိစေရန်လည်း ကြိုးစားတတ်သည်။ အလုပ်ကိစ္စ အကြောင်းမရှိအကြောင်းရှာပြီး ကျွန်တော့်စားပွဲနား လာလာနေတတ်၏။ စာရင်းဇယားတွေ ပြစရာရှိလျှင်လည်း စားပွဲရှေ့ကမလာ။ ကျွန်တော့်ဘေးမှာ ဝင်ရပ်သည်။ ကိုယ်ကိုကိုင်းညွတ်ပြီး ဇယားတွေ တစ်ခုချင်း လက်နှင့်ထောက်ပြသည်။ ထိုအခါ သူ့လက်မောင်းသည် ကျွန်တော့်ပုခုံးကို လာလာပွတ်မိ၏။ ဆံပင်ဖားလျား ချလာတဲ့နေ့ဆို ... သူ့ဆံပင်တွေက ကျွန်တော့်ပါးကို မထိခလုတ် ထိခလုတ်။

ကိုအောင်မြိုင်က ဒါတွေကို ရိပ်မိသည်။ ဘာမှတော့ မပြော။ စောင့်ကြည့်နေဟန်တူသည်။ ကျွန်တော်ကသာ စိတ်အနှောင့်အယှက် ဖြစ်လာသဖြင့် ...

"မမြစိန်ကတော့ နည်းနည်းလွန်လာပြီ အစ်ကိုကြီးရာ"

ဟု ပြောတော့ ..

"ငါသိသားပဲ"

"ဒါနဲ့များ ဘာလို့ သတိမပေးတာလဲ ... သြော် ... ကျွန်တော့်ဂုဏ်သိက္ခာကို စိတ်ချလို့ပေါ့ ဟုတ်လား"

"မင်းကို စိတ်ချတာမဟုတ်ဘူး ... မင်းမိန်းမကို စိတ်ချတာ... တင်မေမနဲ့ ယှဉ်လိုက်ရင် မမြစိန်ဟာ နိဗ္ဗိန္ဒတေးထပ်ကြီး ဖြစ်သွားတာပဲ မဟုတ်လား ..."

"ဒါပေါ့ဗျ ..."

(ခုရက်ပိုင်းမှာ တင်မေထွန်းကို ချီးကျူးသော စကားသံမျိုးကို ပြန်လည်ကြားချင်လာခဲ့၏။)

ဒီနေ့တော့ ကိုအောင်မြိုင်က အလုပ်ကိစ္စရှိသောကြောင့် အစ်ကိုနှင့်အတူထွက်သွားသည်။ အပြင်မှာကြာမှာမို့ ရုံးခန်းကို မလာတော့ဘဲ အိမ်တန်းပြန်မည်ဟု မှာသွားသည်။ မမြစိန်အတွက် တိုက်တိုက်ဆိုင်ဆိုင် ရရှိသွားသော အခွင့်အရေးပင်ဖြစ်၏။ ညနေ အလုပ်ဆင်းဖို့ ပြင်ဆင်နေတုန်း မမြစိန်က ပြောသည်။

"ဒီနေ့ ကိုမိုးကို တို့ ညစာကျွေးချင်တယ်"

"ရပါတယ် ... အားနာစရာကြီး"

ဟု ပြောပြီး ငြင်းဖို့ စိတ်ကူးလိုက်စဉ် ... သူက

"ဒီနေ့ တို့ မွေးနေ့လေ ..."

"ဟာ .. ဟုတ်သားပဲ၊ ဆောရီးနော် ကျွန်တော်မေ့နေလို့ အဲဒါ"

"တို့နဲ့ ညစာလိုက်စားမယ်ဆိုရင်လည်း မွေးနေ့လက်ဆောင်ပေးတာနဲ့ အတူတူပါပဲ"

ငြင်းဖို့ခက်သွားသဖြင့် သဘောတူလိုက်ရသည်။ ကားတံခါးဖွင့်ပြီး အဆင်သင့်စောင့်နေသော ကိုသာမန်ကို မြင်သောအခါ ...

"သူ့ကို အိမ်ပြန်လွှတ်လိုက်ပါလား ... ကားပေါ်မှာ စောင့်ခိုင်းထားရမှာ အားနာဖို့ကောင်းတယ်"

ကိုသာမန်ကို ညှာတာမှုရှိတာ ဒီတစ်ခါ ပထမဆုံးပဲ။ ဟိုတစ်ခါတုန်းကလို ကျွန်တော်က ကိုသာမန်ကို စားသောက်ဆိုင်ထဲ လိုက်ထိုင်ဖို့ခေါ်မှာစိုးလို့ ကြိုကာလိုက်ခြင်းဖြစ်၏။ ထို့ကြောင့် ကိုသာမန်ကို ဘတ်စ်ကားမှတ်တိုင်တစ်ခုမှာ ချပေးထားခဲ့ရ၏။ ကျွန်တော်ကလည်း ကြိုတင်သတိပေးထားတဲ့အနေနဲ့ စားသောက်ဆိုင်ကို ရောက်ရောက်ချင်း အိမ်ကို ဖုန်းဆက်လိုက်သည်။ မမြစိန်ပါ ကြားနိုင်အောင် စပီကာကို ဖွင့်ထားလိုက်သည်။

"မေထွန်းလား ... ကိုယ် ဒီနေ့ညစာ အပြင်မှာစားမယ် ... အစ်မကြီး မမြစိန်က သူ့မွေးနေ့မို့ ကျွေးမလို့တဲ့ .."

"ဟင် ... ဟုတ်လား ... စောစောကသိရင် မွေးနေ့လက်ဆောင် ပေးလိုက်ပါတယ် ... မမကိုပြောလိုက်နော် နောက်ရက်ကျမှပဲ လက်ဆောင်ထည့်ပေးလိုက်မယ်လို့"

မမြစိန် ပြုံးမဲ့မဲ့ လုပ်လိုက်တာကို သတိပြုမိ၏။

စားပွဲထိုးကောင်လေး အနားမှာလာရပ်သည်။ မမြစိန်က ကျွန်တော့်ကိုမေးသည်။

"ကိုမိုး ဘီယာသောက်မလား"

"ဟာ .. ကျွန်တော်မသောက်တတ်တာ အစ်မကြီး သိသားပဲ"

"ဝိုင်သောက်ပါလား ... တို့လည်း နည်းနည်းသောက်မယ်၊ စားကောင်းသောက်ကောင်းပေါ့"

"ဘာထူးလဲ .. ဝိုင်လည်း များရင် မူးတာပဲ"

မမြစိန်ကတော့ ကြံမိကြံရာတွေ လုပ်နေပြီထင်၏။ ဝိုင်တစ်ပုလင်းမှာပြီး နှစ်ယောက်သောက်ကြမည်။ ကျွန်တော်က အရက်မသောက်တတ်သဖြင့် ဝိုင်လောက်နဲ့ မူးလိမ့်မည်။ သူကလည်း မမ သိပ်မူးနေပြီဆိုပြီး ခံစားချက်တွေ ရင်ဖွင့်မည်။ အပြန်ကျတော့ လမ်းမလျှောက်နိုင်တော့ဘူးဆိုပြီး ကျွန်တော့်ကို တွဲခေါ်ခိုင်းမည်။ ပြီးတော့ အိမ်ပြန်ပို့ခိုင်းမည်။ ပြီးတော့ ...

သူသည် စိတ်ကူးယဉ်လွန်ပြီး ရူးနှမ်းနှမ်းဖြစ်သွားပြီလားမသိ။ ထို့ကြောင့် ကျွန်တော်ကပဲ ဆန်းကစ်အချိုရည်နှစ်ဘူးနှင့် စားစရာများကို အရင်ဦးအောင်မှာလိုက်ရသည်။ သူသည် အခြေအနေကို ရိပ်စားမိသော်လည်း တတ်သလောက် မှတ်သလောက် ကြိုးစားကြည့်ချင်သေးပုံရသည်။ သူ စကားစသည်။

"တင်မေထွန်းက တော်တော်သဘောထားကြီးတာပဲနော်"

"ဘာဖြစ်လို့လဲ"

"ဩော် .. တို့နဲ့ ခုလို ညစာစားတာကို ကြည်ကြည်ဖြူဖြူ ခွင့်ပြုတယ်လေ .. တချို့ဆို မနာလို ဖြစ်ကြမှာပေါ့ .."

"သူက ဒီဆိုင်မျိုးက အစားအသောက်တွေ မကြိုက်တတ်ပါဘူး"

ဟု သူ့စကားကို ပုံဖျက်ပစ်လိုက်ပြီးမှ ...

"မေထွန်းက ကျွန်တော့်ကို စိတ်ချတယ်လေ ... ကျွန်တော်ကလည်း သူ့အပေါ် သစ္စာရှိတာကိုး ..."

အဓိပ္ပာယ်မရှိတာတွေကို အချည်းအနှီး မကြိုးစားဖို့ သတိပေးလိုက်ခြင်းဖြစ်၏။ သူကလည်း သဘောပေါက်သွားသည်။ သူ့မျက်နှာပေါ်မှာ အရိပ်အယောင်တစ်ခု ဖြတ်သန်းသွားသည်။ မာန ဖြစ်နိုင်သည်။ လာရင်းရည်ရွယ်ချက်ကို ပြောင်းပြီး တိုက်စစ်ဆင်တော့မည့်ဟန်။

"ကိုမိုးကိုတော့ ချီးကျူးရမလား အံ့ဩရမလား မသိတော့ဘူး"

စားပွဲထိုးလေးရောက်လာပြီး စားသောက်စရာများ ချပေးသည်။ ဆန်းကစ်ဘူးတွေဖောက်ပြီး ဖန်ခွက်တွေထဲ ထည့်ပေးနေသဖြင့် မမြစိန်က စကားကို ဆိုင်းထားရ၏။ ကောင်လေး ထွက်သွားတော့မှ ...

"ကိုမိုးဟာ တို့စေတနာကို ဘာကြောင့် အလေးအနက်မထားတာလဲ၊ တို့စကားကို ဘာကြောင့် နားမထောင်ချင်ရတာလဲ ... ဟိုလူနဲ့ ကင်းကင်းရှင်းရှင်းဖြစ်အောင်လုပ်ဖို့ သတိပေးရက်သားနဲ့ ဂရုမစိုက်တဲ့အပြင် အိမ်ပေါ်တောင် ခေါ်တင်ထားလိုက်သေးတယ် ... ကိုမိုးကို ဘယ်လို နားလည်ရမှန်းမသိတော့ဘူး"

ကျွန်တော် တင်းခနဲ ဖြစ်သွားသည်။

"ဒါ ကျွန်တော့်ကိစ္စပါ ... ကျွန်တော့်ဘာသာ ကြိုက်သလို ဆုံးဖြတ်မယ် ... ကျွန်တော့်ကိုယ်ရေးကိုယ်တာ ကိစ္စကို ဘယ်သူမှ ဝင်စွက်ဖက်တာမကြိုက်ဘူး ..."

ကျွန်တော့်လေသံက ဆတ်သည်။ သူက ကျွန်တော့် တားမြစ်ချက်ကို ဂရုမစိုက်ဘဲ ...

"အမှန်တော့ ကိုမိုးကသာ သဘောထားကြီးတာပါ ... ကိုယ့်မိန်းမစိတ်ချမ်းသာမယ်ဆိုရင် အဆုံးစွန်ထိ လိုက်လျောနိုင်တယ်မဟုတ်လား"

"ဘာကိုဆိုလိုတာလဲ ..."

သူက မခိုးမခန့်ရယ်လိုက်၏။ သူ ဘာပြောတော့မယ်ဆိုတာ ကြိုသိနေသလို ထင်ရသည်။

"ဩော် .. ကိုယ့်မိန်းမ နေ့စဉ်နေ့တိုင်း အလွမ်းဖြေလို့ရအောင် ငယ်ရည်းစားကို အိမ်ပေါ်ခေါ်တင်ပေးထားတာလေ ..."

ကျွန်တော် စားပွဲကို လက်ဝါးနဲ့ ဖြန်းခနဲ ရိုက်လိုက်သည်။

စားပွဲဝိုင်းတွေကို ခပ်ကျဲကျဲခင်းထားသောကြောင့်တစ်ကြောင်း ဆိုင်ထဲမှာ လူရှင်းနေသောကြောင့်တစ်ကြောင်း တခြားလူတွေ သိပ်မသိလိုက်ကြ၊ ခပ်လှမ်းလှမ်းမှာ ရပ်စောင့်နေသော စားပွဲထိုးကလေးကတော့ ရိပ်မိဟန်တူသည်။ အလိုက်သိသောအားဖြင့် ခပ်ဝေးဝေးကို ရွှေ့ပြီး တစ်ဘက်လှည့်နေလိုက်သည်။ ကျွန်တော်ထ,ရပ်လိုက်သည်။ သူ့ကို စိမ်းစိမ်းရဲရဲကြည့်ပြီး ...

"ဒီမှာ မမြစိန် ... အဲဒီ ကိစ္စကို နိုင်ကွက်တစ်ခုလိုသဘောထားပြီး ကျွန်တော့်ကို ချုပ်ကိုင်ဖို့ မကြိုးစားနဲ့ ... ပြီးတော့ အဲဒီအချက်ကို အကြောင်းပြုပြီး ကျွန်တော့်ဆီက တစ်စုံတစ်ခုကို မျှော်လင့်နေတယ်ဆိုရင်လည်း အမှားကြီး မှားသွားလိမ့်မယ် ... ခင်ဗျားကို ကျုပ် လုံးဝ စိတ်မဝင်စားဘူး ... ရှဲ့တောင်ရှံ့သေးတယ် ဒါပဲ .."

ကျွန်တော်လှည့်ထွက်လာခဲ့သည်။ ကောင်တာနားအရောက်တွင် တစ်ထောင်တန် ငွေစက္ကူတစ်ထပ်ကို တင်ပေးလိုက်ပြီး ...

"လိုတာပိုတာကို ဟိုမိန်းမကြီးနဲ့ ရှင်းလိုက်"

ဟု ပြောခဲ့သည်။

အပြင်ရောက်တော့မှ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်၏။ ဆံပင်ကြားသို့ လက်ချောင်းများနှင့် ထိုးဖွနေမိသည်။ အလို ... ဒါဟာ ကိုသာမန် လုပ်နေကျအပြုအမူပါလား။ ထိုအကျင့်က ကျွန်တော့်ဆီ ဘယ်တုန်းက ကူးစက်လာခဲ့တာပါလိမ့်။

-----♥♥-----

မမြစိန်သည် ကျွန်တော့်အကြောင်းကို တော်တော်သဘောပေါက်သွားလိမ့်မည်။ ထို့အတူ ကျွန်တော်သည်လည်း ကိုယ့်ကိုယ်ကို သဘောပေါက်စ ပြုလာပြီဟု ယူဆရသည်။

မမြစိန်ရဲ့ တုံ့ပြန်မှုကတော့ ရိုးရိုးရှင်းရှင်းသာ ဖြစ်၏။ အဖေ့ဆီသွားပြီး အလုပ်မှ နှုတ်ထွက်ခွင့်တောင်းသည်။ အလုပ်ထဲမှာ မပျော်တော့လို့ သူမရှိလည်း ဖြစ်တာပဲဟု အကြောင်းပြသည်။ ကျွန်တော်နဲ့ ကတောက်ကဆ ဖြစ်တာပဲဆိုတာ အဖေ ရိပ်မိသည်။ ကျွန်တော်က ကိုအောင်မြိုင်ကို ဦးစားပေးလို့ မကျေနပ်တာ ဖြစ်မယ်ဟု ထင်ဟန်တူသည်။ အဖေက ကျွန်တော့်ကို ခေါ်မေးတော့လည်း ...

"သူက သိပ်ဆရာလုပ်ချင်တယ် ... ပစိပစပ်လည်းများတယ် .. အဲဒါ နားငြီးလာလို့ အော်လိုက်မိတာပါ"

ဟု မယုတ်မလွန် ဖြေလိုက်သည်။ ထို့ကြောင့် အဖေက ဆုံးဖြတ်ချက်တစ်ခု ချပေးလိုက်၏။

မမြစိန်သည် နှစ်ပေါင်းများစွာ သစ္စာရှိရှိ အမှုထမ်းခဲ့သူ ဖြစ်သောကြောင့် နှုတ်ထွက်ခွင့်မပြုနိုင်။ အလုပ်ထဲမှာနစ်ပြီး ကြိုးစားပမ်းစား လုပ်ကိုင်ခဲ့ရသောကြောင့် စိတ်ပန်းလူပန်း ဖြစ်နေရသည်။ ထို့ကြောင့် လစာအပြည့်နှင့် ခွင့်တစ်လယူစေ။ စက်ရုံ၏စရိတ်ဖြင့် ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးထွက်စေ၊ ဒါတွင်မက လမ်းခရီးတွင် အသုံးပြုနိုင်ရန်နှင့် ဆုကြေးအဖြစ် ငွေငါးသောင်းပေးစေ။ ထိုကိစ္စနှင့်ပတ်သက်ပြီး ကိုအောင်မြိုင်က မင်းတို့ ဘာဖြစ်ကြတာလဲဟု မမေး။ တစ်ခုပဲ ...

"နောက်ဆိုရင် ဒီမိန်းမကို ဂရုစိုက်မနေနဲ့ကွ ... ဟောက်စရာရှိရင် ငါ့ကိုပဲဟောက် ... လက်သီးနဲ့ထိုးရင် ပိုကောင်းတယ် ... ငါလည်း ပုဂံကိုဘုရားဖူးထွက်ချင်လို့"

ဟု သူ့ဝသီအတိုင်း ငေါ့တော့တော့ပြောသည်။

"ကျွန်တော်ကတော့ တစ်လလောက် နားအေးပါးအေး နေရတော့မှာကိုပဲ ဝမ်းသာတယ်"

"သူ ခွင့်ရက်စေ့အောင်နေမယ်လို့ မင်း ထင်လို့လား ... မယုံရင်ကြည့်နေ ... ချောင်းသာကပြန်လာပြီး ရက်ပိုင်းအတွင်းမှာ မင်းအတွက် လက်ဆောင်တွေနဲ့အတူ အလုပ်လာပြန်ဆင်းလိမ့်မယ်"

ဟု ကိုအောင်မြိုင်က ဟောကိန်းထုတ်သည်။ သူပြောတာမှန်၏။

-----♥♥-----

နေ့စဉ်နေ့တိုင်း အရက်မသောက်ရ မနေနိုင်သူ၊ အချိန်တန်လျှင် အရက်ဆိုင်မသွားရ မနေနိုင်သူကို အရက်စွဲနေသူဟု ခေါ်ကြသည်။ ကျွန်တော်ကျတော့ တစ်မျိုးဖြစ်၏။ အရက်သောက်တတ်သူလည်း မဟုတ်ပါဘဲနဲ့ အရက်ဆိုင်ထိုင်ရတာကို အရသာတွေ့နေ၏။ လစဉ်စာရင်းတွေ ချုပ်ပြီးသောနေ့တွင် ကျွန်တော်က ကိုအောင်မြိုင်ကို ပွဲတစ်ပွဲပေးလေ့ရှိသည်။ ထိုရက်မျိုးဆိုလျှင် ကျွန်တော်သည် တက်ကြွနေလေ့ရှိ၏။ အကြောင်းတစ်ခုခုကြောင့် ရက်ရွှေ့လိုက်ရတဲ့အခါ ထိုနေ့အဖို့ နေမထိထိုင်မသာ ဖြစ်နေရသည်။ ကျွန်တော်ကား ထူးထူးဆန်းဆန်း အရက်ဆိုင်စွဲနေသူ ဖြစ်လာသည်။

ဆိုင်မှာထိုင်ပြီး ဘေးကနေ အမြည်းလေးစားလိုက်၊ ကိုအောင်မြိုင်ပြောသော စကားတွေ နားထောင်လိုက်၊ လွတ်လွတ်လပ်လပ် နေရတာကို အရသာတွေ့နေခြင်း ဖြစ်နိုင်၏။ တကယ်တော့ သူပြောတဲ့ အကြောင်းအရာတွေထဲမှာ (တမင်ရည်ရွယ်တာမဟုတ်သော်လည်း) ကျွန်တော်နှင့် တိုက်ဆိုင်တာတွေ ပါလာတတ်သည်။ ကျွန်တော့်အတွက် အခံရခက်စေသော စကားလုံးများ။ ခက်နေတာက ကျွန်တော်သည် ထိုစကားလုံးတွေကိုပင် စွဲစွဲလန်းလန်းရှိနေခြင်းပင်ဖြစ်၏။ တစ္ဆေ သရဲ ပုံပြင်တွေလိုပေါ့။ ကြောက်လည်းကြောက်သည်။ နားမထောင်ဘဲလည်း မနေနိုင်။

ဒီနေ့တော့ ... ကိုအောင်မြိုင်က အပြောင်းအလဲကလေးဖြစ်အောင်ဆိုပြီး ကျွန်တော် ပြုစုလေ့ရှိသော စားသောက်ဆိုင်တွေဘက် မသွားဘဲ သူထိုင်နေကျ ဆိုင်ကလေးကို ခေါ်သွားသည်။ အပြန်နောက်ကျမည် ဖြစ်သောကြောင့် ကိုသာမန်ကို အိမ်ပြန်လွှတ်ပြီး ကားကို ကျွန်တော်ပဲ မောင်းခဲ့သည်။

ဆိုင်က ကိုအောင်မြိုင်တို့ အိမ်ရာတွေဘက်သွားသော လမ်းပေါ်မှာရှိ၏။ လူစည်ကားသောနေရာနှင့် နည်းနည်းလှမ်းသည်။ ပါမစ်ချပေးထားပြီး လူနေထိုင်မှုမရှိသေးသော မြေကွက်များ ဖြစ်ဟန်တူသည်။ ဆိုင်ရဲ့နောက်ဘက်မှာ ကိုင်းတောတွေ၊ မြက်ရိုင်းတွေ၊ ခရာဆူးခြုံတွေ ပေါက်နေသော ကွင်းပြင်ကြီးရှိသည်။ မိုးမကုန်သေးသောကြောင့် ကွင်းထဲမှာ ရေစပ်စပ်ဝင်နေသည်။

လမ်းပေါ်ကနေ ဝါးတံတားလေးကို ဖြတ်ကူးပြီး သွားရသည်။ ဆိုင်ကလေးက သွပ်မိုး၊ ဝါးထရံကာ ဖြစ်၏။ ရေတက်လာတတ်သောကြောင့် ထင်သည်။ ခြေတံရှည်ဆောက်ထား၏။ ဘေးဘက်မှာ ဝရန်တာလို အဖီကလေး ထုတ်ထားသည်။ ထိုနေရာသည် ကိုအောင်မြိုင် ထိုင်နေကျဖြစ်၏။ ပတ်ဝန်းကျင်ရှုခင်းကို

ကောင်းကောင်းမြင်နေရပြီး လတ်ဆတ်သောလေကလည်း တဖြူးဖြူး တိုက်ခတ်နေတာ သဘောကျစရာကောင်းသည်။

လက်ဖက်ရည်ဆိုင်တွေမှာလို လေးထောင့်စားပွဲငယ်နှင့် ခွေးခြေပုလေးတွေ ချပေးထားသည်။ အမြည်းတွေကို ပလတ်စတစ်ပန်းကန်လေးတွေနှင့် ထည့်ပေးသည်။ ခရမ်းချဉ်သီးသုပ်၊ ဆေးဘဲဥ၊ ငါးနီတူခြောက်ကြော် စသည်တို့ဖြစ်၏။ နည်းနည်းနှင့်စုံအောင် စားရပြီး ဈေးလည်းသက်သာသည်။ ငါးရှဥ့်ကို ကြက်သွန် ငရုတ်သီး ဖိုးလိုးဖတ်လတ်နှင့် ကြော်ထားတာ မြည်းကြည့်တော့ အရသာ တော်တော်ကောင်းကြောင်း တွေ့ရ၏။

"ကောင်းမှာပေါ့ကွ ... လတ်ဆတ်တာကိုး၊ ဒီနားမှာတင် ငါးရှဥ့်ထောင်တဲ့လူတွေ ရှိတယ်၊ အကောင်ကြီးရင် စားသောက်ဆိုင်ကြီးတွေမှာ သွားသွင်းတယ် ... သေးရင်တော့ ဒီဆိုင်ရောက်လာတာပဲ၊ ဟိုမှာကော တွေ့လား"

ခပ်ဝေးဝေးမှာ လက်နိပ်ဓာတ်မီးရောင်လိုလို မြင်ရသည်။

"အဲဒါ ငါးရှာနေတာ ... ငါတို့ငယ်ငယ်တုန်းကလို မီးခွက်ထည့်ထားတဲ့ သံပုံးကြီးတစ်ဘက်ကကိုင် ဓားရှည်ကြီးတရမ်းရမ်းနဲ့ လိုက်ခုတ်တာမျိုး မဟုတ်တော့ဘူး ... သတ္တုတွင်းလုပ်သားတွေလို နဖူးမှာ ဓာတ်မီးခွက်ကို တပ်ထားတယ်၊ ဘတ္တရီအိုးရယ် ရှော့ရိုက်တဲ့ကိရိယာရယ်လည်း ပါတယ်၊ ငါးတွေကို လျှပ်စစ်ဓာတ်လိုက်အောင်လုပ်ပြီး ဖမ်းတာလေ ... နည်းပညာတိုးတက်လာမှုရဲ့ အကျိုးကျေးဇူးတွေပေါ့ကွာ"

ဆိုပြီး တစ်ခွက်မော့သည်။

"ကျွန်တော်ကတော့ ဒီနေရာလေးကို သဘောကျသွားပြီ ... တခြားဆိုင်တွေလို ကာရာအိုကေသံတွေ ဆူညံနေတာမဟုတ်ဘူး ... သဘာဝအသံကလေးတွေပဲ ကြားနေရတာ ကြည်နူးဖို့ကောင်းတယ်"

ကျွန်တော်က မှတ်ချက်ချပေးလိုက်သည်။ ပတ်ဝန်းကျင်မှာ ပုစဉ်းရင်ကွဲအော်သံ ဖားမြည်သံတကွပ်ကွပ်ကို ကြားနေရသည်။ သူက ...

"အဲဒီ ဖားလေးတွေက ဘာသံမှ မပေးဘဲ တိတ်တိတ်လေးနေလိုက်ရင် သူတို့နေရာကို ဘယ်သူမှမသိနိုင်ဘူး ... ဒါပေမဲ့ ဒီကောင်တွေဟာ မအော်ဘဲ မနေနိုင်ဘူးကွ ... ဒါကြောင့် လူတွေက သူတို့ကို ရှာတွေ့ပြီး ရိုတ်သတ်စားတာ ခံကြရတာပဲ ..."

"အသံကြောင့် ဖားသေဆိုတာပေါ့"

"ဟုတ်တယ် ... တကယ်တော့ သူတို့ဟာ အပျင်းပြေ လျှောက်အော်နေတာတော့ မဟုတ်ဘူးကွ ... ဖားထီးလေးနဲ့ ဖားမလေးက သူတို့ရှိနေတဲ့နေရာကို သိရအောင် အချင်းချင်း ဖိုသံမသံ ပေးကြတာလေ ... ဒါကြောင့် သူတို့ဟာ ... အချစ်အတွက် အသက်စွန့်ခဲ့ကြရတာလို့ ဂုဏ်ပြုမယ်ဆိုရင်ရတယ်၊ ဒါနဲ့ မင်း ဖားသားဟင်း စားမလား ... လတ်ဆတ်တယ်"

"တော်ပါပြီဗျာ ... အစ်ကိုကြီး ပြောတဲ့စကားကြောင့် မစားရက်တော့ပါဘူး ... အစ်ကိုကြီး စားချင်ရင်မှာလေ"

သူခေါင်းခါပြီး ...

"ငါက ဇာတ်တူသား မစားဘူးကွ"

သူစကား စလာပြီ။ ကျွန်တော် တစ်ခု သတိထားမိ၏။ ဒီနေ့ သူသောက်တာ နည်းနည်းမြန်နေသလိုပဲ။ ခါတိုင်း ... တစ်ခွက်ငှဲ့ပြီး တစိမ့်စိမ့်သောက်တတ်တာ၊ ခုတော့ တစ်ခွက်ကို နှစ်ကျိုက်လောက်နဲ့ ရှင်းနေ၏။

"ကောင်လေး ..."

သူ ဒီလိုခေါ်ပြီဆိုလျှင် ထူးခြားတတ်သဖြင့် ဂရုစိုက်နားထောင်နေလိုက်သည်။

"ဒီနေ့တော့ မင်းကို ဖွင့်ပြောသင့်ပြီ ထင်တယ်ကွ"

ထိတ်ခနဲ ဖြစ်သွားသည်။ ဒါတွေ ပြောမနေပါနဲ့တော့ အစ်ကိုကြီးရာဟု ဟန့်တားလိုက်ရကောင်းမလား။ သို့ရာတွင် မပြောဖြစ်ဘဲ နားထောင်ဖို့သာ အဆင်သင့် ပြင်ထားလိုက်၏။

"မင်းက ငါ့ကို လူပျိုကြီးလို့ ထင်နေလို့လား .."

ကျွန်တော် မျှော်လင့်ထားသော စကားမဟုတ်သဖြင့် ရုတ်တရက် ကြောင်သွားသည်။ ပြီးမှ ...

"ဟင် ... အစ်ကိုကြီးက မိန်းမရဖူးလို့လား"

သူက "ကျွတ်ခနဲ" စုတ်သပ်လိုက်ပြီး ...

"အဲဒါကို ပြောတာမဟုတ်ဘူး ... ငါဟာ ကြိုက်မယ့်လူမရှိလို့ လူပျိုကြီး ဖြစ်နေတာမဟုတ်ဘူး ... အချစ်အကြောင်းကို လက်တွေ့မကြုံဖူးဘဲ သီအိုရီတွေချည်းထုတ်နေတဲ့ကောင်ကြီးပဲလို့ လျှော့တွက်ရင် မှားသွားမယ် ... သိရဲ့လား"

ကျွန်တော်ရိပ်မိနေတာ ကြာပါပြီဗျာဟု ပြောမယ်စိတ်ကူးသေးသော်လည်း စကားလမ်းကြောင်းပြောင်းသွားမှာ စိုးသဖြင့် ငြိမ်နေလိုက်သည်။

"အိုးလ်ဖလိမ်းဆိုတဲ့ စကားလုံးကို ကြားဖူးတယ် မဟုတ်လား ... မြန်မာလို အရပ်စကားနဲ့ တိုက်ရိုက်ဘာသာပြန်ရင် မီးအိုကြီးပေါ့၊ တကယ်ကတော့ ငယ်ချစ်၊ ငယ်ရည်းစားဟောင်းလို့ဆိုလိုတာ၊ ငါကတော့ မီးအိုကြီးဆိုတဲ့ အသုံးအနှုန်းကိုပဲ ပိုကြိုက်တယ် ... တော်တော်ထိမိတဲ့ အဓိပ္ပာယ်ပဲ၊ အင်း ... မီးအိုကြီး မီးအိုကြီး တစ်သက်လုံး တငွေ့ငွေ့လောင်ကျွမ်းနေမယ့် မီးအိုကြီးပေါ့ကွာ ..."

သူ၏ အချစ်ဇာတ်လမ်းဟောင်းကို ရှည်လျားစွာ ဖွဲ့နွဲ့ပြောပြတော့မည်ဟု ထင်လိုက်သည်။ မဟုတ်။ ဘာမှထပ်မပြောတော့။ သူ လုပ်နေကျအတိုင်း ဟိုတစ်စ ဒီတစ်စ လျှောက်ပြောတာတွေကို ကိုယ့်ဘာသာ ဆက်စပ်ယူရတော့မည်ထင်သည်။

"ဟီဘရူးစကားပုံတစ်ခုရှိတယ်ကွ ... ငါ့ရန်သူရဲ့ ရန်သူဟာ ငါ့မိတ်ဆွေပဲတဲ့ ... မင်း ကြားဖူးလား"

"ဘာသာပြန်စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ် ထင်တာပဲ"

"ဒါဆို ငါ့ချစ်သူရဲ့ ချစ်သူကကော ငါနဲ့ ဘာတော်သလဲ ..."

ကျွန်တော်မသိ။ အတင်းအကျပ်မေးလာရင်တော့ "ဒရိုင်ဘာ" ဟု ဖြေမိမလားမသိ။

သူသည် ငယ်ငယ်က မိန်းကလေးတစ်ယောက်နဲ့ အချစ်ကြီး ချစ်မိကြလိမ့်မည်။ နောက်တော့ လမ်းခွဲခဲ့ကြမည်။ တစ်ဘက်က စပြီး စွန့်ပစ်သွားတာ ဖြစ်ဖို့များသည်။ ဘာကြောင့်လဲ ...။ သူတို့ခေတ်က ထုံးစံအတိုင်း အလွှာချင်းမတူလို့၊ အတွေးအခေါ်အယူအဆချင်း ပဋိပက္ခဖြစ်ကြလို့၊ ဒါမှမဟုတ် သူ့ထက်သာတဲ့ ရာထူးရှိသူ ချမ်းသာသူနဲ့ တွေ့ပြီး ကန်ထုတ်ခံရလို့။ ဒီဇာတ်လမ်းမျိုးတွေထဲက ပြေးမလွတ်နိုင်။

"ဒီမှာ ကောင်လေး ... ယောက်ျားတစ်ချို့ဟာ သူတို့အချစ်တွေရဲ့ ချစ်ဦးသူ ဖြစ်ခွင့်မရခဲ့ကြဘူး မဟုတ်လား"

ကျွန်တော်ယောင်ပြီး ခေါင်းညိတ်မိ၏။

"ဒီလိုပဲ တစ်ချို့ကျတော့လည်း ချစ်ဦးသူဖြစ်ခွင့်ရပေမဲ့ ပိုင်ဆိုင်ခွင့်မရခဲ့ကြဘူး ... ဒီတော့ ငါတို့အတွက် ရွေးစရာ နှစ်လမ်းပဲရှိတယ်၊ ချစ်ဦးသူဆိုတဲ့ ဂုဏ်ပုဒ်ကြီးကို ရင်မှာပိုက်ပြီး တစ်သက်လုံး ခံစားပြီး ဆွေးနေမလား ... တရားဝင်ပိုင်ဆိုင်ခွင့်ကို ရယူပြီး ဒုတိယလူအဖြစ်နဲ့ပဲ ကျေနပ်နစ်သိမ့်လိုက်ရမလား ... တကယ်တော့ သိပ်မထူးပါဘူးကွာ၊ ကြောင်ချေးနဲ့ ခွေးချေး တစ်ခုခုကို ရွေးရသလိုပါပဲ ... နှစ်မျိုးစလုံး မစွံပါဘူး"

ဖားတစ်ကောင်က စူးစူးရှရှ အော်လိုက်သံကို ကြားရသည်။

"မြွေက ဖားကို မိသွားပြီကွ ..."

ဟု သူက ဖြတ်ပြောသည်။ ဖားအော်သံသည် ထုံ့ပိုင်းထုံ့ပိုင်း ပေါ်လာသေးသည်။ နောက်ကျတော့ တဖြည်းဖြည်း အသံတိမ်ဝင်ပြီး လုံးဝပျောက်သွားသည်။ မြွေက မျိုချလိုက်ပြီထင်၏။

သူသည် ဖန်ခွက်ကို ဆီးမီးခွက်လို လက်ဝါးပေါ်တင်ပြီး မီးရောင်မှာ ထောင်ကြည့်သည်။ ထို့နောက် လက်ဝါးကို ရုတ်တရက် ဖယ်လိုက်သည်။ ဖန်ခွက်သည် အောက်သို့ ဒေါင်လိုက်ပြုတ်ကျလာ၏။ စားပွဲနှင့် မထိခင်မှာပင် သူက ပြန်ဖမ်းဆုပ်ကိုင်လိုက်သည်။

"တွေ့လား ... ငါ မမူးသေးပါဘူးကွ"

ဟု ပြောပြီး ခွက်ထဲက လက်ကျန်ကို တစ်ရှိန်ထိုး မော့ချလိုက်သည်။ သူ့အကျင့်အတိုင်း "အင့်ဟင်" ဟု ရယ်သလို ညည်းညူသလို လုပ်လိုက်ပြီးနောက် ...

"ဘာပဲဖြစ်ဖြစ်ကွာ ... ဘယ်လောက် ပိုက်ဆံရှိရှိ ဘယ်လောက်ရာထူးကြီးကြီး ချစ်ဦးသူဆိုတဲ့ ရာထူးကိုတော့ ဘယ်သူမှ လုယူသိမ်းပိုက်လို့ မရပါဘူးကွ ..."

သူ ကျွန်တော့်ကို အလေးပြုသလို ဦးညွှတ်လိုက်သည် ထင်ရ၏။ အမှန်မှာ ခေါင်းငိုက်စိုက်ကျသွားခြင်းသာ ဖြစ်လေသည်။

-----♥♥-----

ကိုအောင်မြိုင် ဒီလောက်မူးတာ တစ်ခါမှ မတွေ့ဖူးသေး။ ခေါင်းတောင် မထူနိုင်တော့သဖြင့် ဆိုင်ထဲက တွဲထုတ်ခဲ့ရသည်။ သူ့ကို အိမ်အထိလိုက်ပို့သည်။ ကားပေါ်မှာလည်း "မီးအိုကြီး .. မီးအိုကြီး" ဟု တစ်ချိန်လုံး ရေရွတ်နေခဲ့သည်။ သူ့အခန်းဖော်တွေ လက်ထဲအပ်ပြီးမှ ပြန်လာခဲ့ရ၏။

ကျွန်တော့်စိတ်များသည် ထူးထူးခြားခြား လေးလံထိုင်းမှိုင်းနေသည်။ ဆိုင်ထဲမှာတုန်းက ကိုအောင်မြိုင် ပြောဆိုနေပုံမှာ ရိုးရိုးတန်းတန်းမူးပြီး လျှောက်ပြောနေတာထက် ပိုသည်ဟု ထင်မိ၏။ အတိတ်နိမိတ်ဟောသော နတ်ဆရာတစ်ယောက်ရဲ့ နှုတ်ထွက်စကားတွေလိုများ ဖြစ်နေလေမလား။

မိုးရွာလာသည်။ အစပိုင်းမှာ ကားမှန်ပေါ်ကို မိုးပေါက်အနည်းငယ်ကျသည်။ ထို့နောက် စိပ်လာသည်။ နောက်တော့ အတန်းလိုက် အတန်းလိုက် ဆင်းလာတာ ကားရှေ့မီးရောင်မှာ မြင်ရသည်။ ခဏအကြာမှာပင် ဇာပုဝါကြီးတစ်ခုလို ကျွန်တော့်ကားကို လွှမ်းခြုံလိုက်သည်။ ကားလမ်းဘေးတစ်ဘက်တစ်ချက်မှာ ကွင်းပြင်ကြီးတွေသာ ရှိသည်။ မြစ်နှင့်နီးသော နေရာဖြစ်သောကြောင့် ထင်သည်။ လေပါ,ပါလာသည်။ မိုးက တော်တော်သည်းသည်။

ကျွန်တော်တစ်စုံတစ်ခုကို သွားစဉ်းစားမိသည်။ တစ်ခါတုန်းက ကိုသာမန်ကို ကျွန်တော် မေးခဲ့ဖူးသည်။

"ခင်ဗျား အရက်သောက်တတ်သလား"

"မသောက်တတ်ပါဘူး ဆရာ ..."

"တစ်ခါမှ မသောက်ဖူးဘူးလား"

"မင်းဘူးက ပဲခွဲစက်မှာ လုပ်တုန်းကတော့ တစ်ခါသောက်ဖူးပါတယ် ... သူများတွေ အတင်းတိုက်လို့ပါ ... တစ်ခါဆို ဆိုသလောက်ပါပဲဆရာရယ် ... မူးလိုက်တာ မပြောပါနဲ့တော့ ... ဘာတွေပြောလို့ ဘာတွေလုပ်မိမှန်းတောင် မသိတော့ဘူး ... မနက်လည်းကျရော ကျွန်တော် အလုပ်ထုတ်ခံရတာပါပဲ ... အဲဒီကတည်းက မှတ်သွားတာပါ"

ကျွန်တော် ဒီအကြောင်းကို ဘာကြောင့် သွားတွေးမိတာလဲ ...။ ကိုသာမန် ဆက်ပြောသော စကားတစ်ခွန်းရှိသေးသည်။

"အဲဒီညက မိုးတွေ သည်းသည်းမည်းမည်းရွာလို့ရယ် ဆရာ"

ကျွန်တော့်တစ်ကိုယ်လုံး ဖျင်းခနဲ ဖြစ်သွားသည်။ မိုးတွေရွာနေတဲ့ ကြားကပင် ချွေးတွေ စိမ့်ထွက်လာသည်။ ထူထပ်သိပ်သည်းစွာ ကာဆီးထားသော မိုးသီးမိုးပေါက်တွေကြောင့် ရှေ့မြင်ကွင်းက မရှင်းလင်း။ ကားမီးရောင်သည် ကိုက်အနည်းငယ်လောက်သာ ထိုးဖောက်နိုင်သည်။ လမ်းက ယောင်ယောင်လေး ကွေ့ဝိုက်သွားသလားမသိ။ ရှေ့မှာ လာနေသော ကားမီးရောင်ကို အနီးကပ်ကာကျမှ မြင်ရသည်။ ကားမီးကြီးက ကျွန်တော့်ကားဆီ တည့်တည့်ကြီး တိုးဝင်လာ၏။ ကျွန်တော် ကားစတီယာရင်ကို ညာဘက်သို့ ဆွဲကွေ့ချလိုက်သည်။

အမှန်တော့ အလွတ်ကြီးပဲ။ တစ်ဘက်ကားက သူ့လမ်းသူ သွားနေခြင်းသာ ဖြစ်၏။ မိုးစက်တွေရဲ့ ရောင်ပြန်ဟပ်မှုကြောင့် ကားမီးရောင်က လမ်းကြောင်းပြောင်းပြီး ကျွန်တော့်ဆီ တည့်တည့်ဝင်လာသည်ဟု ထင်လိုက်မိခြင်းသာ ဖြစ်၏။

ကျွန်တော်သည် ကားကို လမ်းဘေးမှာ ရပ်ထားလိုက်သည်။ ရေသုတ်တံကတော့ မိုးရေများကို မနိုင်မနင်း ဖယ်ရှားရှင်းလင်းနေဆဲ။ ထိုအခိုက်အတန့်မှာပင် ကိုအောင်မြိုင်နောက်ဆုံးပြောလိုက်သော စကားတစ်ခွန်းကို ဖျတ်ခနဲ သတိရလိုက်မိ၏။ စောစောက သူ့ကိုတွဲပြီး လှေကားအတိုင်း အပေါ်ထပ်ကို လိုက်ပို့စဉ်မှာ ကျွန်တော့်ပုခုံးကို ကျစ်ကျစ်ပါအောင် ဖက်ထားရင်း ပြောခဲ့သော စကားဖြစ်၏။

"လူတစ်ယောက်ကို ယုံကြည်တယ်ဆိုတာ အဲဒီလူက ကိုယ့်အပေါ် သစ္စာမဖောက်ခင်အထိပဲ စိတ်ချရတယ်ကွ ..."

ကားဂီယာထိုးလိုက်သည်။ လီဗာကို ဖိနင်းသည်။ ကလပ်ကိုဆောင့်လွှတ်သည်။ ကားသည် မြင်းရိုင်းတစ်ကောင်လို ခုန်ပေါက်ပြီး ထွက်သွားသည်။ ဘယ်ဘက်လက်ကောက်ဝတ်က တဆစ်ဆစ်နာလာပြန်သည်။ သို့ရာတွင် ဂရုမစိုက်တော့။ ကားအရှိန်ကို ထပ်မြှင့်သည်။ မိုးစက်မိုးပေါက်များသည် အပေါ်က ကျလာခြင်းမဟုတ်ဘဲ ရှေ့တည့်တည့်က ချိန်ပစ်နေသလို ကားရှေ့မှန်ကို တဖောက်ဖောက် လာရောက်ထိမှန်နေ၏။

အိမ်ပေါက်ဝတည့်တည့်မှာပဲ ကားကို ရပ်လိုက်သည်။ လူခေါ်ခေါင်းလောင်းကို နှိပ်သည်။ ခဏကြာတဲ့အထိ တံခါးလာမဖွင့်။ ထပ်နှိပ်သည်။ သုံးကြိမ်မြောက်ကျမှ တံခါးပွင့်သည်။ အိမ်ဖော်မိန်းကလေးဖြစ်၏။

"အပေါ်ထပ်မှာ ရောက်နေလို့ပါ ဦးမိုး .."

ဟု ပြောသည်။ တစ်ခု ထူးခြားနေတာ သတိပြုမိ၏။ ခါတိုင်း ကျွန်တော် အိမ်ပြန်နောက်ကျတဲ့အခါ တင်မေထွန်းက ဧည့်ခန်းမှာ အဆင်သင့် ထိုင်စောင့်နေတတ်သည်။ ဒီနေ့ သူ့ကို မတွေ့ရ။ သားများ နေမကောင်းဖြစ်နေလို့လား။ ကောင်မလေး မျက်နှာအမူအရာကလည်း တစ်ခုခုကို စိုးရိမ်နေသလိုပဲ။

"တင်မေထွန်းကော ..."

သူက ထစ်ထစ်ငေါ့ငေါ့ဖြင့် ...

"မ ... မရှိဘူး .."

"ဟင် ... ဘယ်သွားလို့လဲ"

"ဟို ... ဟို"

သူက ဘေးဘက်ကို လက်ညှိုးထိုးပြနေသည်။

"ပြောလေ ..."

"ဟို ... ကားဂိုထောင် ... ကားဂိုထောင်"

"ဘာ ..."

ကျွန်တော် အိမ်ပြင်ကို ပြန်ထွက်လိုက်သည်။ သွားတဲ့နှုန်းက ဘယ်လောက်တောင်မြန်သလဲ မသိ။ မိုးစက်တွေတောင် စိုရွှဲလောက်အောင် မမီနိုင်ဟု ထင်ရ၏။ ကားဂိုထောင်တံခါးသည် ခပ်ဟဟ ပွင့်နေသည်။ အပေါ်ထပ်ခိုးကို လှေကားထစ်တွေ ကျော်ပြီးတက်ခဲ့သည်။ အခန်းဝမှာ ရပ်လိုက်၏။ မြင်ကွင်းက ကျွန်တော့်ကို ကြက်သေ,သေ သွားစေသည်။

ကိုသာမန်သည် ကွပ်ပျစ်ပေါ်မှာထိုင်ရင်း ခေါင်းငိုက်စိုက်ကျနေသည်။ ဒေါ်ကြီးက ဘေးမှာထိုင်ပြီး သူ့ကျောကို နှိပ်ပေးနေသည်။ တင်မေထွန်းကတော့ ကွပ်ပျစ်ဘေးမှာ လက်ပိုက်ရပ်လျက်။

ကိုသာမန်က ချောင်းတွေ အဆက်မပြတ် ဆိုးနေသည်။ ဘယ်လောက်တောင် ကြာအောင် ဆိုးနေခဲ့သလဲ မသိ။ အသံတောင် မထွက်တော့။ ထို့နောက် ဒေါ်ကြီးကိုင်ပေးထားသော ထွေးခံထဲသို့ ပွက်ခနဲ အန်ချလိုက်သည်။ ဟင် ... သွေးတွေ။ ကိုသာမန်ကို ဆေးရုံသို့ အမြန်ပို့ရသည်။ အရေးပေါ်ကုသမှုများ ပြုလုပ်ကြသည်။ ဆရာဝန်တစ်ယောက်က ကျွန်တော့်ကို လာပြောသည်။

"သွေးသွင်းဖို့လိုတယ် ... လောလောဆယ် ဘီသွေးတစ်ပုလင်းလောက် ထုတ်ချင်တယ်... ဆေးရုံမှာ ဘီသွေးပြတ်နေတယ် ... အိုသွေး သွင်းလို့တော့ရတယ် ... ဒါပေမဲ့ ဘီရရင် ပိုကောင်းတယ်"

ကျွန်တော် တုံ့ဆိုင်းခြင်းမရှိဘဲ ချက်ချင်း ပြန်ပြောလိုက်သည်။

"ကျွန်တော်လှူမယ် ... ကျွန်တော် ဘီသွေးပဲ"

-----♥♥-----

သွေးအန်တာ နည်းသွားသော်လည်း လုံးဝ ရပ်မသွားသေး။ သွေးတွေ တစ်ပုလင်းပြီး တစ်ပုလင်း သွင်းရသည်။ လိုအပ်လျှင် သုံးရအောင် အရန်အဖြစ်ပါ သိမ်းထားရသည်။

ကိုအောင်မြိုင်က သွေးလှူဖို့ စက်ရုံထဲက အလုပ်သမားတွေကို စည်းရုံးသည်။ ဒီတော့မှ ကိုသာမန်ကို ချစ်ခင်သူ စေတနာထားသူ ဘယ်လောက်များမှန်း ပိုသိလာရသည်။ လူငယ်အားလုံးနီးပါးက သွေးလှူမည်ဟု ဆန္ဒပြုကြသည်။ ပိုပြီး ထူးဆန်းတာကတော့ သွေးအမျိုးအစား ခွဲခြားစစ်ဆေးဖို့ လူငယ်ဆယ်ယောက်လောက်ကို ဆေးခန်းတစ်ခုသို့ ခေါ်သွားဖို့ စီစဉ်နေတုန်းမှာ မမြစိန် ကျွန်တော့်နား လာရပ်ပြီး ညင်သာသောလေသံဖြင့် ပြောသည်။

"တို့လည်း ဘီသွေးပဲ ..."

ကျွန်တော် ဆေးရုံကို နေ့တိုင်းရောက်သည်။ ကိုသာမန်က အစာမစားနိုင်သေး။ အရည်သာ နည်းနည်းပါးပါး သောက်နိုင်သည်။ ကျွန်တော်က တင်မေထွန်းကို ကြက်စွပ်ပြုတ်ရည် လုပ်ခိုင်းသည်။ အဖေက ကိုသာမန်ရဲ့ ဆေးကုသစရိတ်ကို သူ တာဝန်ယူမည်ဟု ပြောသည်။ သားက "ဦးမန်ကြီးရော" ဟု မကြာခဏ မေးသည်။

ငွေကုန်ကြေးကျခံပြီး ဆေးကောင်းဝါးကောင်း ဆရာဝန်ကောင်းတွေနဲ့ ဖိကုသော်လည်း ထူးထူးခြားခြား တိုးတက်မလာခဲ့။ တစ်ရက်မှာ ဆရာဝန်ကြီးက ကျွန်တော့်ကို သူ့ရုံးခန်းထဲ ခေါ်တွေ့သည်။ ဆေးစစ်ချက်အရ ကိုသာမန်သည် အဆုတ်ကင်ဆာရောဂါကို ဆိုးဆိုးရွားရွား ခံစားနေရပြီ။ စောစောသိလျှင် တတ်နိုင်သလောက် ထိန်းထားလို့ရသေးသည်။ ခုတော့ လွန်သွားပြီ။

ထိုကိစ္စကို ကျွန်တော်ဘာကြောင့် သတိမပြုမိခဲ့ရတာလဲ။ တခါတလေ နည်းနည်းပါးပါး ချောင်းဆိုးတတ်တာကိုတော့ သိသည်။ ရှိုးရှိုးအအေးမိတာပဲ ထင်ခဲ့သည်။ သူ့အခြေအနေကို ကျွန်တော် ဘယ်သူ့မှ မပြောခဲ့။ သို့ရာတွင် အားလုံးက ရိပ်မိနေကြဟန်တူသည်။ ဒေါ်ကြီးသည် စုတ်တသပ်သပ် ဖြစ်နေ၏။

"အေးကွယ် ... မနက်စောစော အေးတဲ့အချိန်ဆိုရင် မောင်သာမန်က ချောင်းတွေတအားဆိုးတတ်တယ် ... အရင်က ဆေးလိပ်တွေ အရမ်းသောက်ခဲ့လို့ဆိုပဲ ... ဒီမှာ အလုပ်ဝင်တော့မှ မင်း ဆူမှာစိုးတာရယ် ... နားနားကိုချိုပိုးတဲ့အခါ ဆေးလိပ်နံ့ နံမှာစိုးလို့ရယ် ဖြတ်ပစ်လိုက်တာတဲ့ ... ပြီးတော့ သူ ချောင်းတွေဆိုးတတ်တာ မင်းကို မပြောပါနဲ့တဲ့ ... အလုပ်ထုတ်ခံရမှာ စိုးလို့တဲ့ ... ဒါကြောင့် မင်းရှေ့မှာဆိုရင် ချောင်းတောင် မဆိုးရဲတာ ဖြစ်မယ် ထင်တယ်ကွယ့်"

ချောင်းမဆိုးမိအောင်လို့ ... အောင့်ထားရတဲ့ ဝေဒနာဟာ ဘယ်လောက် ခံရခက်လိုက်လေမလဲ။

-----♥♥-----

ဆေးရုံမှာ ညစောင့်အိပ်ပေးသော အလုပ်သမားလေးက ဖုန်းလှမ်းဆက်သည်။ ကိုသာမန် အခြေအနေမကောင်းဘူး။ ကျွန်တော် ချက်ချင်းလိုက်သွားဖို့ပြင်သည်။ ဖုန်းချပြီး လှည့်အထွက်တွင် အပေါ်ထပ်မှာ ဆင်းလာသော တင်မေထွန်းနှင့် လှေကားရင်းမှာ ဆုံသည်။

"ကိုယ် ဆေးရုံသွားလိုက်ဦးမယ် ... မေထွန်း လိုက်ခဲ့ပါလား"

သူက ဘာမှ ပြန်မပြောသေးဘဲ တွေနေသည်။

"မေထွန်း လိုက်ခဲ့သင့်တယ် ထင်တယ်"

ကျွန်တော် သူ့ကို မကြည့်ဘဲ ပြောလိုက်၏။ သူသည် ... ကားပေါ်မှာ ငြိမ်သက်စွာ လိုက်ပါလာသည်။ ကျွန်တော်တို့နှစ်ယောက်သည် စကားမပြောမိကြ။ သူလည်း သူ့အတွေးနဲ့သူ။ ကျွန်တော်လည်း ကိုယ့်အတွေးနဲ့ကိုယ်။ ဒါမှမဟုတ် နှစ်ယောက်စလုံး ဘာမှ မတွေးပဲ နေနေကြတာလည်း ဖြစ်နိုင်သည်။

ကိုသာမန်သည် ခုတင်ပေါ်မှာ ခပ်မှိုမှိုအနေအထားဖြင့် လဲလျောင်းနေ၏။ ဒီလိုပုံစံမျိုးမှ နေသာဟန်တူသည်။ မနေ့ကပဲ ဆေးရုံကို ရောက်ခဲ့သေးသည်။ ဒီနေ့ ပြန်တွေ့တော့ လူက ဆယ်နှစ်စာလောက် ချုံးကျသွားသည် ထင်ရ၏။ ညစောင့်ကောင်လေးကို လက်ဖက်ရည်သွားသောက်ခိုင်းလိုက်သည်။ ခုတင်ဘေးက ခုံကလေးမှာ တင်မေထွန်းကို ထိုင်ခိုင်းလိုက်သည်။

"သက်သာရဲ့လား ကိုသာမန် ..."

ကျွန်တော်က မေးလိုက်သည်။ ကိုသာမန်က ဘာမှပြန်မပြော။ ခေါင်းညိတ်ခေါင်းခါလည်း မပြု။ ကျွန်တော့်ကိုသာ ငေးကြည့်နေသည်။ ခဏကြာမှ အောက်စီဂျင်ပိုက်ကို သူ့ဘာသာ ဆွဲဖြုတ်လိုက်သည်။

"ဆရာနဲ့ .... ဆရာနဲ့ ဆရာကတော်ကို ကျေးဇူးတင်ပါတယ်"

ဟု လေသံသဲ့သဲ့ဖြင့် ပြောသည်။

"မဟုတ်တာဗျာ ... ဒါလေးများ"

သူ ခေါင်းနည်းနည်းရမ်းပြီး ...

"ဆရာ ကျွန်တော့်ကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးကို ပြန်မဆပ်နိုင်တော့တာကိုတော့ ဝမ်းနည်းတယ် ..."

သူသည် စကားတစ်ခွန်းကိုပြောဖို့ အတော်ပင်ပင်ပန်းပန်း အားယူနေရဟန်တူသည်။ ကျွန်တော် ဟန့်တားခြင်း မပြုတော့။

"တစ်ခုတော့ ပြောပါရစေ ... ကျွန်တော် ဆရာ့ကို ဘယ်တုန်းကမှ သစ္စာမဖောက်ခဲ့ပါဘူး ... ပြီးတော့ ... ပြီးတော့"

မျက်လုံးတစ်ချက် ထောင့်ကပ်လိုက်ပြီး ...

"စိတ်နဲ့တောင် မပြစ်မှားခဲ့ဖူးပါဘူး ... ယုံပါ ဆရာ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ သူသည် ချောင်းမဆိုးတော့။ ချောင်းဆိုးနိုင်လောက်အောင် အင်အားမရှိတော့တာလား။ တမင်ပဲ အောင့်ထားတာလား မသိ။

"ကျွန်တော် ... ကျွန်တော် ဆရာ့ကို ကန်တော့ခဲ့ပါတယ်"

ကျွန်တော့်ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ သူ့လက်များကို ဆုပ်ကိုင်ထားလိုက်မိ၏။

"ချောင်းဆိုးချင် ဆိုးလိုက်ပါလား ..."

ဟု ကျွန်တော်ပြောလိုက်သည်။ သူ ဟက်ခနဲ ဖြစ်သွားသည်။ ပါးစပ်ထဲက မည်းညစ်နေသော သွေးခဲ တစ်ခဲ ခုန်ထွက်လာပြီး အင်္ကျီပေါ်ကျသည်။ နှုတ်ခမ်းထောင့်မှာလည်း သွေးစကလေး စွန်းပေနေသည်။ ကျွန်တော်သည် တစ်ရှူးစက္ကူကို ဆွဲဖြုတ်ယူလိုက်သည်။ ခဏကိုင်ထားပြီးမှ တင်မေထွန်းလက်ထဲကို ထည့်ပေးလိုက်သည်။

"ကိုယ် ဆရာဝန်ဆီ ခဏသွားဦးမယ် ..."

ဟု ပြောပြီး ထွက်လာခဲ့သည်။ အခန်းပေါက်ဝရောက်တော့ ... တစ်ချက် ပြန်လှည့်ကြည့်သည်။ တင်မေထွန်းက လက်ထဲမှ တစ်ရှူးစက္ကူကို ငေးကြည့်နေသည်။ ကိုသာမန်သည် မျက်နှာကျက်ကို မော့ကြည့်နေသည်။ မျက်လုံးတွေက ဖျော့တော့စွာ ရီဝေနေသည်။ သူသည် ဖလန်နယ်အင်္ကျီအနွမ်းကလေးကို ဝတ်ထား၏။ ထိုအင်္ကျီသည် ကျွန်တော့်အင်္ကျီ ဖြစ်ခဲ့ဖူးသည်။ သူ့မှာ အနွေးထည် မရှိသောကြောင့် စွန့်ကြဲထားခဲ့ခြင်း ဖြစ်၏။ ကိုသာမန်သည် ကျွန်တော့်အကျ အင်္ကျီကို မြတ်နိုးစွာ ဝတ်ဆင်ရင်း နောက်ဆုံးခရီးကို သွားတော့မည်။

ကျွန်တော်သည် ဝရန်တာဘက်ကို ထွက်လာခဲ့သည်။ အသက်ကိုဝအောင် ရှူလိုက်သည်။ သူတို့နှစ်ယောက်မှာ ပြောစရာစကားတွေ ရှိကောင်းရှိလိမ့်မည်။ ပြီးတော့ ... မည်သူမဆို ချစ်ဦးသူအတွက် နှုတ်ဆက်မျက်ရည်တစ်ပေါက်လောက်တော့ ကျခွင့်ရှိသင့်သည်ဟု ထင်၏။ ကျွန်တော်သည် ဆံပင်ကြားသို့ လက်ချောင်းများဖြင့် ထိုးဖွလိုက်သည်။ ထိုအမှုအကျင့်ကို ဆက်လက်ထိန်းသိမ်းသွားဖို့လည်း ဆုံးဖြတ်လိုက်သည်။

တင်မေထွန်းသည် ကျွန်တော့်ဘေးမှာ လာရပ်သည်။ ဘာမှ မပြောဘဲ ငြိမ်သက်စွာ နေသည်။ မိုးမရွာတော့သော်လည်း လေအေးတွေက တသုန်သုန် တိုက်ခတ်နေသည်။ ကောင်းကင်မှာ တိမ်စိုင်တိမ်တိုက်တွေ တရိပ်ရိပ်ပြေးနေသည်။

"သူ ဆုံးသွားပြီ ..."

ကျွန်တော် တင်မေထွန်းကို ငုံ့ကြည့်လိုက်သည်။ ကျွန်တော်မြင်ဖူးခဲ့သမျှထဲမှာ အတည်ငြိမ်ဆုံးမျက်နှာ။ သူ့လက်ကို ကျွန်တော် ဆုပ်ကိုင်လိုက်သည်။ သူ့လက်တွေ အေးစက်နေခြင်းမှာ ကျွန်တော့်လက်တွေက နွေးထွေးနေသောကြောင့် ဖြစ်နိုင်သည်။ သူသည် ... ကျွန်တော့်လက်များကို တင်းကျပ်စွာ ပြန်လည်ဆုပ်ကိုင်လိုက်ကြောင်း အတွေ့အထိအရ သိလိုက်၏။

တစ်ခုခုကို လုပ်ဖို့ ကြံစည်ရတာထက် ဘာမှမလုပ်ဘဲနေဖို့ ဆုံးဖြတ်ရတာ ပိုခက်သည်။

-----♥♥-----

(ပြီးပါပြီ)

**မင်းလူ**

၁၆-၁၁-၂၀၀၇ (ညနေ ၃း၅၁)